
www.burmeseclassic.com



# ဆုမြတ်မွန်မွန်

အချစ်၏အောင်မြင်ကျော်ကြား

လူကြောက်များသောအ[illegible]ည်အချင်း

www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

## အချစ်၏အောင်မြင်ကျော်ကြားလူကြောက်

## များသောအရည်အချင်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၄၉ ၁၃၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀ ၂၅၉ ၁၃၁၁

၂၀၁၁ ခုနှစ်၊ မေလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင် (ဝ၃၈၈၃)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅. ၈၃

ဆုမြတ်မွန်မွန်
အချစ်၏အောင်မြင်ကျော်ကြားလူကြောက်များသောအရည်အချင်း/ဆုမြတ်မွန်မွန်-ရန်ကုန်။
စေတနာစာပေ ၂၀၁၁။
၂၈၈-[ ] စာ၊ ၁၂x၁၈ စင်တီ။


### ပြည်သူ့သဘောထား

<u>နိုင်ငံတော်အရေးသုံးပါး</u>

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







## ၁

"ကိုယ်ချစ်တဲ့ယောကျ်ားကို မိန်းမတွေ လက်ထပ်ဖြစ်တာ ထက် ကိုယ်လက်ထပ်လိုက်တဲ့ ယောကျ်ားကို ချစ်ဖြစ်ကြ တာ ပိုများတယ်"

ဓားသီရဲ့စကားကြောင့် လက်သည်းတွေပေါ်မှာ **Nail Art** လုပ်နေသော ခတ္တာက မျက်လုံးတစ်ချက် လှန်ကြည့် သည်။ ပြီးတော့မှ ခေါင်းပြန်ငုံ့သွားရင်းနှင့် စကားပြန်ပြောသည်။

"ဘာလဲ ... အဲဒါ နင် နောက်ဆုံးထုတ်ထားတဲ့ ဒိုင်အသစ် လား"

"မဟုတ်ပါဘူး။ ငါ တွေးမိတာကို ပြောပြတာပါ။ တချို့ မိန်းမတွေက ချစ်သူကို လက်ထပ်ခွင့် မကြုံကြဘူး။ ဖူးစာ က တွဲပေးတဲ့ ယောကျ်ားနဲ့ပဲ လက်ထပ်ရတယ်။ ဒီယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ကို မချစ်ဘဲ ယူခဲ့ရပေမယ့် ဘဝအတွက် တန်ဖိုးရှိစွာ ပေါင်းသင်းရမယ်ဆိုတဲ့ အသိမျိုးရှိကြတယ် ...

တချို့ကျတော့ သူတို့ကိုယ်တိုင်က ချစ်သူကို လက်တွဲဖော်အဖြစ် မရွေးချယ်တာ။ သူတို့ကိုယ်တိုင် ဦးနှောက်သုံးပြီး ရွေးချယ်ခဲ့တဲ့ ယောကျ်ားကိုသာလျှင် အသက်ထက်ဆုံး ချစ်မြတ်နိုးသွားရမယ်ဆိုတဲ့ အသိမျိုး ကိုယ်တိုင်မွေးမြူထားကြတာ ...

အဲလိုပဲဖြစ်ဖြစ်ပါ၊ ငါ ပြောချင်တာက မိန်းမတွေဟာ လက်ထပ်ထားတဲ့ ယောကျ်ားအပေါ်မှာ ကောင်းတဲ့စိတ်ထားကြတာ များတယ်လို့ ပြောချင်တာ"

**Nail Art** လုပ်ပြီးသွားသော ခတ္တာက သူ့လက်တွေကို မြှောက်ကြည့်ရင်းမှ မဲ့ပြုံးတစ်ချက်ပြုံးသည်။ ပြီးလျှင် တေးသီဘက်သို့ မျက်လုံးတစ်ချက် ဝေ့ကြည့်ရင်း ...

"နင် မဆိုင်တာတွေ လျှောက်ပြောမနေနဲ့၊ သူမြတ်နဲ့ ဘာဖြစ်ထားလို့လဲ"

"ဘာမှ မဖြစ်ပါဘူး"

"ဟက် ... တေးသီရာ။ အပိုတွေ လျှောက်ပြောမနေစမ်းပါနဲ့။ နင် ပါးစပ်ဟလိုက်တာနဲ့ ဘာဆိုတာ သိပြီးသားပါ။





ဒိုင်ကောင်းကောင်းတွေ ထွက်တဲ့သူဆိုတာ သာမန်မဟုတ်တဲ့ အခြေအနေနဲ့ ရင်ဆိုင်လာရတဲ့သူမို့ပဲ ...

ပြော ... သူမြတ်နဲ့ ဘာဖြစ်လဲ"

"သူ့နေပုံထိုင်ပုံကို သိပ်စိတ်တိုင်းမကျဘူး"

"အင်း ...။ ဘာကို စိတ်တိုင်းမကျတာလဲ ... ပြော"

ခတ္တာက ထောက်ပေးလိုက်လျှင် ... ဖတ် သီက ရုတ်တရက် မပြောနိုင်သေးဘဲ ကိုယ့်ရည်းစားဖြစ်သော သူမြတ်ရဲ့ ပုံစံကို မျက်လုံးထဲမှာ မြင်ယောင်လာသည်။ သူမြတ်ရဲ့ပုံစံသည် ယောကျ်ားလေးတစ်ယောက်အနေဖြင့် ကြည့်ကောင်းသည့် အနေအထားတွင် ပါဝင်သည်။ အရပ်မနိမ့်မမြင့်မှာ ကြည့်လင်လတ်ဆတ်သော အသားအရေရှိသူမို့ သူ့ပုံစံမှာ လူကြားထဲတွင် တင့်နေလေ့ရှိသည်။ အပြုံးချိုချိုတစ်ခုဖြင့် ယဉ်ကျေးသောအမူအရာရှိသူမို့ နှစ်လိုဖွယ်ရှိသော ရုပ်ရည်ကို ပိုင်ဆိုင်ထားသူမြတ်သည်။

ဒါကြောင့်မို့လို့လည်း တေးသီ ကိုယ်တိုင်က သူမြတ်ကို တွေ့တွေ့ချင်းပင် သဘောကျမိသွားတာလည်း ဖြစ်သည်။ ပြောရလျှင် ... သူမြတ်နဲ့ တေးသီသည် လူကြီးမိဘတွေကြောင့် နီးစပ်ခဲ့ရသည်ဆိုလျှင် ပိုမှန်မည်။ အမေတွေကို အဖော်ပြုပေးရင်း လိုက်ပါပို့ဆောင်ပေးသော ဘုရားကိုးဆူတစ်ခုတွင် သူမြတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တေးသီကို စတင်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ တေးသီရဲ့မိခင်နဲ့ သူမြတ်ရဲ့မိခင်တို့မှာ ရင်းနှီးခင်မင်ကြသော်လည်း သိပ်ပူးပူးကပ်ကပ်ကြီးတော့ မဟုတ်ကြ။ ဒါကြောင့် သူမြတ်ရဲ့မိခင်က တေးသီကို ပထမဦးဆုံးအကြိမ် တွေ့ဖူးသွားပြီး နှစ်သက်သဘောကျခဲ့ သော မျက်လုံးတွေ၏အရိပ်အယောင်ကို တေးသီ မှတ်မိနေခဲ့သေးသည်။

လောလောဆယ် ဆေးဝါးကျွမ်းကျင်မှု ဘွဲ့တစ်ခု ပူပူနွေးနွေးရထားကာ ဆေးကုမ္ပဏီကြီးတစ်ခုမှာ အလုပ်ဝင်တော့မည့် တေးသီရဲ့ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသော ပုံစံကိုလည်း သဘောကျသွားဟန်ရှိသည်။ အဲဒီနောက်မှာတော့ တေးသီရဲ့မေမေ နဲ့ သူမြတ်ရဲ့မေမေ ဗုဒ္ဓဂါယာ အတူသွားဖို့ကိစ္စတွေနဲ့ တေးသီနဲ့ သူမြတ်လည်း မကြာခဏ တွေ့ဆုံရ၊ သူ့အိမ် ကိုယ့်အိမ်ကပြုလုပ်တဲ့ ဝါဆိုသင်္ကန်းကပ်လှူပွဲတို့၊ ကထိန်တို့ စသဖြင့် တွေ့ရဖို့ အကြောင်းတွေ ဖန်လာခဲ့ရင်းမှ သူမြတ်နဲ့ တေးသီတို့ရဲ့ရင်းနှီးမှုက တစ်စ တစ်စ တိုးတက်လာခဲ့သည်။

အဲဒီနောက် တေးသီ ထင်ထားခဲ့သလိုပင် သူမြတ်က တေးသီကို Propose လုပ်လာခဲ့သည်။ နူးညံ့သောအကြည့်၊ လန်းဆန်းသောအပြုံးတစ်ခုဖြင့် ရည်မွန်သပ်ရပ်သော သူမြတ်ကို တေးသီကလည်း ရင်ခုန်ခဲ့သည် ဖြစ်လေရာ အထူးတလည်ငြင်းဖို့





မရှိခဲ့ပါ။ သူဟာ ဟောက်စ်ဆင်းနေသော ဆရာဝန်လေးတစ်ယောက် ဖြစ်နေတာကြောင့်လည်း မိဘတွေရဲ့အကြိုက်ပါ ဖြစ်ခဲ့ရသည်။ ဒီလို အဘက်ဘက်က ပြည့်စုံကောင်းမွန်သော ယောကျ်ားတစ်ယောက်ကို တေးသီနေရာမှာ တခြားမိန်းကလေးတစ်ယောက် ဆိုလျှင်လည်း လက်ခံဖြစ်မည်ဟု ထင်သည်။

ဒါက တေးသီတို့ရဲ့ ချစ်ခရီးစာတ်လမ်းအစပဲဖြစ်ကာ ချစ်သူတွေ စဖြစ်တဲ့အချိန်ထိလည်း ပြဿနာတစ်စုံတစ်ရာ မရှိသေးခဲ့။ နောက်ပိုင်းမှာတော့ သူမြတ်ရဲ့အိမ်ပြန်ချိန်တွေ နောက်ကျလာတတ်တာကို တေးသီက ဂရုပြုမိလာရသည်။ အလုပ်အားချိန်တွေမှာဆိုလည်း အိမ်မှာမရှိတတ်။ အပြင်မှာပဲ ရောက်နေတာများတာကို တေးသီ မကြိုက်တော့ချေ။ သူ့ကို ဖုန်းလှမ်းထိုးလိုက်သည့် အချိန်တိုင်း သူက အပြင်မှာ ရှိနေတတ်သည်။ အရင်က ဒီလိုမဟုတ်ဘဲ အခုလောလောဆယ်မှာမှ အပြင်ကို စာထကျနေခြင်းဖြစ်သဖြင့် တေးသီက မနှစ်သက်နိုင်ခြင်းပဲ ဖြစ်တော့သည်။

"အပြင်တွေ အရမ်းထွက်တယ်"

ဘာတွေများ စိတ်တိုင်းမကျရှိသလဲဟု အချိန်အကြာကြီး စဉ်းစားနေပုံပေါက်ပြီးမှ တုံးတိကြီးဖြေချလိုက်သော တေးသီရဲ့စကားကြောင့် ခတ္တာက ရှုံ့မဲ့မိသွားတော့မလို ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အပြင်ထွက်တာများ အရင်ကလည်း ထွက်နေကြပဲ မဟုတ်လား"

"အရင်က ဒီလောက်မထွက်ပါဘူး။ ညဘက်ဆို အိမ်မှာရှိတာများတယ်။ ခုဆို ညဘက်တွေ အိမ်မှာမရှိဘူး။ အမြဲတမ်း ဆယ့်တစ် ဆယ့်နှစ်လောက်မှ ပြန်ရောက်တယ် ...

အဲစောဆုံး ပြန်ရောက်ရင် ဆယ်နာရီခွဲပဲ။ နေ့လယ်နေ့ခင်း Duty မရှိတဲ့ off ဆိုလည်းပဲ ဘယ်တော့မှ အိမ်မှာမရှိတတ်ဘူး။ အခု ဖုန်းဆက်လို့ အိမ်မှာပဲ၊ ခဏနေ ငါ့ဟာငါ Six Sense ရလို့ ဖုန်းတစ်ချက်လောက် လှမ်းထိုးလိုက် အပြင်ရောက်နေပြီ ...

ငါ သေချာပြောထားတယ်။ အပြင်သွားမယ်ဆိုရင် ဖုန်းဆက်ပြောသွားဆိုလည်း ငါ့စကားကို ဂရုမစိုက်ဘူး။ ပြောလိုက်ရင်တော့ ခုပဲဆက်မှာတော့မလို့ တေးရဲ့ ဆိုပြီး ဖောရှောကတော့ ရိုက်တတ်တယ်။ တအားစိတ်တိုတယ် ...

ယောက်ျားတွေက ဘာကြောင့်များ မရခင်တစ်မျိုး ရပြီးသွားတော့တစ်မျိုး ပြောင်းလဲသွားကြတာလဲ မသိဘူးနော်"





တေးသံရဲ့စကားကို ခတ္တာက ခေါင်းတစ်ချက်ယမ်းကာ ...

"နင်ကလည်း မဆန်းဆန်းတင့် ဖြစ်နေတာ နေမှာပါ"

"ဘာ မဆန်းဆန်းတင့်လဲ"

"Sensitive လေ။ တစ်ခုခုဆို တော်ရုံသဘောမထား၊ လျှော့မထားဘဲ အားလုံးကို အသေးအမွှားကအစ လိုက်ပြီး ခံစားနေတာကို ပြောတာပေါ့ ...

လူတစ်ယောက်မှာ အပြစ်ကြီးကြီးမားမား မရှိဘဲ သာမန်အကျင့်စရိုက်လေးတွေကအစ စိတ်တိုင်းမကျဖြစ်နေရင် နင်ပဲ စိတ်ပင်ပန်းရလိမ့်မယ်"

"ဟာ ... ငါက အသေးအမွှားကအစ လိုက်ခံစားနေတာမဟုတ်ဘူး။ သူ့ကို ငါ စပြီးသဘောကျခဲ့တဲ့ ပုံစံက ဒီပုံစံမဟုတ်ဘူး။ ဒီလိုပုံစံကို ငါ သဘောမကျဘူး"

"ဘာလဲ ... နင်က စိုင်းကောင်းကျောက်ဖိ ယောကျ်ားမျိုးကို လိုချင်နေတာလား"

ခတ္တာက ပြုံးစိစိ မျက်နှာထားဖြင့် ပြောတာကြောင့် တေးသံက မျက်စောင်းတစ်ချက် ပိတ်ထိုးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကိုရွဲ့မနေနဲ့။ နင့်ကို ငါ ပြောပြဖူးသားပဲ။ တို့မိန်းကလေးတွေက ဘယ်လိုယောကျ်ားမျိုးကို ကြိုက်တယ်ဆိုတာထက် ဘယ်လိုဟာမျိုးကိုတော့ မကြိုက်ဘူးဟာ ဆိုပြီး စိတ်ကူးထားဖူးတာပဲ ...

ငါက လမ်းများ လမ်းသလားတဲ့ ယောကျ်ားမျိုး၊ အပေါင်းအသင်းတွေကို ခုံမင်လွန်းအားကြီးတဲ့ ယောကျ်ားမျိုး၊ အိမ်မမြဲဘဲ အပြင်မှာပျော်တဲ့ယောကျ်ားမျိုးဆို သဘောမကျပါဘူး ...

ပေတေတေ ဂျစ်တစ်တစ် ယောကျ်ားမျိုးတော့ ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင်ပဲ။ ဒါကြောင့် သူမြတ်ကို ဂရုတစိုက်နဲ့ ရွေးချယ်ခဲ့တာ။ သူ့ပုံစံက အေးအေးဆေးဆေး ရှိတယ်။ အပြင်တွေ ဘာတွေ သိပ်မသွားဘူး။ နားအေးပါးအေးနေတတ်တဲ့ လူတစ်ယောက်အဖြစ် တစ်နှစ်လောက် လေ့လာပြီးသွားလို့ ဘာမှအပြစ်ပြောစရာရှိလို့ လက်ခံခဲ့တာ ...

အစပိုင်းက သူလည်း အေးဆေးပဲလေ။ ခုမှသာ ဖောက်လာတာ"





တေးသီရဲ့စကားကို ခတ္တာက ဘာပြန်ပြောရမှန်း မသိတော့ပုံဖြင့် ဟင်းခနဲ ရေရွတ်သည်။

"အဲဒီတော့ နင်က သူ့ကို အပြင်တွေ သိပ်မသွားဖို့ပြောပေါ့။ နင်မကြိုက်ကြောင်း ညှိပေါ့"

"ညှိတာပဲလေ၊ ညှိပြီးလည်း သူက သူလုပ်ချင်တာ လုပ်တာ။ သူ ခြေလှမ်းတွေ ပျက်နေတယ်လို့ နင် မထင်ဘူးလား"

တေးသီရဲ့စကားကြောင့် ခတ္တာက အံ့သြသလို တစ်ချက်စိုက်ကြည့်ပြီးနောက် အားပါးတရ အော်ရယ်လေသည်။

"တေးသံရယ် ... နင့်ရည်းစားကို နင်တောင် အကဲဖမ်းလို့ မရတာ။ ငါက ဘယ်လိုလုပ် သိမှာလဲဟဲ့"

"ငါကတော့ မကျေနပ်ဘူး။ အကြောင်းရင်းမှန်ကို သိအောင် စုံစမ်းရလိမ့်မယ်"

"နင့်ကို ငါ တစ်ခုပြောချင်တယ်ဟာ။ ယောကျ်ားလေးတွေက သဘာဝအားဖြင့်ကို မိန်းကလေးတွေထက် လွတ်လပ်မှုကို ခုံမင်တယ်ဟ ...

အရမ်းကြီး လွန်ကဲတဲ့ ကိစ္စမျိုး မဟုတ်ရင် နားလည်ပေးသင့်ပါတယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ရည်းစားကျွမှပဲ နားလည်တော့ဟေ့။ ခုတော့ ငါက Checking ဝင်လိုက်ဦးမယ်"

ပြောရင်းဆိုရင်း တေးသံက စားပွဲပေါ်ကဖုန်းကို ကောက်ယူကာ Contacts ကိုဖွင့်ရင်း ဖုန်း List ထဲတွင်ရှိသော "He"ဆိုသည့်နာမည်ကို နှိပ်ခေါ်လိုက်သည်။ ဖုန်းဝင်သော်လည်း ချက်ချင်းမကိုင်သေး။ မြည်နေတာ ကြာပြီဖြစ်သော်လည်း တော်တော်နှင့် လာမကိုင်သေးချေ။ ဘာရောဂါပုန်းတော့ မသိပါ။ တေးသီသည် ကိုယ်ဖုန်းခေါ်လို့မှ လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းဟာ ဆက်သွယ်မှုပြင်ပ ရောက်နေတာပဲဖြစ်ဖြစ်၊ သတ်မှတ်ချိန်အတွင်း ပြန်လည်ဖြေကြားခြင်းမရှိပါ ဆိုတာပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် အလွန်တရာမုန်းသူ ဖြစ်တော့သည်။

အခုလည်းပဲ သူမြတ်ကို ကျိန်ဆဲနေမိသည်မှာ သင်းသိမှသိပါလေစ။

✤ ❖ ✤





# ❀ ၂ ❀

"သူမြတ်ရေ ... မင်း ဖုန်းလာနေတယ်ဟေ့"

လွန်းက ခုတင်ပေါ်မှာ တစ်ချက်လှမ်းရင်းနဲ့မှ ရေချိုးခန်းထဲက သူမြတ်ကို လှမ်းအော်ပေးလိုက်သည်။ ခုလေးတင်မှ ရေချိုးခန်းထဲ ဝင်သွားတာမို့ ရေမစိုသေးသဖြင့် လာကိုင်ချင်ကိုင်ရအောင် အော်ပေးခြင်းဖြစ်သည်။

"ထားလိုက်ကွာ၊ ပြီးမှ ပြန်ဆက်လိုက်မယ်"

ရေချိုးခန်းထဲကလူက ထားလိုက်ဆိုသော်လည်း ထားလိုက်ရဲပေါ့။ လွန်းက ဘာမှမပြောတော့ဘဲ ခုတင်ပေါ်မှာပဲ ပက်လက်လှန်နေကာ အညောင်းဆန့်နေမိသည်။ တစ်နေကုန် ကားမောင်းကာ ခရီးဝေးနှင်လာရသဖြင့် လူက ညောင်းညာကိုက်ခဲကာ ပင်ပန်းနေပြီဖြစ်သည်။ ဒါပေမဲ့လည်း အိမ်မှာမနားနိုင်ဘဲ ရောက်



www.burmeseclassic.com

www.burmeseclassic.com



တာနှင့် သူမြတ်ဆီသို့ ချက်ချင်းရွှေ့လာခဲ့တာဖြစ်သည်။ အဲဒီလို ရွှေ့လာလို့ ရအောင်လည်း သူမြတ်နဲ့ သူ့ကြားတွင်ရှိသော သံယောဇဉ်ထုထည်မှာ ကြီးမားနက်ရှိုင်းပါသည်။

"ရှောရီး xxx' ရှောရီး xxx"

Sorry (ဆောရီး)ဆိုသည့် စကားကို တမင်မပီအောင် လုပ်ပြီး ဆိုနေသည့် စူပါဂျူနီယာအဖွဲ့၏ တေးသီချင်းသံဖြင့် ဖုန်းက ထပ်လာပြန်သည်။ ဒီတစ်ခါလည်း အခုနက အသံပဲမို့ သူက မလှမ်းမကမ်းမှာ ရှိနေသောဖုန်းကို မမီတမီ လှမ်းယူလိုက်သည်။ ဖုန်းရဲ့ Display ပေါ်မှာ တစ်ဖက်ကခေါ်ဆိုသူရဲ့ ဓာတ်ပုံကိုပါ ထည့်ထားတာမို့ ရုပ်ပုံကိုပါ သူက မြင်တွေ့လိုက်ရသည်။ ဩော် ... သူမြတ်ရဲ့ ကောင်မလေးဆီကဖုန်းပဲ။

သူမြတ်ရဲ့ ကောင်မလေးကို သူ အပြင်မှာ တစ်ခါမှ မမြင်ဖူးသေးချေ။ မမြင်သေး ဆိုတာတာလည်း သူဟာ ရန်ကုန်က နေ နယ်နှင်ဒဏ်ပေးထားခံရသူမို့ ရန်ကုန်နဲ့ ဝေးနေခဲ့တာ နှစ်၊ နှစ်ကျော်ခန့် ရှိခဲ့ပြီ။ အခုမှ ရန်ကုန်ကို ပူပူနွေးနွေး ပြန်ရောက်သူပဲ ဖြစ်တော့သည်။ ဒါကြောင့် သူမြတ်ရဲ့ကောင်မလေးဖြစ်သော နွေတေးသီကို နာမည်သာ ကြားဖူးလျှက် ရုပ်တောင်အခုမှ မြင်ဖူးတာပဲ ဖြစ်တော့သည်။





ဖုန်းက မကိုင်သေးသဖြင့် ဆက်မြည်နေဆဲ။ သူက ပထမတော့ မကိုင်ဘူးဟု ဆုံးဖြတ်ထားပေမယ့် ဘာကြောင့်မှန်း မသိဘဲ ကိုင်ပေးချင်စိတ် ပေါက်သွားသည်။ သူမြတ် ရေချိုးလျှင် ကြာတတ်သည်မို့ တစ်ဖက်က ဘာအရေးတကြီးကိစ္စရှိမှန်း မသိတာနှင့် သူက ကိုင်ပေးဖို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ သူမြတ်ရဲ့ i Phone ကို သူက လက်ခလယ်တစ်ချောင်းနှင့် ထိတွေ့ပွတ်ဆွဲလိုက်တာနှင့် ဖုန်းကဖွင့်ပြီးသား ဖြစ်သွားသည်။

သူကတောင် မဟယ်လိုရသေး။ တစ်ဖက်ရဲ့ ခပ်ဆတ်ဆတ်အသံက နားထဲသို့ စူးခနဲ ဝင်ရောက်လာသည်။

"ဘယ်ရောက်နေလို့ ဖုန်းက မကိုင်နိုင်ရတာလဲ"

ကြားလိုက်ရတာနဲ့ကို အင်မတန် ဆရာကြီးလုပ်ချင်သော၊ ဟောက်စားလုပ်ချင်ဟန်ရှိသော အသံမို့ သူက ကြောင်ခနဲတောင် ဖြစ်သွားသည်။ ကြည့်စမ်းပါဦး၊ ဒါ ကိုယ့်ရည်းစားတစ်ယောက်လုံးကို ပြောရမယ့်အသံတဲ့လားဗျာ။ စိတ်ဆိုးပြီး ရန်တွေ့တဲ့အသံဆိုလည်း သူက မပြောလိုပါ။ အခုဟာက တပည့်တစ်ယောက်ကို ဟောက်နေသော လေသံမျိုးဖြစ်သည်မို့ သူက သူမြတ်ကိုယ်စား ကြားထဲကတောင် တင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုလည်း တော်တော်နဲ့ လာမကိုင်ဘူး။ ဘယ်ရောက်နေတာလဲ။ အိမ်မှာရော ဟုတ်ရဲ့လား"

"မဟုတ်ဘူး"

"ဘာဖြစ်တယ်။ အိမ်မှာမဟုတ်ရင် ဘယ်ရောက်နေတာလဲ"

"ဘယ်ရောက်ရောက်ပေါ့"

"ဘာ ...။ သူမြတ် ... ရှင် ဘာစကားပြောတာလဲ။ ကျွန်မ ဒေါသထွက်နေတာနော်၊ အဲဒီဒေါသကို ရှင် ပိုကြီးထွားအောင် လာဆွနေတာလား"

"မဆွပေါင်ဗျာ။ ပြီးတော့ ကျွန်တော်က သူမြတ်လည်း မဟုတ်ပါဘူး"

"ဘာ ... ဒါဖြင့်ရင် ဘယ်သူလဲ။ သူမြတ်က ဘယ်ရောက်နေတာလဲ"

"ရေချိုးနေတယ်"

"ဘာရယ် ... ဘာကိစ္စ ရေကချိုးနေရတာလဲ"

သူက အေးအေးဆေးဆေး ဖြေနေသော်လည်း တစ်ဖက်က အသံကတော့ တဖြည်းဖြည်း ပါဝါတွေပိုမြင့်လာသည်။ ရေချိုးနေလို့ ရေချိုးနေတယ်ဟုပြောတာ၊ ဘာများဒေါသထွက်စရာရှိလို့လဲလို့၊ သူက စဉ်းစားမရ ဖြစ်သွားသည်။ ဒီကောင်မလေးဟာ ဒီလောက် ဒေါသကြီးတတ်လျှင် ပင်စင်မယူခင်ထိတောင် သက်ဆိုးရှည်ရှာပါ့မလား မပြောတတ်ပါ။



ဘာကိစ္စ ရေချိုးနေရတာလဲ ဆိုတော့ တမင်တောင် ရစ်နေသလား မှတ်ထင်ရသဖြင့် ရစ်တတ်သူကို သူက ကလိချင်လာသည်။

"ရေချိုးတာလား ... ကိစ္စဝိစ္စလေးတွေ ပြီးသွားတော့ သန့်သွားအောင်လို့ပေါ့ဗျာ"

"ဘာ ...။ ရှင် ... ဘယ်သူလဲ။ ဘယ်ကလဲ။ သူမြတ်ကရော ဘယ်မှာလဲ။ သူမြတ်ဖုန်းက ရှင့်ဆီကို ဘယ်လိုလုပ်ရောက်နေရတာလဲ"

"ဆောရီးပါဗျာ။ ဒီဘက်ကမေးတဲ့ မေးခွန်းတွေကို ဖြေဖို့ ဆန္ဒမရှိပါဘူး။ ကျွန်တော့်မှာ ဖြေပိုင်ခွင့်လည်း မရှိပါဘူးဗျာ"

"ဘာ ... ရှင် ... ရှင် ...။ ရှင် ဘယ်က ကလေကဝလဲ"

တစ်ဖက်က အဲဒီလို ပြောသော်လည်း သူက မနာတော့ချေ။ တဟားဟားနှင့် အော်ရယ်ပစ်ချင်စိတ်တို့အား အထူးထိန်းချုပ်ထားရသောကြောင့် လူက တတိတိနှင့် လှုပ်ပြီးယိမ်းသွားနေသည်။ ဒီကောင်မလေးဟာ ဘာကြောင့်များ ဒီလောက်စိတ်တို





www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆတ်ရတာပါလိမ့်။ သူများက ဒါပြောတိုင်း စိတ်လှုပ်ရှားကာ လိုက်လံမျှောပါ ပေါက်ကွဲတတ်သော မိန်းကလေးမျိုးဆိုလျှင်တော့ တော်တော်သနားစရာ ကောင်းနေပြီဖြစ်သည်။

"အိုခေ ...။ နောက်နာရီဝက်လောက်နေမှ ဖုန်းပြန်ခေါ် လိုက်ပါ။ အဲဒီအချိန်ကျရင် သူမြတ် ကိုယ်တိုင် ဖုန်းကိုင်နိုင် ပါလိမ့်မယ်"

သူက ပြောပြီးတာနဲ့ အနိုင်နဲ့ပိုင်းကာ ဖုန်းချပစ် လိုက်သည်။ ပြီးတော့ ဘာကိုသဘောကျမှန်းမသိ သဘောကျကာ တဟားဟားနှင့် ရယ်မိလေသည်။ အဲဒီနောက် သိပ်မကြာမီ ကျ ရောက်လာတော့မည့် သူမြတ်ရဲ့ကံကြမ္မာကို တွေးကာ ဝမ်းတွန့်မိ သည်။ သူမြတ်နဲ့ သူနဲ့ဟာ ဝေးကွာနေတဲ့ အချိန်အတောအတွင်း မှာ တစ်ရက်ခြား နှစ်ရက်ခြား ဆိုသလို ဖုန်းအဆက်အသွယ်ရှိ ကြသော်လည်း ယောကျ်ားလေးတွေပီပီ တရှည်တလျား သိပ်တွေ့ တွေ့ပြားပြား မပြောဖြစ်ကြချေ။

အလွန်ဆုံးပြောမှ အကြာဆုံးအချိန် ဆယ့်ငါးမိနစ်ပဲ ဖြစ်ကာ အဲဒီအတောအတွင်းမှာလည်း သူမြတ်က သူ့ကောင်မ လေးအကြောင်း Details ပြောပြတာမျိုး မရှိခဲ့သလို သူကလည်းပဲ စိတ်ဝင်တစား မေးမြန်းတာမျိုး မရှိခဲ့ချေ။ ရည်းစားတစ်ယောက်





တော့ ရနေပြီဟုသာ အကြမ်းဖျင်းသိလျက် နာမည်တစ်ခုကလွဲ၍ ဘာမှမသိခဲ့ချေ။

အခုတော့ သူမြတ်တောင် မိတ်ဆက်မပေးခင် စတင် ကြားသိရပုံလေးကတော့ ယဉ်လှလေသည်။

ခဏနေသောအခါ သူမြတ်က ရေချိုးခန်းထဲမှ တဘက်တစ်ထည်ဖြင့် ထွက်လာသည်။ သူ့ရဲ့ပြုံးစိစိပုံစံကို မြင် တာနှင့် သူမြတ်က "ဘာလဲ"ဟု ဇဝေဇဝါ လှမ်းမေးသည်။

"မင်း ဖျင်းနေတာယ်ထင်လို့ ငါကတော့ ဖယားတစ်ခုမွေ လိုက်ပြီ"

"ဟော့ကောင် ... ဘာတွေလျှောက်လုပ်ထားတာလဲ။ အေး ဆေးနေစမ်းပါကွာ ပြဿနာမရှာစမ်းပါနဲ့"

"ပြဿနာဆိုတာ ကိုယ်က မရှာပေမယ့် သူက လာရှာတတ် တယ်ဆိုတာ မင်း အသိဆုံးပဲ ...

ဒါနဲ့ စကားမစပ်။ မင်း ကောင်မလေးက တော်တော် ဒေါသကြီးတတ်တယ်နဲ့ တူတယ်နော်"

သူ့ရဲ့ပြုံးစိစိ အပြောကြောင့် သူမြတ်က ဇဝေဇဝါ ဖြစ်သွားကာ တစ်စုံတစ်ခုကို ပေါက်သွားဟန်ဖြင့် ဖုန်းကိုချက် ချင်းကောက်ယူကာ ဖွင့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်း သူ့ကို ဘာတွေသွားပွားလိုက်တာလဲ။ နဂိုတည်းကမှ ရေလည်ရစ်လွန်းလို့ စိတ်ညစ်နေရတာကို ကွာ"

"ရစ်တတ်တာပဲလား။ ဒေါသရော မကြီးဘူးလား။ ဒေါသကြီးတဲ့ မိန်းကလေးတစ်ယောက်ကို ဘာကြည့်ပြီး ချစ်ခဲ့တာလဲကွာ"

သူမြတ်က တဘက်တစ်ထည်ဖြင့် ခန္ဓာကိုယ်နှင့် ခေါင်း အနှံ့ကို ပွတ်သုတ်ရင်းမှ ပြန်ဖြေသည်။

"အစကတော့ ဒီလောက် ဒေါသကြီးတတ်လိမ့်မယ်လို့ မထင်လို့ပေါ့ကွာ။ သူ့ပုံစံက အရင်တုန်းက အေးချမ်းတယ်လို့ ထင်ရတာ။ အဲ ... ခုထိလည်း ထင်ရတာပါပဲ။ ဒါပေမဲ့ ထစ်ခနဲဆို ဒေါသက ထွက်ပြီပဲ ...

လူကို သံသယနဲ့ မယုံကြည်တဲ့နေရာမှာလည်း နှစ်ယောက်မရှိဘူး"

"ဟား ... ဒါဆိုရင် မင်းတို့ ရည်းစားဖြစ်နေတာ ဘာအဓိပ္ပာယ်လဲ"

"မင်းကို အဲဒီအကြောင်းတွေ အေးအေးဆေးဆေး ပြောပြချင်သေးတယ်ကွာ။ ဟိုရောက်မှ စားရင်းသောက်ရင်းနဲ့ ပြောကြတာပေါ့"



"အိုခေ ... အိုခေ။ ခုနက မင်းကောင်မလေးဆီက ဖုန်းလာတာကွ။ ထပ်ခေါ်နေတော့ ဘာများအရေးကြီးကိစ္စရှိလဲ မသိဘူးဆိုပြီး ငါက ကိုင်လိုက်တာ ...

အမယ်လေး ... ငါ့ကောင်ရေ၊ ကိုင်လိုက်တာနဲ့ ဘယ်သူဘယ်ဝါရယ် မမေးတော့ဘူး။ တန်းပြီးလွှတ်တော့တာပဲ။ ငါလည်း တင်းလာတာနဲ့ ကလိပစ်လိုက်တော့တယ်။ မင်းဆော်က တော်တော်ရယ်ရတာပဲကွ ...

ငါက သူမြတ် ရေချိုးနေတယ်လို့ ပြောတာကို ရေက ဘာကိစ္စချိုးရတာလဲတဲ့၊ ဟား ... ရစ်တယ်ဆိုတာ ဒါမျိုးကို ခေါ်တာပဲလို့ ပြောပြနေတဲ့အတိုင်းပဲ။ ငါ့လည်း အမြင်ကတ်လာတာနဲ့ သူမြတ်က သူ့ရဲ့ကိစ္စဝိစ္စလေးတွေ ပြီးသွားလို့ သန့်သွားအောင် ချိုးတာလို့ ပြောလိုက်တယ်"

"ဟာကွာ ... မင်းကလည်း။ နဂိုကမှ သံသယမင်းသမီး ပါဆိုနေမှ။ သွားပါပြီကွာ ငါတော့ ဒီညတော့ ညှော်စီးရိုးဂ်တွေ နားဆင်ရတော့မယ်နဲ့ တူပါတယ်"

"ဟား ... သူက အဲဒီလို ညှော်စီးရိုးစ်ထုတ်တတ်တဲ့ အဆိုတော်လား။ အား ... အဲဒီလိုမိန်းမတွေကို ရည်းစားတော်ဆားရတဲ့ ယောကျ်ားတွေလောက် ဆိုးဝါးတဲ့ဘဝ မရှိတော့ဘူး ...

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ဖို့လဲကွာ။ ကိုယ့်ထမင်း ကိုယ်စားပြီး အရစ်ခံ၊ အရှော်ခံနေရတဲ့ဘဝ၊ စိတ်ပျက်ဖို့ကောင်းလိုက်တာ"

"ပြောတော့ပေါ့ ... ပြောတော့"

သူမြတ်က စိတ်ကုန်သွားသောပုံစံဖြင့် ဘာမှမပြောတော့ဘဲ အင်္ကျီလဲဝတ်နေတော့သည်။ သူက သူမြတ် ဝတ်သော အင်္ကျီပုံစံကိုကြည့်ကာ အသာပြုံးရင်း ခေါင်းတစ်ချက်ယမ်းလိုက်သည်။ သူမြတ်ဖြင့် အင်္ကျီအဝတ်အစား ဝတ်လိုက်ပြီဆိုလျှင် နု၍လှပနေသော အရောင်ဆန်းများကို ရွေးချယ်ဝတ်ဆင်တတ်ကာ Gentleman စတိုင်လ်မို့ သူနဲ့တော့ ပြဒါးတစ်လမ်း သံတစ်လမ်းပင် ဖြစ်သည်။

သူကတော့ ကျွင်း(နှ်)နှင့် ရှပ်အင်္ကျီအကျပ်တွေကိုသာ ခပ်မိုက်မိုက် ဝတ်ဆင်တတ်သူဖြစ်ပြီး သူမြတ်နှင့် ယှဉ်လျှင်တော့ သူ့ပုံစံက လုံးဝအပေအတေဒီဇိုင်း ပေါက်နေတတ်သည်။ မျေးရာပါဆံပင်က Wave ပါသော အုံထူထူ ပွယောင်းယောင်းကို အရှည်ထားထားသည်မို့ ဖရိုဖရဲ မသပ်မရပ် ဖြစ်နေတာကိုက သူ့ရဲ့သီးသန့်စတိုင်လ်တစ်ခုပဲ ဖြစ်တော့သည်။ အရပ်ရှည်ရှည်မှာ ဆော်ဒီက ကျစ်ကျစ်တောင့်တောင့်ဖြစ်ပြီး ရှပ်အင်္ကျီကို ကြယ်သီးဖြုတ် ဝတ်တတ်သော သူ့ရဲ့ဒီဇိုင်းနှင့် အသားဖြူဖြူ ယဉ်ကျေး





သိမ်မွေ့ဟန်ရှိသော လေးထောင့်မျက်မှန် တပ်ထားသည့် သူမြတ်ရဲ့ဆရာဝန်ဒီဇိုင်းမှာ ဘယ်လိုမှ တွဲစပ်၍ မရချေ။ ဒါပေမဲ့လည်း သူတို့တွေဟာ အချစ်ဆုံးသူငယ်ချင်း ဖြစ်ကြသည်။

ဒီလို သူငယ်ချင်းနှစ်ယောက်ဟာ ဝေးကွာခဲ့တာ နှစ်‚နှစ်လောက်ရှိပြီ ဆိုတော့လည်း ပြောစရာစကားတွေက တစ်ပုံတစ်ပင်ပဲ ဖြစ်တော့မည်။ သူတို့နှစ်ယောက်သည် သူမြတ်ရဲ့အိမ်နှင့် မနီးမဝေးမှာရှိသော စားသောက်ဆိုင်လေး တစ်ခုတွင် ဘီယာသောက်ရင်း ညစာအတူစားကာ စကားပြောဖြစ်ကြသည်။ အခုထိ ဖုန်းပြန်မခေါ်တော့သော သူမြတ်ရဲ့ ရည်းစားအကြောင်းကို သူက စတင်ပြီး ဖော်မိသည်။

"မှာရိုဝက်နေရင် မင်းကိုယ်တိုင် ဖုန်းကိုင်နိုင်လိမ့်မယ်လို့ငါ ပြောခဲ့တာကွ။ ပြန်လည်း မဆက်တော့ပါလား"

သူ့အပြောကို သူမြတ်က ဘီယာတစ်ကျိုက်မော့ရင်းမှ ရှုံ့မဲ့ပြသည်။ ပြီးတော့ ဘီယာခွက်ကို ချရင်းမှ ...

"ဘယ်လိုလုပ် ပြန်ဆက်တော့မှာလဲကွာ၊ အကြီးအကျယ်ကောက်ပြီဆိုတဲ့ အမိမ္မာယ်ပေါ့"

"ဒါဆိုလည်း မင်းက ဖုန်းဆက်ပြီး ချော့လေကွာ။ ချော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ခုလောလောဆယ်က ချော့လို့ရမှာတောင် မဟုတ်ဘူး။ ဒေါသအရှမ်းထွက်နေတဲ့ လူတစ်ယောက်ကို ချော့ဖို့ဆိုတာ ကျားမြီးကို သွားဆွဲတာကမှ ကျားမက စိတ်ကောင်းဝင်သွားရင် သွားဖြဲပြဦးမယ် ...

သူကတော့ စက်သေနတ်နဲ့ တဒက်ဒက်ပစ်သလို အော်တော့မှာ။ ဟား ... မလွယ်ပါဘူးကွာ"

"ဟင်း ... ဒါနဲ့များတောင်။ အေးပေါ့လေ ... မင်းကလုတာကို မက်ခဲ့တော့လည်း အရစ်ခံလိုက်ဦးပေါ့"

"အဲဒီလိုလည်း မဟုတ်ပါဘူးကွာ။ မင်းကို ငါ သူနဲ့တွေ့တာတွေ၊ Details မပြောပြရသေးတော့ ဘယ်နားလည်မလဲ ...

တကယ်တော့ ငါတို့နှစ်ယောက်က လူကြီးမိဘတွေကြောင့် တွေ့ခဲ့၊ နီးစပ်ခဲ့ရတာကွ။ သူ့အမေနဲ့ ငါ့အမေနဲ့က ရင်းနှီးကြတယ် ...

သိပ်အရင်းနှီးကြီး မဟုတ်ပေမယ့် ငါတို့ကြောင့်ပဲ မေမေက ပိုရင်းနှီးအောင် နေတာလားတော့ မပြောတတ်ဘူး။ ဗုဒ္ဓဂါယာသွားဖူးတဲ့ ကိစ္စတွေ ဘာတွေနဲ့ အမေနှစ်ယောက်လည်း မကြာခဏတွေ့ဖြစ်ပြီး ငါတို့ပါ ရင်းနှီးခဲ့



တယ် ဆိုပါတော့ ...

မေမေက သူ့ကို သဘောကျတယ်ကွာ။ အေးပေါ့လေ ငါကလည်း သူ့ကို သဘောကျပါတယ်။ သူကလည်း တွေ့ခါစက အရှမ်းသဘောကျစရာကောင်းတာကိုး။ လှတယ်ဆိုတာထက် သူ့ပုံစံက အရာရာကို နားလည်မှုရှိတဲ့ ပုံစံလို့ထင်လို့ ငါကလည်း Propose လုပ်လိုက်တာ။ ရည်းစားမဖြစ်ခင်က နားလည်မှု ရှိမယ်လို့ ထင်ထားခဲ့သမျှ ရည်းစားဖြစ်တော့မှပဲ တက်တက်စင်အောင် လွဲတော့တာပဲကွာ ...

သူကလည်း ရည်းစားဖြစ်မှ အသားကုန်ရစ်တော့မယ်ဆိုပြီး ကျမ်းသစ္စာ ကျိန်ဆိုထားသလားတောင် မသိပါဘူး။ တကယ်တော့ ငါတို့နှစ်ယောက်က ထင်တာနဲ့မြင်တာ လွဲနေတာကွ။ ငါက သူ့ကို နားအေးပါးအေး ဒီဇိုင်းထင်ပြီး သဘောကျခဲ့တာ။ မရစ်တတ်တဲ့သူပေါ့ကွာ။ သူ့ဘက်က ထင်မြင်ယူဆချက်ကျတော့ တစ်မျိုး။ ရည်းစားမဖြစ်ခင်က ဘာလို့ရစ်ရမှာတဲ့လဲ ... တဲ့။ ကိုယ်နဲ့ဘာမှ မဆိုင်တဲ့ ယောကျာ်းကိုတဲ့။ ရည်းစားဖြစ်သွားလို့ ရစ်တာတဲ့လေ ...

www.burmeseclassic.com

www.burmeseclassic.com



ဟား … လွဲကို လွဲနေတာပါကွာ"

သူမြတ်က နောက်ဆုံးစကားကို စိတ်ပျက်လက်ပျက် ပုံစံဖြင့်ပြောကာ ဘီယာကို ထပ်မော့သည်။ သူကတော့ ကြက်ချဉ် စပ်တစ်ဖတ်ကို အရသာခံဝါးရင်းမှ သူများအကြောင်းကို ထပ်မံ စမ်းစစ်မိသည်။

"မင်းတို့နှစ်ယောက်ကြားမှာ ခိုင်မြဲတဲ့အရာမျိုး ဘာရှိလဲ"

"ယောကောင် … ငါ့ကို လာမစားနဲ့ကွာ။ ငါက မင်းလို ခပ်ကြောင်ကြောင်တွေ မတွေးဘူး"

"ဟား … ဘလိုင်းကြီး လာဖွဲ့နေပါလား။ ချစ်သူနှစ်ယောက် ကြားမှာ ခိုင်မြဲတဲ့အရာမျိုး ဘာရှိလဲလို့ မေးတာ စားတာ လား။ ကြောင်တာလား"

"မသိဘူးကွာ။ လောလောဆယ်မှာတော့ မင်းလုပ်ထားတဲ့ အရှုပ်ထုပ်ကြောင့် ငါ ခေါင်းခဲနေပြီ"

"ဘာလို့လဲ။ ဒီလောက်လေးတောင် နောက်လို့မရဘူးလား"

"မရဘူးကွာ … မရဘူး။ ဒါကြောင့် သူ့ကို ငါက နာမည် ပေးထားတာ မဆန်းဆန်းတင့်လို့"

"ဘာလို့လဲ။ ဆန်းဆန်းတင့် ဆိုတဲ့ အမျိုးသမီးက အရစ် ပါရဂူမို့လို့လား"





"ဟွတ် … မင်းက တစ်မျိုး။ ဆန်းဆန်းတင့် ဆိုတာ Sensitive ကို မြန်မာမှု ပြုထားတာကွာ။ Very Sensitive ပဲ။ အရမ်းကဲကဲဆတ်တယ်၊ အထိအခိုက် မခံတဲ့သူမျိုး။ ဘာလေးမဆို အကောင်းဘက်က မမြင်ဘဲ အဆိုးဘက်က မြင်တယ်။ တစ်ခုခုဟာ နည်းနည်းလေး လွဲမနေလိုက်နဲ့ လွဲလိုက်တာနဲ့ ဒါ မရိုးသားဘူးဆိုပြီး သံသယဝင်တော့ တာပဲ …

ပြီးရင် တစ်လွှာချင်း ရစ်တော့တာ။ ဒီလိုရစ်နည်း တွေ တမင်များ သင်ထားသလားလို့တောင် ထင်ရတယ် ကွာ"

"မင်းတို့ ရည်းစားသက်တမ်း ဘယ်လောက်ရှိပြီလဲ"

"ရှစ်လလောက်ပေါ့။ ရည်းစားဖြစ်ခါစက သိပ်မရစ်တတ် ဘူးကွ။ ခုနောက်ပိုင်း ပိုရစ်လာတာ။ ငါ အပြင်သွားရင် လည်း မကြိုက်ဘူး …

တစ်ချိန်လုံး ဖုန်းဆက်ပြီး Check နေတာ။ ဖုန်း မဆက်ရင်လည်း မက်ဆေ့ချ်တွေပို့ပြီး ပြဿနာရှာနေ တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒါက နားမလည် ပါးမလည် ချာတိတ်မလေးတွေ လုပ်တတ်တဲ့ ကလေးအထာတွေပါကွာ။ သူ့အသက်က ဘယ်လောက်လဲ"

"ငါတို့ထက် တစ်နှစ်ကျော်လောက်တော့ ငယ်တယ်။ နှစ်ဆယ့်သုံးလောက်ပေါ့"

"ဒါဆို သိပ်အငယ်ကြီး မဟုတ်တော့ပါဘူး။ အေးပေါ့လေ မိန်းမတွေရဲ့ ရစ်တတ်မှုစွမ်းအားဟာ ကြီးတာ ငယ်တာနဲ့ သိပ်တော့မဆိုင်ပါဘူး။ ရင့်ကျက်တာ မရင့်ကျက်တာနဲ့လည်း သိပ်မဆိုင်ဘူး။ ရစ်တတ်သူက ရစ်ကိုရစ်တာပဲ ...

တွကယ်ချစ်တယ် ဆိုရင်တော့ ညှိကြပေါ့ကွာ၊ ဒါပဲရှိတာပဲ။ မင်းကလည်း သူ ယုံကြည်အောင် နေထိုင်ပေါ့"

သူ့စကားကို သူမြတ်က ဘီယာမော့ရင်းမှ မျက်လုံးလှန်ကြည့်ကာ ဘာမှမပြောတော့ပေ။ သူမြတ်ရဲ့အကြောင်းကို သူက သိသင့်သလောက် သိသူမို့ အဲဒီလိုပြောရခြင်းဖြစ်ကြောင်း ဒီကောင်လည်း သိမှာပင်။ သူမြတ် ဆိုသော သူ့ဘော်ဒါမှာ တစ်ခါတလေ၌ မထင်ရှားသော အကွက်တွေကို သိပ်လုပ်တတ်သူ တစ်ဦးလည်း ဖြစ်သေးသည်။





"မင်းကောင်မလေးနဲ့ ငါ့ကို မိတ်ဆက်မပေးတော့ဘူးလား"

"မဆက်ပေးတော့ပါဘူးကွာ"

"ဘာလို့လဲ။ ငါ နည်းနည်းပါးပါး အကဲခတ်လို့ ရတာပေါ့"

"ခတ်မနေပါနဲ့။ မင်း တွေ့ရင်လည်း စိတ်ညစ်သွားမှာ။ သူက သူ့ပတ်ဝန်းကျင်က လူတွေအားလုံးကို ညီတူညီမျှ ရစ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ မွေးဖွားလာတဲ့သူပဲ"

"မင်းကြည့်ရတာ သူ့ဒဏ်ကို တော်တော်ခံထားရတဲ့ပုံပဲ။ အေးပါကွာ ဆက်မပြောတော့ပါဘူး။ Topic ပြောင်းကြစို့"

သူက သူမြတ် စိတ်မပါမှန်း သိသဖြင့် တမင်ပင် စကားလွှဲပေးလိုက်သည်။ အဲဒီနောက်မှာတော့ သူမြတ်နဲ့ သူသည် တခြားအကြောင်းအရာများဆီသို့ စိတ်ဝင်တစား ရွှေ့ပြောင်းသွားကြသည်။ အထူးသဖြင့် သူ ကျင်လည်ခဲ့ရသော ရွှေတူးသည့်မိုင်းတွင်းအတွေ့အကြုံတွေအကြောင်း၊ စိတ်ဝင်စားစရာ အဖြစ်အပျက်တွေအကြောင်း၊ နယ်လှည့်ခရီးစဉ်တွေအကြောင်း စသဖြင့် သူမှာက ပြောပြစရာတွေ စုံလှသည်။ ရန်ကုန်မြို့ပေါ်မှာပဲ ကျောင်းတက်ရင်း သာမန်နေ့စွဲများကို ဖြတ်ကျော်နေခဲ့သော သူမြတ်ထက်စာလျှင် သူ့မှာက အတွေ့အကြုံတွေ ပြောစရာတွေ ပိုများနေခဲ့တာတော့ အဆန်းမဟုတ်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



စားရင်းသောက်ရင်း ပြောရင်းဆိုရင်း အချိန်တွေ ကုန်လို့ ကုန်မှန်းမသိအောင်ကို သူတို့စကားတွေ ပြောကောင်းခဲ့ကြလေသည်။

✤ ✤ ✤

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၃

ဤနေရာတွင် စာဖတ်သူ သင်သည် အမျိုးသမီး တစ်ယောက် ဖြစ်သည်ဆိုလျှင် တစ်ချက် စဉ်းစားပေးစေချင်သည်။ ကိုယ့်ချစ်သူရည်းစား ယောက်ျားတစ်ယောက်ကို စိတ်ဆိုးဒေါသ ထွက်နေသည်ဆိုလျှင် အချစ်သည် ဘယ်နေရာ၌ ခေတ္တခဏ ဝင်ရောက်ခိုအောင်းနေပါသနည်း။ အဲဒီတစ်ခဏ၌ အချစ်သည် စိတ်ခံစားချက်ထဲမှာတော့ လုံးဝပျောက်ဆုံးနေသည် မဟုတ်ပါလော။

စဉ်းစားကြည့်ကြပါကုန်။ အချစ်၏တည်နေရာအမှန်သည် နှလုံးသားထဲမှာသာရှိသည်။

ဦးနှောက်ထဲက စိတ်ခံစားမှုထဲမှာရှိသော အချစ်သည် ပေါ်လာလိုက် ပျောက်သွားလိုက်ဖြစ်ကာ နှလုံးသားထဲမှာသာ

www.burmeseclassic.com



မြုပ်ချည်ပေါ်ချည် နိုဝင်နေရသည်။ ဦးနှောက်ထဲက အသိစိတ်မှာ အဆင်မပြေ ဖြစ်လာတာတွေ များသောအခါ နှလုံးသားထဲကအချစ်သည် အဲဒီထဲမှာပဲ ပိတ်လှောင်နေသဖြင့် မွန်းကျပ်လာပြီး ထွက်ပြေးချင်စိတ်တွေ ပေါက်လာတတ်သည်။ ဒါက ဦးနှောက်နဲ့ နှလုံးသားကြားထဲတွင် အချစ်နေ ထိုင်လှုပ်ရှားပုံတွေကို ဆက်စပ်တွေးကြည့်ခြင်းဖြစ်သည်။

အခုလောလောဆယ်မှာတော့ တေးသီရဲ့ဦးနှောက်ထဲ၊ နှလုံးသားထဲမှာရော ဒေါသတွေ၊ အမြင်ကတ်မှုတွေနဲ့သာ ပြည့်နှက်နေတော့သည်။ အထူးသဖြင့် ရှေ့မှာ မထုံတက်တေး မျက်နှာထားဖြင့် မတုန်မလှုပ် ကျောက်ရုပ်သဏ္ဌာန်နှင့် ထိုင်နေသော သူမြတ်ကို စိတ်ရှိလက်ရှိတောင် ကိုင်ဆောင့်ပစ်ချင်နေလေသည်။ ကြည့်လေ ... စိတ်ဆိုး ဒေါသထွက်နေတဲ့ မိန်းကလေးတစ်ယောက်ကို ပြေရာပြေကြောင်း ချော့ဖို့မကြိုးစားဘဲ မျက်နှာသေကြီးနှင့် ထိုင်နေတာ အမြင်ကတ်စရာ မကောင်းဘူးလား။

"သူမြတ် ... ရှင် ကျွန်မကို ဘာစကားမှ မပြောစရာမရှိတော့ဘူးလား"

သူက တေးသီကို အင်မတန် အပြစ်ကင်းသော မျက်နှာထားမျိုးဖြင့် မော့ကြည့်သည်။





"ကိုယ် ရှင်းပြပြီးပြီပဲလေကွာ။ သူက ကိုယ့်သူငယ်ချင်းပါ၊ ကိုယ့်ရဲ့အရင်းနှီးဆုံး အခင်မင်ရဆုံး ငယ်သူငယ်ချင်းတစ်ယောက်ပါ ဆိုတာကို ကိုယ် ဘယ်နှခါ ထပ်ပြောပြရဦးမှာလဲ"

"ပြောတာက ဘယ်နှခါပဲပြောပြော ပြောလို့ရတယ်။ ဒါပေမဲ့ မှသားတစ်ထောင်ကိုပြောတိုင်း အမှန်တစ်ခုဖြစ် မလာဘူး ...

အဲဒီသူငယ်ချင်းက အခုမှ ဘယ်ကမိုးကျရွှေကိုယ် ထွက်ပေါ်လာရတာလဲ .. ပြော

"ဟား ... သူက ဟိုးနယ်က ဆိုက်ထဲမှာ အလုပ်သွားလုပ်နေတာ။ မနေ့ကမှ ရန်ကုန်ကိုရောက်တာ။ တေးကလည်းကွာ ဒီခေတ်ထဲမှာ ဒီလိုပဲ သူငယ်ချင်း အချင်းချင်း ကျုပ်နေကြတာပဲ။ ဒါလောက်လေးကို ဒေါသထွက်နေဖို့ မလိုပါဘူး ...

ကိုယ် ဘာမှမဟုတ်တာ မလုပ်ပါဘူး"

"မဟုတ်တာ မလုပ်ဘူးဆိုရင် ဘာကြောင့် အဲဒီသူငယ်ချင်းဆိုတာကို ကျွန်မက မသိရတာလဲ"

"ဟား ... ကိုယ့်သူငယ်ချင်းအကြောင်းက တေး သိဖို့လိုလို့လားကွာ"



www.burmeseclassic.com

www.burmeseclassic.com



"လိုတာပေါ့။ ရှင်နဲ့ ကျွန်မက တစ်နေ့ကျရင် လက်ထပ်ကြမယ့်သူတွေ မဟုတ်ဘူးလား။ ရှင့်ရဲ့အပေါင်းအသင်းတွေကအစ ကျွန်မ သိထားသင့်တာပေါ့ ...

အခု မသိတော့ မလိုလားအပ်တဲ့ ပြဿနာတွေ တွေ့ရပြီလေ"

"မဟုတ်သေးပါဘူး တေးရာ"

သူမြတ်က စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါယမ်းနေပုံကို တေးသီက ဒေါသထွက်စွာနှင့် စိုက်ကြည့်နေမိသည်။ သူ့ပေါင်းသင်းသမျှ အသိုင်းအဝန်းကို တေးသီ သိမထားသင့်ဘူးလား။ သူကတော့ ဘယ်လိုသတ်မှတ်သည် မသိပေမယ့် တေးသီကတော့ နောင်တစ်ချိန်မှာ ကိုယ်လက်ထပ်ရမည့် ယောကျ်ားတစ်ယောက်ရဲ့အကြောင်းကို က,ကြီးကနေ အ,အထိ သိထားသင့်သည်ဟု ထင်သည်။ ပြီးတော့ ကိုယ်မကြိုက်တဲ့ အချက်တွေကိုလည်း ခုတည်းက ပုံစံပြောင်းထားသင့်သည်ဟု ထင်သည်။ ဒါမှလည်း အိမ်ထောင်ပြုတဲ့အခါ၊ အဆင်ပြေ သာယာသော အိမ်ထောင်ရေးကိုရမည်ဟု မျှော်လင့်မိ၍ပင်။

"နေစမ်းပါဦး၊ အဲဒီ သူငယ်ချင်းက ဘယ်သူတဲ့လဲ"

"ကျွတ် ... လွန်တဲ့"





"ဘာလွန်လဲ။ အဲဒါ နာမည်လား"

"ဟုတ်တယ်ကွာ။ ခါလွန်မိုးတဲ့"

"အဲဒါ ယောကျ်ားလား၊ မိန်းမလား"

"အာ ... ယောကျ်ားပေါ့။ မနေ့က တေးကို ဖုန်းထဲမှာ ပြောနေတာ ယောကျ်ားသံကြီးပဲ မဟုတ်လား"

"ယောကျ်ားသံတော့ ယောကျ်ားသံပေါ့။ ဒါပေမဲ့ ဖုန်းထဲမှာ အသံပြောင်းလို့ရတဲ့ Solf ware တွေထည့်ထားလို့ ရတာပဲ"

"ဟား ... ပြဿနာပဲကွာ"

"ဟွန်း ... နာမည်ကလည်း ယောကျ်ားလိုလို မိန်းမလိုလို ခါလွန်မိုးတဲ့။ သူက ဘယ်ကနေ ဘယ်လိုပေါ်လာရတာလဲ။ တစ်ခါမှ ပြောသံလည်း မကြားဖူးဘဲနဲ့"

"မကြားဘူးဆို သူကလည်း ရန်ကုန်မှာမှ မရှိတာ"

"ကောက်ကာငင်ကာကြီး ရောက်လာတာ အဓိပ္ပာယ်မှ မရှိတာ"

"ဟာ ... ဘယ်သူက ကောက်ကာငင်ကာကြီး ရောက်လာမှာလဲကွာ။ တေးရဲ့အမြင်မှာသာ ကောက်ကာငင်ကာကြီး ဖြစ်နေပေမယ့် သူ့အနေနဲ့တော့ ရန်ကုန်ပြန်လာဖို့ နေ့ညနဲ့အမျှ စောင့်ဆိုင်းနေရတာ ...



www.burmeseclassic.com

www.burmeseclassic.com



တေးရာ ... လျှောက်ပြီး အထင်တွေ မလွဲစမ်းပါနဲ့။ တေး အဲဒီလိုတွေ လုပ်နေတာ ကိုယ့်ရဲ့သိက္ခာကို ထိခိုက်စော်ကားရာရောက်နေတယ် ဆိုတာရော သတိပြုမိရဲ့လား"

"ဩော် ... ဒီလို ပေါက်ကရတွေထင်အောင် ပြောခဲ့တာက ရှင့်ရဲ့သူငယ်ချင်းကြီးလေ။ သူကရော ရှင့် သိက္ခာကို စော်ကားတာ မဟုတ်ဘူးလား"

"သူက တေးကို နောက်တာပါကွာ"

"ဩော် ... သူကကျတော့ နောက်တယ်။ ကျွန်မကိုကျတော့ ရှင့်ကို စော်ကားတယ်ပေါ့ ... ဟုတ်လား"

"တေးရာ ... စိတ်ကို နည်းနည်းလျှော့လိုက်စမ်းပါ။ ဘာဖြစ်လို့ စိတ်တွေဆိုးနေရတာလဲ။ ဒါ စိတ်ဆိုးစရာကိစ္စ မဟုတ်ဘူးလေ ...

စိတ်ဆိုးတယ် ဆိုရင်လည်း ကိုယ် ရှင်းပြနေရင် လက်ခံပြီး ကျေနပ်လိုက်ပေါ့"

"ဘာကိစ္စ ကျေနပ်ရမှာလဲ။ ဘာကိစ္စ လက်ခံရမှာလဲ။ အဲဒီ ခါလွန်မိုးဆိုတဲ့ ရှင့်သူငယ်ချင်းက ကျွန်မကို ရှင့်ရည်းစားမှန်းသိရင် ဘာလို့ အဲဒီလိုပေါက်ကရတွေ နောက်ရတာလဲ ...





သူနဲ့ ကျွန်မက သိလို့လား။ ခင်လို့လား။ ကိုယ်နဲ့ မသိတဲ့ မခင်တဲ့ မိန်းကလေးတစ်ယောက်ကို ခပ်တည်တည်နဲ့ နောက်ရဲတယ်ဆိုတည်းက မဟုတ်တော့ဘူး ...

သူ ဘယ်လိုလူမျိုးလဲ သူမြတ်"

သူမြတ်က တေးသီကို စိတ်ပျက်လက်ပျက် ဖြစ်သွားသော မျက်လုံးမျိုးဖြင့် မော့ကြည့်သည်။ အဲဒီအကြည့်များကြောင့် တေးသီရဲ့ဒေါသတွေက ထောင်းခနဲ ထပ်ထွက်လာသည်။ လူတစ်ယောက်က ကိုယ့်ကို စိတ်ပျက်သောမျက်လုံးများဖြင့် အကြည့်ခံရတာလောက် စိတ်တိုစေတာ မရှိတော့။

"သူမြတ်"

"တေးကလည်းကွာ။ ဘာဖြစ်လို့ သူများအကြောင်းတွေ သိချင်နေရတာလဲ။ သိတော့ရော တေးအတွက် ဘာထူးမှာမို့လို့လဲ"

"ထူးတာပေါ့။ သူ့ရဲ့အကျင့်စရိုက်ကို သိထားမှ သူမြတ်နဲ့ ပေါင်းသင့် မပေါင်းသင့် တေး စဉ်းစားလို့ရမှာပေါ့"

"ဘာလဲကွာ။ ကိုယ်က ကလေးမှမဟုတ်တော့တာ။ ဟိုလူနဲ့မပေါင်းနဲ့ ဒီလူနဲ့မပေါင်းနဲ့ဆိုပြီး ရွေးချယ်စိစစ်ပေးနေရအောင် ကိုယ်က ဦးနှောက်မရှိတဲ့လူလည်း မဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ လွန် ဆိုတာ ကိုယ်ငယ်ငယ်လေးတည်းက ပေါင်းလာတဲ့ သူငယ်ချင်း။ မိကောင်းဖခင် သားသမီးပဲ။ ကိုယ့်အမေလည်း သိတယ်။ အိမ်ကိုလည်း ဝင်ထွက်သွားလာဖူးတာပဲ”

“အေး ... အဲဒီလောက် ရင်းနှီးတဲ့သူကို တေး မသိတာ အံ့စရာမရှိဘူးလေ”

သူက တေးသီကို စိတ်ပျက်သလို ထပ်ကြည့်ပြန်သည်။ ကြည့်လည်းပဲ တေးသီက ဂရုမစိုက်ချေ။ တေးသီ ဆိုလျှင် ကိုယ့်ရဲ့အပေါင်းအသင်းက ဘယ်သူ ဘယ်ဝါ၊ ကိုယ်ကျင်လည်ရသော အသိုင်းအဝန်းက ဘယ်လို၊ နောက်ဆုံး ကိုယ့်အကြိုက်က ဘာ၊ ကိုယ်မကြိုက်တာက ဘာဆိုတာ သူ့ကို အကုန်ပြောပြထားသည်။ အဲဒီလို ပြောတာသည်လည်း အလကားမဟုတ်။

တစ်ယောက်အကြောင်းကို တစ်ယောက်က ပိုသိလာလျှင် ဆက်ဆံရေးတွေ ပိုမိုအဆင်ပြေစေဖို့ ဖြစ်သည်။ ခုတော့ သူက ဘယ်လိုလဲ မသိဖါ။

“မသိတာ မကြုံလို့ပေါ့ တေးရာ။ နောက်တော့ ကြုံလာတဲ့အခါ သိလာမှာပေါ့။ ကိုယ်က မပြောပြဖြစ်ဘူး ဆိုတာ





လည်း သူ့အကြောင်းက တိုက်ဆိုင်မှုမရှိတာလည်း ပါတာပေါ့”

“အခု တိုက်ဆိုင်နေပြီပဲ၊ ပြောတော့လေ”

တေးသီက ကိုယ့်ခွင်ထဲ ရောက်လာပြီဖြစ်သဖြင့် လက်ကိုပိုက်ကာ အေးအေးဆေးဆေးပဲ ပြောလိုက်သည်။ သူက ရှောင်မလွှတ်သော ပုံစံဖြင့် ဟင်းခနဲ သက်ပြင်းချကာ ...

“သူ့နာမည်က ခါလွန်မိုး တဲ့။ ကိုယ်ကတော့ လွန်ပဲ ခေါ်တာ။ သူနဲ့ ကိုယ်နဲ့က ငါးတန်းလောက်တည်းက စသိကြတာ။ အဲဒီထဲက တွဲဖြစ်ကြတာပေါ့။ ဆေးကျောင်းဝင်တော့လည်း အတူတူပဲ ...

ပြီးခဲ့တဲ့နှစ်ကသာ သူ နယ်ကို ရောက်သွားတာ။ ငါးတန်းကနေ ဆေးကျောင်းဖိုင်နယ်ပတ်ခ်ဝမ်းအထိ အတူတူတွဲလာကြတယ်ဆိုတော့ ကိုယ်တို့ သံယောဇဉ်ကို စဉ်းစားကြည့်ပေါ့”

“နေပါဦး ...။ ဖိုင်နယ် ပတ်ဝမ်းအထိဆိုတော့ သူက ဘာဖြစ်တာလဲ၊ ကျောင်းဆက်မတက်တော့တာလား”

“သူ ကျောင်းထွက်လိုက်ရတာပါ”

www.burmeseclassic.com



"ဘယ်လို !။ ကျောင်းက ဘာကိစ္စ ထွက်လိုက်ရတာလဲ"

"ကျောင်းက ... အင်း ... ထွက်လိုက်ရတယ်တော့လည်း မဟုတ်ပါဘူး။ ခဏနားလိုက်ရတာပါ။ အခု သူ ပြန်တက်တော့မှာ"

"အေးလေ ... ကျောင်းက ဘာကိစ္စ နားလိုက်ရတာလဲ"

"တေးကလည်းကွာ။ သူများ ပါဆင်နယ်ကို စပ်စုနေပြန်ပြီ။ ထားလိုက်ပါ ဒီလောက်သိရ တော်ရောပေါ့"

"မထားနိုင်ပါဘူး။ ကျောင်းနားရတယ် ဆိုကတည်းက ကောင်းတဲ့အလားအလာမှ မဟုတ်တာ။ စူပါဆပ်မလီဗီလို့လား၊ ရန်ဖြစ်လို့လား တစ်ခုခုတော့ တစ်ခုခုပဲလေ"

"တေးကတော့ စံပါပဲကွာ။ ပြောရင်လည်း တေးက ကိုယ့်သူငယ်ချင်းကို အထင်သေးဦးမယ်။ သူက ကျောင်းနားရတယ်ဆိုပေမယ့် အရမ်းကြီး ဆိုးသွမ်းပြီး အကျင့်စာရိတ္တ ပျက်ပြားနေတဲ့သူ မဟုတ်ပါဘူးကွာ ...

ဒီလိုပဲ အခန့်မသင့်လို့ ဖြစ်သွားတာ"

"ဘာဖြစ်လို့ လိုရင်းကို မပြောဘဲ ရှေ့နေလိုက်ပေးနေရတာလဲ။ တေး သိချင်တာ သူ ဘာကြောင့် ကျောင်းထုတ်ခံလိုက်ရတာကိုပဲ သိချင်တာ၊ ဒါကို"





တေးသိရဲ့စကားတောင် မဆုံးသေးချင်မှာပဲ သူမြတ်ရဲ့အိတ်ထဲမှ ဖုန်းမြည်သံက ထွက်ပေါ်လို့လာလျှင် သူက လက်ကာပြကာ ဖုန်းကိုထုတ်ကိုင်သည်။

"ပြော ... လွှန်"

သူ့နှုတ်ဖျားမှ လွှန် ဆိုတဲ့စကားလုံးထွက်သွားတာနှင့် တေးရဲ့မျက်ခုံးတွေက ဆတ်ခနဲ ပွင့်သွားကာ နားတွေကလည်း အလိုလို စူးစိုက်မိသွားကြသည်။ တေး ထင်တာ မမှားဘူးဆိုလျှင် သူမြတ်ရဲ့ ခြေလှမ်းတွေကလည်း အနည်းငယ် ရွှေ့သွားသည်ဟု ထင်သည်။ တေးကလည်း အဲဒီအတိုင်း နည်းနည်းလိုက်တိုးမိသည်။

သူနဲ့ တေးသည် တေးတို့ခြံထဲမှာ စကားပြောနေကြခြင်း ဖြစ်လေသည်။

"ငါ အခု တေးတို့အိမ်မှာ"

"XXX"

"အေး ... အခုပြီးရင် ဝင်ခဲ့မယ်။ အေး ... အေး ... နောက်မှတွေ့မယ်၊ အဲဒါဆိုရင် မင်း ... "

သူမြတ်ရဲ့ စကားတောင် မဆုံးသေးဘဲ ရုတ်တရက်ကြီး တေး လုပ်လိုက်မိတာကတော့ သူမြတ်ရဲ့လက်ထဲကဖုန်းကို



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ဆွဲလုကာ အိမ်ထဲသို့ ပြေးဝင်လာခြင်းပဲ ဖြစ်တော့သည်။ ပြီးတော့ အိမ်ထဲက အခန်းတစ်ခန်းထဲသို့ဝင်ကာ တံခါးကို ချက်ချင်းပိတ်လိုက်တာကြောင့် သူမြတ် ဘယ်လိုမှ ဖာတ်နိုင်မည် မဟုတ်တော့ချေ။

တစ်ဖက်က အသံပြတ်သွားသဖြင့် ဟယ်လို ဟယ်လို အော်နေသည်။ တေးသည် အသံကြားဖူးတာနဲ့တင် မေတ္တာမရှိသော၊ သတင်းစကား ကြားတာနဲ့တင် အထင်ကြီးစရာ မရှိသော လူတစ်ယောက်ကို စကားပြောဖို့ရာအတွက် ရင်ဘတ်ကို ဖိကာ အားမွေးနေရသည်။

"ဟယ်လို ... ဟော့ကောင် သူမြတ်၊ မင်း ဘာဖြစ်သွားတာလဲ"

"သူမြတ် မဟုတ်ဘူး။ ကျွန်မ နွေတေးသီပဲ"

တစ်ဖက်က အံ့သြသွားဟန်ဖြင့် ခဏတော့ ငြိမ်သွားသည်။ ပြီးတော့မှ သြော်ခနဲ အသံထွက်လာကာ ...

"သြော် ... နွေတေးသီတဲ့လား။ ကာယကံရှင် ကိုယ်တိုင်ပြောပြတော့မှပဲ နာမည်အပြည့်အစုံကို သိခွင့်ရတော့တယ်"

သူ့စကားက ဘာအဓိပ္ပာယ်မှန်း မသိချေ။ တေးကို ရွဲ့တာလား၊ စောင်းပြောတာလားလည်း မသိရ။ သူမြတ်ကပဲ





တေးရဲ့နာမည်အပြည့်အစုံကိုတောင် စကားထဲ တခုတ်တရထည့် မပြောဘူးလို့ ဆိုလိုတာလားလည်း မသိရဘဲ ဦးနှောက်စားစေသော စကားမျိုးဖြစ်သည်။

"အခုပြောနေတာ ခါရွှန်မိုးလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ရှင် မရွဲ့ပါနဲ့"

"အာ ... မရွဲ့ရပါလား။ ကျွန်တော့်သူငယ်ချင်းရဲ့ ကောင်မလေးမို့ repect နဲ့ ဆက်ဆံတာပါ။ ဘာအကူအညီလိုပါသလဲ ... ပြောပါ"

"အဲဒါ ရွဲ့မေးတာလား။ တကယ့်စိတ်ရင်းအမှန်နဲ့ ပြောတာလား"

"ဟား ... Really ပါဗျာ။ အစစ်တွေပါ၊ ပြော ... ခင်ဗျားကို ကျွန်တော် ဘာကူညီပေးရမလဲ"

"ရှင် ကျောင်းနားရတာ ရန်ဖြစ်လို့ မဟုတ်လား"

တစ်ဖက်က ရုတ်တရက် အသံတိတ်သွားကာ ခဏကြာတော့ တဟားဟားအော်ရယ်သံကြီး ထွက်ပေါ်လာသည်။ တေးသည် အဲဒီအသံကြီးကို မုန်းလွန်းသောကြောင့် နှုတ်ခမ်းကို ကိုက်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ခင်ဗျားက အဲဒါ သိချင်လို့ သူမြတ်ဆီကဖုန်းကို လုပြေးခဲ့တာပေါ့ ... ဟုတ်လား"

"ဘာမှ လုမပြေးဘူး၊ ဒီအတိုင်းပဲ ယူလိုက်တာ။ ကဲ ... ပြောစမ်းပါ၊ ကျွန်မ ပြောတာ ဟုတ်တယ် မဟုတ်လား"

"ခင်ဗျားက မိန်းမတော်တော်ပီသတာပဲနော်။ ဘဝင်တော့ မြင့်မသွားပါနဲ့၊ စပ်စုတတ်တဲ့နေရာမှာ ပြောတာပါ"

"ဒီမှာ။ ရှင် ကျွန်မကို ဘာမှရိနေစရာ အကြောင်းမရှိဘူး။ ကျွန်မ စပ်စုတယ်ဆိုရင်လည်း ဘာလိုင်းကြီး စပ်စုနေတာ မဟုတ်ဘူး ...

ကျွန်မနဲ့ လက်ထပ်မယ့်ရည်းစားနဲ့ အရမ်းတွဲနေတဲ့ လူတစ်ယောက်အကြောင်းကို သိထားသင့်တယ် ထင်လို့ မေးနေတာ"

"ခင်ဗျား မသိသင့်ဘူးထင်လို့ သူမြတ်ကတောင် မပြောဘဲနဲ့ဗျာ"

"ဘာလဲ ... ရှင်က ဝန်မခံချင်ဘူးပေါ့။ ဒီလောလော ကျွန်မကတော့ အဲဒီအတိုင်းပဲ လက်ခံလိုက်ပြီ"

"နေစမ်းပါဦး။ ကျောင်းနားရတာနဲ့ သူမြတ်နဲ့ အပေါင်းအသင်းလုပ်တာနဲ့ ဘာများဆိုင်လို့လဲ၊ ဆက်စပ်လို့လဲ"





"ဆိုင်ဆိုင် မဆိုင်ဆိုင်။ ဒါပဲ"

တေးက အနိုင်နဲ့ပိုင်းကာ ဖုန်းချပစ်ပြီးနောက် အခန်းအပြင်ဘက်သို့ ပြန်ထွက်လာခဲ့သည်။ ဧည့်ခန်းထဲမှာ သူမြတ်က စိတ်ပျက်လက်ပျက် ပုံစံဖြင့် ထိုင်စောင့်နေသည်။ တေးက စားပွဲပေါ်သို့ ဖုန်းကိုတင်ပေးလိုက်လျှင် သူက ဖုန်းကိုကောက်ယူပြီး မတတ်တတ်ထရပ်ကာ ...

"ကိုယ် သွားတော့မယ် တေး"

"ကောင်းပါပြီ"

"တေးကို တစ်ခုတော့ ပြောချင်တယ်ကွာ၊ ကိုယ့်ရဲ့ Personal တွေကို သိပ်တော့ မလွှမ်းမိုးချင်ပါနဲ့လို့"

တေးတောင် ဘာမှမပြောရသေးချေ။ သူက ချာခနဲလှည့်ထွက်လို့သွားလျှင် တေးက နှုတ်ခမ်းတစ်ချက်ကို မဲ့ရွဲ့မိသည်။ ယောကျ်ားလေးတွေဟာ ကိုယ့်ရည်းစားထက် သူငယ်ချင်းအပေါင်းအသင်းကိုပဲ အရေးသယ်နေလျှင် အဲဒီရည်းစားရဲ့မိန်းကလေးဖြစ်သူက ညံ့သည်ပဲဟု တေးကတော့ ယူဆသည်။

✤ ❖ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၄

နေရောင်ခြည်နုနုက သူ့ကိုပုတ်နှိုးပြီး နိုးလိုက်သောအခါ လွန်သည့် မျက်လုံးတွေ ဖျတ်ခနဲပွင့်လာကာ နိုးလာသည်။ အဲခနဲ ပျင်းကြောဆန့်ကာ ခုတင်ဘေးကနာရီကို ကြည့်လိုက်သောအခါ နံနက်ဆယ်နာရီတောင် ထိုးပြီဖြစ်သည်။ အင်းပေါ့လေ ... ညက နှစ်နာရီခွဲလောက်မှ အိပ်ဖြစ်တာပဲဟာ။ ဒီအချိန်မှာနိုးတာ အဆန်း မဟုတ်တော့ပြီ။

သူက အိပ်ရာထက်မှ လူးလဲထကာ စားပွဲပုပုလေးပေါ်မှ ရေဘူးကို ဆွဲယူကာ တစ်ရှိန်ထိုး မော့ချလိုက်သည်။ ကြည်လင်အေးမြသောရေသည် သူ့ရဲ့အတွင်းကလီစာတွေကို သန့်စင်သွားစေသည်။ အဲဒီနောက် သူ့အကြည့်တွေဟာ ဘာရယ်မဟုတ် မှန်တင်ခုံဆီက ကြည့်မှန်ကြီးထံသို့ ရောက်ရှိသွားသည်။





နယ်မှာ နှစ်,နှစ်လောက် သွားနေခဲ့ရသူမို့ သူ့ရဲ့ခပ်ဝင်းဝင်း အသားအရေဟာ အခုတော့ ဖျားရည်ရောင် ပေါက်နေသည်။ လူက မိုင်းတွင်းတွေထဲမှာ အကြမ်းပတမ်း နေခဲ့ရသူမို့လို့လားတော့ မသိချေ။ ပိုပြီးထွားကျိုင်းသန်မာတဲ့ပုံစံ ပေါက်နေကာ အခုခေတ်စားနေသော၊ ကောင်မလေးတွေ အကြိုက်များနေသော ကိုရီးယားမင်းသား နုနုဖပ်ဖပ်တွေနဲ့တော့ တခြားဆီပဲဖြစ်သည်။

ရန်ကုန်မှာ သူ မရှိခဲ့သော နှစ်,နှစ်အတွင်းမှာကို ကိုရီးယားဖက်ရှင်တွေရဲ့ လွှမ်းမိုးမှုက တော်တော်ပြင်းထန်ခဲ့ပြီး ဒီပြန်ရောက်လာသောအခါ ယောက်ျားလေးရော မိန်းကလေးရော ကိုရီးယားလှိုင်းလုံးကြီးတွေကြားမှာ မျောပါနေခဲ့ပြီဖြစ်သည်။ သူကတော့ အဲဒီလို နုနုရွရွ ဖက်ရှင်တွေ သိပ်မကြိုက်ချေ။ Rocker သမားကြီးမို့ ရုပ်အကျီနှင့် ဂျင်း(န်)လောက်သာ မက်မောသူဖြစ်သည်။ ဒါကြောင့်လည်း ရေချိုးပြီးသောအခါ နီညိုရောင်အကွက်စိပ်စိပ် Alter Shirt အကျပ်ကို ဂျင်း(န်)အနက်တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ပြီးသွားသောအခါ သူ့ဝတ်စားဆင်ယင်မှုက လွယ်ကူစွာ ပြီးဆုံးသွားသည်။ သူ့ဆံပင်တွေက wave ပါသော ခပ်ကြမ်းကြမ်း ခပ်ဖွာဖွာတွေဖြစ်ကာ မသိလျှင် ကိုရီးယားမင်းသားတွေလို ပြေပြေလေးကောက်ထားတယ်ဟုတောင် ထင်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ နေခဲ့ရသော တောထဲမှာ ရေကလည်း မကောင်းတာမို့ သူ့ဆံပင်ဟာ ဆေးမဆိုးရပါဘဲ သဘာဝအတိုင်း နီညိုရောင်ဖြစ်နေတာလည်း မိုက်လှသည်။ သူက မျက်နှာကိုတော့ အစိုဓာတ်ထိန်းသည့် Moisture Cream တစ်ခုလိမ်းပြီး သူ ဆွတ်နေကြ CK ရေမွှေးကို ဟိုနည်းနည်း ဒီနည်းနည်း ဆွတ်ပြီးလျှင် အပြင်သွားဖို့ Ready ဖြစ်သွားခဲ့ပြီ။ ဖုန်းနှင့် wallet ကို ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်ကာ အောက်ထပ်သို့ဆင်းလာခဲ့လျှင် လှေကားရင်းမှာပဲ သူ့အမေနှင့်ဆုံသည်။ သူ့အမေက သူ့ရဲ့လတ်လတ်ဆတ်ဆတ် သန့်ရှင်းသောပုံစံကို မော့ကြည့်နေရင်းမှ ...

"ရေတောင်ချိုးပြီးလာပြီလား။ မေမေက မနိုးသေးဘူးတောင်ထင်လို့ ခုပဲ တက်နှိုးတော့မလို့ ...

လာ ... လာ ... ဗိုက်ဆာနေရောပေါ့။ သားအကြိုက်ခွေတောင်ခေါက်ဆွဲ လုပ်ထားတယ်"

သူက ခေါင်းတစ်ချက်ညိတ်ကာ သူ့အမေနောက်သို့ လိုက်လာခဲ့သည်။ ထမင်းစားခန်းထဲသို့ ရောက်သောအခါ သူ့အဖေပါ ရှိနေသောကြောင့် သူက နည်းနည်းရှိန်သွားရသည်။ သိပ်မတူးဆန်းသော ဓလေ့ထုံးစံများအရ ပေတေသော သားဆိုးများကို ဖအေတို့က ကြည့်မရတတ်ခြင်းမှာလည်း အဆန်းမဟုတ်





တော့ပြီ။ ဆေးကျောင်းမှ သူ ထွက်နားလိုက်ရသောကိစ္စအတွက် သူ့အဖေသည် သူ့ကို အကြီးအကျယ် ဒေါသထွက်နေခဲ့သူဖြစ်သည်။

ဒါကြောင့် ဒီအတောအတွင်းမှာ သူသည် ရန်ကုန်ကထွင့်စည်ပြီး တောထဲက ရွှေတူးဖော်ရေးလုပ်ငန်းခွင်ထဲမှာ အလုပ်ကြမ်း အပြစ်ဒဏ် ကျခံနေခဲ့ရခြင်း ဖြစ်လေသည်။ ခုချိန်ထိလည်း ပြန်ရောက်သည်အထိ သူ့အဖေက သူ့ကို စကားကောင်းကောင်း မပြောသေးပါ။ ဒါကြောင့် သူက အဖေ့ကို မသိချင်ဟန်ဆောင်ကာ ခွေတောင်ခေါက်ဆွဲကိုသာ အသာငြိမ်ပြီး စားနေလိုက်သည်။

"ဟေ့ကောင်",

သူက မသိချင်ဟန်ဆောင်ထားသော်လည်း သူ့အဖေက အဲဒီလိုနေချင်ပုံ မရပေ။ မာန်အပြည့်ဖြင့် ခေါ်လိုက်တာကြောင့် သူက လန့်ချင်ယောင်ဆောင်ကာ အထိတ်တလန့်ပုံစံဖြင့် မော့ကြည့်လိုက်ရသည်။

"ရန်ကုန်ရောက်နေတာ ဘယ်လောက်ရှိပြီလဲ"

"ဗျာ ... တစ်ပတ်ပါ"

"အဲဒီတစ်ပတ်အတွင်းမှာ မင်း ဘာတွေလုပ်ခဲ့လဲ"

"ဟို ... ဒီလိုပါပဲ၊ ဘာမှမလုပ်"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်း။ ဘာမှမလုပ်ဘူးဆိုတာ ကောင်းတာမှန်သမျှ ဘာမှမလုပ်ဘူးလို့ ဆိုလိုတာ မဟုတ်လား"

"ဗျာ ... လုပ်ပါတယ် ဖေဖေရ။ ကျွန်တော် မနက်တိုင်း ဘုရားရှိခိုးပါတယ်"

"ဟေ့ကောင် ... မင်း ငါ့ကို ရွဲ့သလို လာလုပ်မနေနဲ့၊ ငါ့ လက်သီးအကြောင်း မမှတ်သေးဘူးနဲ့တူတယ်"

"ဖေဖေ ဆိုလိုတာကို ကျွန်တော် နားလည်ပါတယ်။ ကျွန်တော် ကောင်းတာလုပ်ဖို့ထက် မကောင်းတာ မလုပ်ဖို့က ပိုအရေးကြီးတယ် မဟုတ်လား ...

Sept By Sept ပေါ့ ဖေဖေရာ။ အပြောင်းအလဲဆိုတာ ချက်ချင်းလုပ်ယူလို့ ရတာမှ မဟုတ်တာ"

"ငါ့ကို ဘာမှ မိကျောင်းမင်း ရေကင်းလာပြမနေနဲ့။ အေး ... ဒီတစ်ခါ ရုတ်ရုတ် ရုတ်ရုတ် အသံကြားလိုက်တော့ မင်းကို တစ်ခါတည်း အမွေပြတ် စွန့်လွှတ်ပြီးသားပဲ ...

မင်း ကျောင်းကိစ္စကရော ဘယ်လိုလဲ"

"အခု ဒီက စားပြီးရင် ကျွန်တော် ကျောင်းသွားမှာပါ။ ကျောင်းအပ်ဖို့ကိစ္စတွေလုပ်မှာ၊ ကျောင်းပြန်ဖွင့်ရင် ကျွန်တော် ကျောင်းတက်နေပါပြီ"





"ကျောင်းတက်ပြီး မင်း M.B.,B.S ဘွဲ့ကိုရော ရအောင် ယူနိုင်မှာမလား။ ဒီလိုပဲ စားကောင်း သောက်ကောင်းရှိ ကျောင်းလေးသွားတက်လိုက်၊ ဝေလေလေလေး လုပ်လိုက်နဲ့ပဲ၊ အိုးရောအွဲ တက်နေမှာလား"

သူက ပြောမည့်စကား တည်ငြိမ်လေးနက်စေရန် အတွက် စားလက်စဇွန်းနှင့် ခက်ရင်းကိုတောင် ချလိုက်ကာ သူ့ အဖေကို စိုက်ကြည့်လိုက်သေးသည်။

သူ့အဖေကလည်း သူ့ကို မမှိတ်မသုန် စိုက်ကြည့် နေသည်။

"ဖေဖေ ... ကျွန်တော့် Brain ကို ဖေဖေ သိပါတယ်။ ကျွန်တော်က ဆေးကျောင်းကို အမှတ်မီလို့၊ ဒါမှမဟုတ် မိဘက ဇွတ်တက်ခိုင်းလို့ တက်ရတဲ့သူမျိုး မဟုတ်ပါဘူး။

ကျွန်တော်ကိုယ်တိုင် ဝါသနာပါလို့ ရွေးချယ်ခဲ့တာပါ။ ကျွန်တော့်ရည်မှန်းချက်က အင်မတန်တော်တဲ့ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ပါ။ ပြီးရင်လည်း ဆရာဝန်ရှားပါးတဲ့ ဆေးလံခေါင်သီဒေသတွေကို သွားပြီး ဆေးကုဦးမှာပါ ...

ကျွန်တော့်ပုံစံက အပေအတေ ဖြစ်ချင်ဖြစ်နေမယ်၊ ဒါပေမဲ့ ခုတည်းက နှလုံးလှတဲ့ဆရာဝန်စိတ်ဓာတ် မွေး



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးသား ဖြစ်နေပြီ။ အဲဒီတော့ မေမေ့ရဲ့စီးပွားရေး ကိစ္စအတွက် ကိုကြီးနဲ့ မလတ်ကိုသာ ခုတည်းက အားကိုးထားပါတော့”

“အေးပေါ့ကွာ၊ မင်းသာ တကယ်ကို ဆရာဝန်ပီသချင်တယ်ဆိုရင် ငါကလည်း ထောက်ပံ့ပေးဖို့ အဆင်သင့်ပါ။ ဒါပေမဲ့ မင်းရဲ့အပြောနဲ့ အလုပ် ဟုတ်,မဟုတ်တော့ စောင့်ကြည့်ရမှာပေါ့”

သူက ဘာမှမပြောတော့ဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။ သူ့အဖေ ထွက်သွားတော့မှ သူ့အမေရဲ့ပခုံးလေးတစ်ဖက်ကို အသာဖျစ်ညှစ်ကာ ...

“မေမေ သားကို ယုံတယ် မဟုတ်လား”

“ယုံပါတယ် သားရယ်။ သားက ဆိုးတဲ့ကလေးတစ်ယောက် ဖြစ်ချင် ဖြစ်ဖူးမယ်၊ ခုချိန်မှာတော့ မိုက်တဲ့ကလေးတစ်ယောက် မဖြစ်တော့ဘူးလို့ မေမေ ယုံကြည်ပြီးသားပါ ...

မေမေ့သားဟာ တကယ်ကို နှလုံးလှတဲ့ ဆရာဝန်တစ်ယောက် ဖြစ်လာမယ်ဆိုတာ ယုံကြည်နေပါတယ်”

“အိုခေ ... ဒါဆိုရင် သား သွားလိုက်ဦးမယ် မေမေ။ ထမင်းစားချိန် အမီပြန်ခဲ့မယ်”





“ခဏနေပဲ ထမင်းစားချိန် ရောက်တော့မယ် သားရဲ့။ အေးအေးဆေးဆေးသာလုပ်၊ သား ကြိုက်တတ်တဲ့ ငါးရှူငါးဆုပ်ဟင်း ချက်ထားတယ် ...

ထမင်းကိုတော့ အိမ်မှာပဲ ပြန်စား၊ ဟုတ်ပြီနော်”

“ဟုတ် မေမေ။ ဒါဆို သား သွားတော့မယ်”

သူက မိခင်ဖြစ်သူကို ပွေ့ဖက်နှုတ်ဆက်ပြီးနောက် ကားဂိုဒေါင်ထဲမှ ကားကိုထုတ်ကာ အပြင်သို့ မောင်းထွက်လာခဲ့သည်။ အရင်တည်းက သူ စီးခဲ့သော ဂျစ်ကားမည်းမည်းကြီးပဲဖြစ်ကာ သူ့စိတ်ကြိုက် ဆင်ထားတာမို့ ကားထဲမှာ ဘော့စ်တီးလုံးသံစည်စည်ဖြင့် အေးစိမ့်မွှေးပျံ့နေသည်။ သူက လတ်တလောထွက်ထားသော မျိုးကြီးရဲ့ ယူလိုက်စီးရီးစ်ထဲက သီချင်းတစ်ပုဒ်ကို လိုက်ညည်းဆိုပြီး ကားကို ကျောင်းရှိရာသို့ ဦးတည်ပြီး မောင်းလာခဲ့သည်။

ကျောင်းရောက်သောအခါ ကျောင်းကကိစ္စတွေကို လိုက်လှုပ်ရှားကာ ဆရာတွေနှင့် တွေ့ဆုံပြီးနောက် နောက်တစ်ပတ် ဖွင့်တော့မည့်အတန်းမှာ တက်ရောက်ဖို့ အဆင်သင့်ဖြစ်သွားပြီဖြစ်သည်။ ကာလအတန်ကြာ ဝေးကွာခဲ့သော သူ့ရဲ့ကျောင်းတော်ကြီးကို သူက လွမ်းဆွတ်စွာ တစ်ချက်ကြည့်ပြီးတော့မှ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ထွက်မည်အပြုမှာပဲ သူ့အိတ်ထဲကဖုန်းက မြည်သံထွက်ပေါ်လာသည်။ **Ring Tone** သံအရ သူမြတ် ဆီကဆိုတာ သူက သဘောပေါက်လိုက်ရသည်။

"ပြော ... ဟော့ကောင်"

"မင်း ဘယ်မှာလဲ"

"ငါ ကျောင်းမှာ"

"ကျောင်းလာအပ်တာလား။ အဆင်ပြေလား"

"ပြေပါတယ်။ ပြော ... မင်းရော ဘယ်မှာလဲ"

"အေးကွာ ... မင်းကို ငါ ပြောရမှာတော့ အားနာပါတယ်"

"ဟော့ကောင် ... မင်းအနေနဲ့ ငါ့ကို အားနာတယ်ဆိုတဲ့ စကား ပြောနေတာ နောက်နေတဲ့ အတိုင်းပဲနော်၊ အဲဒါ ရော သိရဲ့လား"

သူ ဘာကိုဆိုလိုတယ် ဟူသော အဓိပ္ပာယ်ကို သိသွားဟန်တူသော သူမြတ်က အေးပါကွာဟု ခပ်ဖျော့ဖျော့ဆိုသည်။ ခဏနေတော့မှ ...

"မင်း အခု အိမ်ပြန်တော့မှာလား"

"အေး ... ဘာဖြစ်လို့လဲ။ မင်း တစ်ခုခုများ ပြောစရာရှိလို့လား"





"ပြောစရာ ဆိုတာထက် မင်းကို အကူအညီတောင်းချင်တာပေါ့ကွာ ...

ငါက ခဏနေရင် ဆရာကြီးနဲ့ လိုက်ရမှာကွ။ ဆရာကြီး ကိုယ်တိုင်က **By name** တပ်ပြီး ခေါ်ထားတာ ဆိုတော့ ဘယ်လိုလုပ် ငြင်းရမှာလဲကွာ ...

အဲဒါ"

"ဟော့ကောင် ... ဒီလောက်ဆို ငါ သဘောပေါက်ပြီ၊ လိုရင်းကိုပြောတော့။ မင်း ဘယ်လိုမှ အချိန်မပေးနိုင်တဲ့ ကိစ္စတစ်ခုကို ငါ့ကို ထရန်စဖာလုပ်တော့မယ် မဟုတ်လား ...

ပြော ... ဘာလဲ"

"တေးသီကို အလှပြင်ဆိုင်မှာ သွားကြို့ပေးပါကွာ"

"ဘာ ... ဘယ်လို။ ပြန်ပြောလိုက်စမ်းပါဦး"

"ငါ တကယ်ပြောနေတာပါကွာ။ တေးသီက နေ့ခင်း တစ်နာရီမှာလုပ်မယ့်၊ ဆီဒိုးနားမင်္ဂလာဆောင်မှာ ပန်းကြိုပေးရမှာကွ၊ ဒီနေ့မှပဲ တိုက်တိုက်ဆိုင်ဆိုင် သူ့အဖေက နေပြည်တော်ကို အလုပ်ကိစ္စနဲ့ အရေးပေါ် ခရီးထွက်သွားရတော့ ကားမရှိတော့ဘူး ဖြစ်နေတာ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အသွားတုန်းကတော့ သူ့သူငယ်ချင်းက လိုက်ပို့ပေးတယ်ကွာ။ အပြန်ကျတော့ ငါ့ကို လာကြိုခိုင်းထားတာ။ ငါကလည်း အချိန်ရမယ်ထင်ပြီးတော့ ...”

ယုတ္တိယုတ္တာရှိရှိဖြစ်အောင် အဓိပ္ပာယ်အပြည့် ပြောနေသော်လည်း သူက စကားများများပြောလျှင် သိပ်မကြိုက်သူမို့ စကားကို ဖြတ်ပြောလိုက်သည်။

“ကဲ ... မင်းလေဒီကို ငါက သွားကြိုပေးရမယ် မဟုတ်လား။ ငါကတော့ အုံးမစားဘူး။ ဒါပေမဲ့ သူက မင်းကို want to ဖြစ်နေရင်ရော”

“အာ ... ဒါက သမီးရည်းစား ချိန်းတွေ့မယ့်နေရာကို အစားထိုးသွားခိုင်းတာမှ မဟုတ်တာ။ သူ့ကိုကြိုပြီး Sedona ကို သွားပို့မယ့်ကိစ္စပဲဟာ ...

မင်း Ok တယ်ဆိုရင် သွားလိုက်လေ။ ပြီးရင် ငါ ဖုန်းဆက်ထားမယ်”

“ပြီးရော ... ဘယ်ကို သွားရမှာလဲ”

“(xxx)အလှပြင်ဆိုင်ကွာ၊ မြို့ထဲမှာပဲ မင်းနဲ့နီးပါတယ်။ လိပ်စာက (xxx)။ မင်းနဲ့ မတွေ့ဖူးဘူး ဆိုပေမယ့် ဆိုင်ထဲကိုဝင်ပြီး သူ့နာမည်မေးလိုက်ရင် ရမှာပါ”





“အိုခေ ... ငါ သဘောပေါက်ပြီ။ မင်းသာ ဖုန်းဆက်ထားလိုက်”

သူမြတ်က ဖုန်းချသွားလျှင် သူက လုပ်နေကျပုံစံအတိုင်း မျက်ခုံးကို တစ်ချက်ပင့်ကာ ကားပေါ်တက်ပြီးနောက် မောင်းထွက်လာခဲ့သည်။ ရစ်သည့်နေရာမှာ ထိပ်တန်းပထမဆုရှင်ဟု သိထားသော မိန်းကလေးတစ်ယောက်နှင့် တွေ့ရတော့မှာမို့ ဘယ်လိုများဝါလိမ့်မှာတော့ စိတ်ဝင်တစား ဖြစ်ရသေးသည်။ ဖုန်းထဲမှာတောင် ဆတ်ဆတ်ကြဲ စွာလန်တောက်ပနေသော မိန်းကလေးဟာ အပြင်မှာရော ဘယ်လောက်ထိ စွာမလဲ။

စွာတာက ရိုးရိုးစွာမည် မဟုတ်ဘဲ မိတ်ကပ်မျက်နှာကြီးနှင့် စွာမှာကိုတော့ သူက တော်တော်စိတ်ညစ်ရသည်။ မိန်းကလေးတွေ မိတ်ကပ်ထူထူ လိမ်းထားတာလောက် သူ စိတ်ပျက်တာ မရှိတော့ပြီ။ အတွေးနဲ့အတူ သူက ကားမောင်းသွားရင်းမှ ညွှန်းထားရာ အလှပြင်ဆိုင်သို့ ရောက်သွားသည်။ ဆိုင်တံခါးကို အသာဟကြည့်သော သူ့ထံသို့ မိန်းကလေးတစ်ယောက်က ရောက်လာတာနှင့် ...

“ဒီဆိုင်ထဲမှာ မိတ်ကပ်လာပြင်တဲ့ နွေတေးသီကို အပြင်မှာ လာကြိုနေတဲ့ကား ရောက်နေပြီလို့ ပြောပေးပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟုတ်ကဲ့။ ပြောလိုက်ပါ့မယ်"

"အိုခေ ... သင့်ခ်ယူ"

သူက ပြောပြီးတာနှင့် ကားထဲပြန်ထိုင်ကာ သီချင်းဖွင့်ရင်း စောင့်နေလိုက်သည်။ မျိုးကြီးရဲ့သီချင်းသုံးပုဒ်လောက်အပြီးမှာတော့ ဆိုင်ထဲကနေ၍ မရွှေချော နှစ်ယောက် ထွက်လာတာကို တွေ့လိုက်ရပြီးနောက် ကိုယ်ရောင်ဝါ တောက်ပနေသော တစ်ယောက်သောသူကို တွေ့လိုက်ရလျှင်တော့ ဒါဟာ နွေတေးသီပဲဟု အလိုလို သိသွားတော့သည်။ သူမက ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရှုနေသဖြင့် သူက ကားပေါ်မှဆင်းကာ သူမဆီသို့ လျှောက်သွားလိုက်သည်။

အစိမ်းရောင်ဖျော့ဖျော့ ပိုးဝတ်စုံမှာ မြန်မာဆန်ဆန်ရှိသဖြင့် မျက်လုံးထဲ အေးသွားသော်လည်း မျက်နှာမှာ ပြင်ထားသော မိတ်ကပ်ကတော့ နည်းနည်းများနေသည်ဟု ထင်သည်။ ဒါပေမဲ့လည်း ရိုးသားသောစိတ်ဖြင့် **Appreciate** လုပ်ရလျှင် နွေတေးသီဟာ လှပသည့် မိန်းမလေးတစ်ယောက်တော့ဖြစ်သည်။

သူက ရှူးစမ်းရိုပ်ဖြင့် တောက်ပနေသော နွေတေးသီရဲ့မျက်လုံးများကို တည့်တည့်ရင်ဆိုင်ကြည့်ပြီးမှ အသိအမှတ်ပြုသလို ခေါင်းတစ်ချက်ဆတ်ပြကာ ...





"နွေတေးသီ ... ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်။ ရှင်က ... ! "

"ကျွန်တော်က နွေတေးသီကို လာကြိုတာပါ။ ဩော် ... သူမြတ် ဖုန်းမဆက်ထားဘူးလား"

သူမရဲ့မျက်ခုံးတွေက ပိုမိုကျုံ့ဝင်သွားကာ ဆတ်ခနဲခေါင်းခါရင်း ...

"မဆက်ပါဘူး။ ဘယ်လိုဖြစ်တာလဲ၊ ရှင်က ဘယ်သူလဲ"

"ကျွန်တော်က သူမြတ်ရဲ့သူငယ်ချင်းပေါ့။ ကျွတ် ... သူမြတ်က ဘာလဲကွာ၊ ဖုန်းဆက်ထားမယ်ဆိုပြီး မဆက်ဘူးလား"

"မဆက်ဘူး။ နေစမ်းပါဦး ... သူ့အစား ရှင်က ဘယ်လိုလုပ် ရောက်လာရတာလဲ"

"ဩော် ... သူက လွှတ်လိုက်လို့ပေါ့ဗျာ"

"သူက ဘယ်ရောက်နေလို့လဲ"

စကားပြောရင်းနဲ့ မိန်းကလေးတစ်ယောက် ဒေါသတွေ ထွက်လာနေပြီဆိုတာ အသံကို နားထောင်ခြင်းအားဖြင့် သူက သိလိုက်သည်။ ဘာရယ်မဟုတ် ထစ်ခနဲရှိ စိတ်တိုမယ်ဆိုသော မိန်းကလေးမျိုးပဲ ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ကိုယ်တိုင် ဖုန်းဆက်မေးကြည့်ပေါ့ဗျာ။ ကျုပ်ကတော့ သူ မအားဘူးလို့ ဖုန်းဆက်ပြောတာနဲ့ ရောက်လာတာပဲ"

သူမက ကျစ်ခနဲ စုတ်သပ်ကာ အိတ်ထဲကဖုန်းကို ထုတ်ပြီး သူမြတ် ထံသို့ ဆက်နေတာကို သူက ကြည့်ကောင်းကောင်းဖြင့် ကြည့်နေပေးလိုက်သည်။ ဒါကို တေးသီရဲ့ဘေးက မိန်းကလေးတစ်ယောက်ကလည်း အကဲခတ်နေတာကို သူသိသည်။

"သူမြတ် ... ရှင် ... ဘယ်လို ..."

သူမကတော့င် စကားမဆုံးသေး။ သူမြတ်က ဖြတ်ပြီး ကမန်းကတန်း ရှင်းပြနေဟန်တူသည်။ နွေတေးသီသည် နှုတ်ခမ်းကို တစ်တောင်လောက်ထော်ကာ စူပုပ်ပုပ်ဖြင့် နားထောင်နေသည်။ ပြီးတော့ ဘာမပြော ညာမပြောဖြင့် "တော်ပြီ ... ဆက်မပြောနဲ့တော့"ဟု အော်လွတ်ကာ ဖုန်းကိုပိတ်ချလိုက်လျှင် သူက ကြားထဲကနေ၍ လန့်ဖျပ်မတတ် ကျောချမ်းသွားရသည်။

"ကဲ ... ခုလောက်ဆိုရင်တော့ ရှင်းပြီနဲ့ တူပါတယ်နော်။ ကားပေါ်ကို ကြွပါ"

"မကြွဘူး။ ရှင့်ဟာရှင် သွားစရာရှိတာ သွားတော့"

"ဘယ်လို"





"ဟဲ့ ... တေး"

သူ့အသံနှင့်ထပ်တူ တစ်ပြိုင်နက်တည်း ထွက်လာတာကတော့ သူမရဲ့ဘေးမှ အဖော်မိန်းကလေးရဲ့အသံဖြစ်သည်။ သူကလည်း ဒီလောက်ကြီး ရင့်လှသော မိန်းကလေးတစ်ယောက်ကို မမြင်ဖူးသော ဂြိုဟ်သားသဖွယ် ငေးကြောင်ပြီး ကြည့်နေမိသည်။ သူမက သူ့ကို ခပ်တည်တည်ပဲ စိုက်ကြည့်ကာ ...

"ဒီမယ် ... ကျွန်မ သူမြတ်ကို သိပ်ဒေါသထွက်နေတယ်၊ သူ လုပ်ပုံ လုံးဝမကြိုက်ဘူး။ သူ ကြိုပေးမယ်လို့ သေချာပြောထားပြီးတော့မှ ဒီလိုလက်လွှတ်စပယ် လုပ်သွားတာ၊ လုံးဝလက်မခံနိုင်ဘူး ...

သူစီစဉ်ပေးတဲ့ အစီအစဉ်အတိုင်းလည်း မလုပ်နိုင်ဘူး။ ဒါပဲ"

"သူမြတ်က လက်လွှတ်စပယ်လုပ်တာ မဟုတ်ပါဘူး။ တကယ်ကို ဆရာကြီးနောက် လိုက်သွားရတာ။ အဲဒီ ဆရာကြီးနောက်ကို လူတိုင်းလိုက်ချင်တာ။ ဒါကြောင့်ပါ ...

ပြီးတော့ ကိုယ်ကလည်း မင်းကို ကျောင်းကနေ တောင် တကူးတက လာခေါ်ရတာ။ ကဲ ... မာနတွေကြီးမနေပါနဲ့၊ တက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စ တက်ရမှာလဲ။ Taxi တွေများ ပေါလွန်းလို့။ ခဏ္တာ Taxi တစ်စီး ငှားလိုက်၊ သွားမယ်"

သူက သဘောကျလွန်းအားကြီးသောကြောင့် လက်လန်တယ်ဟူသောပုံစံမျိုးဖြင့် လက်ဝါးနှစ်ဖက်ကို ဖြန့်ပြကာ ပခုံးတွန့်ပြမိသည်။ သူ့သူငယ်ချင်းမလေးကတော့ ပြေရာပြေကြောင်း ဝင်ပြောရှာပါသည်။

"တေးသီကလည်းဟာ။ ဒီပုံစံကြီးနဲ့ Sedona ကို Taxi နဲ့ သွားလို့ ဘယ်ကောင်းမှာလဲ။ ဒီမှာလည်း ကိုယ့်ကို တကူးတက လာကြိုရတာ ...

နင် မကျေနပ်လို့ ရှင်းချင်ရင်လည်း သူမြတ်နဲ့ ရှင်းပေါ့"

"အေး ... သူနဲ့လည်း ရှင်းမယ်။ သူနဲ့ပတ်သက်တဲ့လူတွေရဲ့ အကူအညီကိုလည်း မလိုချင်ဘူး ...

ဒီမှာ (သူ့ကို စည့်စည့်စိုက်ကြည့်လာလျက်) ရှင် ဘယ်သူလဲ"

"သိတော့ရော၊ မင်းအတွက် ဘာထူးခြားသွားမှာမို့လို့လဲ"

"ထူးခြားတာပေါ့။ ရှင်ဟာ ခါလွန်မီး ဆိုတဲ့ လူဆိုရင် ရှင့်ဆီက အကူအညီကို ပိုလို့တောင် မလိုချင်သေးတယ်"





"ဟာ ... ဘလိုင်းကြီး ဖွဲနေပါလား"

"ဘာ ဘလိုင်းကြီးမှ မဖွဲဘူး။ ရှင် ကျွန်မကို ဖုန်းထဲမှာ ဘယ်လိုတွေ ပြောမှာတယ်ဆိုတာ ရှင့်ကိုယ်ရှင် အသိဆုံးပဲ"

"ဟာ ... အဲဒါလေးကို မင်းက ခုထိ အမုန်းကမ္ဘာကြေ ဖြစ်နေတာလား။ ဟား ... အမိုက်ပုံးနဲ့တွတဲ့ ဦးနှောက်တော့ ဖြစ်တော့မှာပဲ"

"ဘာ ... ရှင် ... ရှင် ... ဘာစကားပြောတာလဲ ... တောက်"

သူမက ရုတ်တရက် ခုန်အုပ်တော့မည့်အလား ရှူးရှူးရှားရှား ဖြစ်သွားလျှင် သူမရဲ့သူငယ်ချင်းက ကမန်းကတန်း ဆွဲရသည်။ သူကတော့ ဒီလောက်ဒေါသကြီးသည့် မိန်းကလေးမျိုးကို မမြင်ဖူးသဖြင့် ရယ်ဟဟနှင့် သဘောတကျ ကြည့်နေမိသည်။

"ကဲပါရှင်၊ ကြားထဲကပဲ ကျွန်မက တောင်းပန်ပါတယ်။ ဒီကတစ်ယောက်လည်း သွားလိုက်ပါတော့။ ကျွန်မတို့ဘာသာပဲ ကားငှားလိုက်ပါတော့မယ် ...

တေးသီ ...။ နင်ကလည်း စိတ်ကိုလျှော့စမ်းပါလား၊ လမ်းကြီးမှာ မကောင်းပါဘူး။ ဟိုမှာ ... ဟိုမှာ ... Taxi လာနေပြီ၊ ငှားမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ကားကလည်း စုတ်ပြတ်သတ်နေတာပဲ၊ မဟုတ်ဘူး"

"ဟဲ့ ... ဒီလမ်းကြားထဲမှာ နင့်စိတ်ကြိုက် Taxi ရွေးမနေနဲ့ဟဲ့၊ လာတာတောင် ကျေးဇူးတင်ဦး။ ဘာလဲ ... ငါက လမ်းမကြီးကို ထွက်ငှားနေရမှာလား ...

နင်ကလေ ... မဟုတ်တဲ့နေရာမှာ မာနက ခွတ်ကြီးနေတယ်"

"ကြီးမှာပေါ့။ ဒီလိုပုံစံနဲ့ Taxi အစုတ်အပြတ်စီးပြီး ငါက သွားစရာလား။ ငါ့ အဝတ်အစားတွေပါပေကုန်ရင် ဘယ်လိုလုပ်မလဲ"

"အဲဒါဆိုလည်း လာကြိုတဲ့ကားကို စီးပေါ့။ ခုတော့ သက်သက်မဲ့ အချိန်တွေကုန်တယ်။ ဒီပုံကြီးနဲ့ ဒီနားမှာ ကြာကြာရပ်နေလို့လည်း မကောင်းပါဘူး ...

နာရီကိုလည်း ကြည့်ဦး။ အချိန်တွေလည်း နောက်ကျကုန်ပြီ"

"တောက် ... ဒါတွေဟာ ဟိုအစုတ်အနုတ်ကောင့် သူမြတ်ကြောင့် ဖြစ်ရတာ။ ဟား ... သင်းကိုတော့ ငါ လည်ပင်းသွားညှစ်ချင်လာပြီ"





ဘုရား ... ဘုရား ... ဒါဟာ ချောမောလှပ နုပျိုနေသော မိန်းကလေးတစ်ယောက်က သူမရဲ့ချစ်သူ ဆရာဝန်လောင်းလေးကို ပြောတဲ့စကားတဲ့။ သူက အံ့သြတကြီးနဲ့ ပါးစပ်အဟောင်းသား ပွင့်တော့မလို ဖြစ်နေစဉ်မှာပဲ သူမက သူ့ရှိရာဘက်သို့ ဆတ်ခနဲ ခေါင်းလှည့်လာကာ ...

"ဒီမှာ ... ရှင်ကရော ဘာဖြစ်လို့ ခုချိန်ထိ မသွားသေးတာလဲ။ ဘာလဲ ... အခုနပြောတဲ့ဟာတွေကို သူမြတ်ကို သွားပြောဦးမှာမလား ...

ပြောလိုက် ... သွား။ သေဖို့သာ ပြင်ထားလို့ပြောလိုက်။ အခုလောလောဆယ်မှာ ရှင်လည်း ဒီနားက မြန်မြန်ထွက်သွား"

"ဘာလဲ ... ဒီနေရာက မြူနီစပယ်ကို မင်း အခွန်ဆောင်ထားတဲ့ မင်းအပိုင်နေရာမို့လို့လား"

"တောက် ... ရှင်"

"ဟာ ... တော်ပါတော့။ ဟိုမှာ ... ဟိုကား ကောင်းတယ်။ ပါရမီ Taxi လာ ... လာ။ အမြန်သွားမယ် တေးသီ ... လာ ... လာ"

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဖြစ်သူက ,ပါရမီ Taxi တွေ့တာ [illegible] ဟတ်စကီးရဟတ်ယာဉ်နဲ့ လာကြိုသလောက် ဝမ်းသာအားရ [illegible] သွားရှာကာ သူမရဲ့လက်ကို ဆွဲခေါ်ပြီး အပြေးထွက်ခွာသွား [illegible] သူသည် ဩချစွာဖြင့် ခေါင်းတယမ်းယမ်း ကျန်ရစ်ခဲ့ရသည် [illegible]

မလွယ်ရေးချ မလွယ်။ မိန်းကလေးဟာ အ [illegible] ကိုမလွယ်။ အထူးသဖြင့် ဒီမိန်းကလေးကို ရည်းစားတော်ထား [illegible] သော သူမြတ် အဖို့က ပိုပြီးမလွယ်။ သူကတော့ ဒီမိန်းက [illegible] ကို တွေ့တာနဲ့တောင် ရည်းစားထားချင်စိတ် အတော့်ကိုကုန် [illegible] ခဲ့ပြီဖြစ်သည်။ အဲဒီလို တွေးမိသွားမှပဲ သူဟာ ဘယ်တုန်း [illegible] ရည်းစားတစ်ယောက်ကိုတော့ ဖြစ်ဖြစ်မြောက်မြောက် မထား [illegible] ဘူးတဲ့ သူပါလား ဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိပြုမိတော့ [illegible] သည်။

◆◆◆





## ၁

"ဒါကတော့ တေး လွှန်နေပြီကွာ၊ ဒီလောက်တော့ ကိုယ့်ကို နည်းနည်းပါးပါး နားလည်ပေးဦးမှပေါ့ ...

ကိုယ်တို့ အခြေအနေအရ ဒီလို ဩဇာကြီးတဲ့ ဆရာဝန်ကြီးတစ်ယောက်ကို ဘယ်လိုလုပ် လွှန်ဆန်နိုင်မှာလဲ။ ဒါကြောင့် တေး အဆင်ပြေအောင် အတတ်နိုင်ဆုံး ကိုယ် စီစဉ်ပေးလိုက်တာ။ တေး လုပ်လိုက်တာ လွန့်ကိုလည်း အရမ်အားနာဖို့ကောင်းတယ်။ သူကလည်း ကျောင်းအပ်တဲ့နေရာကနေ တေးကို တကူးတက လာကြိုပေးတာ ...

ဒါကို အေးအေးဆေးဆေး လိုက်သွားပေါ့။ တေးကကွာ ဘာမှအဓိပ္ပာယ်မရှိတာတွေ လျှောက်လုပ်နေတယ်။ ဘာမှ မဟုတ်တာလေးကို"

www.burmeseclassic.com



သူမြတ်က တကယ်ကို စိတ်ကုန်စိတ်ပျက်စွာဖြင့် ပြောနေမိတာဖြစ်သည်။ သူ မြင်ရသလောက်တော့ တေးဟာ တစ်နေ့တခြား ပိုပိုဆိုးလာသည်ဟု ထင်သည်။ အရင်တုန်းက တော့ တေးဟာ ပုံမှန်အပေါင်းသာပင်။ သူက နားအေးအေးရှိမယ် ဟုတောင် ထင်ခဲ့သည်။ အခုတော့ အထင်ထားတာနှင့် တက်ဟက် စင်အောင် လွဲလျက် သူ့ကို နေရာတကာမှာ ချုပ်ဖို့ကြိုးစားနေသည် ဟု ထင်လေသည်။

ဘယ်နေရာမဆို ကိုယ့်ရဲ့စိတ်သဘောအတိုင်း ဖြစ် ရမှ၊ ပြောထားတာနှင့် နည်းနည်းလောက် လွဲလိုက်လျှင်ဖြစ်လာ တဲ့ အခြေအနေပေါ်မှာ နားလည်မပေးတော့ဘဲ ဒေါသတကြီးပေါက် ကွဲတတ်သူအဖြစ် သူ တစ်နေ့တခြား တွေ့မြင်ခဲ့ရပြီဖြစ်သည်။

"ဘာ ... ဘာမှ မဟုတ်ရမှာလဲ။ ကျွန်မ လာကြိုခိုင်းတာ ရှင့်ကိုလေ။ ရှင့်ကို လိုက်တောင်ပို့ခိုင်းတာ မဟုတ်ဘူး။ ကြိုပေးနိုင်မလားလို့ပဲ မေးခဲ့တာ ...

ရှင်ကလည်း ရတယ် ... အားပြီ၊ လာကြိုပေးမယ်လို့ မပြောခဲ့ဘူးလား"

"ပြောခဲ့ပါလေ ... ပြောခဲ့တာပဲ။ ဒါပေမဲ့ အခြေအနေဆို တာ အမြဲတမ်း ပြောင်းလဲနေတယ်လေ။ ကိုယ် မဟုတ် တာ သွားလုပ်နေတာမှ မဟုတ်တာ ...



တကယ့်ကို ဆရာကြီးနဲ့ လိုက်ပေးနေရကာပဲ"

"ဒါက ရှင့် အပြောကိုး"

"ဟား ... အပြောမဟုတ် လက်တွေ့လည်း ဒါပဲ။ တေး ရာ ... ဘာမှမဟုတ်တာလေးနဲ့ ကိုယ့်ကို မရစ်စမ်းပါနဲ့ ...

ကိုယ့်ကို နားလည်ပေးစမ်းပါ။ ကိုယ်တို့အရွယ်က တစ်ယောက်နဲ့တစ်ယောက် စိတ်ဆိုး စိတ်ကောက်နေရမယ့် အရွယ်လည်း မဟုတ်တော့ပါဘူး"

"ဘာရယ် ...။ စိတ်ဆိုး စိတ်ကောက်တာပဲ ဆယ့်ခြောက် နှစ်အတွဲမှ စိတ်ဆိုးရမယ်ဆိုတဲ့ ပေါ်လစီရှိလား။ ဘာမှမ ဆိုင်ဘူး ... နော် ...

လူကိုလာပြီး စိတ်ဆိုးအောင် ဒေါသထွက်အောင် လုပ်ရင် အသက်ရှစ်ဆယ်အဘွားကြီးလည်း စိတ်ဆိုးမှာပဲ"

"အေး ... စိတ်ဆိုးသင့်တဲ့ ကိစ္စဆိုရင်လည်း စိတ်ဆိုးလေ ကွာ။ ခုဟာက ပြေရာပြေကြောင်း ရှင်းပြနေလို့ နားလည် လက်ခံနေရမယ့် အနေအထားလေ"

"ဘာမှ နားလည်လက်မခံနိုင်ဘူး။ ရှင်က ကျွန်မအတွက် ဆို ပြောထားတဲ့အတိုင်း ဘယ်တုန်းက ဖြစ်မြောက်အောင် လုပ်ပေးဖူးလို့လဲ ...

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတစ်ခုခုနဲ့ လွဲဖြစ်အောင်လွဲမယ်။ ပြောရင်ကျွန်မအတွက် ရှင့်ဆီမှာ ဆင်ခြေက အပြည့်ပဲ"

တေးသီကလည်း သူမြတ်ရဲ့မျက်နှာကိုကြည့်ကာ တကယ့်ကို နာနာကြည်းကြည်း ပြောမိတာဖြစ်သည်။ သူ့ကိုလည်း တေးသီက တစ်နေ့တခြား နားလည်လာရသည်မှာ သူ့ပုံစံအရိုး အချိုက်က ငါက ပညာတတ် ဆရာဝန်တစ်ယောက်မို့ ငါ့ကိုလာ မချုပ်နဲ့၊ ငါဦးနှောက်နဲ့ ငါရှိတယ် ဆိုတာမျိုးဖြစ်သည်။ တကယ် ဆို ယောက်ျားလေးတစ်ယောက်အနေနှင့် ကိုယ့်ချစ်သူ မိန်းကလေး တစ်ယောက်ကို အလိုလိုက် အကြိုက်ဆောင်တော့ရော ဘာများနစ်နာသွားမှာမို့လို့လဲ။

ခုတော့ သူဟာ တေးသီကို ဘယ်နေရာမှ အလိုလိုက် အကြိုက်ဆောင်ဖို့ စဉ်းစားတဲ့ပုံ မပေါ်ပါ။ ဒါကိုလည်း တေးသီက ရင်အခံဆုံးပဲ ဖြစ်တော့သည်။

"ဆင်ခြေမှ မဟုတ်တာ။ တကယ့် အဖြစ်အပျက်ကို ရှင်းပြတာ ဆင်ခြေမှ မဟုတ်ဘဲ"

"ဆင်ခြေပဲ ... အဲဒါကို ဆင်ခြေလို့ပဲ သတ်မှတ်တယ်။ နေပါဦး ရှင်က ဘာကိစ္စနဲ့ အဲဒီ ခါလွန်မိုး ဆိုတဲ့လူကို ကျွန်မဆီ လွှတ်လိုက်ရတာလဲ ...





လွှတ်ပြီးတော့ရော ဘာကိစ္စ ဖုန်းလေး ဘာလေး တောင် ကြိုမဆက်ရတာလဲ။ ဘာလဲ ... ကျွန်မက ရှင် လွှတ်လိုက်တယ် ဆိုတာနဲ့ပဲ ကောက်ခနဲ လိုက်သွားမယ့် မိန်းမလို့ ရှင် ထင်နေတာလား ... ဟုတ်လား"

"ဟား ... တေးရာ။ မတေး စကားတွေက ပြောရင်းနဲ့ အကောင်းဘက်ကို ဦးတည်မလာဘဲနဲ့ အဆိုးတွေဘက်ပဲ ဦးတည်လာနေပါလား ...

ကိုယ် အဲဒါတွေ ဘာမှမသိဘူး တေး။ ကိုယ် သိတာ တေးကို ကိုယ်လာမကြိုနိုင်တော့ဘူး။ ဒါကြောင့် ကိုယ် အားမနာရတဲ့သူ၊ တေးကိုလည်း ကူညီချင်တဲ့သူကို လွှတ်လိုက်တာ။ အဖြစ်အပျက်က ဒါပဲ တေး၊ ရိုးရိုးလေးပဲ"

"မရိုးဘူး ... ဘာမှမရိုးဘူး။ ကျွန်မ အဲဒီလူကို သဘောမကျဘူးဆိုတာလည်း ရှင် သိတယ် ...

အဲဒါကို သက်သက်လွှတ်ပေးလိုက်တာ ရှင် ကျွန်မရဲ့ စိတ်ဆန္ဒကို ဂရုမစိုက်ဘူးဆိုတာ ပေါ်လွင်နေတာပဲ"

"ဟား ... တေးရာ"

သူမြတ်က တကယ်ကို ပြောစရာမရှိတော့သည့် ပုံစံဖြင့် ခေါင်းကိုမော့ကာ ဆံပင်တွေထဲသို့ လက်ကိုထိုးသည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖွပစ်သည်။ တေးကလည်း ဘာကိုမှ မလျှော့ချင်ဘဲ နှုတ်ခမ်းကို စူပုပ်ထားမိသည်။ တေး ဖြစ်စေချင်သော ပုံစံအတိုင်း သူမြတ်က ဘာကြောင့်များ ဖြစ်မလာတာပါလိမ့်။ တေး လိုချင်သော အချစ်ဆိုတာ ကိုယ့်အပေါ်ကို နားလည်ပြီး ဂရုစိုက်ကြင်နာသော ချစ်ခြင်းမျိုးကိုရယ်ပါ။ တေး စိတ်ဆိုးနေလျှင် ဟုတ်ဟုတ် မဟုတ်ဟုတ် ချော့တာကိုပါ။ ဒါဆိုလျှင် တေးက ကျေနပ်မည်။

ခုတော့ သူက တေးကို ချော့လည်းမချော့၊ ယုလည်း မယုယချေ။ လုပ်ငန်းခွင်ထဲက လုပ်ဖော်ကိုင်ဖက် တစ်ယောက်နဲ့ စကားအိချေအတင် ပြောသလို ဖြေရှင်းချက်တွေသာ အမျိုးမျိုး ထုတ်နေသည်။ အကောင်းဘက်ကို ဦးတည်နေတယ် ဆိုသော်လည်း သူ့စကားတွေဟာ ချစ်သူမိန်းကလေးတစ်ယောက်ကို ကျေနပ်လောက်အောင် ချော့တာမျိုးမှ မဟုတ်တာ။ ဒါကို တေးက ရှင်ကျွန်မကို ချော့ပါလို့ ပြောထွက်ရမလား။ စိုက်ကြည့်တာတောင် အလိုက်မသိတဲ့လူတစ်ဦးကို တေးက ဒေါသတွေ ပိုထွက်လာသည်။

"တေး ... ကျေးဇူးပြုပြီး ကိုယ့်ကို စိတ်မဆိုးပါနဲ့တော့။ နားလည်ပေးပါ ... နော်"

"ဩော် ... ရှင်ကတော့ ကျွန်မကို နားလည်ပေးဖို့ မကြိုးစားတော့ဘူးပေါ့"





တေးက ဒေါသထွက်တုန်းပဲမို့ သူ့ကို ခါးထောက်ကာ ခပ်ဆတ်ဆတ် အော်မိပါသည်။ ဒါကို သူက မကြိုက်သလို မျက်မှောင်ကြုတ်ကြည့်ကာ ...

"တေး ... ကိုယ့်ကို အဲဒီလို မပြောနဲ့ကွာ။ တေး ပြောနေဆိုနေတဲ့ ပုံစံက အရမ်းကို တစ်ဖက်သတ်ဆန်နေပြီ။ နားလည်စာနာမှုရှိတဲ့ လူဆိုတာ သူများက ပြေရာပြေကြောင်းပြောပြီး တောင်းပန်နေရင် ခွင့်လွှတ်ပေးရတယ်လေ ...

တကယ်ဆို ကိုယ်က တေးကိုတောင် ပြန်စိတ်ဆိုးရင် ရသေးတယ်။ ကိုယ်က စေတနာနဲ့ စီစဉ်ပေးတာကို တေး လုပ်လိုက်တဲ့ပုံစံက စေတနာကို စော်ကားလိုက်တာနဲ့ အတူတူပဲ"

"အမယ်လေး ... စော်ကားတယ်။ အဟား ... ဟား။ ဒေါသထွက်လွန်းလို့ သေတော့မယ်"

တေးက တကယ်ကိုပဲ စိတ်ပျက်လက်ပျက်ဖြင့် အော်ရယ်မိတာဖြစ်သည်။ သူကလည်း တေးရယ်တာကို စိတ်ပျက်လက်ပျက်ပုံစံနဲ့ပဲ ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တေး ... စိတ်ကို ခဏလေး အေးအေးဆေးဆေး ထား လိုက်ပါကွာ။ ဒေါသထွက်နေတဲ့အချိန်မှာ တတ်နိုင်သမျှ စကားနည်းနည်းပြောတာ အကောင်းဆုံးပဲ ...

နောက်နေ့မှ ကိုယ်တို့ တွေ့ကြတာပေါ့။ အိုခေ နော် ... တေး"

"မတွေ့ဘူး၊ ဘာမှတွေ့စရာ အကြောင်းမရှိဘူး"

"ကျွတ် ... တေးကလည်းကွာ။ ဘာဖြစ်ရတာလဲ၊ ကိုယ် အကောင်းပြောနေတော့လည်း တေးက လက်မခံဘူး။ တေး ဘာဖြစ်နေတာလဲ။ ဘာကို မကျေနပ်တာလဲ။ ကိုယ် အားလုံးရှင်းပြပြီးပြီလေ။ ကိုယ် ဒီ့ထက် ဘာများလုပ်ပေး ရဦးမှာလဲ"

ဘာလုပ်ပေးရဦးမှာလဲ ဟုတ်လား။ မိန်းကလေးတစ် ယောက် ကျလောက်တဲ့ ချော့ပုံ ချော့နည်း၊ ဂရုစိုက်ပုံ စိုက်နည်း နဲ့ ဂရုမစိုက်တတ်လို့ ဒီလိုတွေဖြစ်နေရတယ်ဆိုတာ ရှင် နည်းနည်း မှ မသိတာ တော်တော့်ကို ပိန်းလို့ပေါ့နော်။ တေးသည် ဒီယောကျ်ား တစ်ယောက်ကိုတော့ စိတ်ကုန်လှသည်ဖြစ်လေရာ ဘာစကားမှ ပြောချင်စိတ်ကို မရှိတော့ပါ။

"ဘာမှ လုပ်ပေးမနေနဲ့။ ရှင် သွားတော့"



"တေး"

သူက ခေါ်သော်လည်း တေးက မော့်မကြည့်ဖြစ် တော့ပါ။ လက်ပိုက်ပြီးတော့သာ သောက်လက်စကော်ဖီခွက်ကို စိုက်ကြည့်နေမိသည်။

"ကိုယ် ညကျရင် ဖုန်းဆက်လိုက်မယ်နော်"

တေးက ဘာမှပြန်မပြောတော့ပေ။ သူက အသာ ထွက်ခွာသွားတော့သည်။ သူ သွားတော့မှပင် တေးသည် ကိုရီးယား ကားတွေထဲကလို အသံအကျယ်ကြီး အားခနဲ အော်ပစ်ချင်လာ လေသည်။ တေးနဲ့ သူနဲ့ကြားထဲတွင် ဘာကြောင့်များ အဆင်မပြေ တာတွေ များနေသလဲဆိုတာ တေး ဘယ်လိုမှ စဉ်းစားမတတ် တော့ပါ။ အဓိကပြဿနာသည် ဘာလဲဆိုတာ တေးရော သူရော အဖြေရှာနိုင်ဖို့ မကြိုးစားကြ။ တေး လိုချင်သော အချစ်ရဲ့အဓိပ္ပာယ် ကို သူက အပြည့်အဝ ဖော်ဆောင်မပေးနိုင်ချေ။

ယောကျ်ားလေးတစ်ယောက်ဟာ ကိုယ့်ချစ်သူကို ဘယ်လိုပုံ ဘယ်လိုနည်းနဲ့ စိတ်ချမ်းသာအောင် ထားရမယ်ဆိုတာ သူ မသိတာလား။ မသိချင်ဟန်ပဲ ဆောင်နေတာလား စတာတွေ ကို တေး မသိပါ။ တေး သိတာသည် စိတ်ထဲမှာ အလိုမကျမှု တွေ များနေပြီး Relax မဖြစ်လှဘူး ဆိုတာပဲ ဖြစ်တော့သည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



## ၄

"မိုးစက်များ ရွာနေခိုက် ... မင်းလေးများ ပြန်လာမလား ... မျှော်လင့်ခြင်းရဲ့ မိုးတိမ်များ ... အုံ့မှိုင်းဆဲ ငါ့ရင်မှာ ... သုံးမိုးမက ကျော်လွန်သွား ... လတ်ဆတ်ဆဲ ဒဏ်ရာများ ... ရွာတဲ့မိုးက သည်းနေဆဲ ..."

လွန်သည် ဆိုင်ထဲမှာဖွင့်ထားသော မျိုးကြီးရဲ့တေးသွားတစ်ပုဒ်ကို နှစ်သက်စွာဖြင့် ခပ်တိုးတိုး လိုက်ညည်းနေကာ သူ့ရဲ့လက်တွေကတော့ Lap top ပေါ်က Key Pad တွေပေါ်မှာ ပြေးလွှားနေကြသည်။ သူသည် စမ်းချောင်းက YKKO ကြေးအိုးဆိုင်၏ အပေါ်ထပ်မှာ ရောက်နေခြင်းဖြစ်သည်။ ကျောင်းက အပြန် ဗိုက်ဆာသဖြင့် အိမ်မပြန်သေးဘဲ စမ်းချောင်းက ကြေးအိုးဆိုင်မှာ ကြေးအိုးဆီချက် ဝင်စားနေခြင်းဖြစ်သည်။ စားလို့ပြီးသွား





သောအခါ ရှောက်ချိုသီးဖျော်ရည်သောက်ရင်း Wi-Fi ရသည်ဆိုသော ထိုဆိုင်လေးမှာ Lap top ထုတ်၍ အင်တာနက် သုံးနေခြင်းဖြစ်သည်။

တစ်ယောက်တည်းမို့ ထောင့်တစ်နေရာက ဆက်တီကြီးတစ်ခုမှာ ချောင်ကပ်ထိုင်ပြီး ဖျော်ရည်လေး သောက်လိုက်၊ အင်တာနက်သုံးလိုက်ဖြင့် အဆင်ပြေနေခြင်းဖြစ်သည်။ ကြေးအိုးကြိုက်သော သူ့အမေအတွက်လည်း ကြေးအိုးပါဆယ် ဝယ်သွားဖို့ စိတ်ကူးက သူက ဝိတ်တာကို လှမ်းခေါ်လိုက်သည်။ ပါဆယ်မှာအပြီး ကျသင့်ငွေပေါ တွက်ခိုင်းစဉ်မှာပဲ သူ့မျက်လုံးတွေက တစ်နေရာမှာထိုင်ပြီး မုန့်စားနေသော မိန်းကလေးနှစ်ယောက်ကို သွားပြီးမြင်သည်။

ဘယ်လိုမှ မလွဲနိုင်ပါ။ လွန်ခဲ့သော တစ်ပတ်ခန့်က တွေ့ခဲ့ရသော သူမြတ်ရဲ့ရည်းစား စွာတေးလန်လေးပဲဖြစ်သည်။ ဘေးက တစ်ယောက်ကလည်း တစ်နေ့ကပါခဲ့သော သူမရဲ့သူငယ်ချင်းပဲ ဖြစ်တော့သည်။ ထိုနှစ်ယောက်သည် သူ့ကို မြင်ပုံမရဘဲ သူတို့ဘာသာ စားရင်းသောက်ရင်းဖြင့် စကားတွေပြောနေကြသည်။ နွေတေးသီဆိုသော ကလေးမကို သူက အခုမှပဲ သေချာစွာလေ့လာ အကဲခတ်ခွင့်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေတောသီသည် ဒီအတိုင်းကြည့်လျှင်တော့ အေးအေးဆေးဆေး ပုံစံပဲဖြစ်သည်။ သူမ မျက်နှာမှာ မာနကြီးတာတို့၊ အခြေကြီးတာတို့ စသဖြင့် သိသာထင်ရှားစေသော ပုံစံများပေါ်မနေပါ။ နဖူးပေါ်မှာ အတိရှိသော ရှေ့ဆံပင်ပုံစံဖြစ်ပြီး ဆောနှစ်ဖက်မှာ အခွေအလိမ် အကောက်ကြီးတွေ လှပစွာ ခွေနွဲ့ကျနေသော ကိုရီးယားမင်းသမီးတွေလို ဆံပင်ပုံစံဆန်ဆန် ဖြစ်သည်။ ရှေ့ဆံပင်က အတိချထားတာမို့ သူမကို ပိုပြီးနုနယ်စေသလိုထင်ရသည်။ ဆံကေသာကို ခွေဝါရောင်ပျော့ပျော့လေး ဆိုးထားခြင်း၊ အနက်ရောင်ဂါဝန်တိုတစ်ထည်မှာ လည်ပင်း၌ ပုဝါပတ်ထားသော ဖက်ရှင်ကို ယူထားခြင်းတို့ကြောင့် သူမရဲ့ပုံစံဟာ စမတ်ကျသော ဝတ်စားဆင်ယင်မှု ပုံစံကိုဆောင်သည်။

ဒီလိုချစ်စဖွယ်ကောင်းသော မိန်းကလေးတစ်ယောက်နှင့် သူမြတ်ဟာ ဘာကြောင့် ခဏ ခဏ ပြဿနာတက်ရတာတဲ့လဲ။ သူမြတ်ကတော့ သူမကတရားလွန်ရစ်၍တဲ့။ သူက သူမြတ်ပြောတိုင်းလည်း အပြည့်အဝ မယုံကြည်ပါ။ နှစ်ဦးနှစ်ဖက်ရဲ့စကားကို နားမထောင်ဘဲ တစ်ဖက်သတ် ဆုံးဖြတ်တာဟာ အမှန်တရားနှင့် မနီးစပ်ဟု သူကတော့ ယူဆလေသည်။ ဘာကြောင့်မှန်းမသိဘဲ သူ့စိတ်ထဲတွင် သူမြတ်နဲ့ ဒီကလေးမကို လိုက်ဖက်ညီပြီး





Romantic ဖြစ်သော အတွဲလေးအဖြစ် မြင်ချင်နေသည်။ သူ့အကျင့်ဟာ အဲဒီလိုပဲ။ သူများအတွက်ဆို ဝင်စဉ်းစားပေးတတ်လွန်း၍ အတွေးရောက်ပေါင်းလည်း မနည်းတော့ချေ။ ဒါကိုလည်း သူက အမှတ်မရှိဆဲပဲ ဖြစ်ပါသည်။

အခုလည်းပဲ သူက ပိုက်ဆံရှင်းရင်း သူမတို့ဝိုင်းအတွက်ပါ ထည့်ရှင်းကာ ဗိုတ်တာလေးကိုလည်း မှာဖြစ်အောင်မှာခဲ့သေးသည်။ သူ ဝါးသော ပီကေအခွံစက္ကူလေးမှာ သူ့ဖုန်းနံပါတ်လေးကို ရေးပေးကာ ဗိုတ်တာကို ကမ်းပေးပြီးမှ ...

"ဘယ်သူရှင်းသွားလဲ သိချင်ရင် ဒီဖုန်းနံပါတ်ကို ဆက်ကြည့်ပါလို့ ပြောပေးကွာ၊ ဖြစ်တယ် မဟုတ်လား"

"ဖြစ်ပါတယ် အစ်ကို"

"အိုခေ ... သင့်ခ်ယူ"

သူက ပိုက်ဆံရှင်းပြီးတာနှင့် အသာထကာ ထွက်သာခဲ့သည်။ အရှေ့တောင်အာရှမှာ အတော်လေး အရေးပါဟန်ရှိသော ကိစ္စတစ်ခုကို ဆွေးနွေးနေသော သူမတို့နှစ်ယောက်ကတော့ သူ့ကို သတိထားမိပုံ မပေါ်ပါ။

"ချစ်သောသူနဲ့ ဘယ်သူများ ဝေးချင်မလဲ ... အချစ်ရဲ့တောင်းဆိုမှု"



www.burmeseclassic.com

www.burmeseclassic.com



Sound Box ထဲမှ မိုးကြီး‌ကတော့ ချစ်သောသူနဲ့ ဘယ်သူများ ဝေးချင်မလဲဟု သီဆိုနေသည်။ သူကတော့ ချစ်သောသူနဲ့ ဘယ်သူတွေကများ ရန်ဖြစ်ချင်နေလဲဟု ပြောင်းလဲဆိုချင်လေသည်။ သူထင်တာ ပြောရလျှင်တော့ သူမြတ်ရော နွေတေးသီရောသည် Romentic အဘိဓာန်ကို ရှေ့ပိုင်းစာမျက်နှာလေးတောင် မသိကြသေးဘူးဟု ထင်သည်။ အဲဒါတွေကိုသိလျှင် ချစ်သူနဲ့ အဆင်ပြေဖို့ဆိုတာ ဘာမှမခက်လှဟု သူက တွေးနေမိသည်။

ဟိုတွေး ဒီတွေးနှင့် ကားမောင်းလာခဲ့ပြီး သူ့အိမ်နားရောက်ခါနီးမှာပဲ သူ့ဖုန်းက မြည်လာသည်။ ဖုန်းရဲ့ Display ပေါ်မှ ပေါ်နေသော နံပါတ်ကို သူ မသိချေ။ ဒါပေမဲ့ အာရုံခံစားမှုအရ ဒါဟာ နွေတေးသီ ခေါ်ဆိုသောဖုန်းဆိုတာ သူက အတပ်သိလိုက်သည်။ ဒါပေမဲ့ အေးအေးဆေးဆေး ပြောချင်တာကြောင့် ဖုန်းမကိုင်တော့ဘဲ အိမ်ရောက်မှသာ ပြန်ခေါ်ဖို့ ဆုံးဖြတ်လိုက်သည်။ အိမ်ရောက်သောအခါ သူ့အမေကို ကြေးအိုးထုပ်အပ်နှင်းပြီး သကာလ သူက ခြံထဲမှာပဲ လမ်းလျှောက်ရင်း အခုနက နံပါတ်ကို ပြန်လည်နှိပ်ခေါ်လိုက်လေသည်။

ခဏကြာသောအခါ တစ်ဖက်က ဖုန်းဖွင့်ကိုင်လိုက်လျှင် ဘာကြောင့်မှန်းမသိဘဲ သူ ပြုံးမိသွားရသည်။



"ဟုတ်ကဲ့ ... အမိန့်ရှိပါ"

သူက မွန်ရည်သော လေသံဖြင့် ပြောလိုက်သောကြောင့် တစ်ဖက်က ရုတ်တရက် ကိုယ်ရှိန်သတ်သွားဟန်တူသည်။

"ဒီမှာ ... အခုနက ကျွန်မတို့စားတဲ့ ကြေးအိုးဖိုးတွေရှင်းသွားတာ ရှင်လား"

"ဟုတ်ပါတယ်"

"ရှင် ဘယ်သူလဲ။ ဘာဖြစ်လို့ ကျွန်မတို့စားတဲ့ဟာတွေကို ရှင်းသွားရတာလဲ"

"ဩော် ... ကြွေလို့ ရှင်းသွားတာပါ။ မင်းနဲ့ ကိုယ်နဲ့ သိတာပဲဟာ"

"ရှင် ဘယ်သူလဲ"

"မှန်းကြည့်ပါလား။ ဦးနှောက်ကို မသုံးဘဲထားတာကြာရင် သံချေးတက်သွားတတ်တယ်"

"ဒီမှာ ... ရှင် ဘာမှအပိုတွေ လျှောက်ပြောမနေနဲ့။ ရှင် သက်သက်မယုံလာပြီး အကြောင်ရိုက်တဲ့သူ မဟုတ်လား။ တမင်သက်သက် စာတ်လမ်းတွေ လာလုပ်နေတာ မဟုတ်လား"

www.burmeseclassic.com



"ဟား ဟား ... ငရဲတွေ ကြီးကုန်လိမ့်မယ်ကွာ။ မင်းမှာ ရည်းစားရှိမှန်း သိသိကြီးနဲ့ ကိုယ်က ဘာဖြစ်လို့ ဇာတ်လမ်းတွေ လုပ်ရမှာလဲ နွေတေးသီရဲ့"

သူမအကြောင်းကို ထည့်ပြောလိုက်ပြီမို့ သူမဘက်မှ အသံတိတ်သွားကာ သူဘယ်သူလဲဆိုတာ အကြီးအကျယ် အုံးစားသွားဟန်ရှိသည်။ ဒါပေမဲ့လည်း သူ့ကိုတော့ ဦးနှောက်ထဲမှာ ဘယ်လိုမှ ရောက်လာဟန်မတူတာမို့ သူမက ဒေါသသံခပ်ဆတ်ဆတ်ဖြင့် ဆိုလာသည်။

"ရှင် ဘယ်သူလဲ။ ကျွန်မကို သိနေရက်သားနဲ့ ဒီလိုလုပ်သွားတာ ဘာသဘောလဲ"

"ဘာသဘောမှ မဟုတ်ရပါဘူးကွာ။ အသိတစ်ယောက်ကို မထင်ဘဲ ဆုံသွားတဲ့အခါမှာ မုန့်ဝယ်ကျွေးသွားတဲ့ သဘောပေါ့ ...

ကဲပါ ... မင်း မစဉ်းစားတတ်ရင်လည်း ဒီနေ့ကိစ္စကို မကြုံခဲ့ဖူးဘူးလို့ သဘောထားလိုက်ပါ"

"သဘောမထားနိုင်ပါဘူး။ ကျွန်မ မစဉ်းစားတတ်လည်း ပြောပြရမှာက ရှင့်တာဝန်ပဲ"





"မင်း သိချင်တယ်ဆိုလို့ ပြောပြမှာနော်၊ ပြောပြပြီးရင် တော့ ကိုယ့်ကို ရန်မလုပ်ကြေး"

"အဲဒါ ရှင်နဲ့ မဆိုင်ပါဘူး"

"ဆိုင်တာပေါ့။ မင်းက ရုပ်လေးနဲ့ မလိုက်အောင် ဒေါသကြီးတတ်တာမဲ့ဟာ။ ဒီမယ် ... ဒီမယ် ... မင်းကို ခင်လို့ အကြံတစ်ခုလောက်တော့ ပေးချင်တယ်။ ထစ်ခနဲရှိ စိတ်ထိုဒေါသထွက်တဲ့ အကျင့်တွေကို ဖျောက်ကြည့်ပါလား ...

ကြာလာရင် Skin Care လုပ်လည်းပဲ ရုပ်ရင့်သွားလိမ့်မယ်။ စိတ်ထားလေးက ကြည်လင်နေရင် ဘာပစ္စည်းအကောင်းစားမှ မသုံးလည်းဘဲ မျက်နှာလေးက ကြည်လင်နူးညံ့နေမှာပါ။ အိုခေ ? "

"တောက် ... ရှင် ဘာတွေ လာပြောနေတာလဲ"

သူမက တကယ့်ကို ဒေါသထွက်လာဟန်ဖြင့် ခပ်ဆတ်ဆတ် အော်သည်မို့ သူက ဖုန်းကိုတောင် နားရွက်အနားက ခပ်လှမ်းလှမ်းခွာရင်း ရွှံ့မဲ့ရသည်။

"အား ... ပြောနေတုန်း ဆိုနေတုန်းမှာတောင် စွတ်အော်တယ်ကွာ။ မင်းနဲ့ရည်းစားတော်ရတာ သူမြတ်တော့ တော်တော်သနားဖို့ ကောင်းမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

သူ့စကားကြောင့် သူမအား ခေတ္တ ငြိမ်သက်သွားသည်။ ပြီးတော့မှ တစ်ခုခုကို တွေးမိသောဟန်ဖြင့် ...

"နေစမ်းပါဦး။ အခု ပြောနေတာက ရှင် ... ရှင် ... ဟိုလူ မဟုတ်လား"

သူ့နာမည်ကိုတောင် ရုတ်တရက် မထွက်နိုင်သော သူမပုံစံကြောင့် သူက သဘောတကျပဲ ရယ်မောမိသည်။ ပြီးတော့မှ ညည်းညည်းညူညူ အသံဖြင့် ...

"နာမည်လေးတောင် မှန်အောင်မပြောနိုင်တော့ဘူးလား ကွာ"

"တော်စမ်း။ ရှင့်နာမည် ပြောရအောင် ရှင်က ဘာမို့လို့လဲ။ နေစမ်းပါဦး ... ရှင်က ဘာကိစ္စနဲ့ ကျွန်မတို့စားတာကို ဝင်ရှင်းသွားရတာလဲ"

"သြော် ... ကြုံလို့ပါလို့ ပြောပြီးပြီပဲကွာ။ မုန့်စားတာ ရှင်းတာများ စိတ်ဆိုးစရာ မဟုတ်ပါဘူး။ နွေတေးသီ ... မင်းဟာ ဘာလေးပဲဖြစ်ဖြစ် ဒေါသထွက်မယ် စိတ်တိုမယ် ဆိုတဲ့ လူစားမျိုးပဲနဲ့ တူတယ်နော် ...

မင်း အေးအေးချမ်းချမ်းနဲ့ ပြုံးနေတာ တစ်ခါမှကို မမြင်ဖူးဘူး။ အဲဒီလို မြင်ဖူးတဲ့နေ့ဟာ ထီထိုးရမယ့်နေ့ပဲ





နဲ့တူတယ်။ တစ်ခါလောက် ပြုံးပြပါလားဟင်။ ထီထိုးချင်လို့ ... ပေါက်ရင် တစ်ဝက်ခွဲပေးမယ်လေ"

"တောက် ... ရှင် ကျွန်မကို သက်သက်ရန်စနေတာပဲ။ ရှင် ဘယ်လိုလူလဲ၊ ကျွန်မကို ဘယ်လိုမိန်းမစားမျိုးများ မှတ် နေလဲ"

"ကိုယ် သိတာကတော့ မင်းရော သူမြတ်ရောဟာ အခြေခံ Romantic အဆင့်ကိုတောင် မသိသေးတဲ့ လူစားမျိုးတွေပဲလို့ ထင်တယ်"

"ဘာရယ်"

သူ့စကားက သူမရဲ့စိတ်ဝင်စားမှု အညှာကို သွားထိဟန်တူသည်။ သူမြတ်၊ Romantic စသော စကားလုံးများကို သူမက စိတ်ဝင်စားသွားဟန်ရှိသည်။ သူမ အသံက အေးစက်စွာ ထွက်ပေါ်လာသည်။

"ရှင် ဘာပြောလိုက်တာလဲ"

"ကိုယ်ပြောတာကို မင်း အရှင်းဆုံး မဟုတ်တောင် နားလည်းကျဉ်းတော့ နားလည်သဘောပေါက်မှာပါ ...

ကိုယ် သိသလောက်ကတော့ မင်းနဲ့ သူမြတ်တို့ ရန်ဖြစ်လိုက် ပြန်ရစ်လိုက် ဖြစ်နေကြတယ် မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ရှင့်အပူလား။ ရှင်နဲ့ ဘာဆိုင်လို့ သူများသမီးရည်းစားကိစ္စထဲ ဝင်စပ်စုနေရတာလဲ"

"သူများသမီးရည်းစားကိစ္စ ဆိုပေမယ့် သုမြတ်က ကိုယ့်ရဲ့သူငယ်ချင်း အရင်းခေါက်ခေါက်ပါ။ သူငယ်ချင်းဆိုတာထက် ကိုယ်နဲ့ညီအစ်ကိုလိုနေတာဆိုရင် ပိုမှန်မယ်။ ဒီတော့ သူများဆိုတဲ့စကားနဲ့ သူ့စိမ်းမဆန်ပါနဲ့ ...

ကိုယ်က မင်းတို့နှစ်ယောက်ကို Romantic ဆန်တဲ့ စုံတွဲလေးအဖြစ် မြင်ချင်တာ။ ခုတော့ မင်းတို့က တွေ့တာနဲ့ သတ်နေကြတယ်"

"ကျွန်မတို့ဘာသာ သတ်တော့ရော ရှင်နဲ့ဘာဆိုင်လဲ"

ဘုတောသောအသံ ဖြစ်သော်ငြားလည်း အဲဒီအသံမှာ တုန်ခိုက်ခြင်းတွေ ပါဝင်နေတာကို သူ ကောင်းကောင်းကြီးသတိထားမိလိုက်သည်။ သြော် ... ကျောင်းသားတွေကို ဂိုက်ဒ်လုပ်ရသလို သုမြတ်နဲ့ ဒီကောင်မလေးကိုလည်း သီးသန့်စီ ဂိုက်ဒ်လုပ်ပေးဖို့ လိုအပ်သည်ဟု ထင်သည်။

"အဲဒီလိုတော့ မပြောနဲ့လေ။ လောကမှာ မဆိုင်သလိုနေရင်တော့ ဘယ်ကိစ္စမှ မဆိုင်ဘူး။ ဆိုင်တယ်လို့ မြင်ရင်တော့ လမ်းဘေးမှာ အမှိုက်ကျနေတာ မြင်ရင်လည်း ကိုယ်နဲ့ ဆိုင်တာပဲ ...





ကိုယ်က မင်းတို့အပေါ်မှာ စေတနာထားတာပါ"

သူ့ရဲ့ တိုးတိတ်သော စကားသံအဆုံးတွင် သူမထံမှ အသံထပ်ထွက်မလာတော့ချေ။ နောက်တော့ ဘာမပြော ညာမပြောဖြင့် ဖုန်းချသွားတော့လျှင် သူက နားလည်ရခက်စွာဖြင့် ခဏကို တွန့်မိရသည်။ သူ့စကားကို မယုံကြည်တာလား၊ အထင်သေးလား။

ချစ်သူနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေချစ်ခင်တဲ့ နည်းလမ်းတွေ သူ့မှာရှိတယ်ဆိုတာ သုမြတ်ရော သင်းရဲ့လေဒီစွာတေးရောသိအောင် သူက ကြိုးစားရလိမ့်ဦးမည်။

✤ ❖ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၇

"ဘယ်လောက်စောင့်ရဦးမှာလဲ၊ အရမ်းကြာဦးမှာလား"

သုန်မှုန်ပြီးမေးသော တေးရဲ့မျက်နှာထားကြောင့် ထင့်။ ဝပ်ရှော့က ကောင်လေးက တေးကို ချော့မော့သလိုဖြင့် တစ်ချက်ပြုံးပြကာ ...

"အလွန်ဆုံးကြာ တစ်နာရီပါပဲ အစ်မရဲ့။ မစောင့်ချင်လည်း တစ်နေရာရာ သွားပြီးမှ ပြန်လာယူလေ၊ ကျွန်တော် တစ်နာရီနဲ့အပြီး လုပ်ထားလိုက်ပါ့မယ်"

သူက တစ်နာရီနဲ့အပြီး လုပ်ထားမယ် ဆိုသော်လည်း တေးက အဲဒီတစ်နာရီအတွင်းမှာ ဘယ်သွားနေမှန်း မသိချေ။ အိမ်ပြန်ရအောင်လည်း အသွားနာရီဝက် အပြန်နာရီဝက် ကြာမှာမို့ ဘာမှမထူးချေ။ ဟိုလည်းမရောက် ဒီလည်းမရောက် ဖြစ်နေတာက



ဆိုးလှသည်။ ခုတလောမှာ တေးရဲ့ကားက ခဏခဏဗွေဖောက်နေသဖြင့် ရုံးပိတ်ရက်မှာ ဝပ်ရှော့သို့ လာပြရခြင်းဖြစ်သည်။ အိမ်မှာလည်း တေးရဲ့အဖေကလည်း မအားသလို၊ တေးအပြင် အခြားလုပ်မယ့်သူလည်း မရှိပါ။

တေးဟာ တစ်ဦးတည်းသောသမီးမို့ ဒီလိုကိစ္စမျိုးမှာ အားကိုးစရာ အစ်ကိုတွေ မောင်တွေလည်း မရှိချေ။ ရှားရှားပါးပါးရှိသော ရည်းစားဟာလည်း ခုတည်းက ဆေးရုံ ဆေးခန်းတွေ မအားလပ်အောင် ပြေးနေရသဖြင့် သူ့ကိုလည်း အားကိုးဖို့က မဖြစ်နိုင်ချေ။ အချိန်မပေးနိုင်မှန်း သိသဖြင့် စကားအဖတ်တင်ခံပြီးတော့လည်း ပြောမနေချင်တော့ပါ။ ဒါကြောင့် တေးဟာ အားပဲ ပြင်နေကြဝပ်ရှော့သို့ လာလိုက်တာဖြစ်သည်။ ဒီနေ့ကျမှပဲ ခင္ဘာဟာလည်း သူ့ညီမဝမ်းကွဲ မင်္ဂလာဆောင်ရှိသဖြင့် အဖော်လိုက်မပေးနိုင်ပေ။

ဘယ်သူ့အကူအညီမှ ရနိုင်လမ်း မမြင်သော အခါ ကိုယ့်အားကိုယ်ပဲ ကိုးရတော့သည်။

"ပြီးရော။ စောင့်ပဲ ယူသွားတော့မယ်။ ကောင်းအောင်သာ လုပ်ပေးပော့။ ငါ ခဏ ခဏ မလာနိုင်ဘူး"

"ဟုတ်ကဲ့ အစ်မ။ ဟိုခုံလေးမှာ ထိုင်စောင့်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



တေးက ကောင်လေး ညွန်ပြသော ခြံထောင့်ရှိ ခုံတန်းလျားလေးဆီသို့ လျှောက်လာခဲ့သည်။ ဒီအရေးကို ကြိုမြင်သဖြင့် မီးမွှိုင့်မှာဝယ်လာခဲ့သော ဂျာနယ်နှစ်စောင်ကိုသာ ဖင်ပြန်ခေါင်းပြန်ဖတ်ရင်း တစ်နာရီကို ကုန်ဆုံးတော့မည်။ တေးက ကိုယ့်ကားဆီသို့ တစ်ချက်လှမ်းကြည့်ပြီးမှ ဂျာနယ်တစ်စောင်ကို စဖွင့်လိုက်သည်။ တေး စိတ်ဝင်စားသော ဖက်ရှင်အကြောင်းများများပါသည့် ဂျာနယ်မို့ တေးဟာ ခဏတွင်းချင်းမှာပဲ စာဖတ်သည့်အထဲ အာရုံဝင်စားသွားရသည်။

လှဖို့ ပဖို့ထက် အဝတ်အစားတစ်စုံကို ဘယ်လိုဖက်ရှင်ကျအောင် ဝတ်ရမလဲဟု အမြဲစဉ်းစားလေ့ရှိသော တေးသည် ဖက်ရှင်ဒီဇိုင်နာလုပ်ဖို့လည်း စိတ်ဝင်စားသောသူ ဖြစ်သေးသည်။ ဒါပေမဲ့လည်း သင်ထားသော ပညာတွေကို နှမြောတာမို့ လောလောဆယ်မှာ နေရာကောင်းကောင်းရထားသော ဆေးကုမ္ပဏီရဲ့ရာထူးကိုလည်း လက်လွှတ်မခံခဲ့သလို အခွင့်သာလျှင်လည်း ဒီဇိုင်နာသင်တန်းတက်ဖို့ စားထားသူလည်း ဖြစ်သေးသည်။

ဖက်ရှင်ဆိုတာ နေရာဒေသနဲ့ လိုက်ဖက်ဖို့က အဓိကအချက်ဟု သတ်မှတ်ထားသော တေးဟာ အခုလည်း ယောကျ်ားတွေ အများစုသာရှိသော ဝပ်ရှော့သို့ လာမှာမို့ လုံခြုံခေတ်မီသော





အဝတ်အစားမျိုးကိုသာ ရွေးချယ်ဝတ်ဆင်သည်။ ဘယ်တော့မှ မရိုးဘဲ အမြဲတမ်း ခေတ်မီလှပနေသော Blue Sky ဂျင်း(န်)အပြာနိုရိုကို ကြက်ဥနှစ်ရောင် လည်ပင်းပြဲပြဲ ဘလောက်စ်တစ်ထည်ဖြင့် ခပ်ရှင်းရှင်းသာ ဝတ်ဆင်ထားခဲ့သည်။ ဂျာနယ်ထဲမှာ အာရုံနှစ်နေသော တေးရဲ့နံဘေးသို့ လူတစ်ယောက် လာရပ်သော အသိကို ခံစားလိုက်ရပြီးနောက် အသံကိုပါ ဆက်တိုက်ဆိုသလို ကြားလိုက်ရသည်။

"ကျေးဇူးပြုပြီး ဂျာနယ်တစ်စောင်လောက် ခဏငှားပါလား"

အဲဒါတွေကိုပဲ တေးက စိတ်ပျက်တာဖြစ်သည်။ လူတွေဟာ မိန်းကလေးတစ်ယောက်တည်းများ ရှိနေရင် ဘာကြောင့် အလကားနေရင်း ဝင်ဝင်ရောချင်မှန်း မသိချေ။ အထူးသဖြင့် ယောကျ်ားတွေများများရှိသော နေရာသို့ ရောက်သွားလျှင် ပိုဆိုးသည်။

ဒါကြောင့်ပဲ တစ်ဦးတည်းသောသမီးကို မွေးထားသော မေမေဟာ တေးကို အသက်အစိတ်လောက် နောက်ဆုံးထားပြီး အိမ်ထောင်ပြုစေချင်တာဟု မကြာခဏ ပြောဖူးသည်။ တစ်ဦးတည်းသောသမီးအပြင် ဆွေမျိုးလည်း နည်းပါးလှသူမို့ အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ရက်သားကျပြီး အခြေတကျ ဖြစ်တာကို မြင်စေချင်တာဖြစ်သည်။ မေမေ့အတွေးကိုလည်း တေးက လက်ခံပါသည်။ ဒါကြောင့်လည်း သူမြတ်ကို ... ... ...

"ဂျာနယ်လေးတစ်စောင် ဟားဖို့အရေးကို ဒီလောက်တောင်ပဲ စဉ်းစားနေရသလားခင်ဗျာ"

အကြောင်းဆက်စပ်ပြီး အတွေးထဲမှာ မျောသွားသဖြင့် တေးသည် နောက်ထပ်ခေါ်သံ ကြားတော့မှပင် သတိပြန်ဝင်လာတော့သည်။ တစ်လက်စတည်းမှာပဲ ဒီလောက်အလိုက်မသိသည့်လူကို စိတ်တိုစွာဖြင့် ဖျတ်ခနဲ မော့ကြည့်မိသည်။ အဲဒီတော့မှပဲ တေးရဲ့မျက်ခုံးအစုံက ပင့်တက်သွားတော့တာ ဖြစ်လေသည်။ တေးကို ဟန်ပန်အပြည့်ဖြင့် လက်ပိုက်ပြီး ပြုံးစစကြည့်နေသူက ...

"မှတ်မိပါတယ်နော်"

တေးက တိုက်ဆိုင်ပြန်သော ကံကြမ္မာကို ခဏပဲ အံ့သြသလို ဖြစ်သွားပြီးနောက် သူ့ကို ချက်ချင်းပဲ မျက်ဝန်းများကို မေးစင်းကာ ကြည့်မိသည်။ အဲဒီလို ကြည့်တတ်တာကလည်း မျက်ဝန်းရဲ့ဖက်ရှင်တစ်ခုပဲ ဖြစ်ပါလိမ့်မည်။ တေးက နှုတ်ခမ်းလေးကို တွန့်သွားရုံပဲ ခနိုးခနဲ့ပြုံးလိုက်ကာ ...

"ရှင်ကို"





"ဟုတ်ပါတယ်။ ကိုယ် ခါလွန်မိုး ပါပဲ။ တစ်ယောက်တည်းတော့ တွေ့နေတာပဲ၊ ဒါပေမဲ့ တစ်ယောက်တည်းလားလို့လည်း မေးချင်တယ်"

"မြင်တဲ့အတိုင်းပဲ"

တေးရဲ့အပြောကြောင့် သူက ခေါင်းတစ်ချက်ဆတ်ပြီးပြုံးပြကာ မလှမ်းမကမ်းမှာရှိသော ကားတစ်စီးရဲ့စက်ဖုံးပေါ်မှာ ဇွေ့ခနဲ ခုန်တက်ထိုင်သည်။ တေးသည် ဘာကြောင့်မှန်းမသိဘဲ သူမြတ်သာဆိုလျှင် အဲဒီလိုထိုင်မှာ မဟုတ်ဟု တွေးနေမိသည်။ ဒီတစ်ယောက်ကို ကြည့်ရတာ ဆရာဝန်လောင်းနဲ့လည်း ဘယ်နေရာကမှ မတူပါ။ ဆရာဝန်လောင်း မပြောနှင့် ဆေးကျောင်းသားနဲ့လည်း ဘယ်နားကမှ မတူချေ။

ဝတ်ထားတာက ခရမ်းပုပ်ရောင်အကွက်စိပ် ဖဲ့တင်ရှပ်အင်္ကျီဖြစ်ကာ ကြယ်သီးသုံးလုံးလောက် ဖြုတ်ထားပြီး 925 ကြိုးကလည်း ဆွဲထားတာမို့ ဘယ်လိုကြည့်ကြည့် ဂျန်းတဲလ်မန်းကို မဆန်ချေ။ အောက်က ဘောင်းဘီကလည်း ဖွာစုတ်ရာတွေ တမင်ထည့်ထားသော ခပ်မွဲမွဲဂျင်း(န်)ဖြစ်ပြီး လက်မှာပတ်ထားသော ဒိုင်ခွက်ကြီးကြီးနာရီ၊ ဖန်စီပုတီးလက်ကောက်၊ Wave အထင်ပံ နှင့် ဖွာဆန်ကြဲဆံပင်ပုံစံတို့ကြောင့် သူ့ပုံစံဟာ ကာကယ်ကို

www.burmeseclassic.com



ဂျစ်ပ်စီမိုးတိမ် ဖြစ်နေသည်။ သူမြတ်လို ဂျန်းတဲမင်း အ[illegible]ကိုမှ နှစ်သက်သော တေးအတွက်တော့ မျက်လုံးထဲမှာ Cross ပင်။

"တကယ်ဆို ဒီကိစ္စတွေက သူမြတ် လုပ်ပေးရမယ့် တာဝန်တွေနော်။ ဒါပေမဲ့လည်း သူမြတ်က ခုတည်းက အချိန်ရှားပါးစပြုနေပြီ"

"ဒီမှာ ရှင် ဘာမှစကားရော ဖောရော လာလုပ်မနေနဲ့။ အဲဒီလိုစကားရောဖောရော လာလုပ်ရအောင် ရှင်နဲ့ ကျွန်မနဲ့က မိတ်ဆွေတွေ၊ သူငယ်ချင်းတွေလည်း မဟုတ်ဘူး"

[illegible] … အဲဒီလို သူစိမ်းဆန်တဲ့စကားတွေ မပြောပါနဲ့ကွာ။ ကိုယ့်စိတ်ထဲမှာတော့ မင်းကို ဖန်မလှီယာ ဖြစ်နေပါတယ်။ ဘာလို့လဲဆိုတော့ မင်းက ကိုယ်အရမ်းခင်ရတဲ့ သူမြတ်ရဲ့ ကောင်မလေး ဖြစ်နေတာကိုး …

ဒီတော့ စိတ်ထဲမှာ မင်း ဘယ်လောက်ပဲ အပေါက်ဆိုးဆိုး ခင်နေမိတယ်"

တေးသည် တတ်လည်းတတ်နိုင်သော ထိုလူ့ကို မျက်လုံးအပြူးသားဖြင့်ကြည့်ကာ နှာခေါင်းထဲမှ လေတွေကို မှုတ်ထုတ်နေရသည်။ ဘယ်လိုလူမှန်းလည်း မသိပါ။ အရောကြင်တယ်ဆိုတာ ဒါမျိုးပဲ ဖြစ်လိမ့်မည်။





"ဘယ့်လိုလဲ။ ကိုယ့်ကို ခင်မင်တဲ့စိတ် မေါ်မလာဘူးလား"

တေးက ဟွန်းခနဲရှုံ့မဲ့ကာ တစ်ဖက်သို့ မျက်နှာလွှဲလိုက်သည်။ အဲဒီအပြုအမူကို သူက ဟက်ခနဲ ရယ်မောကာ …

"တကယ်တော့ မင်းက အထာမနပ်ဘူးကွာ။ ပြောရမယ်ဆိုရင် မင်းအနေနဲ့ သူမြတ်အကြောင်း သိချင်ရင် သူမြတ်ရဲ့ ပတ်ဝန်းကျင် အသိုင်းအဝန်းကို လေ့လာသင့်တယ်။ နယ်ပယ်ကျယ်ရင် ပိုပြီးသိရတယ်လေ …

အထူးသဖြင့် သူမြတ်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းဖြစ်တဲ့ ကိုယ်လိုလူမျိုး တစ်ယောက်ကို ရင်းနှီးအောင် ပေါင်းထားသင့်တယ်။ သူ့လူ ကိုယ့်ဘက်သားဆိုတဲ့ စကားကိုရော မင်း မကြားဖူးဘူးလား"

သူ ဆိုလိုတာ ဘာအဓိပ္ပာယ်လဲ ? ။ သူဟာ [illegible]မြတ်ရဲ့အကြောင်းတွေ တေး ဘာမှမသိဘူးလို့ ပြောနေတာလား။ [illegible]မြတ်ကရော တေး မသိအောင် ဘာတွေလုပ်ထားလဲ။ တေး [illegible]ကြိုက်တဲ့ အိမ်ပြန်နောက်ကျခြင်းတွေဟာ သွေးရိုးသားရိုးရော [illegible]တ်ရဲ့လား။ ဒီလူဟာ ဘာတွေသိထားလဲ။ ဒါမှမဟုတ် တမင် [illegible]က်သက် တေးကို ငါးစာချတာလား စသဖြင့် ဂျာနယ်တင်စောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တည်ငြိမ်နေသော တေးရဲ့ဦးနှောက်ထဲမှာ ရှုပ်ယှက်ခတ်သွားသည်။

"ဘာလဲ ... ကိုယ်က မင်းကို သက်သက်ဖောနေတယ်ထင်လို့လား။ တစ်ခုတော့ ပြောချင်တယ်။ အဲဒါဟာ ဘာလဲဆိုတော့ ကိုယ့်ကိုတော့ ယုံကြည်ပေးဖို့ပါပဲ ...

ကိုယ်က မင်းရော သူမြတ် အပေါ်မှာရော စေတနာ အမြဲထားတဲ့သူဆိုတာ သိစေချင်တယ်"

တေးက သူ့မျက်လုံးထဲသို့ စိုက်ကြည့်လိုက်လျှင် သူ့မျက်လုံးတွေက တည်ငြိမ်လေးနက်လို့ နေကြသည်။

"နေပါဦး။ သူမြတ်က အခု ဘာဖြစ်နေလို့လဲ"

"ဘာမှမဖြစ်ပါဘူး။ နေကောင်းသားပဲ"

"ဒီမှာ ... ရှင် ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ဘူး။ သူမြတ် မဟုတ်တာ ဘာမှမလုပ်ဘူး။ ဒါပေမဲ့လည်း မင်းနဲ့ သူမြတ်ကြားမှာ ပြဿနာလေးတွေ ခဏခဏ ဖြစ်နေတာ ကိုယ်သိတယ်။ အဲဒီလို ဖြစ်နေတော့ မင်း ပျော်လား"

တေးက အဲဒီလူကို ဘာမှမပြောဘဲ ဘုကြည့်ကြည့်နေလိုက်လျှင် သူက ဟက်ခနဲ တစ်ချက်ရယ်ကာ ...





"မပျော်ဘူး မဟုတ်လား။ ရည်းစားထားတယ်၊ ချစ်သူထားတယ်ဆိုတာ ပျော်ဖို့မဟုတ်တောင် စိတ်ညစ်ဖို့ ဒေါသထွက်ဖို့ ထားတာမှ မဟုတ်တာ ...

အနည်းဆုံးတော့ ပျော်ဖို့တော့ ကောင်းရမယ်လေကွာ။ ဒီ့ထက် လေးနက်မှုတွေကတော့ အများကြီးရှိတာပေါ့။ ပျော်ရွှင်စိတ်ချမ်းသာစေမယ့် နည်းလမ်းကောင်းတွေ ရှိတယ်ဆိုတာ မင်းရော သူမြတ်ရော မသိကြဘူး"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ အချစ်ကို Romantic ဖြစ်အောင် လုပ်လို့ရတဲ့နည်းလမ်းတွေ တစ်ပုံကြီးပဲ။ မင်း စိတ်ဝင်စားတယ်ဆိုရင် ကိုယ် ပြောပြမယ် ...

သူမြတ်ကိုလည်း ကိုယ်ပြောပြမယ်။ ဒါပေမဲ့ မင်းရော သူမြတ်ရောဟာ ကိုယ့်ကို ကတိတစ်ခုတော့ ပေးရလိမ့်မယ်"

"ဘာကတိလဲ"

"ခြော် ... ကိုယ်ပြောတဲ့ နည်းလမ်းတွေကို ကျင့်သုံးနေတယ် ဆိုတာကို တစ်ယောက်နဲ့တစ်ယောက် ဖွင့်မပြောပြ



www.burmeseclassic.com

www.burmeseclassic.com



ကြေးပေါ့။ ခုဆိုကွာ မင်းကို ကိုယ်က ဂိုက်ဒ်လုပ်ပေးမယ် ဒါကို မင်းက သူမြတ်ကို ပြောမပြရဘူး။ သူမြတ်ရဲ့အမြင်မှာတော့ မင်း ပြောင်းလဲလာတာ မင်းစိတ်နဲ့ မင်းပေါ့ ...

ဒီလိုပဲ သူမြတ်ကလည်း သူ ပြောင်းလဲလာတာ ကိုယ်ပြောပြလို့ပါဆိုပြီး မင်းကို အသိပေးမှာ မဟုတ်ဘူး။ ဒါပေမဲ့ မင်းကတော့ အဖြစ်မှန်ကို သိနေမယ်။ အိုခေ ... ကိုယ်ပြောတာ သဘောတူလား”

တေးက ခါလွန်မိုး ဆိုသောလူကို သေချာစွာစိုက်ကြည့်ရင်း အဖြေရှာလိုက်သည်။ သူကလည်း တေးကို ဘာယုံနိုင်ရှိစဟူသော ပုံစံမျိုးဖြင့် မျက်စပစ်ပြနေသည်။ တေးသည် သူ့အစီအစဉ်အတိုင်းကိုတော့ အပြည့်အဝကြီး မလိုက်နာသေးလိုသည်ဖြစ်လေရာ ...

“ကောင်းပြီလေ။ ရှင့် အရည်အချင်းကို ကျွန်မ သိပ်မယုံသေးဘူး။ ဒီတော့ ကျွန်မက ရှင် ပြောတဲ့အတိုင်း လိုက်လုပ်ဖို့ဆိုတာ စောပါသေးတယ် ...

သူမြတ် ပြောင်းလဲလာတာကို ကျွန်မ အရင်ကြည့်မယ်”





တေးရဲ့အပြောကြောင့် သူက သြချတယ် ဟူသော ပုံစံမျိုးဖြင့် မျက်ခုံးကိုပင့်သည်။ ပြီးတော့ အသာပြုံးလာရင် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

“အိုခေလေ။ မင်းလို မိန်းကလေးတစ်ယောက်က ကိုယ့်ကို ချက်ချင်းကြီး မယုံတာ သဘာဝကျပါတယ်။ ရပါတယ်။ ဖြစ်သင့်ပါတယ် ...

ဒါဆိုလည်း စောင့်ကြည့်လိုက်ပေါ့။ ကိုယ်က ကျမ်းတစ်ခု ပြုစုမလို့ စီစဉ်နေတာကွ။ အဲဒီကျမ်းက ဘာကျမ်းလဲဆိုတော့ ရည်းစားရှိတဲ့ယောက်ျားတွေ ကိုယ့်ရည်းစားကို ဘယ်လို Romantic ဖြစ်အောင် လုပ်ရမလဲ ဆိုတာပဲ။ ကိုယ်နဲ့အဆင်ပြေအောင်၊ ပြဿနာမတက်အောင် စသဖြင့်ပေါ့”

“စာအုပ်ထုတ်လေ။ ပြီးရင် ရှင့်သူငယ်ချင်းကို လက်ဆောင်ပေးလိုက်ပေါ့”

“သူ့ကိုတော့ လက်ဆောင်ပေးဖို့ မလိုပါဘူး။ ခုကိုပဲ အဲဒီထဲက နည်းလမ်းတွေအတိုင်း စမ်းသပ်တော့မှာ။ မင်းကို ကတိတစ်ခုတော့ တောင်းချင်တယ်။ အဲဒါတွေကို မင်းသိတယ်ဆိုတာ သူ့ကို မပြောပြမိပါစေနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်။ အဲဒါက ကျွန်မအတွက် အဲဒီလောက်အပန်း မကြီးပါဘူး။ ရှင့် Method တွေသာ ဘယ်လိုဆန်းကြယ် မလဲဆိုတာ စောင့်ကြည့်နေမယ်"

"ရပါတယ်။ [illegible] ... ဒါဆိုရင် ကိုယ်တို့နောက်မှ ထပ်တွေ့ ကြတာပေါ့ ... ဘိုင့် ဘိုင်"

သူက စတင်ပြီး လက်ချောင်းလေးများကို လှုပ်ခတ် ၇ နှုတ်ဆက်ပြီး လှည့်ထွက်သွားသည်။ တေးသည် ထွက်ခွာ သွားသော သူ့ကျောပြင်ကိုကြည့်ကာ တိတ်တဆိတ် စိတ်လှုပ်ရှား လာသည်ကိုတော့ ဝန်ခံပါသည်။

သူ့ကြည့်ရတာ မျက်လုံထဲတွင် Cross ဖြစ်ပေမယ့် လည်း ဉာဏ်ကောင်းပြီး Bright ဖြစ်မည့်သူမျိုးဟု ခန့်မှန်း၍ရ သည်။ သူဟာ သူမြတ်ကို ဘယ်လိုတွေများ Romantic ဖြစ် အောင် ပြောင်းလဲပေးမလဲ။

တကယ်လုပ်ပေးနိုင်မှာတဲ့လား။ တွေးရင်းနဲ့ဝင် မနက်ဖြန်သည် ရင်ခုန်ဖွယ်အတိ ဖြစ်လာလေသည်။

✤ ❖ ✤





## ၈

"အံမာ ... ကြားသားမိုးကြိုး။ စာတွေ ဘာတွေ ဖတ်နေ တယ်ပေါ့၊ ငါ့ကောင် ဟုတ်လား"

အသံကို အရင်ကြားကာ သူ လှည့်မကြည့်မီမှာပဲ လက်နှစ်ဖက်က ပခုံးနှစ်ဖက်ကို ဖျစ်ညှစ်ခံလိုက်ရသည်။ လှည့် ကြည့်စရာမလို။ ဒါဟာ သူမြတ် ဆိုတာ သူကသိပြီးသား။ ဒီနေ့ ဟာ အများပြည်သူ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ဖြစ်သလို သူမြတ်လည်း မနက်ပိုင်းတစ်ခုလုံး Duty off ဆိုတာ သိပြီးသားမို့ သူ့အိမ်မှာဆုံဖို့ ချိန်းထားခြင်းဖြစ်သည်။

သူမြတ်က သူ့ရှေ့ကခုံမှာ ဝင်ထိုင်ရင်းမှ သူ့စာအုပ် တွေကို တစ်ချက်ကြည့်သည်။ သူကတော့ သူမြတ်ရဲ့ ဆရာဝန်ရုပ် ပေါက်နေသော ပုံစံကိုသာ ငေးကြည့်နေမိသည်။ Arrow စပို့ရှပ်



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရောင်အစင်း၊ စတိုင်လ်ပန်အနက်ရောင်၊ ရှင်းသန့်ပုံကျနေသော ဆံပင်တိုထောင်ထောင်၊ လေးထောင့်မျက်မှန်တို့ဖြင့် သူမြတ်သည် တကယ့်ကို သမီးရှင်များအကြိုက် ဒီဇိုင်းမျိုး ဖြစ်နေ၏။ သူကတော့ ဘယ်နေရာကကြည့်ကြည့် ဆရာဝန်ရုပ် မပေါက်ပါ။

အပြင်ပန်း အသွင်သဏ္ဍာန်ကို ကြည့်ပြီး လူတစ်ယောက်ကို ဆိုးသည် ကောင်းသည် ဝေဖန်ဆုံးဖြတ်ကြလျှင်တော့ သူမြတ်ကို လူကြီးလူကောင်းဟု သတ်မှတ်ကာ သူ့ကိုတော့ ကလေကချေဟု သတ်မှတ်ပေလိမ့်မည်။ ဒါပေမဲ့လည်း သူက လူတွေရဲ့ ထင်မြင်ယူဆချက်တွေကို သိပ်ဂရုစိုက်နေတာ မဟုတ်ပါ။ ပုံစံခွက်ထဲက သတ်မှတ်ချက်တွေကို သူ မုန်းသည်။ ဥပမာ ဆရာဝန်ဆိုလျှင် ဂျန်းတဲမန်းပုံစံ ပေါက်နေရမည်။ စာရေးဆရာဆိုလျှင် မျက်မှန်နှင့် ကုပ်ချောင်းချောင်းပုံစံ၊ စာရေးဆရာမဆိုလျှင် ဆံပင်ရှည်ရှည်၊ စကားနည်းနည်းနှင့် ရိုးရိုးအေးအေး သိမ်မွေ့မွေ့ စသဖြင့် ဘယ်သူက သတ်မှတ်ပေးလိုက်မှန်း မသိသော ပုံစံတွေကို သူ မကြိုက်ချေ။

"ဖတ်ရမှာပေါ့ကွာ။ Final Part(I) ကို အေးဆေးလေး အောင်ချင်တာကိုး၊ ခုတည်းက ဖတ်ထားမှ တော်ကာကျမှာပေါ့"



"မင်း Brain နဲ့ Final Part(I) ကို အေးဆေးပါကွာ။ Part(II) လည်း အေးဆေးပဲ။ ဒါနဲ့ အန့်တီ့ကို ငါလာလိမ့်မယ်လို့ ကြိုပြောထားတာလား ..."

အန့်တီက ငါကြိုက်တဲ့ ဆိတ်ဦးနှောက်ဟင်း ချက်ထားတယ်လို့ ပြောနေတယ်"

"ဟုတ်ပ။ မင်းလာမယ်လို့ မေမေ့ကို ငါ ပြောထားတာ။ အေး ... ထမင်းစားချိန်က လိုပါသေးတယ်။ ဆာပြီလား"

"မဆာသေးပါဘူးကွာ။ အေးဆေးပေါ့။ မင်းကြည့်ရတာ ငါ့ကို စကားပြောချင်နေတဲ့ပုံပဲ။ ဘာလဲ ... မင်းသဘောကျတဲ့ ကောင်မလေး တွေ့နေပြီလား"

သူ မထင်ထားသော မေးခွန်းကြောင့် လွန်သည် အောင့်သက်သက်နှင့် ပြုံးမိသွားရသည်။

"မဟုတ်ပါဘူးကွာ။ မင်းကို မေးစရာရှိလို့"

ဘာမေးမှာလဲဟူသော မေးခွန်းကို သူမြတ်က မျက်လုံးဖြင့် ပြန်မေးသည်။ သူက သူမြတ်ရဲ့မျက်လုံးများကို တည့်တည့်စိုက်ကြည့်ကာ ...

"မင်းရဲ့ကောင်မလေးနဲ့ တစ်နေ့က ငါ တွေ့တယ်"

www.burmeseclassic.com



သူ့စကားကြောင့် သူမြတ်ရဲ့ မျက်နှာတွင် အပြောင်းအလဲနည်းနည်း ဖြစ်သွားသည်။ သူ့မျက်နှာကို တစ်ချက်အကဲခတ်သလို ကြည့်ကာ ...

"ဘာဖြစ်လို့လဲ ... တွေ့တော့"

"ဘာမှ မဖြစ်ပါဘူး။ သူက ဗွာတေးလေးဆိုတော့ မင်းတို့ဆက်ဆံရေးက အဆင်မပြေဖြစ်မယ်ဆိုတာ ငါ ခန့်မှန်းမိပါတယ် ...

မင်းတို့ ဆက်ဆံရေးကို အဆင်မပြေစေချင်ဘူးလား"

"ပြေချင်တာပေါ့ကွာ။ ဒါပေမဲ့ သူက ဘယ်လိုမှ အဆင်ပြေအောင် ညှိလို့ရမယ့် လူစားမျိုး မဟုတ်ဘူး ...

ငါ အတတ်နိုင်ဆုံး ညှိပြီးသား။ သူက သူ့ကို အကောင်းလုပ်ပေးလည်း အကောင်းမြင်ဝါဒီ မရှိဘူး။ သံသယစိတ်နဲ့ပဲ နေထိုင်တာ။ ကြာလာတော့ ပြောရတဲ့သူပဲ မောလာရော။ ဒါကြောင့် နောက်ပိုင်းတော့ ဘာမှကို မပြောဘဲ နေတော့တာ"

"အဲဒီလိုလည်း မဟုတ်သေးဘူးကွ။ လူတိုင်းမှာ သက်ဆိုင်ရာသော့တွေ ရှိကြတယ်၊ သော့ခလောက်တိုင်းကို သော့တိုင်းနဲ့ဖွင့်လို့ ပွင့်တာမှ မဟုတ်တာ။ ကိုယ်ဖွင့်တဲ့သော့နဲ့ မပွင့်ဘူးဆိုရင် ဒါဟာ တစ်ခုခုတော့ မှားနေပြီမို့လို့ပေါ့ ...





အခုလည်း မင်းက နားလည်အောင် ရှင်းပြရဲ့သားနဲ့ အဆင်မပြေဘူးဆိုရင် မင်းဖွင့်တဲ့သော့က မှားနေလို့ပဲ"

"မင်းက ဘာကို ဆိုလိုချင်တာလဲ"

"ငါက ရည်းစားမထားဖူးပေမယ့် စာအုပ်တွေတော့ အများကြီး ဖတ်ဖူးတယ်ကွ။ ငါ မင်းကို ဝေဖန်ရမယ်ဆိုရင် မင်းက ရည်းစားထားတာ အထာမနပ်ဘူး"

"ဘာပြောတယ်"

"ဟုတ်တယ်။ မင်း အထာမနပ်လို့ ဒီလိုကိစ္စမျိုးတွေဖြစ်နေတာ။ မင်းထက် အထာနပ်တဲ့ကောင်တွေ ရည်းစားသုံးလေးငါးယောက် ပြိုင်ထားပေမယ့် အားလုံး အိုကေနေတာတွေ မင်း မတွေ့ဖူးဘူးလား"

"ဘာလဲ ... မင်း ပြောချင်တာက ငါ့ကို ရည်းစားတွေပြိုင်ထားဖို့ ပြောနေတာလား။ တော်စမ်းပါကွာ ဒီမှာ တစ်ယောက်တောင် စိတ်ကုန်နေရတဲ့အထဲ"

"ဟ ... မင်းကလည်း ဝေးလိုက်တာကွာ။ ရည်းစားတွေ ပြိုင်ထားဖို့ ပြောနေတာ မဟုတ်ပါဘူး။ ငါပြောတာက မိန်းမတွေဟာ ယုံအောင်ပြောနိုင်ရင် ယုံတယ်ဆိုတာ မင်းကို ပြောပြနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

ဘယ်လိုဟု ပြန်မေးလိုက်သော်လည်း ဆရာဝန် ဦးနောက်မို့ သူမြတ်သည် သူ ဘာပြောချင်တယ် ဆိုတာကို ရိပ်မိသလိုလို ဖြစ်သွားတယ်ဆိုတာ သူ သိလိုက်သည်။ သူ့ကိုပြန်ကြည့်သော မျက်လုံးတွေမှာ ရောက်ခါစထက် စာရင်တော့ ပိုပြီး တောက်ပလာသည်ဟု ထင်သည်။

"ဟုတ်တယ်လေ။ အဖြစ်မှန်တစ်ခုကို သူတို့သိဖို့ မလိုဘူး။ အဓိက,က ကိုယ့်ကို ယုံကြည်အောင် လုပ်ဖို့ပဲ လိုတာ ...

ယုံကြည်ဖို့ဆိုတာ အယုံသွင်းဖို့လည်း လိုတယ်။ အဲဒီလို အယုံသွင်းနိုင်တဲ့ နည်းလမ်းတွေကို မင်းကို ငါ ပြောပြချင်တာ"

သူမြတ်ရဲ့မျက်နှာသည် ဒီတစ်ခါတော့ အဝင်းလက်ဆုံးပဲ ဖြစ်သွားလေသည်။

"ဟော့ကောင် ... မင်း တကယ်ပြောနေတာလား"

"တကယ်ပေါ့။ မိန်းကလေးတွေကို အယုံသွင်းပြီး ယုံကြည်လာဖို့ဆိုတာ ပြောတဲ့သူရဲ့ အရည်အချင်းပေါ်မှာလည်း မူတည်တယ်ကွ ...



မင်းရဲ့စွာတေးလေးကို မင်း ပြောသမျှ ယုံကြည်ပြီး ကွိုင်မရှာတဲ့ အဆင်ပြေဖို့ဆိုတာ မင်းဘက်ကလည်း နည်းနည်းတော့ ထိုးကျွေးဖို့ လိုမယ်"

"ဘာတွေလဲကွာ"

"ဒီလိုလေ ... နံပါတ်တစ်အနေနဲ့ သူ့ကို ဘယ်လောက်ချစ်ကြောင်း၊ ဂရုစိုက်ကြောင်း သူသိအောင် လုပ်ရမယ်"

"ဟာကွာ ... ကလေးကလား"

"ဟော့ကောင် ... မင်းတို့ အဆင်မပြေဖြစ်ရတဲ့ အဓိက ပြဿနာဟာ အဲဒါပဲကွ၊ ဒီမှာ မှတ်ထား။ အချစ်ဆိုတဲ့ အရာမှာ အသက်ဘယ်လောက် ရောက်နေ ရောက်နေ ကလေးကလားဆိုတာ မရှိဘူးကွ ...

**Romantic** ဆိုတာပဲရှိတယ်။ အချစ်ဆိုတာ ပန်းပွင့်ပွင့်တဲ့အပင်လိုမျိုးပဲကွ။ ပစ်စလက်ခတ်ထားလို့ မရဘူး။ အမြဲတမ်း လန်းဆန်းလှပနိုင်ဖို့ဆိုတာ သူ့ကို ဂရုစိုက်နေမှ ဖြစ်တာ။ ထားလိုက်ပါကွာ လောကမှာ အချိုကြိုက်တဲ့သူကို အချိုကျွေးရပြီး အချဉ်ကြိုက်တဲ့လူကို အချဉ်ကျွေးရတယ်ဆိုတာ မင်းလည်း ကြားဖူးနေတာပဲ။ ငါ ပြောတာမိ

www.burmeseclassic.com

www.burmeseclassic.com



ရသလောက်တော့ မင်း ကောင်မလေးက အရမ်းကြီးဆိုးပုံ မပေါ်ပါဘူး”

“ဘယ်ကလာ အရမ်းကြီး မဆိုးရမှာလဲ။ သူက တစ်ဦးတည်းသောသမီးဆိုတော့ နားလည်မှုကလည်း မရှိဘဲ တစ်ကိုယ်ကောင်း ဆန်ချင်သေးတယ် ...

ခက်တာက အဲဒါကို သူနဲ့ပထမဆုံး စတွေ့တဲ့အချိန် ဒုတိယ တတိယတွေ့တဲ့ အချိန်တွေမှာ လုံးဝမသိသာတာပဲ။ ကြာတော့မှ သိသာတာ ...

အဲဒါ သိပ်ဆိုးတဲ့ အချက်ပဲ။ ဒီလို မိန်းကလေးတစ်ယောက်ကို ဘယ်လို Romantic လုပ်ရမှာလဲ”

“ငါ မင်းကို ပြောပြီးပြီပဲ။ ပိတ်ထားတဲ့ သော့ခလောက်တစ်ခုကို ဖွင့်ချင်ရင် သူ့သော့တံနဲ့မှပဲ ဖွင့်လို့ရတယ် ဆိုတာလေ ...

မင်း ကြားဖူးတယ် မဟုတ်လား။ နောက်ထပ် မိန်းမတစ်ယောက်နဲ့ ရှုပ်နေတဲ့ယောက်ျားဟာ လက်ရှိမိန်းမကို အရမ်းအလိုလိုက်တယ်၊ ဂရုစိုက်တယ် ဆိုတာလေ”

“ဟုတ်လို့လား။ ငါတော့ တစ်ခါမှ မကြားဖူးပါဘူး”





“ဟုတ်တယ်။ လူတွေဟာ တစ်ဖက်မှာ အမှားတစ်ခုခုကို လုပ်ထားတဲ့အခါမှာ အဲဒါကို ဖုံးကွယ်ဖို့ ကြိုးစားတဲ့အနေနဲ့ သဘောတွေ ဖွတ်ကောင်းကြတာပဲ။ ဆိုက်ကိုသဘောတရားကတော့ ဒီအတိုင်းပဲကွ၊ ...

ကလေးတစ်ယောက်တောင် သူ့ကြောင့် ပန်းအိုးတွေဘာတွေ ကျကွဲသွားရင် အမေ ဈေးကပြန်လာတာကိုပြေးကြိုတာတို့၊ ရေခပ်တိုက်တာတို့ ဘာတို့ လုပ်ပေးတာပဲ။ ဒါဟာ ဖုံးတာဆိုပေမယ့် အပြစ်ကို ရုတ်တရက်မမြင်နိုင်အောင် ဖာထားတဲ့ စိတ်ပညာသဘောပဲလေ”

“ဒီတော့ မင်း ပြောချင်တာက ငါက တေးသီနဲ့အဆင်အောင် သူ့ကို ဖောရှောတွေ ရိုက်ရမယ်ပေါ့၊ အဲသလိုလား”

“မင်း ... မဝေးတော့ပါဘူး”

“ညှော်စီးရီးနဲ့ နီးတာကို ပြောတာလား။ မင်း မသိဘူးနော်၊ သူညှော်ရင် ငါက ရေလည်စိတ်ပျက်တယ်၊ သတ်သေချင်လောက်အောင်ကိုပဲ”

“ဟား ဟား ... မိန်းကလေးတစ်ယောက်နဲ့ ချစ်ရေးဘာ အဲဒီလောက်ထိအောင် စိတ်ပျက်ဖို့ ကောင်းသလားကွာ ...



www.burmeseclassic.com

www.burmeseclassic.com



နွေတေးသီကို ချုပ်ရမယ့်နည်းတွေ မင်းကို ငါပြောပြပါ့မယ်။ သူရစ်ရင် ရေရေလည်လည်ချော့ကွ သိလား၊ သူ ရစ်တာထက် ပိုချော့၊ သူ့ကို အတိုက်အခံစကား ဘာတစ်ခွန်းမှ မပြောနဲ့၊ ပြီးတော့ **Romantic** ဆန်တဲ့ ကိစ္စလေးတွေ လုပ်ပေး၊ ဥပမာကွာ သူနဲ့ ချစ်သူသက်တမ်း ဘယ်နှလပြည့်တို့ ဘာတို့ကျရင် ကတ်နဲ့ပန်းစည်းလေးတွေ ပို့ပေးတာတို့ သူကြိုက်တတ်တဲ့ စားစရာလေးတွေကို Surprise လုပ်ပြီး ပို့ပေးတာတို့ လက်ဆောင်လေးတွေ ပို့ပေးတာတို့ စသဖြင့်ပေါ့ကွာ၊ မင်းကိုယ်တိုင် တကူးတက အချိန်ပေးတာမျိုး မဟုတ်ဘဲ သူ မင်းကို ကြွေလာမယ့် အရာလေးတွေ ယုံလာမယ့် အရာလေးတွေ မညော်တော့မယ့် အရာလေးတွေ ...

နောက်ပြီးတော့ သူနဲ့ ဖုန်းလေး ဘာလေး ကြာကြာ ပြောတာမျိုးတို့ပေါ့ကွာ။ ဖုန်းထဲကနေ အီစီကလီတွေ လျှောက်ပြောပေါ့၊ မျက်နှာမြင်ရတာမှ မဟုတ်တာ ပြောထွက်မှာပါ"

သူ့စကားကို သူမြတ်က ဟားဟားဟားနှင့် အော်ရယ်သည်။ ပြီးတော့ သူ့မျက်နှာကို အဓိပ္ပာယ်ပါပါ စိုက်ကြည့်လျက်





(အဲဒီအကြည့်ကြီးဟာ အန္တရာယ်အငွေ့အသက် မကင်းဟု သူ စားရသည်။)

"လွန်ကြီး"

အဲဒီခေါ်သံ ကြားရလျှင် သူ့ကျောထဲ စိမ့်ခနဲဖြစ်သွားသည်။ လွန်ခဲ့သော နှစ်,နှစ်ခန့်ကိုလည်း ပြန်လည်သတိရသွားသလိုပင်။ သူမြတ်သည် သူ့ကို များသောအားဖြင့် လွန်ဟုသာ ခေါ်လေ့ရှိသူဖြစ်သည်။ လွန်ကြီးဟု ခေါ်သော အချိန်အခါတွေမှာ အင်မတန်ရှားပါးသည်။ သို့သော် ခေါ်လိုက်သည့်အခါတွေကလည်း တကယ့်ကို အချိုကြီး။

သူက သူမြတ်ကို ထိတ်လန့်တကြား ငေးကြည့်နေ န်းမှာပဲ သူမြတ်ရဲ့လက်နှစ်ဖက်က သူ့ကို လာရောက်ဆုပ်ကိုင် တာ ...

"လွန်ကြီး ... မင်း ငါ့ကို ကူညီပါကွာ"

"ဘာပြောတယ် ဟော့ကောင်"

"ဟုတ်တယ်။ ဒါတွေအားလုံး မင်း သိနေတာပဲ။ ဒီတော့ ငါ့ကိုယ်စား မင်းပဲ လုပ်ပေးတော့"

"ဟော့ကောင် ... မင်း အဲဒီလိုတော့ မလုပ်နဲ့ကွာ။ ဘာလဲကွ မင်းကလည်း၊ တော်ပြီ ... မင်း မလုပ်ချင် မလုပ်နဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



မင်း အဆင်ပြေဖို့အရေး ငါက ကြားထဲက ဝိုက်

အကုန်မခံနိုင်ဘူး”

“အာ ... ငွေရေးကြေးရေးစကား မပြောစမ်းပါနဲ့ကွ

ကျသလောက်ကို မှတ်ထား၊ ရှင်းပေးမယ်။ လုပ်ပါကွာ

မင်းက ပိုပြီး Romantic ဖြစ်တဲ့သူပါ ...

ငါ့ကို ဘယ်လိုတွေလုပ်ဆိုပြီး ပြောပြနေမယ့်အ

မင်းကိုယ်တိုင် လုပ်ပေးလိုက်တော့ ပိုပြီးထိရောက်တာ

ကွာ၊ ကိုယ်တိုင်သွားရတာမှ မဟုတ်တာ၊ လုပ်ပါကွ

မင်းကျေးဇူးကို ဒီတစ်သက် မမေ့ပါဘူး ...

တေးသီနဲ့ပတ်သက်တဲ့ Data တွေ ငါပေးပါမယ်

မင်းက စီစဉ်ပေးတယ်လို့ပဲ သဘောထားပါကွာ။ နော်

လွန်ကြီး၊ မင်းကျေးဇူးကို ငါ အားလုံးပေါင်းဆပ်ပါမယ်

မင်းပဲ သူနဲ့ငါ အဆင်ပြေတာ မြင်ချင်တယ်ဆို။ ကူညီ

မဟုတ်လားကွာ။ ငါလုပ်ရင် အဆင်ပြေမှာ မဟုတ်မှ

သိနေလို့ပါ”

သူမြတ်ရဲ့မျက်နှာက ခုတော့လည်း သူပြော

အတိုင်း ဖြစ်ချင်ဇောဖြင့် အသည်းအသန် လှိုက်ဖြာနေသည်

သူက အဲဒီမျက်နှာကို တစ်ချက်စိုက်ကြည့်ပြီးနောက် မျက်နှာ





ကာ သက်ပြင်းချမိသည်။ သူ့စမိသည့်ဓာတ်လမ်း ခုတော့ သူ့ရှုး

သူပြန်ပတ်ချေပြီ။

“လွန် ... ငါ့ကို ကူညီမယ် မဟုတ်လား။ ကူညီပါကွာ။

နော် ... မင်း ပြောတဲ့ အစီအစဉ်ကို ငါ အရမ်းစိတ်ဝင်

စားပါတယ်။ ငါ့ထက် မင်းက ပိုပြီးအမြင်ရှိတော့ မင်းလုပ်

ရင် ပိုပြီးအောင်မြင်မယ်ဆိုတာ သိနေတယ်။ အဲဒါကို ငါ

က ရင်ခုန်စွာနဲ့ ပိုပြီးခံစားချင်တာပါ ... နော်”

“ယောကောင် ... မင်း ဦးနှောက်တော့ ဖောက်မစားနဲ့

နော်”

“ဦးနှောက်ဖောက်စားတာ မဟုတ်ပါဘူးကွာ။ မင်းဦးနှောက်

ကို အထင်ကြီးပြီး ငဲ့လေးစားတာ ...

မင်းအရည်အချင်းသာ ဝင်စွက်လိုက်ရင် ငါတို့အခြေ

အနေက ဒီ့ထက်ပိုပြီး အလားအလာကောင်းလာမယ်လို့

ယုံကြည်လို့။ အိုခေနော်”

“ကဲ ... နောက်ဆုံးတော့လည်း ပြောမိတဲ့ ငါ့အမှားပေါ့

ကွာ။ ကဲ ... ဒါဆိုလည်း မင်းကောင်မလေးက ဘာတွေ

ကြိုက်တတ်တယ်၊ သူ့မွေးနေ့က ဘယ်နေ့၊ မင်းတို့

Anniversary က ဘယ်နေ့ ဆိုတာတွေသာပြော”

www.burmeseclassic.com



"Anniversary က June မှ ဆိုတော့ လိုသေးတယ်ကွ။ သူ့မွေးနေ့ကတော့ ရှေ့လထဲမှာပဲ၊ ဖေဖော်ဝါရီ(၁)ရက်နေ့လေ၊ သူ ဘာကြိုက်တတ်တယ် ဆိုတာကတော့ မင်းပြောမှပဲ သတိရမိတော့တယ်"

"အေး ... ဘာလဲပြော"

သူက အလုပ်သဘောအရ ပိပြင်စေရန်အတွက် စာအုပ်ထဲမှာမှတ်ဖို့ အဆင်သင့် ပြင်ထားတုန်းမှာပဲ သူမြတ်ထံမှ စကားသံ ထွက်လာသည်။

"မသိဘူးကွ"

သူက ဘောပင်ကို ပစ်ချကာ ခပ်တိုးတိုးဆဲမိသည်။

"ခွေးကောင်"

"တကယ်ပြောတာကွ။ ငါတို့က အဲဒီလောက် Roman[illegible] မဆန်ပါဘူးကွာ။ သူလည်း ငါ ဘာကြိုက်တယ်ဆိုတာ[illegible] သိမှာမဟုတ်ပါဘူး"

"ဟင်း ... မင်းတို့ဟာကလည်းကွာ"

"ဟုတ်တယ်။ ငါတို့က တွေ့ရင်လည်း Mr. Guitar [illegible] Coffee Circels တို့မှာပဲ တွေ့ပြီး အလုပ်စားပေါ့[illegible] ကော်ဖီလောက်ပဲ မှာသောက်ဖြစ်တာ။ ကော်ဖီက[illegible]



လူတိုင်းသောက်လေ့ရှိကြတဲ့ အရာဆိုတော့ ဘာမှထူးထူးခြားခြား မရှိဘူးပေါ့ကွာ"

"ဟင်း(န်)"

သူက စိတ်ပျက်လက်ပျက်နှင့်ပင် ဟင်းခနဲမြည်အောင် ရှုံ့မဲ့မိလေသည်။

"ဒါဆိုရင်လည်း မေးထားပေါ့ကွာ"

"အာ ... မမေးချင်ပါဘူးကွာ၊ မေးရင်လည်း သူက ဘာတုန်း ညာတုန်းနဲ့ ရစ်ဦးမှာ။ အကောင်းမေးတယ်လို့ ထင်မှာမဟုတ်ဘူး"

"ဟာ ... ဒါဆို ဒီလိုလုပ် ! ငါ အကြံညာဏ်ရပြီ"

"အင်း ... ပြော။ ဒါကြောင့် ပြောတာ။ မင်းမှာ နည်းလမ်းကောင်းတွေ ရှိတယ်ဆိုတာ ငါ ယုံကြည်ပါတယ်လို့"

"သူ့အကြောင်းကို သူ့အမေလောက် သိနိုင်တာ ဘယ်ရှိမလဲကွ။ ဒီတော့ သူ့အမေကို မေးလိုက်။ သားကို ခဏခဏ စိတ်ကောက်နေလို့ ချော့ချင်လို့ပါပေါ့။ အဲဒီကျရင် ယောက္ခမလောင်းကြီးကပါ မင်းကို အမှတ်တွေ ပေးထားလိမ့်ဦးမယ်"

"အင်း ... မင်းပြောတာ ဟုတ်တော့ ဟုတ်ပါတယ်။ အေးပါ ... ဒီလောက်တော့ လုပ်ပေးရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ငါပြောနေတာ မင်းကောင်းစားရေးနော်။ မင်းပြောနေတဲ့ အစီပွာယ်က မင်းကပဲ ငါ့ကိုကူညီနေတဲ့ ပုံနဲ့"

"အေးပါကွာ။ ငါ မေးထားပြီး မင်းကို ဖုန်းပြန်ဆက်ပါ့မယ်။ ကဲ ... လောလောဆယ်တော့ ထမင်းသွားစားကြရအောင်ကွာ။ ငါ မင်းအမေရဲ့လက်ရာကောင်းတွေနဲ့ ဝေးနေတာ ကြာလှပြီ ...

ဗိုက်ဆာနေပြီကွ ... လာ"

သူမြတ်က သူ့ရဲ့လက်ကို ဆွဲခေါ်နေသဖြင့် သူက လိုက်ပါလာရသော်လည်း စိတ်ထဲမှာ တစ်ခုခုတော့ မှားနေပြီဟု ထင်သည်။ သူမြတ်ကိုပဲ အပြစ်တင်ရတော့မှာလား၊ ဒါမှမဟုတ် ကိုယ့်ရဲ့ချစ်သူရည်းစားတစ်ယောက်ကို ဒီလိုအာရုံတွေပြောင်းသွားအောင် လုပ်ပစ်လိုက်သော နွေတေးသီဆိုသည့် စွာတေးမလေးကိုပဲ အပြစ်ရင်ရတော့မလား ဝေခွဲမရနိုင်ရှိခဲ့၏။

✤ ❖ ✤



၉

အသိစိတ်နှင့် ကိုယ်ခန္ဓာတို့ မကပ်မိသေးခင်မှာကို
တေးရဲ့နှာခေါင်းထဲသို့ မွှေးရနံ့တစ်ခုက အလိုလို လာရောက်
ဝင်နေသည်ဟု ခံစားမိသည်။ ဘာအနံ့ပါလိမ့်။ သင်းပျံ့သော
ရနံ့ကို စူးစမ်းရင်းမှ တေးရဲ့မျက်လုံးနှစ်လုံးက ဖျတ်ခနဲပွင့်
သည်။ ပြီးတော့ နှာခေါင်းက သေချာစွာ အလုပ်ဆက်လုပ်
ည်။ တေးရဲ့နှာခေါင်းထဲမှာ နှင်းဆီရနံ့တွေကို ရနေရသည်။
ယ်ကများ ရနေတာပါလိမ့်။

တေးက စူးစမ်းစိတ်ဖြင့် အိပ်ရာထက်မှ လူးလိမ့်
ာ စောင်ကို ဖယ်ခွာလိုက်သည်။ အဲဒီအချိန်မှာပဲ တေးတွေ့
ရတာက ခုတင်ခေါင်းရင်းမှာ တင်ပေးထားသော နှင်းဆီ
ည်းကြီးကိုပဲ ဖြစ်သည်။ နှင်းဆီပန်းဝါဝါတွေက အလှပဆုံး

www.burmeseclassic.com

အနေအထားဖြင့် ဖူးပွင့်ဝေဆာကာ မွှေးရနံ့တွေကလည်း ထုံသင်း
ကြိုင်နေခြင်းဖြစ်တော့သည်။ တေးသည် အံ့အားတသင့်ဖြင့် နှင်းဆီ
ပွင့်တွေနားသို့ အပြေးအလွှား ကပ်သွားမိသည်။ ဘယ်သူကများ
တေးရဲ့အခန်းထဲသို့ နှင်းဆီပွင့်တွေ လာထားသွားတာပါလိမ့်။

အဲဒီလို တွေးမိသွားစဉ်မှာပဲ တေးရဲ့မျက်လုံးတွေ
ပန်းစည်းရဲ့အောက်ခြေထောင့်မှာ ချိတ်ဆွဲထားသော ကတ်ပြား
တစ်ခုကို သွားမြင်သည်။ တေးက သိချင်စောဖြင့် ကတ်ပြား
ကို ကမန်းကတန်း ဖွင့်ဖတ်လိုက်လျှင် ...

"ချစ်တဲ့တေး ...

မင်္ဂလာရှိတဲ့ နံနက်ခင်းမှာ ကိုယ့်ရဲ့အချစ်
တွေနဲ့ နိုးထလာနိုင်ပါစေ။

တေးရဲ့

သူမြတ်"

တေးသည် စာကိုဖတ်ပြီးပြီးချင်း လူက လွင့်ခန့်
သွားသည်ဟု ထင်သည်။ တစ်လက်စတည်း မြင်ယောင်သွား
သည်မှာ ဟိုပုဂ္ဂိုလ်ကိုပါဖြစ်သည်။ တစ်နေ့ကတင်ပဲ သူက
ကို ပြောခဲ့သည်။ တစ်ပတ်အတွင်းမှာပဲ သူမြတ်ကို ဘယ်လို
စည်းရုံးရေးဆင်းလိုက်သည်လဲတော့ မသိချေ။ အမြင်အာရုံ



ဝေဝါးနေသော သူမြတ်ကို မျက်စိနှစ်ကွင်း အလင်းရသွားစေသည်
နဲ့တူသည်။ ဒီလိုကျတော့လည်း အဲဒီလူဟာ ဘယ်ဆိုးလို့လဲ။
သူငယ်ချင်းကို မိန်းကလေးတစ်ယောက်အား ဂရုစိုက်တတ်လာ
အောင်တော့ သင်ပေးတတ်သားပဲ။

တေးရဲ့နှုတ်ခမ်းတွေက ကျေနပ်စိတ်ဖြင့် ကော့ညွတ်
ပြုံးနေတုန်းမှာပဲ တေးရဲ့အခန်းတံခါးက ဖျတ်ခနဲပွင့်ကာ ဝင်လာသူ
က တေးရဲ့အမေပဲဖြစ်သည်။ နှင်းဆီပန်းတွေကို ပွေ့ပိုက်ထားသော
တေးကို မေမေက ပြုံးကြည့်ကာ ...

"မနက်စောစောမှာ ကောင်လေးတစ်ယောက်က လာပို့သွား
တာတဲ့ သမီးရဲ့။ သူမြတ်က ပို့ခိုင်းတာလို့ ပြောတာပဲ။
သူမြတ်က ဒီလိုတွေလည်း ရသားပဲ ...

ဒီနေ့က ဘာနေ့မို့လို့လဲ၊ သမီးတို့ရဲ့ Anniversary
လား"

"ဟင့်အင်း မေမေ။ မဟုတ်ပါဘူး"

"ဩော် ... မသိပါဘူး။ အထိမ်းအမှတ် တစ်ခုခုများရှိလို့
လားလို့။ ကဲ ... ကဲ ... မျက်နှာမသစ်ရသေးဘူး မဟုတ်
လား။ လုပ်တော့ ခုပြီးရင် အောက်မှာ Breakfast လာ
စားလိုက်"

www.burmeseclassic.com



"ဟုတ် ... မေမေ"

တေးက ခေါင်းညိတ်ပြလိုက်ပြီးနောက် ရေချိုးခန်းထဲသို့ဝင်ကာ မျက်နှာသစ် ကိုယ်လက်သန့်စင်ရင်းမှ သူမြတ်ဆီကို ဖုန်းဆက်လိုက်ရမလားဟု စဉ်းစားမိသည်။ ကျေးဇူးတင်ကြောင်းလေးများပြောရင် ကောင်းမလားလို့ပင်။ အတွေးနဲ့အတူ မျက်နှာသုတ်ရင်း မျက်နှာသုတ်ပဝါကို ပခုံးပေါ်သို့တင်ကာ ဆောင်းဘက်ဝရန်တာသို့ ထွက်လာရင်း သူမြတ်ဆီသို့ ဖုန်းနှိပ်လာမိသည်။

ဖုန်းဝင်သွားသောအခါ သူမြတ်က ဖုန်းဖွင့်ကိုင်ရင်း ရွှင်လန်းစွာ နှုတ်ဆက်သည်။

"မောနင်း တေး ... နိုးပြီလား"

အကျင့်ပါနေကျ ပါးစပ်က နိုးလို့ ဖုန်းဆက်တာပေါ့ဟူသော စကားကို ထွက်လုထက်ခင်မှာပဲ အမြန်ဘရိတ်အုပ်လိုက်ရသည်။ အင်း ... ဆင်ခြင်မှလေ ဆင်ခြင်မှ။ **Romantic** အခြေအနေကို ကူးပြောင်းနေတဲ့ကာလမှာ သူကတောင် **Romantic** လုပ်နေမှ ကိုယ်က အမှားအယွင်း အတိမ်းအစောင်းလုပ်လို့ မဖြစ်ဘူး။

"အင်း ... နိုးပြီ။ ပန်းတွေပို့ပေးတဲ့အတွက် ကျေးဇူးပဲ သူမြတ်"





"တေးနဲ့ ကိုယ်နဲ့ ကြားထဲမှာ ကျေးဇူးတင်စကားပြောဖို့ မလိုပါဘူးကွာ၊ တေးအတွက် မင်္ဂလာရှိတဲ့ နံနက်ခင်းလေး ဖြစ်ခဲ့ရင် ကိုယ် ကျေနပ်ပါတယ် ...

ဘာစားပြီးပြီလဲ"

"ဘာမှ မစားရသေးဘူး။ ခုပဲ မျက်နှာသစ်ပြီးလို့ ဖုန်းဆက်လိုက်တာ၊ နေပါဦး တစ်ခုလောက်တော့ မေးချင်သေးတယ်"

"မေးပါ တေးရယ်၊ မေးပါ"

"အရင်က ဒါမျိုးတွေ မလုပ်ဖူးပါဘူး။ ဘာစိတ်ကူးတွေပေါက်ပြီး ပို့ပေးတာလဲ"

"အင်း ... ဘာစိတ်ကူးမှတော့ မဟုတ်ပါဘူး။ တေးကို **Suspise** လုပ်ချင်တာလည်း ပါတာပေါ့။ ပြီးတော့ ကိုယ်တို့နှစ်ယောက်ကြားမှာ နွေးထွေးမှုနည်းနည်း လိုနေတယ်လို့လည်း ထင်လို့ ...

တေး သိထားဖို့က ကိုယ် တေးကို အရမ်းချစ်ပါတယ်ကွာ။ ဒါပေမဲ့ ကိုယ့်အချစ်က တစ်မျိုးကွ။ ကိုယ်က ရင်ထဲမှာရှိတဲ့ အချစ်ကို သိပ်ပြီးထုတ်ဖော်ပြောမပြတတ်ဘူး။ ရင်ထဲမှာ တကယ်ကို အချစ်စစ်ရှိရင်လည်း သိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောပြစရာ မလိုဘူးလို့လည်း ထင်တယ်။ အချစ်ကို တကူးတကကြီး ထုတ်ပြနေတာကြီးက နည်းနည်းပေါတယ်လို့ ထင်သလားပဲ ...

ဒါပေမဲ့ အဲဒါကြီးက ကြာလာတော့လည်း တစ်ယောက်နဲ့တစ်ယောက်ကြားမှာ အထင်လွဲစရာတွေ ဖြစ်ကုန်တယ်။ ဒါကြောင့်ပါ တေးရယ် ...

စိတ်ချပါ ဒီကရှေ့လျှောက် ကိုယ် တေးကို အများကြီး ဂရုစိုက်သွားပါ့မယ် ... နော်၊ တေး စိတ်ချမ်းသာပျော်ရွှင်စေရမှာပါ"

ရှူးချင်လျှင် ရှူးသွားလို့ရသော စကားလုံးများအတွက် တေးသည် ဘာမှမပြောနိုင်ဘဲ ဆွံ့အ၍နေမိသည်။ ဒါပေမဲ့ ရင်ထဲမှာတော့ ကျေနပ်စိတ်တွေနှင့် ပြည့်လျှံနေသည် ဆိုတာတော့ ကိုယ့်ဟာကိုယ်ပဲ သိလေသည်။ တေး ဖြစ်ချင်တာ ဒီပုံစံပဲ။ တေးလိုချင်တဲ့ အချစ်ဆိုတာ ကိုယ့်ကို ဒီလိုဂရုတစိုက်ရှိတဲ့ အချစ်မျိုးကိုပဲ။ ဒါပေမဲ့ တေးက ဖွင့်မပြောပါဘဲ ပြောင်းလဲခဲ့တာကတော့ မိုးနတ်မင်းကိုပဲ ကျေးဇူးတင်ရမလား၊ ခါလွန်မိုးဆိုသည့် လူကိုပဲ ကျေးဇူးတင်ရမလား၊ မပြောတတ်တော့ချေ။





"သုမြတ်ရဲ့အတွေးထဲမှာ ဒီလိုစိတ်ကူးတွေ ဝင်လာတာ သုမြတ်ဘာသာ ပြောင်းလဲလာတာလား။ ဒါမှမဟုတ် တစ်စုံတစ်ယောက်က သတိပေးလိုက်လို့လား"

"အမှန်အတိုင်း ပြောရရင်တော့ ကိုယ်နဲ့ လွန်နဲ့ စကားပြောဖြစ်ရာက စတာပဲ။ ကိုယ်က အချစ်ဆိုတာ ချစ်နေရင်ပြီးတာပဲ၊ ရင်ထဲက အချစ်ကို တကူးတက ထုတ်ဖော်ပြောပြစရာ မလိုဘူးလို့ သတ်မှတ်တယ်။ လွန်ကတော့ ရင်ထဲက အချစ်ဆိုတာလည်း ထုတ်ဖော်ပြရတာပဲ၊ ရင်ထဲက အချစ်ကို အမြဲတမ်း အရောင်တင်ပေးနေဖို့ လိုတယ်လို့ ထောက်ပြတယ် ...

သူပေးတဲ့ အကောင်းဆုံးဥပမာကတော့ လူတစ်ယောက်ကို ကျေးဇူးတင်တယ်ဆိုတာကို စိတ်ထဲကနေ ကျေးဇူးတင်လို့ ပြောလို့ရလားတဲ့၊ ပါးစပ်ကပဲ ပြောပြရတာ။ ဒါမှ တစ်ဖက်လူ သိတာ။ အို့ခေ ... ကိုယ်လည်း သဘောပေါက်သွားတယ်"

"အင်း ... ဒီလိုကျတော့လည်း ခါလွန်မိုးက ဘယ်ဆိုးလို့လဲ။ သုမြတ်ကို ကျအောင်ပြောနိုင်သားပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"လွန်က အပြောကောင်းတယ်။ စာလည်း အရမ်းဖတ်တော့ နှံ့စပ်တယ်ကွ၊ ပြီးတော့ သူက သူများအပေါ် ကူညီချင်စိတ် အရမ်းရှိတာ"

"အမယ်လေး ... သူ့သူငယ်ချင်းကို စောစောစီးစီးအမွှန်းတင်နေပြန်ပြီ။ နေပါဦး ... သူက သူများကိစ္စတွေကို ခေါင်းထဲထည့်ထားနိုင်လောက်အောင် သူ့အရေးကိစ္စတွေကျတော့ ဘာမှမရှိတော့ဘူးလား"

"သူလား ... မရှိလို့ နေမှာပေါ့။ သူက သူများအတွက် လူဖြစ်လာတဲ့ လူစားမျိုး ထင်ပါရဲ့"

"ကြည့် ... သူများကို ပေါက်ကရလျှောက်ပြောနေပြန်ပြီ။ အိုခေ ... အိုခေ ... သူမြတ် ဆေးရုံသွားရဦးမှာ မဟုတ်လား။ Breakfast စားပြီးပြီလား"

"စားပြီးပြီ။ အခုပဲ အဝတ်အစား လဲတော့မလို့"

"အင်း ... လုပ်လေ။ ဒါဆိုလည်း နောက်မှပဲ တွေ့မယ်"

"ဆီးယူ တူနိုက်၊ ဘိုင့်ဘိုင် ဓုတား"

သူမြတ်က နှုတ်ဆက်ပြီး ဖုန်းချသွားလျှင် တေးက သဘောကျစွာဖြင့် အသာပြုံးကာ ပခုံးကိုတွန့်မိသည်။ အဲဒီနောက် လည်ပင်းတွေက အလိုလိုလိမ်ကာ နှင်းဆီပန်းစည်းကြီးထံသို့





အကြည့်ရောက်သွားသည်။ ပန်းစည်းကြီးကပဲ တေးကို အလှပဆုံး အနေအထားဖြင့် ပြုံးပြနေသလိုရှိသည်။ တေးသည် အဲဒီပန်းစည်းကြီးကို စိုက်ကြည့်ရင်းမှ ဂျစ်ကန်ကန်မျက်လုံးနှင့် ပြုံးစိစိနှုတ်ခမ်းပိုင်ရှင် လူတစ်ယောက်ကို ဖျတ်ခနဲ သွားသတိရမိသည်။

အို ... သူ့ကို ဘာသတိရစရာလိုလဲ။ ဘာဆိုင်လို့လဲနော်။

✤ ❖ ✤



www.burmeseclassic.com

www.burmeseclassic.com



တေးသည် ကွန်ပျူတာနှင့် အလုပ်,လုပ်ရင်းမှ ဇက်ညောင်းလာသဖြင့် ဇက်ချိုးလိုက်လျှင် အနားက ဖြတ်သွားသော မမနိုင်က စကားလှမ်းပြောသွားသည်။

"တေးရေ ... Tea Time ရောက်ပြီနော်။ နောက်နေ့တွေ လုပ်ဖို့ ကျန်သေးတယ်၊ အဲဒီလောက် ကြိုးစားမနေနဲ့ဟော့"

တေးက တစ်ချက်ရယ်လိုက်ပြီးနောက် လုပ်လက်စ အလုပ်ကို လက်စသတ်ကာ ...

"ပြီးပါပြီ မမနိုင်ရဲ့။ တစ်ခါတည်း အပြတ်ဖြတ်ပစ်လိုက်ချင်လို့ပါ"

"သိပါဘူး။ နိုင်ငံခြားခရီးစဉ်အတွက်များ ကြိုးစားနေတာလားလို့"

"ဩော် ... မဟုတ်ပါဘူး မမနိုင်ရယ်။ သွားရတော့လည်း စရိတ်ငြိမ်းနဲ့ ရှော့ပင်းထွက်လို့ ရတာပေါ့နော်"





ရှေ့လထဲမှာ တေးတို့ရဲ့ဆေးကုမ္ပဏီကြီးမှ ဒါရိုက်တာအဖွဲ့ဝင်များ၏ စင်ကာပူ၊ ဗန်ကောက်၊ မလေးရှား တစ်လတာခရီးစဉ်ရှိသည်။ ဝန်ထမ်းတွေထဲကလည်း လေး,ငါးယောက်လောက် ခေါ်သွားမည် ဖြစ်လေရာ ဘယ်သူတွေကို ခေါ်သွားမယ်ဆိုတာ အတိအကျ မသိရသေးချေ။ အားလုံးကတော့ လိုက်ချင်ကြတာချည်းပင်။ ကုမ္ပဏီရဲ့အစီအစဉ်ဖြင့် စရိတ်ငြိမ်း သွားရမည်ဖြစ်လေရာ အဆင့်မြင့်ဝန်ထမ်းအားလုံးကတော့ မျှော်လင့်ကြသည်။ ထိုမှာ လည်ပတ်ရမည့် အစီအစဉ်တွေလည်း ပါတာမို့ အကုန်လုံးက တက်ကြွစိတ်ကူးယဉ်ထားကြခြင်းဖြစ်သည်။

တေးကတော့ အဲဒီခရီးစဉ်ထဲမှာ ကိုယ်ပါဝင်မည်ဆိုတာ အတပ်သိနေသည်။ အဘယ်ကြောင့်ဆိုသော် တေးက ကုမ္ပဏီတွင် လူကြီးတွေက သဘောကျသော ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်သည့်အပြင် ခွင့်ရက်မရှိသလောက် နည်းပါးကာ Over time တွေဆိုလည်း မငြင်းစထမ်း ဆင်းသူမို့ ဝန်ထမ်းအချင်းချင်းလည်း သဘောကျခင်မင်ရသူဖြစ်သည်။ ဒါကြောင့် တေးကတော့ အခုတည်းက နိုင်ငံခြားခရီးစဉ်ကို စိတ်ကူးယဉ်ထားလေသည်၊

"မတေးသီ ပါဆယ်ရောက်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



တေးက စားပွဲမှ ထလိုက်စဉ်မှာပဲ ဂိတ်စောင့်ကော... လေးက အခန်းတံခါးဝမှာ လာရပ်ပြီးနောက် အော်ပြောလိုက်... ဖြစ်သည်။ ကောင်လေးရဲ့လက်ထဲတွင် အိတ်တစ်ခုနှင့် ဘူးတစ်... ကို ကိုင်ထားကာ တေးကို မြှောက်ပြနေသည်။

"ဘယ်သူ လာပို့ပေးတာလဲ"

"မသိဘူးဗျ။ လူတစ်ယောက်ပဲ။ ရော့ ... မတေး... လက်ကို အပ်ခဲ့ပြီနော်"

"အေးပါ ... အေးပါ"

တေးက အထုပ်နှစ်ခုကို စူးစမ်းရင်းမှ မဖွင့်သေး... ကော်ဖီစက်မှ ကော်ဖီသွားဝယ်လာခဲ့ပြီးမှ ဖော့ဘူးအဖြူကို ဖွင့်... လိုက်သည်။ အထဲမှာ တေးတွေ့လိုက်ရတာက စားချင်စဖွယ်... ကြွပ်ရွနေသော အကြော်စုံပူပူနွေးနွေးများကိုပဲဖြစ်သည်။ ဘူးသီး... ကြော်၊ ကြက်သွန်ကြော်၊ တို့ဟူးကြော်၊ ပြောင်းဖူးကြော်၊ အာလူး... ကြော် စသဖြင့် အမယ်စုံသော အကြော်များနှင့်အတူ စားချင်စဖွယ်... အတို့အစွက်အစုံ၊ မန်ကျည်းချဉ် စတာတွေကို တွေ့ရလိုက်သည်...

"ဟယ် ... အကြော်စုံတွေပါလား"

တေးက အံ့သြစိတ်နှင့်အတူ နောက်ထပ် ကြွပ်ကြွပ်... အိတ်တစ်ခုတိုပါ ဖွင့်လိုက်သည်။ ဒါကတော့ City Mart အိတ်...





...နဲ့မို့ အထဲကဟာကို လှမ်းမြင်နေရသေးသည်။ အထဲမှာက ...သားကြိုက်သော အဆိုတော်ချမ်းချမ်းရဲ့ တကယ်ဆိုရင်အချစ်ပဲ ဆိုတာယ် VCD အခွေဖြစ်သည်။ ဒီနေ့မှာ စတင်ဖြန့်ချိပြီး လက်မှတ်ထိုးရောင်းချမည်ဟု ကြော်ငြာထားသော ဒီအခွေကို ညနေ...နေဆင်းလျှင် City Martm မှာ ဝင်ဝယ်ဖို့ တေးက စဉ်းစားထားပြီးသားပင်။ ဘယ်သူပို့လိုက်တာပါလိမ့်ဟူသော မေးခွန်းကို စဉ်းစားသွားမိစဉ်မှာပဲ တေးရဲ့မျက်လုံးတွေက အိတ်ထဲမှာထည့်ထားသောစာရွက် ခေါက်လေးတစ်ခုကို သွားပြီးမြင်သည်။ ဖွင့်ဖတ်လိုက်လျှင် ...

"တေး ...

ပျော်ရွှင်ဖွယ်ရာ နေ့လယ်ခင်းလေးဖြစ်ပါစေ။ တေးရဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ အတူတူစားဖို့ တေးကြိုက်တဲ့ အင်းလျားကန်ပေါင်ကအကြော် ပို့ပေးလိုက်တယ်။ သီချင်း VCD ကလည်း ဒီနေ့မှထွက်တဲ့ တေးကြိုက်တဲ့ ချမ်းချမ်းရဲ့ VCD ပါ။ တေးအတွက် ချမ်းချမ်းက အမှတ်တရ လက်မှတ်ထိုးပေးလိုက်တယ်။

တေးရဲ့

သူမြတ်"



www.burmeseclassic.com

www.burmeseclassic.com



စာအဆုံးတွင် တေးရဲ့ရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားလေသည်။ ကမန်းကတန်းပဲ ဆီချင်းခွေကို ကြည့်လိုက်သောအခါ တကယ်ကိုပဲ တေးအတွက် ဆိုသော စာသားလေးနဲ့အတူ အဆိုတော်၏လက်မှတ်လေးကိုပါ တွေ့လိုက်ရလျှင် တေးသည် ကြည်နူးစိတ်က ဘယ်လိုပျံ့နှံ့မှန်း မသိဘဲ ရင်ထဲသို့ ဝင်ရောက်လာသည်။ ချစ်သူရဲ့ဂရုစိုက်ခြင်းဆိုတာ မိန်းကလေးတစ်ယောက်ကို ဒီလောက်ထိတောင် ပီတိတွေ ဖြစ်စေသလားတော့ မပြောတတ်တော့ပါ။ တေးသည် အခွေလေးကို ရင်ဘတ်ထဲမှာ အပ်ထားရင်း ကြည်နူးပီတိဖြစ်ခြင်းတွေက သွေးကြောထဲကတစ်ဆင့် တစ်ကိုယ်လုံးသို့ လှည့်ပတ်စီးဆင်းသွားသည်။

တေးကြိုက်တတ်တဲ့ ပန်း၊ တေးကြိုက်တဲ့ အစားအသောက်၊ တေးကြိုက်တဲ့ အဆိုတော် ဒါတွေကို သူ ဘယ်လိုလုပ်များ သိထားတာပါလိမ့်။ ဘယ်အချိန်ကများ စုံစမ်းထားပါလိမ့်။ တေးကဖြင့် သူ့ကို အမျိုးမျိုးရစ်နေ ဂျစ်ကျနေချိန်မှာ သူကတော့ တေးရဲ့အကြိုက်တွေကို ဘယ်အချိန်ကများ လေ့လာမှတ်သားထားပါလိမ့်နော်။

တေးက ကြည်နူးစိတ်နှင့်အတူ အကြော်ဘူးကိုယူကာ မမခိုင်တို့ရှိရာဘက်သို့ ထွက်လာခဲ့သည်။ အားလုံးစားကြဖို့ အလယ်မှာ ချပေးလိုက်သောအခါ မမခိုင်က စပ်စုတော့သည်။





"ဟယ် ... အကြော်တွေက ဘယ်သူပို့လိုက်တာလဲ"

"သူပေါ့"

"သူပေါ့ ဆိုတာ ဘယ်သူလဲ။ ရှင့် ကိုကိုလား"

"ဒါပေါ့"

"အမယ်လေး ... သူများရည်းစားတွေများ တော်လိုက်တာ။ အေး ... ကျုပ်တို့ကတော့ အဲလို ပို့ပေးမယ့်သူ မရှိတော့ သူများဟာပဲ ကပ်စားတော့မယ်"

"စားပါ ... စားပါ။ သူကလည်း အားလုံးစားရအောင်လို့ အများကြီး ပို့ပေးလိုက်တာ။ စာထဲမှာတောင် လုပ်ဖော်ကိုင်ဖက်တွေနဲ့ အတူတူ စားရအောင်လို့ ပါသေးတယ် ...

အံမယ် ... ဒါတွေတင် မကသေးဘူးနော်။ တေးကြိုက်တဲ့ အဆိုတော်ရဲ့ ဒီနေ့စထွက်တဲ့ VCD ကိုလည်း လက်မှတ်ထိုးပွဲအထိ သွားဝယ်ပြီး ဦးဦးဖျားဖျား ထည့်ပေးလိုက်သေးတယ် ...

အင်း ... အခုမှ Romantic တွေ လာလုပ်ပြနေတာ"

တေးက ဘူးသီးကြော်တစ်ချောင်းကို ကောက်ဝါးရင်း ဘာမှမဖြစ်သလို ပြောလိုက်သော်လည်း ရင်ထဲမှာတော့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကြွေနေတယ်ဆိုတာ ကိုယ့်ဟာကိုယ်ပဲ သိလေသည်။ တေးတို့ရုံးက ဝန်ထမ်းများဖြစ်ကြသော ချောစုတို့ သဥ္ဇာနိုင်တို့က လည်း တေးရဲ့အနားသို့ ကပ်လာကာ အကြော်လည်းစားရင်း သိလိုသမျှလည်း စပ်စုကြသည်။

"တေးရဲ့တစ်ယောက်ကို တစ်ခါမှ မမြင်ဖူးဘူးနော်၊ ချော လားဟင်"

"အင်း … ချောတယ်လို့ ပြောရင်လည်း ကိုယ့်ငါးချဉ် ကိုယ်ချဉ်တယ် ဖြစ်ဦးမှာနော်"

"ဪ … မဖြစ်ပါဘူး တေးကလည်း။ အံမယ် မမြင်ဖူး ပေမယ့် ကြားတော့ ကြားဖူးသားပါနော်။ တေးရဲ့ကိုကိုက ဆရာဝန် ရုပ်ချော ဉာဏ်ပေါ ဆိုတာ …

အင်း … ခုပုံစံအတိုင်းဆို တေးကိုလည်း တော်တော် ချစ်ပုံပဲ။ ဒါမျိုးက ရင်ဘတ်ထဲမှာ အမြဲထည့်ထားနိုင်မှ ဒါမျိုး ဂရုစိုက်လို့ရတာ …

တို့တော့ ဒီတစ်သက်မှာ ဒီလိုချစ်သူမျိုးလေးတော့ မရနိုင်တော့ဘူးနဲ့ တူပါတယ်။ မသေခင်တော့ အဲဒီလို ချစ်သူလေး တစ်ယောက်လောက်တော့ ရသွားချင်တယ် ဟယ်"



စာရင်းကိုင် သဥ္ဇာနိုင်၏ အပြောကြောင့် စားသောက် နေကြသည့် တစ်ဖွဲ့လုံးက တဟားဟား ရယ်မောမိကြသည်။ ချောစုကတော့ တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် …

"ချောစုကတော့လေ စုံတွဲအမျိုးမျိုး တွေ့ဖူးတယ် သိလား။ တချို့စုံတွဲတွေကတော့ ပုံမှန်ပါပဲ။ တချို့စုံတွဲတွေကတော့ မိန်းကလေးက အရမ်းချုပ်တတ်တာ …

ယောကျ်ားလေးက မီးကိုသေနေတာပဲ။ ဘယ်နေရာ ကိုပဲရောက်ရောက် ဌာနချုပ်ကို အမြဲသတင်းပို့ရတယ်။ ကောင်မလေးကို ချစ်လို့က်တာလည်း ဟုတ်လို့ပဲ။ အဲဒါမျိုးကျ တော့ မိန်းကလေးရဲ့ အရည်အချင်းနဲ့ဆိုင်လား၊ ချုပ်တတ် လို့လား၊ ဒါမှမဟုတ် ယောကျ်ားလေး တကယ်ကိုချစ်တတ် လို့လား။ ဘယ်လိုက်ဲ မသိဘူးနော် …

တေးသီရော ဘယ်လိုထင်ပါ။ တေ သိပဲ ဖြေကြည့် ပါဦး။ တေးသီကို ခုလို သူက အရမ်းဂရုစိုက်တာ တေးသီ တော်လို့လား၊ ဒါမှမဟုတ် သူကကို တေးသီကို အရမ်း ချစ်နေလို့လား"

ချောစုရဲ့မေးခွန်းကို တေးသီသည် ချက်ချင်းမဖြေ နိုင်ချေ။ အဲဒီမေးခွန်းသည် လွယ်မလိုနဲ့ ခက်နေသောကြောင့်ဖြစ်

သည်။ သူမြတ်သည် တေးသံကို ချစ်သည့်ဟုတော့ ခံစားရှုရသည်။ ဒါပေမဲ့ သူမြတ်နဲ့ တေးသီတို့ကြားမှာ အဆင်မပြေမှု ပဋိပက္ခတွေ ဖြစ်ခဲ့တာလည်း တေးသီ အသိဆုံးပင်။ ဒီလို Romantic ဆန်ဆန်ဖြင့် ပြောင်းလဲလာခဲ့တာဟာ တေးက ချုပ်တာတော်လွန်းသောကြောင့်လား။

အဲဒီမေးခွန်းရဲ့အဖြေကို သိသိလျက်နဲ့ တေး မဖြေနိုင်ပါ။

"အင်း ... ပြောရရင်တော့ တေးက ချုပ်တာမကျွမ်းကျင်ပါဘူး။ မချုပ်တတ်လို့တောင် သူနဲ့ ရန်တွေ ဘာတွေဖြစ်သေးတယ် ...

နောက်ကျတော့ သူက ဘာစိတ်ကူးတွေ ပေါက်သွားလဲ မသိဘူး။ တေးကို Susprise တွေလုပ်ပြီး Romantic တွေ ဖြစ်လာတော့တာပဲ"

"ဩော်... ဒါဆို သူက Romantic အကြောင်းကို နားလည်တဲ့သူပေါ့။ ဟုတ်တယ်ဟ။ ချစ်သူနှစ်ယောက်မှာ တစ်ယောက်က Romentic အကြောင်းကို သိနေရင်ပြီးပြီ။အဆင်ပြေတဲ့ နည်းလမ်းကောင်းတွေကို ဖန်တီးနိုင်တယ် ...





ဒီတော့ ချစ်ခရီးလမ်းမှာ အဆင်ပြေချောမွေ့စေတာပေါ့။ ငါ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်ဟ။ တချို့က အချစ်ရဲ့အကြောင်းကို အရမ်းနှော်ကျေပြီး အချစ်ဆိုတဲ့အရာကို ဘယ်လိုပါးပါးနပ်နပ် ကိုင်တွယ်ရမယ် ဆိုတာကို သိတယ်၊ ဆရာကြီးတွေပေါ့ဟာ ...

တချို့ကျတော့ ကိုယ့်ချစ်သူရဲ့စိတ်ကို သိပြီး ကောင်းကောင်း Control လုပ်နိုင်တာ။ တချို့ကျတော့ အချစ်ရဲ့အကြောင်းကိုလည်း နှော်ကျေတယ်။ ကိုယ့်ချစ်သူရဲ့အကြောင်းကိုလည်း နှော်ကျေတယ်။ အဲဒီလိုလူမျိုးနဲ့ သွားတွေ့လို့ သူက ကိုယ်မှကိုယ် တစ်ယောက်တည်းပဲ ဆိုရင်တော့ အရမ်းကို စိတ်ချမ်းသာစရာကောင်းတဲ့ အချစ်မျိုးကို ပိုင်ဆိုင်ရပြီသာမှတ် ...

အဲ ... ဒီလိုမှ မဟုတ်ဘဲ၊ ကိုယ့်တစ်ယောက်တည်း မဟုတ်ဘူး ဆိုရင်တော့ အဲဒီလို အချစ်သမားတွေဟာ အရမ်းကြောက်စရာကောင်းတဲ့သူတွေ ဖြစ်သွားကြရောတဲ့"

"ဘယ်လို မမခိုင်၊ ကြောက်စရာကောင်းတယ် ဟုတ်လား"

ဒီတစ်ခါတော့ အံ့အားတသင့် ဝင်မေးသူမှာ တေးကိုယ်တိုင်ပင် ဖြစ်လေသည်။ မမခိုင်က တေးကို အသာငဲ့ကြည့်ရင်းမှ ခေါင်းတစ်ချက် ဆတ်ပြကာ ...

www.burmeseclassic.com



"ဟုတ်တယ် တေးရဲ့။ သူတို့က Romantic ဇိုကာကို အရမ်းကျွမ်းကျင်တော့ ချစ်သူရည်းစားတွေက စိတ်ချလက်ချနဲ့ နေကြရောလေ ...

ဒါပေမဲ့ အဲဒါဟာ စိတ်ချလက်ချနဲ့ နေစရာမဟုတ်ဘူးဆိုတာ မိန်းကလေးတွေ သတိပြုမိဖို့ လိုတယ်တဲ့။ စာအုပ်ထဲမှာ ရေးထားတာကတော့ ဘယ်လောက်ပဲ စိတ်ချယုံကြည်နေချင်စရာ အနေအထားပဲဖြစ်ဖြစ် သံသယစိတ်တစ်ခုကတော့ရှိကိုရှိရမယ်တဲ့။ ပြောချင်တာတော့ ယောက်ျားတွေကို အကြွင်းမဲ့ မယုံသင့်ဘူးပေါ့"

အဲဒီစကားကြောင့် တေးသည် ကျွေခနဲ ဖြစ်သွားသည်။ သူမြတ်ဟာ စိတ်ချယုံကြည်စရာ အနေအထားလား ဘာလား ဆိုတာ တစ်ခါမှ မဆန်းစစ်ကြည့်ဖူးပါ။ သူ့ပုံစံကတော့ တကယ့်ကို ထူးချွန်ထက်မြက်သည့် ဆရာဝန်ကောင်းတစ်ယောက်ရဲ့ပုံစံ အပြည့်ရှိကာ ကွယ်ရာမှာ ဘာတစ်ခုမှ မဟုတ်တာလုပ်မည့်ပုံမရှိပေ။ ခုဆို ပိုလို့တောင် တေးကို ဂရုစိုက်လာခဲ့သေးသည်။

"ကဲပါ ... တို့ လျှောက်ပြောနေတာနဲ့ တေးတောင် ဖီလင်တွေ ပျက်သွားတော့မယ်။ အိုခေ ... အိုခေ ... စကားကောင်းနေတာနဲ့ ဘရိတ်ခ်တိုင်းမ်တောင် ကုန်တော့မယ် ...



တားကြ ... တားကြ"

မမနိုင်က စကားစကို သူပဲစ,ကာ သူပဲဖြတ်ပြီးနောက် ကော်ဖီကို လက်စသတ်သည့် အနေဖြင့် ကောက်မော့လိုက်သည်။ တေးသည် ဘာမှမပြောနိုင်ဘဲ တစ်ခုခုကို တွေးတောနေမိကာ အကြံထုတ်နေမိသည်။ ဒီတစ်ပတ် ရုံးပိတ်ရက်မှာတော့ သူမြတ်နဲ့ တေး အေးအေးဆေးဆေး တွေ့ဆုံစကားပြောဖို့ လိုအပ်ပြီဟု စဉ်းစားမိလိုက်လေသည်။

✤ ❖ ✤

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

လွန်သည် လက်တွေ့အတန်းများ ပြီးဆုံးသွားသည့်အတွက် ပြန်ဖို့ရာအတွက် ကားပါကင်သို့ ထွက်လာခဲ့သည်။ သူတို့လို နောက်ဆုံးနှစ်ဆေးကျောင်းသား ကျောင်းသူတွေက ဆေးရုံတွေမှာ လက်တွေ့စာလာသင်ရသည် ဖြစ်လေရာ ဒီနေ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ တာဝန်ကျတာဖြစ်သည်။

စာသင်ချိန်ပြီးဆုံး သွားပြီမို့ သူက ဂျူတီကုတ်ကိုချွတ်ကာ နားကြပ်နှင့် လုံးထွေးကိုင်ရင်း ရှပ်အင်္ကျီ၏ကြယ်သီးတစ်လုံးကိုပါ ဖြုတ်ပစ်လိုက်သည်။

သူဟာ ရှပ်အင်္ကျီကို ကြယ်သီးသုံးလုံးလောက်ဖြုတ်ဝတ်လိုက်ရမှ နေသာထိုင်သာ ရှိသူပင်။ လည်ပင်းအစေ့တပ်ဝတ်ရတာလောက် မုန်းတာမရှိတော့။ ကျောင်းတက်တဲ့အချိန်





စာသင်တဲ့အချိန်တွေမှာသာ ဆရာတွေကို လေးစားမှုဖြင့် တပ်ထားခြင်း ဖြစ်သော်လည်း ပြီးတာနဲ့ ကြယ်သီးတွေကို ဖြုတ်ပစ်လိုက်တာပဲ ဖြစ်တော့သည်။ အခုလည်းပဲ သူဟာ ကြယ်သီးကိုဖြုတ်ပြီးတာနှင့် ဟိုဟိုဒီဒီ အကြည့်တို့ ရောက်သွားစဉ်မှာပဲ သူ့မျက်လုံးတွေဟာ တစ်စုံတစ်ယောက်ကို ပြေးမြင်သည်။

(ပြေးမြင်သည်ဆိုတော့ သူ့မျက်လုံးတွေကပဲ မျက်လုံးအိမ်ထဲက ပြေးထွက်ကာ သူမဆီကိုပဲ လှမ်းကြည့်တယ်ဟုတော့ မထင်ကြစေလိုပါ။ မြန်မာစကားတွေကလည်း ရိုးရိုးပြောနေတာတောင် ဝက်ဝုတ္တိအလင်္ကာ မြောက်နေတော့လည်း ...)။

သူ လှမ်းမြင်တာက သူမြတ်၏ ချစ်စွာသော ရည်းစားချော နွေတေးသီကိုပဲ ဖြစ်သည်။ နွေတေးသီသည် ရုတ်တရက် ကြည့်လျှင်တော့ သူထင်ရာ သူလုပ်သည့် ဂျစ်တစ်တစ်မိန်းကလေးတစ်ဦးဟု ထင်ရသော်ငြား စိတ်ထဲရှိသလို နေတတ်သည့် သူမပုံစံကို သူကတော့ သဘောကျသည်။ သူမြတ်ကို ဂျီကျစရာရှိလျှင်ဂျီကျ၊ ပြောချင်သလို ပြောဆိုလျက် ချစ်သူရည်းစားယောကျ်ားလေးတစ်ယောက်ကို ဘယ်လိုကိုင်တွယ်ရမယ်ဆို သိလည်းမသိ၊ စိတ်လည်းမဝင်စားသော စတိုင်လ်ကလည်း တစ်မျိုးတော့ ကောင်းတာပါပဲဟု သူက တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com

လူမှုရေးတွေ သိပ်ထည့်မတွက်သော စိတ်ထဲရှိတဲ့အတိုင်း ပြောဆိုနေထိုင်တတ်သော သူမဟာ ကုမ္ပဏီဝန်ထမ်းတစ်ယောက် ဘယ်လိုမျိုး ဖြစ်လာသလဲဆိုတာတော့ စဉ်းစားစရာဖြစ်နေသည်။ ဒါပေမဲ့ ပုံစံကတော့ အဟုတ်ပဲဖြစ်သည်။ မသိလျှင်ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာလိုလို၊ ကုမ္ပဏီ၏ စီအီးအိုလိုလိုအပေါက်မျိုးဖြစ်သည်။ နဖူးပေါ်မှာ အတိကျနေသော ဆံသီးခြောက်၏အခွံအရောင် ဆံပင်တွေကို နောက်မှာ နောက်တွဲဆံထုံးဆန်ဆန်ပုံဆန်းဆန်းတစ်မျိုး ထုံးဖွဲ့ထားလျက် လည်ပင်းနှင့်အတိ ဖဲသားဆန်ဆန် ဖေဒါရောင် လက်ဖောင်းအင်္ကျီကို မီနီစကတ် အနက်တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားကာ ပြောင်လက်တောက်ပနေသော လေဒီရှူးအနက်တို့ကြောင့် သူမပုံစံက တကယ်ကို စမတ်ဖြစ်နေသည်။

အင်း ... အဝတ်အစားဝတ်ထားတာရော၊ မျက်နှာကို ပြင်ဆင်ခြယ်သထားပုံရောကတော့ ကျွမ်းကျင်အဆင့်မှာရှိသည်။ အချစ်ကို ထိတွေ့ပတ်သက်မှုမှာသာ ကျွမ်းကျင်အဆင့်မရောက်သေးတာ။ မိန်းကလေးတွေဟာ ဖက်ရှင်ကို စိတ်ဝင်စားသလောက်သာ ကိုယ့်ချစ်သူကို စိတ်ဝင်စားရင် ကမ္ဘာကြီးဟာဒီထက် သာယာလှပသွားမည်ဟု သူ ထင်သည်။





"ဟေး ... နေ့တေးသီ"

သူက စိတ်ထဲမှာ သိပ်စဉ်းစားမနေတော့ဘဲ သူမရဲ့နာမည်ကို ခပ်သွက်သွက် အော်ခေါ်လိုက်သည်။ ကားပေါ်တက်တော့မည့် သူမက ခေါ်သံကြောင့် ဟိုဒီဝေ့ဝဲရှာဖွေသည်။ ခဏနေတော့မှ သူ့ကိုမြင်သွားလျှင် ဩော် ... ရှင်ကိုးဟူသော ပုံစံမျိုးဖြင့် ကြည့်သည်။

"ဘယ်ကို လာတာလဲ"

"ဆေးရုံထဲမှာ မြင်တာပဲ။ ဒီကိုလာတာပေါ့"

တွေ့တယ်မှလား။ ဒီကလေးမဟာ စကားပြောရင်ဘယ်တော့မှ ချေချောမောမော မပြောတတ်။ တစ်ဖက်သားကိုနည်းနည်းလောက်တော့ ထေ့လိုက်ရမှ ကျေနပ်တတ်သလား၊ဒါမှမဟုတ် သူမရဲ့စတိုင်လ်ကိုက ဒါပဲလားတော့ မပြောတတ်တော့ချေ။

"ဒီကိုလာတာမှန်းတော့ သိနေတာပဲ။ ဒီထဲမှာပဲ ရပ်နေတဲ့ဥစ္စာ။ ဒါပေမဲ့ လူနာလာမေးတာလား၊ တစ်ယောက်ယောက်နဲ့ တွေ့ဖို့လာတာလား၊ စသဖြင့်ပေါ့"

"ဆရာဝန်ကြီး(xxx)နဲ့ လာတွေ့တာ။ ကုမ္ပဏီကိစ္စနဲ့ပါ၊ရှင်က ဘာလဲ ကျောင်းသားလား"

www.burmeseclassic.com



သူမက သူ့တစ်ကိုယ်လုံးကို ထက်အောက်စုန်ဆန် ကြည့်ကာ ရွဲ့သလိုလို ခနဲ့သလိုလိုဖြင့် မေးတာဖြစ်သည်။ သူက လည်း ဒါမျိုးဆို ပြန်ရွဲ့တတ်သူပီပီ ...

"ဟုတ်တယ်၊ ဘွဲ့လွန်လာတက်နေတာလေ"

"အဟက် ... စိတ်ကူးကလည်း ယဉ်လိုက်တာ"

"နေပါဦး၊ မင်းမှာ ဒီထက် စိတ်ဝင်စားစရာကောင်းတဲ့ Topic မျိုး မရှိတော့ဘူးလား။ မင်းရဲ့ဘဲမှာ ထူးခြားဖြစ်စဉ်တွေ ဘာတွေ မရှိဘူးလား"

သူမက သူ့ကို အဓိပ္ပာယ်ပါသော မျက်ဝန်းများဖြင့် ကြည့်တယ်ဆိုရုံ ဖျတ်ခနဲကြည့်ကာ ...

"ရှင် အခု အားသလား"

"အားပါတယ်၊ အိမ်ပြန်တော့မှာပဲဟာ"

"ဒါဆိုရင် ကျွန်မတို့ အေးအေးဆေးဆေးရှိတဲ့ ဆိုင်တစ်ဆိုင်မှာ ခဏလောက် စကားပြောလို့ ရမလား"

"ရတာပေါ့၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

သူမက ဘာလဲ ... ပြော ဟူသော စိတ်မရှည်သည့် ပုံစံမျိုးဖြင့် သူ့ကိုကြည့်သည်။ ကြည့်စမ်း ... ဒီမိန်းကလေးဟာ ဘယ်နေရာမှာကို စိတ်မရှည်တတ်တဲ့ မိန်းကလေးမျိုးပါလား။





သူမ ပြောချင်တာ ဖြစ်ချင်တာ ပြီးသွားလျှင် တစ်ဖက်သားရဲ့စိတ်ခံစားချက်ကို လှည့်မကြည့်ချင်တော့သော မိန်းကလေးမျိုးဖြစ်သည်။

"မင်း သွားတဲ့ဆိုင်က အေးအေးဆေးဆေး ရှိတဲ့အပြင် အစားအသောက်ပါ ကောင်းဖို့လိုသေးတယ်ကွ။ ကိုယ် အခု ဗိုက်အရမ်းဆာနေတယ်၊ အဲဒါ"

"ပြီးရော ... စမ်းချောင်းက YKKO ဆို ဖြစ်တယ်မဟုတ်လား"

"ဩော် ... ဟိုတစ်ခါက မင်းနဲ့ မင်းသူငယ်ချင်း အတူတူ စားနေတဲ့ဆိုင်ကို သွားလိုက်ရင် ဖြစ်တယ်မဟုတ်လား"

"ဖြစ်တယ် ... ကျွန်မ သွားနှင့်မယ်"

"ကောင်းပါပြီ။ ဩော် ... မင်းက စတင်ဖိတ်ခေါ်တာဆိုတော့ မင်း ကျွေးမှာပေါ့နော်"

သူမက သူ့ကို လေတယ်ဟူသော ပုံစံမျိုးဖြင့် စိတ်ပျက်သလို တစ်ချက်စိုက်ကြည့်ကာ ဘာမှမပြောတော့ဘဲ ချာခနဲ လှည့်ထွက်သွားပြီးနောက် သူမရဲ့ကားပေါ်သို့တက်ပြီး မောင်းထွက်သွားလျှင် သူက အသာပြုံးကာ ခေါင်းယမ်းပြီး ကျန်ရစ်ခဲ့သည်။ ထို့နောက် သိပ်မကြာခင်မှာပဲ သူတို့နှစ်ယောက်သည် YKKO

www.burmeseclassic.com



ကြေးအိုးဆိုင်ရဲ့ အပေါ်ထပ်မှာ မျက်နှာချင်းဆိုင် အနေအထား စကားပြောဖို့ အဆင်သင့် ရှိနေကြသည်။

သူက ကြေးအိုးဆီချက် ပွဲကြီးတစ်ပွဲနှင့် စ ဘယ်ရီတစ်ခွက်ကို အားပါးတရ သုံးဆောင်နေချိန်မှာ သူမက ကော်ဖီတစ်ခွက်နှင့် အေးအေးဆေးဆေးပဲ ရှိနေသည်။ သူ ဗိုက်ထဲသို့ ကြေးအိုးဆီချက်တစ်ပွဲ ရောက်သွားတော့မှ နေသာထိုင် သာရှိသွားလျက် သူမကို စကားပြောဖို့ သတိရသည်။

"အင်း ... မင်း ငါ့ကို ပြောစရာ ရှိတယ်ဆို ... ပြော လေ"

"ရှင် စားလို့ မပြီးသေးလို့ စောင့်နေတာပေါ့။ ကဲ ... အခု ရော ပြီးပြီလား"

"ပြီးပါပြီ။ ဖျော်ရည်သောက်ရင်းနဲ့တော့ စကားပြော ရတယ် မဟုတ်လား"

"ရှင်ကတော့နော်။ ရှင့်ရှေ့မှာ မိန်းကလေးတစ်ယောက် ငုတ်တုတ်ထိုင်နေတာတောင် အေးအေးဆေးဆေး စား သောက်လို့ ဝင်တယ်ပေါ့"

သူက ချိုအီနေသည့် ကြက်ပေါင်းရည်တစ်ဇွန်း ခပ်သောက်လိုက်ရင်းမှ ...





"မိန်းကလေးတစ်ယောက် မဟုတ်ဘူး၊ ဆယ်ယောက်ရှိလည်း စားဝင်တယ်။ ဘယ်သူ့ကို ဂရုစိုက်နေရမှာလဲ"

သူ့စကားကြောင့် သူမက မဲ့ခနဲ တစ်ချက်ဖြစ်သွားသည်။ သူမ ဘာမှမပြောခင်မှာပဲ သူက ဆက်ပြောလိုက်သည်။

"မင်း မြန်မာစကားပုံတစ်ခု မကြားဖူးဘူးလား။ ကြိုက်မရှက် ငတ်မရှက်တဲ့။ ကဲ ... ပြောပါဦး။ မင်း ကိုယ့်ကိုပြောချင်တာ ဘာလဲ"

"ရှင့်သူငယ်ချင်း ပြောင်းလဲလာတာလေ၊ အဲဒါ သွေးရိုးသားရိုးရော ဟုတ်ရဲ့လား"

"ဘာပြောတယ်"

သူက အံ့ဩတကြီး ပြန်မေးလိုက်လျှင် သူမက သူ့ကိုပါ သင်္ကာမကင်းပုံစံဖြင့် ပြန်ကြည့်ကာ ...

"ဟုတ်တယ်လေ၊ ကျွန်မ တွေးမိတာတစ်ခုက အဲ ... ကြားဖူးတာလည်း ပါတာပေါ့။ ယောကျ်ားတွေဟာ မဟုတ်တာလုပ်ရင် သဘောတွေ အရမ်းကောင်းလာတတ်ကြတယ်ဆို"

"နေစမ်းပါဦး၊ သူမြတ်က ဘာတွေသဘောကောင်းလာလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ဂရုတစိုက် ရှိလာတာပေါ့။ သူက အရင်တုန်းက ဒါမျိုးမှ မဟုတ်တာ"

"ဟာ ... မင်းကို ကိုယ် ပြောခဲ့တယ်လေ။ မင်းတို့ နှစ်ယောက်ကြားမှာ လိုအပ်နေတဲ့ Romantic အဖြစ်မျိုးတွေ ရှိလာဖို့ သူမြတ်ကို ကိုယ်ပြောပြမယ်လို့။ ချစ်သူမိန်းကလေးတစ်ယောက်ကို ဘယ်လိုဂရုစိုက်ရမယ် ဆိုတာကို သူ့ကို ကိုယ် ပြောပြခဲ့သားပဲ ...

ဒါကြောင့် သူ ပြောင်းလဲလာတာပေါ့။ ဘာဖြစ်လို့လဲ အဲဒါဟာ ဘာမသင်္ကာစရာရှိလို့လဲ"

သူ့စကားကို သူမက ဘာမှမဖြေသေးဘဲ ကော်ဖီတစ်ငုံ ငုံကာ စိုက်ကြည့်နေသည်။ သူက ရေသနုံတစ်ခွက်ကို ကောက်မော့လိုက်ပြီးမှ ...

"နေပါဦး၊ မင်းက သူများ ကောင်းသောပြောင်းလဲခြင်းနဲ့ ပြောင်းလဲလာတာကိုတော့ သံသယစိတ်နဲ့ အပြစ်မြင်နေတယ် ...

မင်းကျတော့ရော ဘာတွေပြောင်းလဲလာလို့လဲ"

"အောင်မာ ... ကျွန်မက ဘာတွေပြောင်းလဲစရာလိုလို့လဲ"



"ဟာ ... လိုက်တာပေါ့။ မိန်းကလေးတစ်ယောက်နဲ့ ကိုယ့်ချစ်သူ ယောကျ်ားတစ်ယောက် အပေါ်မှာ ကိုယ့်ကို Attrection ရှိလာစေမယ့် နည်းလမ်းတွေ သုံးသင့်တာပဲ။ ဒါမှ အချစ်ဆိုတာ အဓိပ္ပာယ်ရှိပြီး အရောင်တောက်ပလာမှာပေါ့ ...

မင်းအနေနဲ့ရော သူမြတ်ကို ဘာတွေများ စိတ်နှလုံးသာယာရွှင်ပြုံးအောင် လုပ်ပေးဖူးလို့လဲ။ ထစ်ခနဲရှိ စိတ်ကောက်မယ်၊ ရစ်မယ် အမျိုးမျိုးသော သံသယတွေနဲ့ စွပ်စွဲမယ် ဟုတ်တယ်မလား"

"နေစမ်းပါဦး၊ ဒါတွေကို ရှင့်ကို သူမြတ်က ပြောပြထားတာပေါ့၊ ဟုတ်လား"

"ပြောမပြလည်း သိနေတာပဲ။ ကိုယ် မင်းကို စတွေ့ပြီဆိုကတည်းက မင်းရဲ့ဒေါသကို စကြားဖူးတာ။ မိန်းကလေးတစ်ယောက်နဲ့ ဒေါသကြီးတာဟာ ဘယ်လိုမှ မလိုက်ဖက်ပါဘူးကွာ ...

အထူးသဖြင့် မင်းလို မိန်းကလေးတစ်ယောက်အနေနဲ့ ပိုတောင်မလိုက်ဖက်သေးတယ်"

"ကျွန်မက ဘာဖြစ်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... မင်းလို ချောချောလှလှ မိန်းကလေးတစ်ယောက်နဲ့ ဒေါ်သဆိုတဲ့အရာကြီးနဲ့က ဘယ်လိုမှ မလိုက်ဖက်လို့ပေါ့ကွာ"

ဘယ်လောက်ပဲ ရုပ်ဆိုးတဲ့မိန်းမပဲဖြစ်ဖြစ် ချောတယ် လှတယ် ပြောရင် သဘောကျကြသည် ဖြစ်လေရာ လှတဲ့မိန်းမတွေကတော့ ပိုတောင် သဘောကျကြသေးသည်ဟု ထင်သည်။ သူမက သူ့ကို မျက်စောင်းငွေ့ငွေ့ပါသော အကြည့်စူးစူးတစ်ချက်ဖြင့် တုံ့ပြန်ရင်း ကော်ဖီကို ထပ်၍မော့သောက်ပုံထောက် ချောတယ် လှတယ် ပြောတာကို ကျိတ်၍ကြိုက်နေကြောင်း သုံးသပ်ရသည်။

"ဒါနဲ့ မင်းကို တစ်ခုလောက် မေးချင်တယ်။ စိတ်တော့ မဆိုးနဲ့နော်" ဟု

"စိတ်မဆိုးနဲ့နော်လို့ စကားခံကတည်းက စိတ်ဆိုးစရာစကားဆိုတာ သိပြီးသားပဲ။ စိတ်ဆိုးမှန်း သိနေရင်လည်း မေးမနေနဲ့နော်"

သူမက ကလေးတစ်ယောက်လို နှုတ်ခမ်းကို စူထော်ထော်လုပ်၍ ပြောသည်မို့ သူက အထူးအဆန်းဖြစ်ကာ ငေးကြည့်နေရသည်။ ဒီလိုကျတော့လည်း သူမပုံစံက သူ့ကို တရင်းတနှီး





ရှိနေပြန်သည်။ သူမရဲ့စိတ်ရင်းကို သေချာဖတ်ကြည့်မည် ဆိုလျှင်တော့ စိတ်သဘောထားက အဆိုးကြီးမဟုတ်ဘဲ ကလေးဆန်သော အနေအထားမှာရှိကာ စိတ်ထဲရှိသလို နေထိုင်တတ်သော ကောင်မလေးမျိုးပဲ ဖြစ်လိမ့်မည်။

အင်း ... ဒီကောင်မလေးမျိုးဟာ ကောင်းကောင်း ကိုင်တွယ်ထိန်းသိမ်းတတ်ရင် သိပ်ကို ချစ်စရာကောင်းတဲ့ချစ်သူမျိုး ဖြစ်လာနိုင်သည်။ ခက်တာက သူမြတ် ဆိုတဲ့ကောင်မှာ အဲဒီလို အရည်အချင်း မရှိပေ။

"ဒီမှာ ... ရှင် ဘာမေးချင်တာလဲ မေး"

သူက တခြားတစ်ခု စဉ်းစားနေတာကို မမေးရဲတော့ဘူးထင်ပြီး သူမက စတင်လမ်းဖွင့်ပေးတာမို့ သူက သဘောကျစွာဖြင့် ပြုံးလိုက်သေးသည်။

"သြော် ... တခြားတော့ မဟုတ်ပါဘူး။ မင်းက ကုမ္ပဏီဝန်ထမ်းတစ်ယောက်နော်"

"အဲဒါ ဘာဖြစ်လဲ"

"အင်း ... မင်းတို့ ကုမ္ပဏီအလုပ်ဆိုတာ အထက်လူကြီးနဲ့ရော၊ အောက်ကလူတွေနဲ့ရော နောက် ... ကက်စတန်မာတွေနဲ့ရော အဆင်ပြေအောင် ဆက်ဆံရတာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားတောင် မဆုံးသေး။ သူမက လက်တစ်ဖက် ကာပြလျက် ...

"တော်ပြီ ... ဆက်မပြောနဲ့တော့။ ရှင် ဘာကိုဆိုလိုချင်တယ်ဆိုတာ ကျွန်မ သိတယ်။ ကျွန်မလို စိတ်ထဲရှိသလို ပြောဆိုနေထိုင်တတ်တဲ့ မိန်းကလေးဟာ ဒီအလုပ်မှာ အဆင်ပြေပါ့မလား ဆိုတာမှလား ...

ရှင် သိထားဖို့က ကျွန်မက ကိုယ့်အလုပ်ကိုယ် တန်ဖိုးထားတဲ့သူ၊ ကြိုးစားတဲ့သူရှင့်၊ ဒီလိုလူမျိုးဟာ အလုပ်မှာ အဆင်မပြေစရာ ဘာအကြောင်းမှ မရှိဘူး"

"ဒါဆိုလည်း အလုပ်ကို ကြိုးစားသလို အချစ်ရေးမှာလည်း ကြိုးစားလေကွာ"

"အံမာ ... ဘာကို ကြိုးစားရမှာလဲ"

"ဩော် ... ချစ်သူကို ကိုယ်မှကိုယ် စွဲလမ်းသထက် စွဲလမ်းအောင် လုပ်ဖို့ပေါ့"

"တော်စမ်းပါ။ စိတ်မဝင်စားဘူး။ အဲဒီလိုလုပ်မှ ကိုယ့်ကို စွဲလမ်းမယ် ချစ်မယ်ဆိုရင်လည်း နားထားလိုက်တော့ —

ဒီမှာ ကျွန်မ ရှင့်ကို ပြောချင်တာ သူမြတ် ခုလို ပြောင်းလဲလာတာတွေဟာ ကျွန်မကို တကယ်ချစ်တဲ့စိတ်နဲ့ ပြောင်းလဲတာ ဟုတ်,မဟုတ်ဘဲ သိချင်တာ"





"အဲဒါ ကိုယ့်ကို မေးရသလား။ မင်းကိုယ်တိုင် အကဲမဖြတ်နိုင်ဘူးလား"

သူ့စကားက သူမရဲ့အညာကို ထိသွားဟန်တူသည်။ သူ့ကို တစ်ချက်မော့ကြည့်ကာ ဘာမှပြန်မပြောသဖြင့် နည်းနည်းတောင် သနားချင်သလို ဖြစ်သွားသည်။

"ရှင်က သူ့နဲ့ငယ်ငယ်တည်းက ပေါင်းလာတဲ့သူပဲ။ သူ့စိတ်ကို ကျွန်မထက် ပိုသိမယ်လို့ထင်လို့ ပြောတာ ...

ကဲ ... ရှင်ပဲ ပြောကြည့်စမ်းပါ။ ရှင့်သူငယ်ချင်း ကျွန်မကို အရမ်းချစ်သလား၊ မချစ်ဘူးလား၊ ဂရုစိုက်သလား၊ မစိုက်ဘူးလား"

သူမက သူ့မျက်လုံးတွေထဲသို့ တန်ပြန်စိုက်ကြည့်ကာ ထိုးစစ်တွေ ဆင်လာပြန်သည်။ သူသည် အလျှောက်ကောင်းစေဖို့အတွက် စကားလုံးတွေကို အလျင်အမြန် စဉ်းစားရသည်။

"လူတစ်ယောက်နဲ့တစ်ယောက် ချစ်ပုံချင်းက မတူကြဘူး နွေတေးသီရဲ့။ သူမြတ်ကလည်း သူချစ်တတ်သလို မင်းကို ချစ်ခဲ့တာပဲ။ တစ်ခုရှိတာက မင်းတို့နှစ်ယောက် စတွေ့ခဲ့တဲ့အချိန် ရည်းစားဖြစ်နေကြတဲ့ အချိန်တွေမှာ ကိုယ်မရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ။ ဒီတော့ မင်းနဲ့ပတ်သက်တဲ့ သူမြတ်ရဲ့ရင်ခုန်စ အချိန်တွေကို ကိုယ် လိုက်မဖမ်းမိနိုင်ခဲ့ဘူးပေါ့"

"ထားပါတော့လေ။ ရှင့်ကို မေးရတာလည်း ဘာမှအားရ စရာ မကောင်းပါဘူး ...

ကဲ ... ရှင် စားသောက်လို့ ပြီးပြီဆိုရင် ကျွန်မ ပိုက်ဆံရှင်းတော့မယ်"

"နေပါဦး။ မင်းကျွေးတာ စားပြီးတော့မှ မင်းကို စိတ် ကျေနပ်မှုတစ်ခုခုလောက်တော့ ပေးသင့်တယ်လို့ ထင်တယ်။ သူမြတ်အကြောင်း မင်း ဘာသိချင်လဲပြော"

သူက သူမ သိထားသင့်သော အရာတချို့ကို တကယ်ပဲ ပြောပြဖို့ စိတ်ကူးလိုက်သော်လည်း သူမကတော့ စိတ်ပြောင်းသွားဟန်ရှိသည်။ သက်ပြင်းတစ်ချက်ချရင်း ခေါင်းကိုပဲ အသာယမ်းကာ ...

"နေပါစေ၊ ဘာမှ မသိချင်တော့ဘူး။ ဒီအတိုင်းလေးပဲ ကောင်းပါတယ်။ ရှင့်သူငယ်ချင်းကို အရမ်းချစ်တတ်လာတဲ့ လူတစ်ယောက်ဖြစ်အောင် ပြောင်းလဲပေးနိုင်တယ် ဆိုရင် တော့ ရှင့်ကို တကယ်ပဲ ကျေးဇူးတင်မိမှာပါ ...





အိုခေ ... ကျွန်မတို့ သွားကြရအောင်။ ရုံးကို ပြန် ဝင်စရာရှိသေးလို့"

သူက တိတ်ဆိတ်စွာဖြင့် ဘာမှမပြောမိတော့ဘဲ သူမရဲ့မျက်နှာကိုသာ ငေးနေမိတော့သည်။ လက်စသတ်တော့ ဒီကောင်မလေးဟာ သူမြတ်ရဲ့ချစ်ခင်ယုယ ကြင်နာမှုကို လိုလား တောင့်တနေတဲ့ ကောင်မလေးပါလား။ ပြောရလျှင်တော့ ကိုယ့် ချစ်သူထံကကိုပဲ အချစ်ငတ်နေသည့် ကောင်မလေး။

ကောင်မလေးရယ် သူမြတ်ကိုပဲ ငါက အရမ်းချစ် တတ်တဲ့လူဖြစ်အောင် ပြောင်းလဲပေးရမတဲ့လား။ ဖြစ်နိုင်မယ်လို့ မင်း ထင်လို့လား။ ဘယ်လိုပဲဖြစ်စေ သူနဲ့ သူမြတ်တို့ အေးအေး ဆေးဆေး စကားပြောဖို့ လိုအပ်လာပြီဟု ထပ်၍ယူဆလိုက်သည်။

✤ ❖ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"အင်း ... ရပြီ တော်လောက်ပြီ။ မန်ကျည်းအရည်တွေများ သွားပြီး အရမ်းချဉ်သွားရင်လည်း သီးစုံချဉ်ဟင်းက သိပ် စားမကောင်းတော့ဘူး ...

ဒီလောက်မှ အနေတော်ပဲ။ ဆိတ်အချင်းကတော့ စားခါနီးမှပဲ သုပ်မယ်နော်"

"ဟုတ် ... မလေး"

တေးက အိမ်အကူ ကောင်မလေးကို ညွှန်ကြားပြီး နောက် ရေချိုးရန်အတွက် အပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။ ဒီနေ့ စနေ တနင်္ဂနွေမဟုတ်သော အစိုးရရုံးပိတ်ရက် (အခါကြီး ရက်ကြီး) ဖြစ်လေရာ တေးလည်း အားသလို သူမြတ်လည်း အားသဖြင့် အိမ်မှာ ထမင်းစားဖိတ်ထားခြင်းဖြစ်သည်။ သူမြတ်





ကြိုက်သောဟင်းတွေကို မသိသဖြင့် ကောင်းနိုးရာရာတွေသာ စီစဉ်ချက်ပြုတ်ထားခြင်းဖြစ်သည်။

တေးသည် ရုံးဝန်ထမ်းတစ်ယောက်မို့ ချက်ပြုတ်ခြင်း ကို နိစ္စဓူဝ မလုပ်ဖြစ်သော်လည်း မိန်းကလေးတစ်ယောက်အနေနဲ့ တော့ ဝါသနာပါ စိတ်ဝင်စားသည်ဖြစ်လေရာ ရုံးပိတ်ရက်များတွင် စိတ်ကူးပေါက်ရင် ပေါက်သလို မီးဖိုချောင်ထဲဝင်၍ ချက်ပြုတ်လေ့ ရှိသည်။ ဒါကြောင့် သူမြတ်ကိုလည်း တမင်တကာ အစွမ်းပြတာ ဖြစ်သည်။ စေတနာရှိလွန်းတာကြောင့် မဟုတ်ဘဲ တေး ဘယ် လောက်အရည်အချင်းရှိတယ်ဆိုတာကို သူ သိစေချင်တာလည်း ပါသည်။ တေးဟာ ဘယ်ဘက်ကမှ ပြောစရာမရှိသော မိန်းက လေးတစ်ယောက်ဆိုတာ သဘောပေါက်စေချင်၍ဖြစ်သည်။

တေးသည် အဲဒီအတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူလေ့ရှိသူဖြစ်သည်။ တေးရဲ့ရုပ်ရည်ဟာ မြင်သူတကာနှစ် သက်သော ရုပ်ရည်မျိုးဖြစ်ပြီး၊ ဝင်ငွေကောင်းသော အလုပ်အကိုင်၊ ဂုဏ်သရေရှိသော မိဘအသိုက်ဝန်းမှ ပေါက်ဖွားလာသူမို့ တေးကို ဆိုလျှင် ဘယ်လိုသားရှင်မျိုးမဆို ကြည်ဖြူကျေနပ်မယ်ဆိုတာ ယုံကြည်ပြီးသားဖြစ်သည်။ ဒါကြောင့်လည်း တေးရဲ့အသိုက်အဝန်း ၏ အစဉ်အလာအရ အသက်နှစ်ဆယ့်ငါးနှစ်ကို နောက်ဆုံးထား



www.burmeseclassic.com

www.burmeseclassic.com



ကှာ ဂုဏ်သရေရှိ အမျိုးသားကောင်းတစ်ယောက်ယောက်နှင့် လက်ထပ်ထိမ်းမြားကြခြင်းဖြစ်သည်။

မိန်းကလေးတစ်ယောက်မှာ လှပချောမောပြီး ထက်မြက်ထူးချွန်ရုံသာမက အားကိုးယုံကြည်နိုင်လောက်သည့် ခင်ပွန်းကောင်းတစ်ယောက်ကို ပိုင်ဆိုင်ထားမှသာ Perfect ဖြစ်သည်ဟု သတ်မှတ်ထားသော အသိုင်းဝန်းထဲမှာ မွေးဖွားလာခဲ့သူမို့ တေးသည်လည်း ဝမ်းကွဲညီအစ်မများနည်းတူ စိတ်တိုင်းအကျဆုံးဖြစ်မည်ဟု ထင်သော သူမြတ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ရေချိုးပြီးသော တေးသည် သူမြတ် လာမှာဖြစ်တာကြောင့် အိမ်နေရင်း အဝတ်အစားလည်း မဟုတ်သော၊ အပြင်သွားသလောက်လည်း တောက်ပမနေသော Free Style ကိုပဲ ဝတ်စားဆင်ယင်လိုက်သည်။ ပြာလွင်သော ဂျင်း(န်)ကိုတော့ မရှိးစတမ်း နှစ်သက်သူ ဖြစ်လေရာ ဂျင်း(န်)တစ်ထည်နှင့် ဖြူလွလွချည်သားလက်ပြတ် ခါးတိုအကျီလေးကို ဝတ်ဆင်ပြီးသောအခါ ဝတ်စားဆင်ယင်မှု အပိုင်းက ပြီးဆုံးသွားသည်။

နဖူးပေါ်မှာ ညီညီညာ အတိရှိပြီး ကျောလယ်အောက်ထိရှိသော နီညိုရင့်ရောင် ဆံနွယ်အခွေလိပ်တွေကိုတော့ ဒီအတိုင်းပဲ ချထားလိုက်တော့သည်။ အိမ်နေရင်းမို့ နှုတ်ခမ်းနီ... နှုရည်လေးလူးကာ





Two Way လေးရိုက်ပြီး၊ အသားရောင် နှုတ်ခမ်းနီရွဲရွဲလေး ဆိုးပြီးသောအခါ တေးရဲ့မျက်နှာပိုင်း ပြင်ဆင်မှုကလည်း ပြီးဆုံးသွားပြန်သည်။ တေးသည် နာရီကို တစ်ချက်ကြည့်ပြီးနောက် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

သူမြတ်ကို ဆယ့်နှစ်နာရီ ချိန်းထားသည်။ ဆယ့်တစ်နာရီခွဲနေပြီမို့ အသုပ်တွေ ဘာတွေ စတင်သုပ်တော့ဖို့ စိတ်ကူး၍ပင်။ အားလုံးပြီးစီးသလောက် ရှိနေတဲ့အချိန်မှာပဲ ဧည့်သည်ရောက်နေကြောင်း လာပြောသဖြင့် တေးက လက်သုတ်ကာ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ တေး ထင်ထားသလို သူမြတ်ပဲ ဖြစ်ပါသည်။ ဒါပေမဲ့ သူတစ်ယောက်တည်းတော့ မဟုတ်ချေ။ သူ့ရဲ့အချစ်တော် အပေအတေ ဆရာဝန်လောင်း ခါလွန်မိုးပါ ပါသေးလေသည်။ ဟန်မဆောင်တတ်သော တေးသည် သူ့ကို မြင်တာနှင့် မျက်မှောင်က ဖျတ်ခနဲ ကျုံ့သွားသည်။

ဒါကို လှုကဲခတ်တော်သော သင်းကလည်း ချက်ချင်းရိပ်မိသွားဟန်တူသည်။

"ယောကောင် သူမြတ်။ ငါက မင်း ဇွတ်အတင်းခေါ်လို့ လိုက်လာတာနော်၊ ဟိုမှာ ဘာလိုက်နှောင့်ယှက်တာလဲဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ကိုယ်ခေါ်လာတာပါ တေးရဲ့။ တေးရဲ့လက်ရာ ဘယ်လောက်ကောင်းတယ်ဆိုတာ သူ့ကို ကြွားချင်လို့"

သူမြတ်ရဲ့ အဲဒီအပြောကြောင့် တေးက ကျေနပ်သလိုတော့ ဖြစ်သွားသည်။ သူမြတ်က တေးရဲ့လက်ထဲသို့ ဝယ်လာသော သစ်သီးတွေကို ထည့်ပေးရင်း ...

သူမြတ်ရဲ့အဲဒီအပြောကြောင့် တေးက ကျေနပ်သလိုတော့ ဖြစ်သွားသည်။ သူမြတ်က တေးရဲ့လက်ထဲသို့ ဝယ်လာသော သစ်သီးတွေကို ထည့်ပေးရင်း ...

"ကိုယ်တို့သုံးယောက်လည်း အေးအေးဆေးဆေး တစ်ခါမှ မဆုံဖြစ်သေးလို့လေ။ တေး ဖြစ်တယ် မဟုတ်လား"

"သြော် ... အိမ်အထိ ခေါ်လာပြီးမှတော့ နှင်လွှတ်ရမှာလား"

"နှင်လွှတ်ချင်လည်း လွှတ်ပါကွာ။ အပြုံးတစ်ချက်နဲ့တောင် ကြိုဆိုညှိခံချင်တဲ့ပုံ မပေါ်တဲ့အိမ်ကို ထမင်းလာစားရတာ တော်တော်မျက်နှာငယ်စရာ ကောင်းမယ်ဆိုတာ ကြိုသိပြီးသားပါ"

"ဟုတ်သားပဲ တေးကလည်း"





သူမြတ်က တစ်ချက်ဟန့်လိုက်တော့မှသာ တေးက ဟန်ဆောင်ပန်ဆောင်လေး ညှိဖိတ်ခေါ်ဖို့ သတိရတော့သည်။ ဘယ်ဘဝက ရေစက်မှန်းတော့ မသိပါ။ ခါလွန်မိုးကိုဆိုလျှင် တေးသည် စိတ်ဖြောင့်ဖြောင့်နဲ့ကို ဆက်ဆံလို့မရ။ သူ့ပုံစံကို ဆရာဝန်တစ်ယောက်လို့လည်း မမြင်ချေ။ ရန်ဖြစ်ပြီး ကျောင်းထုတ်ခံထားရသော လူတစ်ယောက်ကို သူမြတ်ရဲ့သူငယ်ချင်းတစ်ယောက်အဖြစ် နေရာပေး ဆက်ဆံချင်စိတ်ကို မရှိတာ ဖြစ်လေသည်။

"သူမြတ် ... တေးရဲ့အကြောင်းကိုလည်း သိရဲ့သားနဲ့။ တေးက ဘယ်တုန်းကများ ရွှန်းရွှန်းဝေကြီးတွေ လုပ်ဖူးလို့လဲ။ တေးပုံစံက ဒီအတိုင်းပဲဥစ္စာ"

"သြော် ... ဒါပေမဲ့လည်း နည်းနည်းလေးတော့ လုပ်ဦးမှပေါ့ကွာ"

"ကဲပါ ... ချက်ထားတဲ့ ထမင်းတွေ ဟင်းတွေကလည်း အများကြီးပါ။ တစ်ယောက်ပိုလာလို့လည်း ဘာမှအပန်းမကြီးပါဘူး ...

ထမင်းစားကြစို့ ... ကြွပါရှင့်"



www.burmeseclassic.com

www.burmeseclassic.com



တေးက ခါလွန်မိုးကို တမင်ရွဲ့ပြီး ဖိတ်ခေါ်လိုက်လျှင် သူကလည်း ရိပ်မိစွာဖြင့် ပခုံးတစ်ချက်တွန့်ပြသည်။ အဲဒီနောက် တေးက ဦးဆောင်ပြီး သူတို့နှစ်ယောက်ကို ထမင်းစားခန်းထဲသို့ ခေါ်လာခဲ့သည်။ ဟင်းထ◆အောင် ပြင်ဆင်ထားသော ထမင်း ဝိုင်းကြီးကို သူမြတ်ထံမှ ချီးကျူးစကား ထွက်လာလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း သူမြတ်ကတောင် ဘာမှမပြော ရသေးချေ။ ပါလေရာ ငါးပိချက်က ထပြောသည်။

"ဟား ... ထမင်းဝိုင်းကြီးကတော့ လက်လက်ကို ထလို့ပဲ ဒါတွေက နွေတေးသီရဲ့ လက်ဖြစ်တွေပေါ့၊ ဟုတ်လား"

တေးသည် ခါလွန်မိုးကို မျက်စောင်းတစ်ချက် ထိုး မိတော့လိုဖြစ်ပြီးမှ သိပ်ရင်းနှီးသလို ဖြစ်သွားမှာ စိုးတာကြောင့် အမြန်ထိန်းသိမ်းလိုက်ရသည်။ သူမြတ် ဘာပြောမလဲဟု တစ်ချက် ကြည့်လိုက်လျှင် သူမြတ်က ဟင်းပွဲတွေကို ငုံကြည့်ရင်းမှ ဘာ အဆက်အစပ်မရှိသော စကားကို ပြောသည်။

"အန်ကယ်တို့ အန်တီတို့ရော မတွေ့ပါလား တေး"

"ဪ ... မေမေတို့က ပဲခူးက အလှူတစ်ခုကို ခဏသွား တယ်။ အမျိုးတွေဆီလည်း ဝင်ဦးမှာဆိုတော့ ညနေဘက် လောက်မှပဲ ပြန်ရောက်မယ် ထင်တယ် ...



ကဲ ... စားကြရအောင်လေ။ ဟင်းတွေ အဆင်ပြေရဲ့လား သူမြတ်"

သူမြတ်က ခုံတစ်လုံးမှာ ဝင်ထိုင်ရင်းမှ ဟင်းအမယ်တွေကို ဝေ့ဝဲကြည့်ရှုကာ ...

"ဘာတွေ ချက်ထားတာလဲ။ ဟင်းတွေကတော့ စုံလို့ပဲ"

"စားလေ့စားထရှိတဲ့ ဟင်းမျိုးတွေ မဟုတ်ဘူး။ ဒါက ကြက်သားအုန်းနို့ချက်၊ ဒီဘက်က ဝက်သားနဲ့ သရက်သီးခြောက်နဲ့ ချက်ထားတာ။ အင်း ... ဒါက ခရမ်းသီးကို မီးဖုတ်ပြီး ဆီချက်နဲ့ သုပ်ထားတာပေါ့ ...

ဒါကတော့ ဆိတ်အချင်းကို ခရမ်းချဉ်သီးအစိမ်း၊ ဂေါ်ဖီစိမ်းတို့နဲ့ သုပ်ထားတာ။ အင်း ... ဒါက သီးစုံချဉ်ဟင်းပေါ့၊ ကျန်တာကတော့ ငံပြာရည်ပုစွန်ခြောက်ချက်နဲ့ တို့စရာ အစုံပဲ"

"ဟား ... ဟင်းတွေက အရသာကတော့ ဘယ်လိုနေမယ် မသိဘူး။ ပြောပြတာနဲ့တင် စားချင်စရာ ကောင်းနေပြီ။ သူမြတ်ရေ ... မင်းကောင်းမှုနဲ့ ငါကတော့ ဝါးတီးကောင်းကောင်း မိပြီနဲ့ တူတယ်ဟေ့ ...

နွေတေးသီ ... ဒါ မင်းကိုယ်တိုင်ချက်တဲ့ ဟင်းတွေလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ရှင်က မယုံဘူးဆိုတဲ့ သဘောလား"

"နိုး ... မဟုတ်ပါဘူး။ အဲဒီလို ဆိုလိုတာတော့ မဟုတ်ဘူး။ ဒါပေမဲ့မင်းကိုယ်တိုင် ချက်တာဆိုရင်တော့ တကယ့်ရိုးကျူးစရာ ကောင်းတယ်လို့ ပြောမလို့ပါ ...

ခုခေတ်မှာ ဒီလိုမိန်းကလေးမျိုး ရှားသွားပြီ ... နော်သူမြတ်"

"ဒါပေါ့"

သူမြတ်က ပြုံးစစဖြင့် ထောက်ခံကာ တောက်မျက်စပစ်ပြသည်။ တေးကတော့ သူပြောတဲ့စကားမှို့ ဂရုမစိုက်ဘဲ မျက်နှာကိုသာ တစ်ချက်မဲ့မိသည်။ တကယ်ကိုပါပဲ။ ဒီနေ့လယ်ခင်းကို သူမြတ်နဲ့ တေးတို့ အေးအေးဆေး စကားပြောရင်း ကျော်ဖြတ်သွားဖို့ စိတ်ကူးထားခဲ့တာဖြစ်သည်။ တစ်ခါတလေမှ ဒီလိုအချိန်ကြာကြာ အားလပ်ခွင့်ရသော သူမြတ်နဲ့အတူ နွေးနွေးထွေးထွေးဖြစ်သော အချိန်တစ်ခုကို ဖန်တီးပါမည် ဆိုလေမှ ဒီအမှိုက်ထုပ်က ဘယ်လိုပါလာခဲ့မှန်း မသိချေ။

လကုန်လျှင် တေး နိုင်ငံခြားခရီးစဉ် သွားရတော့မည်။ ဒီအကြောင်းကိုလည်း သူမြတ်ကို ပြောပြဖို့ အစီအစဉ်လည်းပါလေသည်။ ခုတော့ အလိုက်ကန်းဆိုး မသိသော သူတစ်ယောက်



နှင့် တေးတို့နှစ်ယောက်ရဲ့ နေ့လယ်ခင်းဟာ Romantic မဖြစ်နိုင်တော့ပြီ။ ခုလည်း ကြည့်ဦးလေ။

ခုမှရောက်ဖူးသော တေးတို့အိမ်ကို အနှစ်နှစ် အလလက သူ ဝင်ထွက်ဖူးသည့်အိမ်အလား သက်သောင့်သက်သာ အနေအထားနှင့်ရှိကာ ဟင်းတွေကိုတောင် သူ့ဟာသူ ခူးခပ်ထည့်စားနေပြီ။

"ကဲ ... ထမင်းစားဖို့ လာတာဆိုတော့ ဘယ်သူမကျွေးကျွေး စားပြီဗျာ။ ထည့်ပေးမှာလည်း မဟုတ်တဲ့အတွက် ကိုယ့်ဟာကိုယ်ပဲ ထည့်စားပြီ ...

ဟား ... ဝက်သားဟင်းက တယ်ကောင်းပါလား။ ထင်တောင် ထင်မထားဘူး ... ဟင်း ... ဟင်း"

တမင်ပင် အမြင်ကတ်ဖွယ်ကောင်းအောင် လုပ်ပြနေသလား မှတ်ရအောင်ပင် သူက ဝက်သားကို ခက်ရင်းနဲ့ဖဲ့ကာ ပါးစပ်ထဲသို့ ထိုးသွင်းပြီး အရသာခံသော မျက်လုံးများဖြင့် ပြောသေးသည်ကို တေးက စိတ်အချဉ်ပေါက်စွာ ကြည့်နေမိသည်။ ဒါကို သူပြန်ကလည်း ရိပ်မိသောကြောင့် တေးရဲ့လက်ကို တံတောင်နှင့် မသိမသာတွက်သည်။ ဒီတော့မှ တေးက စိတ်ကို လျှော့ထားလိုက်ကာ ...

www.burmeseclassic.com



"သူမြတ် ... ထည့်စားလေ။ ရော့ ... ဒါ ဆိတ်အချင်းသုပ် စားကြည့်"

"ဆိတ်အချင်း ! အင်း ... ဆိတ်အချင်း ဆိုတော့လည်း ဆရာဝန်ဆိုတော့ အချင်းတွေ ဘာတွေ စားရမှာ ..."

သူမြတ်က စားရမှာ တွန့်နေသလိုမျိုးနှင့် ရယ်ကျဲကျဲ လုပ်နေသည်။ ကြည့်ရတာ စားဖူးပုံလည်း မပေါ်တာမို့ ရတ်တရက် လည်း ပါးစပ်ထဲသို့ မထည့်သေးချေ။ ထုံးစံအတိုင်း ပါလေရာ ...ပိချက်ကတော့ ထိုင်နေရာကတောင် ဖျတ်ခနဲထကာ ကိုယ်တို ကိုင်းလျက် ...

"ဟာ ... အဲဒါ ဆိတ်အချင်းသုပ်လား။ ငါက သေအောင် ကြိုက်တာကွ၊ ဆရာဝန်ဆိုတော့ ပိုတောင်ကြိုက်သေးတယ်။ လတ်လတ်ဆတ်ဆတ် မြင်ဖူးထားတာကိုး"

သူ့စကားကြောင့် သူမြတ်က ရှုံ့မဲ့သွားသလောက် တေးကတော့ ပိုပြီးမြင်ပြင်းကတ်သွားသည်။ သူက ဆိတ်အချင်း သုပ် ပန်းကန်ထဲက အသုပ်များကို ဇွန်းနှင့်ခပ်မောက်မောက်နှစ် ဇွန်း ခပ်ယူကာ သူ့ပန်းကန်ထဲသို့ ပုံထည့်သည်။ ပြီးတော့ ပါးစပ်ထဲသို့ အားပါးတရ ထိုးသွင်းလျက် ...

"ဟား ... ကောင်းသကွာ၊ အဲဒီလိုပဲ ပြောလိုက်တော့မယ်_





သိတယ် မဟုတ်လား၊ မန်းတင်ရေးတဲ့ မြို့ပိုင်မောင် ပြုံးချို စာအုပ်ထဲက အညာသားအဘိုးကြီး အမြဲပြောတဲ့ စကားလေ ...

ဟော့ကောင် သူမြတ်။ မင်း ကောင်မလေးက မင်း ကို စားစေချင်လို့ သုပ်ထားတာကွ။ စားကြည့် ... သောက် ရမ်းမိုက်တယ်"

ဘယ်လိုလူမှန်းလဲ မသိပါ။ သူများအိမ်ရောက်နေ အတောင် သတိမှ ရပါလေစ။ တေးရဲ့ချစ်သူ သူမြတ်သည်ပင် ယှျင် သူလောက်ကြီး တလွတ်တလပ် ရှိမနေပေ။ ဟန်ကိုယ့်ဖို့ ဆိုသော စကိုင်လ်အတိုင်း နေတတ်သော တေးအတွက်တော့ သူ့ ပုံစံဟာ မျက်လုံးထဲမှာ Cross ပဲ ဖြစ်တော့သည်။

သူမြတ်နဲ့ နှစ်ယောက်ချင်း ယှဉ်ထားတော့ တေးသည် သူမြတ်ကို ချစ်သူတော်ထားရတာ ကံကောင်းလှချည်ရဲ့ဟု မြင်လာ သည်။ ကြည့်ဦးလေ ပိုက်ဆံရှိတာချင်းအတူတူ (သူမြတ် အပြော အရ သူကတောင် ပိုပိုက်ဆံရှိသေးသည်တဲ့) သူမြတ်ကတော့ တကယ့်ကို Gentel Man ဆရာဝန်ရုပ်ပေါက်ကာ သန့်ပြန့်ဝင်း ထွက်နေသည်။ Duty မရှိတဲ့အချိန်မှာတောင် ဗေဒါရောင် Polo စပို့ရှပ်နှင့် ဂျင်း(န်)ကို သပ်သပ်ရပ်ရပ် ဝတ်ထားကာ အဆင့်



www.burmeseclassic.com

www.burmeseclassic.com



အတန်းရှိသောပုံစံ အပြည့်အဝ ရှိလေသည်။ ခါလွန်မိုး ဆိုတဲ့ လူကတော့ အဲဒီလိုမဟုတ်ပါ။

တေး ကြည့်လို့မရသည့် ဘာအဆင်မှန်း မသိသော ရှုပ်ရှုပ်ထွေးထွေး ဒီဇိုင်းတစ်ခု ပါဝင်သည့် Alter Shirt ကို လည်ပင်းမှာ ကြယ်သီးသုံးလေးလုံး ဖြုတ်ထားကာ ဝတ်ထားသော ဂျင်း(န်)ကလည်း ဖွာရရာများနှင့် ခပ်မွဲမွဲ။ ဆံပင်ပုံစံကလည်း ဘာကုတ်ထားတာမှန်းမသိ၊ မွေးရာပါမှန်း မသိသော Wave အထပ်ထပ်နှင့် နီညိုရောင် ဖွာရာကြဲဖြစ်ကာ နားတစ်ဖက်မှာက စိန်တစ်ပွင့်နားကပ်က ပါသေးသည်။ လည်ပင်းမှာ ဝတ်ထားတာက နိုင်းတူးဖိုက်ဆွဲပြားနှင့် အီတလီပိုးကြိုးဖြစ်ပြီး ဘယ်လက်ညာလက်မှာ ဆရာဝန်နှင့် မလိုက်ဖက်သော ဖန်စီနာရီ၊ ပုတီးလက်ကောက် စသဖြင့် ဘာတွေမှန်းမသိ ဝတ်ဆင်ထားသေးသည်။

သူ့ကိုမြင်လိုက်လျှင် ဘယ်သူကမှ ဆရာဝန်လောင်းတစ်ယောက်ဟု ထင်မည်မဟုတ်ပါ။ သာမန်လူတစ်ယောက်ဟုတောင် မြင်မှာမဟုတ်ချေ။ ပုံစံကိုမြင်တာနှင့် ဘာကိုမှ အလေးအနက်မရှိသော ခပ်ပေါ့ပေါ့ လူတစ်ယောက်၊ ဝေလေလေဟုတစ်ယောက်ဟုသာ ထင်ကြမှာဖြစ်သည်။ ပြောရလျှင်တော့ သူမြတ်ကို ဒီလူနှင့် လုံးဝကို အပေါင်းအသင်း မလုပ်စေချင်ပေ။





"သူမြတ် ထည့်စားလေ။ သိပ်လည်း မစားဘူး။ စားမကောင်းလို့လား"

"မဟုတ်ပါဘူး၊ စားကောင်းပါတယ်"

သူမြတ်က အေးအေးဆေးဆေးစားရင်း ပြန်ဖြေသည်။ ဟိုတစ်ယောက်ကတော့ ထုံးစံအတိုင်း ပလုတ်ပလောင်းစားရင်းမှပဲ စကားဖြတ်ပြောပြန်သည်။

"ဟော့ကောင် သူမြတ်။ မင်း ကောင်မလေးက မင်းကို အားပါးတရ စားစေချင်တာကွ။ မင်းက အလှစားပြနေတော့ သူက အားမလိုအားမရ ဖြစ်နေတာ။ ဟုတ်သားပဲ မင်းကလည်း ချက်တဲ့သူ အားတက်အောင် များများစားပြလိုက်လေ"

"စားပါတယ်ကွာ။ ငါက သိပ်မစားနိုင်တာ မင်းလည်း သိရဲ့သားနဲ့"

"သူမြတ် ! ဆိတ်အချဉ်းသုပ် မစားဘူးလား"

အခုထက်ထိ ထည့်ပေးထားသော အရာမယွင်းသေးသည့် ဆိတ်အချဉ်းသုပ်ကို တေးကကြည့်ကာ မေးလိုက်လျှင် သူမြတ်က ရယ်ကျဲကျဲဖြင့် ...

"ကိုယ်က အဲဒီလို ကလီစာတွေ သိပ်မစားတတ်ဘူး တေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့။ စားကျင့်မရှိလို့ပါ။ တခြားဟင်းတွေ စားပါတယ်။ ကြက်သားဟင်းရော ဝက်သားဟင်းရော ကောင်းတယ်"

"နွေတေးသိက ဆိတ်အချဉ်းသုပ်တွေ မကုန်မှာစိုးလို့နဲ့ တွတယ်။ စိတ်ချ ကိုယ် အားလုံးရှင်းပေးမယ်။ တကယ်ပဲကွာ မင်းကိုတော့ Appreciate လုပ်တယ်။ မင်းချက်တဲ့ ဟင်းတွေက အရမ်းကို စားကောင်းတယ်"

သူ့ပုံစံက တမင်မြှောက်ပြောနေတာမျိုး မဟုတ်ဘဲ တကယ်ကို စားလို့ကောင်းသဖြင့် ချီးကျူးနေတဲ့ပုံစံမျိုး ဆိုတော့လည်း တေးသည် ဘာမှမပြောတော့ဘဲ သူမြတ်ကိုသာ စကားပြောဖို့ ဦးတည်လိုက်သည်။ ဒီပုံစံအတိုင်းဆိုလျှင် ခါလွန်မိုး ရှိနေသောကြောင့် သူမြတ်ကိုလည်း ဒီအိမ်မှာ ကြာကြာရှိမနေစေချင်တော့ပါ။ ထမင်းစားသောက်ပြီး အချိုပွဲတည်းချိန်မှာပဲ တေးက နိုင်ငံခြားခရီးစဉ်အကြောင်းကို စကားစ,လိုက်သည်။

"သူမြတ်ကို တေး ပြောစရာရှိတယ်"

"အင်း ... ပြောလေ"

သူမြတ်က စပျစ်သီးအကြီးကြီးတစ်လုံးကို ဖြုတ်စားရင်းမှ အေးအေးဆေးဆေး ပြောသည်။

"တေး ရှေ့လထဲမှာ နိုင်ငံခြားခရီးစဉ်ရှိတယ်"





သူမြတ်က နည်းနည်းအံ့သြသွားသလိုဖြင့် တေးကို မျက်ခုံးပင့်ကြည့်သည်။ အဲဒီအကြည့်တွေထဲမှာ မေးခွန်းတွေလည်း ပါဝင်နေတာကြောင့် တေးကပဲ အလိုက်တသိဆက်၍ ပြောပေးလိုက်သည်။

"ကုမ္ပဏီကိစ္စပဲလေ၊ ဟိုမှာ WorkShop နှစ်ခုလောက်တက်ဖို့ရှိတယ်၊ စင်ကာပူ၊ ဗန်ကောက်နဲ့ မလေးရှားကတော့ သေချာတယ်။ အင်ဒိုနီးရှားကတော့ သိပ်မသေချာဘူး။ အဲဒါ တစ်လနီးပါးလောက်ကြာမယ့် ခရီးပေါ့"

"အင်း ... ကောင်းပါတယ်။ တေး နိုင်ငံစုံရောက်သွားတာပေါ့။ သွားရမယ့်ဒိတ် အတိအကျရော သိပြီးပြီလား"

"ဟင့်အင်း။ လဆန်းပိုင်းထဲပဲ။ ဒါပေမဲ့ ဒိတ်အတိအကျတော့ မသိသေးဘူး။ လေး,ငါးရက် တစ်ခုခုပဲလေ"

"သူမြတ်တော့ လွမ်းရဦးမှာပေါ့ကွာ"

ဒီစကားက ခါလွန်မိုးထံမှ ထွက်လာပြန်တာ ဖြစ်သည်။ သူမြတ်က ခေါင်းတဆတ်ဆတ်ညိတ်ပြီးနောက် ပြုံးကာ ...

"ကျန်းမာရေးကို ဂရုစိုက်နော် တေး။ အများကြီး သွားကြမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဆယ်ယောက်လောက် ဖြစ်မယ်ထင်တယ်။ အဲဒါ သူမြတ်ကို တေး စိတ်ချမယ်နော်။ တေး မရှိတုန်းမှာ လုပ်ချင်ရာတွေ လျှောက်လုပ်မယ်တော့ မကြံနဲ့"

"ကိုယ်က ဘာလုပ်မှာမို့လို့လဲ တေးရာ"

"ဘယ်သိမလဲ။ ဒါပေမဲ့ သူမြတ်က အဖော်ကောင်းရှင် ငရဲပြည်ထိလည်း သွားလည့်ဦးမှာပဲ မဟုတ်လား"

"ဟား ... ကျွန်တော်က သူ့ကိုတော့ ငရဲပြည်တော့ ခေါ် မသွားပါဘူးဗျာ၊ နတ်ပြည်လောက်တော့ လုပ်ပါ"

ဒီတစ်ခါတော့ တေးက ခါလွန်မိုးကို တည့်တည့်ပဲ စိုက်ကြည့်တော့ကာ ...

"ရှင် သူကို မဖျက်ဆီးနဲ့နော်။ ရှင့်ဟာရှင် ဘယ်လိုပဲနေ နေ သူမြတ်ကိုတော့ ရှင့်ပုံစံဖြစ်အောင် မဆွယ်နဲ့"

"ဟား ... ဘာလိုင်းကြီး ဖွဲ့တယ်ကွာ။ ကိုယ်က မင်းရည်းစားကို ဘာတွေများ ဖျက်ဆီးနေလို့လဲ ...

မင်းကျွေးတဲ့ထမင်းကို စားပြီး မင်းကို ပြောရတာလည်း မကောင်းဘူး။ မင်း စဉ်းစားကြည့်သင့်တယ်။ ကိုယ်နဲ့ သူမြတ်ဆိုတာ ဟိုးငယ်ငယ်လေးတည်းက ပေါင်းလာတာ။ ကိုယ်ဆိုတဲ့ကောင်က ငယ်ငယ်လေးတည်းက





လည်း ဒီပုံစံပဲ။ အေး ... ဒီထက်ဆိုးရင်တောင် ဆိုးဖို့ပဲ ရှိတယ်။ ဒါတောင် မနေ့တစ်နေ့ကမှ မင်းစ,တွေ့ဖူးတဲ့ သူမြတ်ရဲ့ပုံစံက ဒီပုံစံပဲ မဟုတ်လား ...

ပြောင်းလဲချင်တဲ့သူက အစောကြီးတည်းက ပြောင်းလဲပြီးသွားပဲ။ ဒါကို မဖျက်ဆီးနဲ့လို့ လာပြောတာကျတော့ မင်း အိုက်ဒီယာ ဝေးလွန်းတယ်"

သူက အဲဒီစကားကို ကောလိပ်ဂျင်နေဝင်း စကားပြောသလို ဟန်ကျပန်ကျဖြင့် အေးအေးဆေးဆေး ပြောတာဖြစ်သည်။ သူ ပြောနေတာတွေကလည်း ဟုတ်နေသောကြောင့် တေးသည် မျက်လုံးကြီးပြူးကာ ကြည့်နေပြီးနောက် ဘာမှလဲ ပြောနိုင်ပေ။

ဒါပေမဲ့လည်း ဒီလူ့ကိုဆိုလျှင် ဘယ်တော့မှအရှုံးပေးရိုးထုံးစံ မရှိလေရာ အနိုင်မခံဘဲ ပြန်ပြောမိသည်။

"မဆိုင်ပါဘူး။ လူ့စိတ်ဆိုတာ ဒီနေ့နဲ့ မနက်ဖြန်တောင် တူတာမှ မဟုတ်တာ။ ကျောက်သား ကျောက်ဆောင်တွေတောင် တိုက်စားပါများလာရင် ပွန်းပဲ့လာကြသေးတာပဲ ...

လူဆိုတာ ကောင်းတာလုပ်ဖို့ထက် မကောင်းတာ လုပ်ဖို့ကိုပဲ ပိုပြီးခေတ်ကျကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား သူမြတ်။ မင်းက မကောင်းတာလုပ်ဖို့ဆွယ်ရင် ပါမယ့်သူပေါ့"

သူမေးနေတဲ့ပုံစံက တေးကို လှောင်သလို မေးနေတာမို့ ဒေါသကထွက်လာရသည်။ တစ်ခုခု ပြန်ပြောဖို့ ပြင်နေတုန်းမှာပဲ သူမြတ်က စကားဖြတ်ပြောလိုက်တာမို့ တေးမှာ ဘာမှ မပြောသာတော့ချေ။

"တော်ပါတော့ကွာ။ နဂိုကမှ တေးက စိတ်မချဘဲ သံသယတွေနဲ့ ပြည့်နှက်နေပါတယ်ဆိုမှ။ အင်း ... ဒီတ်အတိအကျ မသိရသေးဘူး မဟုတ်လား။" သိရင် ပြောလေ ...

တဲ ... တေး၊ ကိုယ်တို့ ဝင်စရာလေးရှိလို့ ပြန်လိုက်ဦးမယ်၊ ညဘက်မှပဲ ကိုယ် ဖုန်းဆက်လိုက်မယ်"

"ဘယ်ကို ဝင်စရာရှိတာလဲ။ ဒီနေ့ Duty off ဆို"

တေးရဲ့ငြူစူသလို အလိုမကျသလို အပြောကို သူမြတ်က ချော့မော့ဟန်ဖြင့် လက်ဖျားကို တစ်ချက်ဖျစ်ညှစ်ကာ ...

"ဟုတ်တော့ ဟုတ်တယ်လေ။ ဒါပေမဲ့ လွန့်ရဲ့ကိစ္စလေး တစ်ခုကို ကူညီပေးစရာ ရှိလို့ပါ"

"ဟော့ကောင်"





ဟိုတစ်ယောက်ထံမှ ဟန့်သည့်အသံကြီး ထွက်ပေါ်လာလျှင် သူမြတ်က နှစ်သိမ့်သည့်အပြုံးဖြင့် ပြုံးပြကာ ...

"မင်းကလည်း အဲဒီလောက် မကြောက်စမ်းပါနဲ့ကွာ၊ တေးက ပြောတာ ဆိုတာ ဒွဲတွေချည်းပေမယ့် စိတ်ရင်းက ကောင်းပြီး နားလည်မှုက ရှိပါတယ် ...

မင်းကလည်း သူ မကြိုက်တာတွေ သွား,,သွားမစ,နဲ့ပေါ့။ အိုခေ ... တေး။ ကိုယ်တို့ သွားတော့မယ်"

"သွား ... သွား။ ဘာမှန်း မသိဘူး"

"မနွေတေးသီ ... ထမင်းကျွေးတဲ့အတွက် ကျေးဇူးပါပဲ။ ခွင့်ပြုပါဦးနော်"

အဲဒီတစ်ယောက်ကိုတော့ တေးက စကားပြောချင်စိတ်ကို မရှိတော့သဖြင့် လက်ပိုက်ပြီး ရှုတည်တည်ပဲ ကြည့်နေမိတော့သည်။ လာကတည်းကိုက သူမြတ်သည် သူ့ရဲ့ကားနဲ့ လိုက်လာခဲ့တာဖြစ်ပြီး ကားကလည်း လူလိုပင် တစ်စက်လေးမှ အချိုးမပြေချေ။ ပန်းကန်ပြားပျံလိုလို၊ အာကာသယာဉ်တွေလိုလိုဖြင့် မျက်စိနောက်စရာဖြစ်သည်။

"သွားပြီနော် တေး"



www.burmeseclassic.com

www.burmeseclassic.com



သူမြတ်က တေးကို ကိုယ်လေးငုံ့ကိုင်းပြီး လှမ်းနှုတ်ဆက်သည်။ ခါလွန်မိုးကတော့ မျက်မှန်ထုတ်တပ်လျက်တေးကို ပြုံးစစဖြင့် လက်ချောင်းများကို လှုပ်ခတ်ကာ နှုတ်ဆက်သည်။ ပြီးတော့ ဝုန်းဒိုင်းကြဲနေသော တေးဂီတသံကျယ်လောင်စွာဖြင့် တေးတို့ခြံထဲမှ ကားကို တရကြမ်းမောင်းထွက်လို့သွားလေသည်။

တေးသည် အဲဒီမြင်ကွင်းကိုကြည့်ကာ ဘာကိုအလိုမကျဖြစ်မှန်းမသိဖြစ်ပြီး ကျန်ခဲ့တာတော့ သေချာပါသည်။

✤ ❖ ✤





## ၁၂

လွန်သည် စာကျက်ရတာ ငြီးငွေ့လာသောအခါ ခုတင်ပေါ်သို့တက်ပြီး ဘိုင်းခနဲ ပစ်လှဲမိသည်။ မနက်ဖြန်မှာ စာမေးပွဲရှိသည်မို့ သူ စာလုပ်နေရခြင်းဖြစ်သည်။ အရင်ကလည်း သူ ပုံမှန်လုပ်ခဲ့သည်။ စာမေးပွဲနီးတော့ ပိုလုပ်သည်။ အဲဒီအတွက် စာမေးပွဲ ဖြေလိုက်တိုင်း သူ့အမှတ်တွေဟာ အမြဲတမ်းထိပ်ဆုံးမှာ ရှိတာလည်း အဆန်းတော့ မဟုတ်တော့ပြီ။

တကယ်တော့ သူ့ Brain ဟာ အင်မတန်ကောင်းသည်။ သူ စိတ်ဝင်စားသော ကိစ္စတွေမှာ ခဏလေးနဲ့ သဘောပေါက် မှတ်မိတတ်ပြီး သူ သေချာလုပ်တဲ့ အလုပ်တစ်ခုဟာ ဘယ်တော့မှ မလွဲတတ်ချေ။ ပြီးတော့ သူဟာ ပုံစံခွက်ထဲက ဘဝ

www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း မနှစ်သက်တတ်ပါ။ ဆရာဝန်တစ်ယောက်မို့ ဂျူး

တဲမန်းပုံစံ ဝင်နေရမည်ဆိုသော အယူအဆကိုလည်း သူ

လက်မခံချေ။ ဒါကြောင့်လည်း သူ့ပုံစံဟာ အများစံထားသော

နဲ့ ဖြောင့်ဖြောင့်ကြီး လွဲနေတတ်သည်မှာလည်း အဆန်း

မဟုတ်တော့ပြီ။

အပေအတေ ခေတ်ပေါ် အလန်းဒီဇိုင်းဖြင့် နေတတ်

သော သူ့ကို ဘယ်သူကမှ အင်မတန်ဉာဏ်ကောင်းပြီး တော်

သော ဆရာဝန်လောင်းတစ်ယောက်ဟု ထင်ကြမှာ မဟုတ်ချေ

မထင်လည်းပဲ သူက ဂရုမစိုက်။ လူအထင်ကြီးအောင်လည်း

တမင်နေမပြတတ်ပေ။ ဒါကြောင့် သူ့ပုံစံဟာ အများရဲ့မျက်လုံး

ထဲတွင်တော့ Cross ဖြစ်ကောင်း ဖြစ်နိုင်သည်။ သူကတော့ ရေ

တတ်သလို နေတာပဲဖြစ်သည်။

သူက သူမြတ်ကို ရုတ်တရက် သတိရသွားသော

ကြောင့် ချက်ချင်းပဲ ဖုန်းလှမ်းထိုးလိုက်သည်။ ဖုန်းက တော်တော်

ကြာတဲ့အထိ မကိုင်ဘဲ ခဏနေတော့မှ ဖွင့်လိုက်သံကို ကြားလိုက်

ရသည်။

"ဟော့ကောင် ... ယောက်ဖ။ ဘယ်မှာလဲ"



"ဟို ... သူမြတ် သန့်စင်ခန်း ခဏသွားတယ်။ အခုပြော

နေတာ သူမြတ်ရဲ့သူငယ်ချင်းလား။ ခဏနေမှ ပြန်ဆက်ပါ

နော်"

ကြားလိုက်ရသော မိန်းကလေးသံကြောင့် သူက

ကြောင်သွားပြီး ဘာပြောရမှန်းမသိ ဖြစ်နေတုန်းမှာပဲ ဒါပဲနော်

ဟုပြောကာ တစ်ဖက်က ဖုန်းချသွားသည်။ ဒီတော့မှ ဟယ်လို

ဟယ်လို ဆိုသော်လည်း မမီတော့။ ဘယ်လိုဖြစ်တာလဲ ? ? ။

သူ့နားထဲတွင် အခုနက မိန်းကလေးပြောသွားသော စကားသံ

တွေကိုသာ ပဲ့တင်ထပ်ပြီး ကြားနေမိသည်။ သူမြတ်က သန့်စင်

ခန်း ခဏသွားနေတယ်တဲ့။ သွားနေတယ်တဲ့။

သန့်စင်ခန်း ဆိုတာက ဘယ်နေရာက သန့်စင်ခန်း

လဲ။ လက်ကိုင်ဖုန်းဆိုတာ ကိုယ်နဲ့မကွာ ဆောင်ထားတတ်တဲ့

ပစ္စည်းဆိုတော့ သူမြတ်ဟာ ဘယ်မိန်းကလေးတစ်ယောက်ထံမှာ

ဖုန်းကို အပ်ထားခဲ့တာလဲ။ အင်း ... ဒီနေရာမှာသာ မွေတေးသိ

ဆိုရင် ဘယ်လိုနေမှာလဲဆိုတာ သူက သိချင်သွားသေးသည်။

မှတ်မှတ်ရရ သူမြတ်ရဲ့ဖုန်းကို သူမ ဆက်စဉ်မှာ သူက ဖုန်းကိုင်

ခဲ့တုန်းက အကောခံခဲ့ရတာကို ပြန်သတိရသွား၍ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ စွာသလောက် အလုပ်ထဲမှာတော့ ဝန်ထ
ကောင်းတစ်ယောက်၊ ဆက်ဆံရေးကောင်းပုံရသော အဲဒီတ
ယောက်ဟာ နိုင်ငံခြားခရီးစဉ်သွားနေတဲ့ အချိန်မို့သာ တော်တေ
သည်။ သူမြတ် ... သူမြတ်။ ဘာတွေများ ရှုပ်နေပြီလဲ
မပြောတတ်ပေ။ သူက အတွေးနဲ့အတူ ခေါင်းခါယမ်းနေစဉ်
ပဲ သူမြတ်ထံက ဖုန်းက ပြန်ဝင်လာသည်။

သူက မသက်သာစွာဖြင့် ဖုန်းကိုဖွင့်ကိုင်လိုက်သည်

"အင်း ... ပြော သူမြတ်"

"မင်း ဖုန်းဆက်သေးတယ်ဆို"

"မင်း တွေ့တယ် မဟုတ်လား"

"အေး ... တွေ့တယ်လေ၊ ဘာလဲ ... ပြော"

"ဟော့ကောင် ... ဘာမှ ရှုးချင်ယောင် လာဆောင်မနေ
ဖုန်းကိုင်တာ ဘယ်သူလဲပြော"

"ဟား ... မင်းကလည်းကွာ။ မသိရင် ငါ့ဆော်က မေး
တဲ့အတိုင်းပဲ"

"ဟုတ်တယ်လေ။ သူ့ကိုယ်စား မေးပေးတာ။ သူ မရှိတု
သူ့ကိုယ်စား စောင့်ကြည့်ဖို့ ငါ့မှာတာဝန်ရှိတယ်"





"ဟား ... မင်း ဘာဖြစ်သွားတာလဲ။ တေးက မင်းကို
ဒီလောက်နှိပ်ကွပ်ထားတာတောင် မင်းက သူ့ဘက်က
လိုက်ချင်နေတာလား။ သူ့ကို မျက်နှာလုပ်ချင်နေတာလား။
အေးဆေးနေစမ်းပါကွာ"

"ဒီမှာ သူမြတ်။ သူ ငါ့ကို ဘယ်လောက်ပဲ နှိပ်ကွပ်ကွပ်
ငါက မနာဘူးကွ။ ဘာဖြစ်လို့လဲဆိုတော့ ငါက သူထင်တဲ့
အတိုင်းမှ မဟုတ်တာ ...

နောက်ပြီးတော့ ငါက အမှန်တရားဘက်မှာပဲ နေ
တဲ့သူနော်။ ငါ့ကိုပြောတာနဲ့ပဲ သူ့ဘက်က အမှန်တရား
မှာ မနေမယ့်သူ မဟုတ်ဘူး ...

အခုနက ဖုန်းကိုင်တာ ဘယ်သူလဲ"

"ငါ့သူငယ်ချင်းပါကွာ"

သူမြတ်ရဲ့အဖြေစကားကို သူက လျှို့ဝှက်စွာ ပြုံး
လိုက်သည်။ အာရုံခံနိုင်စွမ်းအင်ဆိုတာ ချစ်သူတွေမှ မဟုတ်ဘူး
သူမြတ်ရေ။ သိပ်ရင်းနှီးတဲ့ အတွင်းသိ အစင်းသိ သူငယ်ချင်း
အရင်းကြီးတွေမှာလည်း ရှိတတ်ကြတာပါပဲ။

"သူမြတ် ... မင်း ငါ့ကို မလိမ်စမ်းနဲ့ကွာ၊ မင်း ငါ့ကိုလိမ်
ရင် ဒေါသထွက်တာထက် စိတ်မကောင်းဖြစ်ရတာက ပို
လိမ့်မယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဝါက မင်း လှို့ဝှက်ပြီး လိမ်ရမယ့်သူလား"

သူ့စကားကြောင့် သူမြတ်ထံမှ စကားပြန်မရဘဲ တိတ်ဆိတ်သွားသည်။ တွေဝေဆွံ့အသွားသော သူမြတ်ကို သူက ထပ်၍ပြောလိုက်သည်။

"ဟင် ? သူမြတ်"

"လွန် ... ငါ နောက်မှ မင်းကို အေးဆေးရှင်းပြမယ်ကွာ။ အိုခေ ... ညနေဘက် ဘီယာဆိုင်မှာ မင်းနဲ့ ငါနဲ့ အေးဆေးဆုံရင်း စကားပြောကြတာပေါ့ ...

ခြောက်ခွဲလောက် ဆုံမယ်ကွာ။ တို့ ထိုင်နေကြဆိုင်ပဲ၊ ဟုတ်ပြီနော်"

သူမြတ်ရဲ့ ဟုတ်ပြီနော် ဆိုတာ မဟုတ်ပြီနော်မှန်း သူက သိပ်မကြာခင်ပဲ သိခွင့်ရလိုက်သည်။ သူ့အမေက နာရီကိစ္စတစ်ခုကို အရေးပေါ်သွားမေးဖို့ ဖြစ်လာလေရာ ဒီနေ့ကျမှ ဒရိုင်ဘာကလည်း တိုက်တိုက်ဆိုင်ဆိုင် ခွင့်ယူထားသဖြင့် သူက လိုက်ပို့ပေးဖို့ အကြောင်းဖန်လာသည်။ အဲဒီလို အပြင်သွားစဉ်မှာပဲ သူမြတ်ကို မိန်းကလေးတစ်ယောက်နှင့်အတူ တိုက်ခန်းတစ်ခန်းရှေ့မှာ တွေ့လိုက်ရတာပဲဖြစ်သည်။





ဒီလောက် တိုက်ဆိုင်လွန်းတာကို သူက ယုံတောင် မယုံချင်ပါ။ အဲဒီထက် မယုံချင်တာက သူမြတ်နဲ့ တွဲတွေ့လိုက်ရသော မိန်းကလေးကို သူ သိနေသောကြောင့်ပဲ ဖြစ်လေသည်။ သူမြတ်ရာ ... ဟူသော မချိတင်ခဲ ရေရွတ်မိသံဟာ ပါးစပ်ကတော့ ထွက်မလာဘဲ ရင်ထဲမှာသာ တိုးတိတ်စွာ ထွက်သွားတာဖြစ်သည်။ အဲဒီလိုပြောတော့ သူ့ကို ယောက်ျားအချင်းချင်း ဘာဖြစ်နေတာလဲဟု မေးစရာရှိသည်။

သူ့ဘဝတစ်ခုလုံးရင်းပြီး အနစ်နာခံပေးခဲ့သော အဖြစ်အပျက်တစ်ခုအတွက် သူမြတ် ဘာမှထည့်မစဉ်းစားပေးတော့ဘူးလား မသိချေ။ သူမြတ်ကို သူ ပေါင်းခဲ့စဉ် တစ်လျှောက်လုံးမှာ အထင်မကြီးခဲ့ပေမယ့် အထင်သေးစိတ်ကတော့ ဘယ်တုန်းကမှ မရှိခဲ့ပေ။ လူတွေအမြင်မှာ တမင်တကာ Impression တက်အောင် နေပြခဲ့သော သူမြတ်ရဲ့အတွေးကိုလည်း သူက တစ်စုံတစ်ရာ ဝေဖန်ချက် မပေးခဲ့ပေ။

ဒါပေမဲ့ ဒီတစ်ခါကတော့ ...။ သူက ဆက်မတွေးနိုင်စွာဖြင့် အိမ်ကိုတောင် ဘယ်လိုပြန်ရောက်လာမှန်း မသိပါ။ စာတောင် ဆက်မလုပ်နိုင်ဘဲ အိပ်ရာထက်မှာ ပက်လက်မှောနေသည်။ မှောနေရင်းမှ သူ သတိရသွားမိတာက စင်ကာပူမှာ ရှော

www.burmeseclassic.com



ပင်းထွက်ကောင်းနေမည့် နွေတေးသီကိုပဲ ဖြစ်တော့သည်။ ဗွာတေးသီရေ ... မင်းရဲ့ဘဲအကြောင်းကိုသိရင် မင်းတစ်ယောက် ဘယ်လိုများ ဆုံးဖြတ်ဦးမှာပါလိမ့်ကွာ။

မင်းသည်လည်းပဲ ဆင္ဌမအာရုံရနေသလား မှတ်ရအောင် ရည်းစားအပေါ်မှာ တင်းကျပ်တဲ့ စည်းကမ်းတွေနဲ့ ဘယ်လိုပဲ ထိန်းချုပ် ထိန်းချုပ် ဖောက်ပြန်ချင်တဲ့လူ သစ္စာမရှိတဲ့လူဆိုတာ ရအောင် သစ္စာမဲ့တာပဲဆိုတာ မင်းကို သိလည်းသိစေချင်တယ်။ စိတ်ထိခိုက်မှာစိုးလို့ သိလည်းမသိစေချင်တော့ပါဘူးကွာ။ ခက်တော့လည်း ခက်သည်။ လူတွေဟာ ဘာကြောင့်များအပေါ်ယံအမြင်တွေနဲ့ပဲ လူတစ်ယောက်ကို အကဲဖြတ်ချင်ကြတာလဲဆိုတာတော့ သူလည်း မစဉ်းစားတတ်တော့ချေ။

နွေတေးသီရဲ့အမြင်မှာ သိပ်အထင်ကြီး၍ သိပ်တော်မက်စရာကောင်းသော သူမ၏ချစ်သူဟာ သိပ်ကိုဖောက်ပြန်နေပါသည်ဟု သူမသိမှ သိပါလေစ။ သူမကတော့ သူနဲ့ပေါင်းလျှင် သူမြတ် ပျက်စီးမည်ဟု ထင်သည်။ သူကသာ သူမြတ်နဲ့ပေါင်းပြီး မပျက်စီးအောင် နေ့နေရတယ်ဆိုတာ ဒီကလေးမ မသိခဲ့။ သိအောင်လည်းပဲ သူက ပြောမှာတော့ မဟုတ်ချေ။ သူငယ်ချင်းအပေါ်မှာ စောင့်သိရမည့် စိတ်ဓာတ်ရယ်၊ ယောကျ်ားပီသသည့်





စိတ်ဓာတ်ရယ်ကြောင့် သူဟာ အဲဒီလို အလုပ်တိုတော့ ဘယ်တော့မှ လုပ်လိမ့်မည် မဟုတ်ပေ။

သူသည် စိတ်ဓာတ်ကျစွာ ဘာမှမပြောချင်စွာနဲ့ပဲ သူမြတ်နဲ့ ချိန်းထားရာသို့ ထွက်လာခဲ့ရသည်။ တကယ်ဆိုလျှင် သူမြတ်နဲ့ စကားပြောချင်စိတ်ကို မရှိတော့ပေ။ မင်းသားကတော့ အခြေအနေတွေ ဘာမှမသိဘဲ သူ့ကို ဖော်ရွေစွာရိုက်ဖို့ ကြိုးစားနေရှာပြန်ပင်။

ပြောင်လက်တောက်ပကာ ပုံကျနေသော ဆံပင်နှင့် ညှိပ်ပုံသဏ္ဌာန် ဆွယ်တာအသားရောင်အစင်း၊ စတိုင်လ်ပန်တို့ဖြင့် ဝတ်ကာ လုံးဝ လူကြီးလူကောင်းဆန်ဆန် သားနားနေသည်။ ကျောင်းဂျာကင်တစ်ထည်ဝတ်ကာ ခပ်လေလေပုံစံရှိသော သူ့ပုံစံကိုပင် တစ်ချက် အကဲခတ်ကာ ...

"မင်း တစ်နေကုန် အိမ်ထဲအောင်းနေတာလား။ ပုံစံကြည့်ရတာ သိပ်မလန်းသလိုပဲ"

"အင်း ... ဟုတ်မှာပေါ့".

သူက- စိတ်မပါသလိုဖြေကာ ခုံတစ်ခုံမှာ ပျင်းတိပျင်းရွဲပုံစံဖြင့် ဝင်ထိုင်လိုက်သည်။ သူမြတ်က သူ့ပုံစံကို တစ်ချက် အကဲခတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာထပ်မှာဦးမလဲ။ ငါကတော့ ကြက်တောင်ပံချဉ် စပ်ရယ်၊ နံကင်ရယ်၊ မှိုကန်စွန်းရယ်၊ ထမင်းကြော်တစ်ပွဲ ရယ်၊ ဘီယာနှစ်ဂျားရယ်ပဲ မှာထားတယ်။ ဘာထပ်မှာချင် သေးလဲ"

"ဘာထပ်မှာချင်သေးလဲ ဆိုတော့ မင်းအတွက် အခေါင်း တစ်လုံး ထပ်မှာချင်တယ်"

"ဟာကွာ ... လွန်ကလည်း"

"ဟုတ်တယ် ! ။ မင်း သေသင့်နေပြီပဲ"

"လွန် ... မင်း ဘာဖြစ်နေတာလဲ။ ငါ့မုန်းကို မိန်းကလေး တစ်ယောက်ကိုင်တာနဲ့ပဲ ဒီလောက် တင်းနေစရာ လိုလို့ လား ...

မင်းပါ တောရဲ့ဓာတ်တွေ ကူးသွားပြီနဲ့တူတယ်။ ဘာလဲ ? တစ်လုတ်စားဖူး သူ့ကျေးဇူး လုပ်နေတာ လား"

"ယောကျာ်း ... အဲဒီလောက်တိမ်တဲ့ကိစ္စ မဟုတ်ဘူးဆို တာ ငါ သိတယ်၊ မင်းကို ငါ တစ်ခုပဲမေးမယ်။ မင်း ဘာ လုပ်မှာလဲ ... ပြော"





သူ့စကားကြောင့် သူမြတ်က သူ့ကို အတန်ကြာ စိုက်ကြည့်သည်။ သူ့မျက်လုံးထဲမှာ ဘာတွေရှိနေလဲ၊ ဘာတွေသိ နေလဲ ဟူသော စူးစမ်းသည့် အကြည့်မျိုးမို့ သူက နာခေါင်းထဲမှ လေထွက်ရုံ ဟက်ခနဲ တစ်ချက်ရယ်မိသည်။ သူမြတ်ရာ ... မင်း သောက်တော့ ...။

"လွန် ... မင်း ဘာတွေဖြစ်နေတာလဲ။ မင်းမုံစံကို ငါ လုံးဝနားမလည်တော့ဘူးနော်"

"မင်း နားလည်ပါတယ်ကွာ။ နားမလည်ချင်ယောင် ဆောင် နေတာပါ"

သူက ခပ်အေးအေးပဲ ပြန်ပြောပြီးနောက် လာချပေး သော ဝက်နံကင်တစ်ဖတ်ကို တူနဲ့ညှပ်ကာ အချဉ်နဲ့တို့ပြီးနောက် ပါးစပ်ထဲသို့ ထည့်လိုက်သည်။ နောက် ဘီယာကို တစ်ကျိုက် သောက်လိုက်သည်။ သူမြတ်က ဘာမှမစားသေးဘဲ သူလုပ်တာတွေ ကိုသာ လိုက်ကြည့်နေသည်။

အဲဒီနောက် လာချပေးသော ထမင်းကြော်ကို ပန်း ကန်လုံးတစ်ခုထဲသို့ အနည်းငယ် ခွဲထည့်ကာ သူ စားနေသည် အထိ သူမြတ်က မစားဘဲ ငြိမ်သက်နေတုန်းပဲဖြစ်သည်။

"မင်း ဒီအတိုင်းပဲ ငုတ်တုတ်ထိုင်နေတော့မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"လွှန် ...။ မင်း ဘာတွေ သိထားလို့လဲ။ မင်းကြည့်ရတာ တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင် သိထားတဲ့ပုံစံ ပေါက်နေတယ်။ ဘာတွေကြားပြီး ဘာတွေ သိထားတာလဲ"

အဲဒီလို ရှုးကြောင် မူးကြောင် အတွေးကိုတော့ သူက တဟားဟားပဲ အော်ရယ်ကာ ဂုဏ်ပြုပေးလိုက်သည်။ ပြီးတော့ အပိုင်နိုင်ဆုံး အကြည့်များဖြင့် သူမြတ်ကို စိုက်ကြည့်ကာ_

"သူမြတ် ... မင်း မိန်းကလေးတစ်ယောက်ကို အဲဒီလောက် တောင် ချစ်တယ်ပေါ့ ... ဟုတ်လား။ အဲဒါ မင်းရဲ့အချစ် စစ်ပေါ့။ အဲဒီလောက် ချစ်တတ်တဲ့မင်းကို ငါက ဂုဏ်ပြု ပေးရတော့မှာလား"

"လွှန်"

သူမြတ်က သူ့ကို ထိတ်လန့်တကြား ခေါ်သည်။ သူက သူမြတ်ကို ပြုံးမဲ့မဲ့ဖြင့် စိုက်ကြည့်ကာ ...

"မင်းနဲ့ နှင်းနီတို့ ဘယ်တုန်းက ပြန်တွေ့ကြတာလဲ"

သူ့စကားကြောင့် သူမြတ်၏ မျက်နှာသည် ယောက်ျားတန်မဲ့ သွေးဆုတ်ဖြူရော်သွားသည်ဟု ထင်သည်။ ကယောင်ကတမ်းဟန်ဖြင့် ဘီယာတွေကို တစ်ရှိန်ထိုး မော့သောက် ကာ များသွားသဖြင့် ချွက်ကိုပြန်ချလျှင် ဘာလုပ်ရမှန်းမသိ ဖြစ်



နေပုံရသည်။ သူကတော့ အေးအေးဆေးဆေးပဲမို့ ဘီယာသောက် လိုက် အစား,စားလိုက်ဖြင့် ဒူးတနန့်နန့်ပဲ ရှိနေသည်။

သူမြတ်က မွန်းကျပ်လာဟန်ဖြင့် မျက်နှာကို လက် ဝါးထဲအုပ်ထည့်ကာ၊ ပြီးနောက် ... ခေါင်းမော့ပြီး အသက်ကို ပြင်းပြင်းရှူသည်။ စိတ်တည်ငြိမ်မှုရအောင် လုပ်နေသည့်ပုံစံမို့ သူက နားလည်စွာဖြင့် ကြည့်ပေးနေလိုက်သည်။ ခဏနေတော့မှ သူမြတ်သည် သူ့ကို တည်ငြိမ်စွာ ကြည့်လာကာ ...

"လွှန် ... ငါ မင်းကို တောင်းပန်ပါတယ်ကွာ"

"ငါ မင်းဆီက ကြားချင်တာ၊ အဲဒီစကား မဟုတ်ဘူး။ မင်း ဘာကြောင့် ဒီလိုအဓိပ္ပာယ်မရှိတဲ့ အလုပ်တွေကို လုပ်ခဲ့သလဲ ဆိုတာပဲ သိချင်တာ"

သူမြတ်က ဘာမှပြန်မပြောနိုင်ဘဲ ကျွတ်ခနဲ စုတ် သပ်ကာ ခေါင်းကိုခါယမ်းသည်။ အဲဒီအချိန်မှာ သူမြတ်ရဲ့ဖုန်းက မြည်သံထွက်ပေါ်လာခဲ့သည်။ သူမြတ်က ဖုန်းရဲ့ Display ကို ကြည့်ပြီးနောက် တစ်မျိုးဖြစ်သွားကာ ဖွင့်ကိုင်လိုက်သည်။ သူ ထင်တာ မလွဲဘူးဆိုလျှင် အဲဒီဖုန်းမှာ နွေတေးသီထံက ဖြစ်ဖို့များ သည်။

"ဟယ်လို"

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ရေဒါတော်တော်ကောင်းသည်ဟု ထေ

သည်။ ဘယ်ရောက်နေတာလဲဟု မေးပုံရသောကြောင့် သူမြတ်

မျက်နှာက တွန့်ခနဲဖြစ်သွားသည်။

"အင်း ... အပြင်မှာ၊ ဘယ်ရောက်နေလဲ တေး"

"........."

"မဟုတ်ပါဘူး။ လွန်နဲ့ နှစ်ယောက်တည်းပဲ။ ညစာ

နေကြတာ။ အင်း ... မိုးမချုပ်ပါဘူး။ ကိုးနာရီလောက်

ပြန်ဖြစ်မယ်နဲ့ တူတယ် ...

အာ ... နောက်မကျပါဘူး။ ကိုးနာရီက အစော

ပဲ ရှိသေးတဲ့ဟာ။ တေးကလည်း ...။ အင်း ... ဆယ်နာ

လောက် ဆက်လိုက်ကွာ။ ဆယ်နာရီဆိုရင် ကိုယ် သေချာ

ပေါက် ပြန်ရောက်ပြီ ...

ဟာ ... ဟုတ်ပါတယ်။ မယုံဘူးလား ... ကဲ ...

မယုံရင်လည်း ပြောကွာ။ (သူမြတ်က သူ့ကို အီးမှန်းထား

သော မျက်နှာမျိုးဖြင့် လှမ်းကြည့်ကာ) မင်းနဲ့ တေး

ပြောမယ်တဲ့"

သူက ကြက်ချဉ်စပ်တစ်ဖတ်ကို စားနေရင်းမှ ဟုတ်

လားဟူသော ပုံစံဖြင့် မျက်ခုံးတစ်ချက်ပင့်ကာ ဖုန်းကိုလှမ်းယူ

လိုက်သည်။





"ဟုတ်ကဲ့ ... ပြောပါ"

"ရှင်တို့ ဘယ်မှာလဲ"

လာပြီ ... စလာပြီ။ ကြားလိုက်ရသော အသံဟာ ဘယ်တော့မှ ချိုချိုသာသာ မရှိပေ။ ဒါကြောင့်လည်း သူမြတ်ဆို တဲ့ ကောင်ဟာ အိညက် အိညက်နှင့် ချွဲတတ်သော နင်းနိုနို အနားက မခွာနိုင်ခြင်းပဲ ဖြစ်ပေလိမ့်မည်။

"ဘီယာဆိုင်မှာလေ"

"ဘာပြောတယ်။ အခုနက သူမြတ် ပြောတော့ စားသောက် ဆိုင်မှာဆို။ ဘီယာဆိုင်မှာ ဘာလုပ်နေကြတာလဲ"

အင်မတန်ခွကျသော ဒီလိုမိန်းကလေးမျိုးကို ဒီတစ်ခါ ပဲ တွေ့ဖူးသလို ဘီယာဆိုင်မှာ ဘာလုပ်နေကြတာလဲ ဟူသော မေးခွန်းမျိုးကိုလည်း ဒီတစ်ခါပဲ ကြားဖူးသေးလေသည်။

"ဘီယာဆိုင်မှာပါ ဆိုမှတော့ ဘာလုပ်နေရမှာလဲ။ ဘီယာ ဆိုင်လာပြီး ထုပ်ဆီးတိုးနေရမှာလား။ အစားလည်းစား၊ ဘီယာလည်းသောက်ပေါ့ ...

ပြော ... ဘာပြောချင်တာရှိလဲ"

"ဘာမှမပြောချင်ဘူး။ ရှင်နဲ့ ဟုတ်သလားလို့ မေးကြည့် တာ။ နေစမ်းပါဦး အရင်တုန်းက သူမြတ်က ဒီလိုဘီယာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တွေ ဘာတွေ ထိုင်လေ့ထိုင်ထ မရှိပါဘူး။ ရှင် ခေါ်လာတာ မဟုတ်လား"

"ကြုံကြိုးစည်ရာကွာ။ အရင်တုန်းကလည်း ထိုင်တတ်တယ်။ အခုလည်း ထိုင်တတ်တယ်။ မင်းရည်းစားက ငါ့ ခိုင်းတိုင်း လုပ်မယ့် ငါ ခေါ်တိုင်းလိုက်မယ့် ခပ်ညံ့ညံ့ကောင်မျိုး မဟုတ်တာ။ မင်းထင်တာထက် အများကြီးတော်တယ် သိရဲ့လား"

သူ့စကားကြောင့် သူမြတ်က ခေါင်းထောင်ကာ ကြည့်သည်။ ကြောင့်ကြစိတ်တွေနှင့် ချွေးပြန်ချင်နေသော သူမြတ်၏မျက်နှာကို သူက သနားကရုဏာသက်စွာ ကြည့်လိုက်သည်။

"အဲဒီ တော်တဲ့လူကိုပဲ ရှင်က ဖျက်ဆီးချင်နေတာ မဟုတ်လား"

အဲဒီစကားကြောင့် သူက ဟက်ဟက်ပက်ပက်ကြီး အော်ရယ်မိတော့သည်။ အခုချိန်မှာ သနားစရာ အကောင်းဆုံးကို လက်ညှိုးထိုးပြပါ ဆိုလျှင်တော့ နွေတေးသီကိုပဲ ထိုးပြရမှာ ဖြစ်တော့သည်။

"ရှင် ဘာရယ်နေတာလဲ"





"မဟုတ်ပါဘူး။ မင်း ပြောတာကို သဘောကျလို့ပါ။ အိုခေလေ ... မင်း ဒေါ်လာတွေ အများကြီး ကျနေဦးမယ်။ သူမြတ်နဲ့ ပြောလိုက်ဦး"

သူက သူမြတ်ထံ ဖုန်းကိုပြန်ပေးလိုက်သည်။ သူမြတ်နဲ့ သူမ ဖုန်းပြောပြီးသောအခါ ထပ်ဆက်ဦးမယ်၊ စောစောပြန်ဆိုတဲ့ သတိပေးသံနဲ့အတူ သူမက ဖုန်းချသွားသည်။ မွန်းကျပ်နေဟန်တူသော သူမြတ်ကို သူက မသက်သာစွာဖြင့် ကြည့်လိုက်ပြီးမှ အေးအေးဆေးဆေးပဲ မေးလိုက်သည်။

"မင်း ဘာလုပ်မှာလဲ သူမြတ်"

"အဲဒီမေးခွန်းကို လွန်ခဲ့တဲ့ နှစ်လလောက်တည်းက ငါ ကိုယ်ငါ ပြန်မေးခဲ့တာ။ နေ့တိုင်းလိုလို ကိုယ့်ကိုယ်ကိုယ် ပြန်မေးခဲ့တာပဲ ...

ဒါပေမဲ့ ငါ့မှာ အဖြေမရှိခဲ့ဘူး သူငယ်ချင်း"

သူက ဘာမှပြန်မပြောမိဘဲ သူမြတ်ရဲ့မျက်နှာကို ငေးကြည့်နေမိသည်။ သူမြတ် ကြည့်ရတာ ဒီနေ့တော့ သူ့ကို ဖွင့်ဟတော့မည်ထင်သည်။ အင်းလေ ... ရည်းစားတစ်ယောက်နဲ့ မိဘသဘောကျသည့် ချစ်သူကြားမှာ ညှပ်နေသော ယောက်ျားတစ်ယောက်အနေနှင့် ဒီလိုကိစ္စမျိုးမှာ သူက ဘာရှည်မျိုးသိပ်ထားမှာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



အခုလို သူက လမ်းဖွင့်ပေးထားတော့ ဘယ်ကနေ ဘယ်လိုစပြီး အသိပေးရမယ်မှန်း မသိသော သူမြတ် အတွေး သဘောတောင် ကျပေဦးတော့မည်။

"ငါ ဘာလုပ်ရမှန်း မသိဘူး ဖြစ်နေတယ်"

"မင်း လုံးဝသောက်ဦးနှောက်မရှိတဲ့ကောင်ပဲ သူမြတ်"

သူ့ရဲ့ပျစ်ပျစ်နှစ်နှစ် အပြောကို သူမြတ်က နာ မရှိပါ။ ပြောရလျှင်တော့ ဒီထက်ပိုစွာ မျက်ခွက်တွေကို စုတ်ပြဲ နေအောင် ပိတ်ထိုးလည်း နာမှာမဟုတ်ချေ။ အဘယ်ကြောင့် သော် သူမြတ် အပေါ်မှာ သူ ဘယ်လိုကောင်းခဲ့တယ်ဆို ဒီကောင် အသိဆုံးပဲဖြစ်သည်။ ဒီကမ္ဘာကြီးပေါ်မှာ အဲဒီကိစ္စ သူနဲ့ သူမြတ်ကလွဲ၍ ဘယ်သူမှ မသိနိုင်ပေ။

"မင်း ငါ့ကို ဆွဲထိုးချင်နေတယ်ဆိုတာ သိပါတယ်ကွ ထိုးချင်လည်း ထိုးလိုက်စမ်းပါ။ ဒါပေမဲ့ ဒီကမ္ဘာကြီးပေါ် မှာ ငါ့အပေါ် နားလည်အပေးနိုင်ဆုံးလူက မင်းတစ်ယော တည်းပဲ ရှိတာပါ ...

Please, ငါ့ကို ကူညီပါဦး လွန်ရာ"

"မင်း နိုင်မယ်ထင်လို့ က,ထားတဲ့ ဖာတ်ပဲ မဟုတ်လာ ငါ ဘာပါစရာလိုလို့လဲ"





"မဟုတ်ဘူး သူမြတ်။ ငါ ဒီလောက်ထိ မရည်ရွယ်ခဲ့ဘူး။ နှင်းနီနဲ့ ငါ ပြန်တွေ့တဲ့အချိန်က မင်းနဲ့မတွေ့ခင် တစ်လ လောက် အလိုမှာပဲ။ ပထမတော့ ဒီလိုပါပဲကွာ။ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ။ မင်းစိတ်ကို မင်း မနိုင်ဘူးမဟုတ် လား။ မင်းယောကျ်ား မဟုတ်ဘူးလားကွာ။ မင်းဘဝ အတွက် နွေတေးသီကို ပြတ်ပြတ်သားသား ရွေးချယ်ပြီးပြီ ပဲ။ မင်းအမေ သဘောတူတယ် ဆိုပေမယ့် မင်းကိုယ်တိုင် လည်း သဘောကျလို့ လက်ခံခဲ့တာပဲ မဟုတ်လား ...

အားလုံး အဆင်ပြေနေတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ဘာဖြစ်လို့ ရှုပ်ကုန်အောင် လုပ်ချင်ရတာလဲကွာ။ ခုတော့ မဆိုင်တဲ့သူတွေ ဒုက္ခရောက်မယ်။

အေး ... မဆိုင်တဲ့သူ ဆိုတာလည်း မင်းနဲ့ နှင်းနီနီ က ဘာမှဒုက္ခရောက်စရာ အကြောင်းမရှိဘူး။ မင်းတို့ ကြောင့် ကြားထဲက နွေတေးသီက ဒုက္ခရောက်မှာ ...

မင်း ဘာဖြစ်လို့ သူများသားသမီးကို ဒုက္ခပေးချင် ရတာလဲ"

သူ့စကားကြောင့် သူမြတ်က သက်ပြင်းတစ်ချက် ကာ ခေါင်းကိုဖြည်းဖြည်းချင်း ခါယမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒုက္ခပေးတာ မဟုတ်ပါဘူးကွာ။ တေးကိုလည်း ငါ သံယောဇဉ်ရှိပါတယ်။ ဒါပေမဲ့ နှင်းနီနဲ့ ငါ့ရဲ့ပတ်သက်မှုကိုလည်း မင်း သိတာပဲ ...

နှင်းနီနဲ့ ငါ့ကြားထဲမှာ ဖြတ်မရတဲ့ကြိုးတွေ အများကြီးရှိတယ်။ ချည်ထားခဲ့တဲ့ကြိုးတွေ အများကြီးရှိတယ်။ သူ့ကို ငါ သနားတယ်ကွာ"

"ဩော် ... နွေတေးသီကတော့ သနားစရာ မကောင်းဘူးပေါ့"

"တေးဘဝက နှင်းနီရဲ့ဘဝထက်စာရင် အများကြီးမြင့်မားပြီး ပြည့်စုံပါတယ်ကွာ။ တေးက သူ့ကိုယ်ပိုင်အရည်အချင်းအရလည်း တကယ်တော်တဲ့မိန်းကလေးတစ်ယောက်ပါ ...

ငါ့ကိုချစ်တာကလွဲရင် သူ့မှာ ဘာအပြစ်မှ ကြီးကြီးမားမား ထောက်ပြစရာ မရှိပါဘူး"

"ဘာလဲ ... သူ ချစ်တာတွေ များလွန်းလို့ မင်းက နှင်းနီဆီ ပြန်သွားရတာပါဆိုတဲ့ ဆင်ခြေမျိုး ပေးဦးမလို့လား"

"မဟုတ်ပါဘူး ... မဆိုင်ပါဘူး။ ဒါပေမဲ့ကွာ ဘယ်လိုပြောရမလဲ။ သူမြတ် ... မင်းက အချစ်ဆိုတာကို တကယ်တွေ့တွေ့ဆိုင်ဆိုင် မခံစားဖူးတော့ ပြောရတာ ခက်တယ်"



"သွားသေလိုက်စမ်းပါကွာ။ အချစ်ကို တွေ့တွေ့ဆိုင်ဆိုင် ခံစားဖူးတဲ့ မင်းက ဘာဖြစ်လို့ နွေတေးသီကို Propose လုပ်သလဲ ...

မင်းမိဘက သဘောတူတယ် ကြည်ဖြူတယ် ဆိုပေမယ့် မင်းကိုယ်တိုင် Propose လုပ်လို့၊ အဖြေတောင်းလို့ မင်း ရည်းစားဖြစ်လာတဲ့သူပါ။ သူ့အပေါ်မှာ သူနဲ့ရည်းစားဖြစ်ရတဲ့အပေါ်မှာ မင်း လုံးဝမသာယာပါဘူးလို့ အာမခံနိုင်လား"

သူမြတ် ပြန်မဖြေချေ။ တိတ်ဆိတ်နေသည်။ သူက တောက်တစ်ချက်ကို ခပ်တိုးတိုး ခေါက်လိုက်ရင်း ...

"မင်းကွာ ... မင်း လုံးဝမမိုက်ဘူး သူမြတ်။ အခု ဒီကိစ္စကို မင်း ဘယ်လိုဆက်လုပ်မှာလဲ ... ပြော ...

မင်း အမိက စဉ်းစားပေးရမှာ နွေတေးသီ အတွက်ပဲနော်"

"အခု လောလောဆယ်တော့ ဒီအတိုင်းပဲ အလိုက်သင့်ခဏနေဦးမလားလို့ပဲလားကွာ။ ငါ နှင်းနီကို ဖျောင်းဖျမှာပါ။ နှင်းနီနဲ့ ငါနဲ့က ဘယ်လိုမှ မဖြစ်နိုင်ဘူး ဆိုတာလည်း မင်း သိတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အရှုံးကောင်း။ ငါ သိတာက ဘာလုပ်ရမှာလဲ။ မင်း သိဖို့က အရေးကြီးတာ။ မင်း သိသိကြီးနဲ့ မိုက်ခဲ့တာပဲ မဟုတ်လား ...

တော်ပြီကွာ၊ မင်းကို ငါ ရေလည် ဓာတ်ပျက်တယ်။ ဘာမှလဲ ပြောချင်စိတ် မရှိတော့ဘူး။ မင်းဓာတ် မင်းနိုင်အောင်ကတော့။ တစ်ချိန်ချိန်မှာတော့ မင်း စိုက်ပျိုးခဲ့တဲ့ အသီးအပွင့်ကို မင်းကိုယ်တိုင် ဆွတ်ခူးရမှာပဲ ...

အေး ... မင်းကြောင့် သူများသားသမီး စိတ်မဆင်းရဲရအောင်တော့ ဂရုစိုက်ပေါ့ကွာ။ အသက်သာဆုံး အခြေအနေတစ်ခုဖြစ်အောင် မင်းဘက်က ပါးပါးနပ်နပ်နဲ့ ကိုင်တွယ်ပေါ့။ ဒါပဲ ငါ ပြောချင်တယ် ...

ငါကတော့ မင်းကို ဘာမှထပ်ပြောမှာ မဟုတ်တော့ဘူး"

သူက စကားဆုံးတာနှင့် ဝီတ်တာကို ဘောလ်ရှင်းဖို့ ခေါ်လိုက်သည်။ သူ ရှင်းဖို့ပြင်သောအခါ သူမြတ်က အရှင်းမခံချေ။ သူကလည်း ဇွတ်လုပြီး မရှင်းချင်တော့။ သူမြတ်ကို သူ တော်တော်ကြီးလည်း အံ့ဩကာ တော်တော်ကြီးလည်း စိတ်ကုန်စိတ်ပျက်ရသည်။ ဒီကြားထဲမှာ တော်တော်ကြီးလည်း သနားမိတာကတော့ အဝေးရောက်နေသူ နွေဦးသီကိုပဲ ဖြစ်တော့သည်။





ယောက်ျားလေးတစ်ယောက်ကို အပေါ်ယံ အသွင်အပြင်ကိုပဲကြည့်ပြီး ဆုံးဖြတ်တတ်တဲ့ နွေဦးသီရေ၊ မင်းရည်းစားဟာ ဘယ်လိုလူမျိုးလဲဆိုတာ သိများ သိသွားခဲ့ရင် အဲဒီနေ့ကို ငါ တကယ်ပဲ မတွေးမိဝံ့ပါလားကွာ။

✤ ❖ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"ဟယ် … ငါ့သူငယ်ချင်းက မီးဝင်နေတဲ့ (၄၅)ရက်၊ အဲလေ … ဟုတ်ပေါင်၊ နိုင်ငံခြားသွားတဲ့ (၄၅)ရက်အတွင်း မတရားကို ချောလာတာပဲ …

ဘာလဲ … ဒါက ဟိုက Latest ဒီဇိုင်းလား"

ခတ္တာက တေး ဝတ်ထားသော အနက်ရောင် Guess ကိုယ်ကျပ်တီရှပ်နှင့် ချယ်ရီရောင်ရင့်ရင့် ချည်သားဘောင်းဘီ ပေါင်လယ်တိုလေးကို ကြည့်ကာ မေးလိုက်ခြင်းဖြစ်သည်။ တေး နိုင်ငံခြားသွားတာ လေးဆယ့်ငါးရက် အတိမို့လည်း သူက မခံချင်အောင် စ,ခြင်းဖြစ်သည်။ ဒါပေမဲ့လည်း ပါလာသော လက်ဆောင်တွေကြောင့် ချက်ချင်း ပြန်ဖားရပုံကို တေးက မျက်စောင်းတစ်ချက်ထိုးကာ …



"လာလုပ်မနေနဲ့ မိန်းမ။ ရေမွှေး၊ အိတ်နဲ့ အင်္ကျီတွေ အမှိုက်ပုံးထဲ ရောက်သွားမယ်။ ဟင်း …"

"နောက်တာပါဟာ နင်ကလည်း။ ဘယ်လိုလဲ တော်တော်မှ စုံခဲ့ရဲ့လား"

"စုံခဲ့ပါ့။ ပါသွားတာတွေ အားလုံးလည်း တက်တက်ပြောင်။ ပါတာတွေ အားလုံးကုန်ပဲ။ ခရစ္စမတ်နဲ့ နယူးရီးယား လျှော့ဈေးတွေနဲ့တွေ့တော့ ဘာပြောကောင်းမလဲဟာ။ ဟိုဟာလေးလည်း တန်ပါတယ်လေ၊ ဒါလေးလည်း တန်ပါတယ်လေနဲ့ အိတ်တွေလည်း သုံးလုံးဖြစ်သွားတယ်ဟေ့"

"ဖြစ်ရမယ်။ အေးပါ … ငါ့ဖို့တောင် လက်ဆောင်တွေ အများကြီးပါတဲ့ နင်က နင့်အတွက်ဆိုရင်တော့ ပြောမနေနဲ့တော့။ ယုံပါတယ် …

ဟဲ့ … နင့်ဘဲဘဲအတွက်ရော ဘာတွေဝယ်ခဲ့သေးလဲ"

"အင်း … သူ့ဖို့က သူကြိုက်တတ်တဲ့ စပို့ရှပ်တွေပဲ ဝယ်ခဲ့တာ။ သိတယ်မဟုတ်လား။ သူက နုနုရွရွနဲ့ ဂျင်းတဲမန်း စတိုင်လ် စပို့ရှပ်တွေပဲ ဝတ်တာဆိုတော့ အဲဒါမျိုးတွေပဲ ဝယ်ခဲ့တာ များတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင့်အချစ်တော်ကြီးအတွက်ရော၊ ယောင်ယမ်းပြီး ဘာလေးညာလေး မဝယ်ခဲ့ဘူးလား"

တေးသည် မဗ္ဗာရဲ့စကားကြောင့် စိတ်ထဲမှာ ဖျတ်ခနဲပဲ ခါလွန်မိုးဆိုတဲ့ အပေအတေ ဆရာဝန်လောင်းတစ်ယောက်ကို သတိရသွားသည်။ ဘာကြောင့်မှန်းတော့မသိ။ သူ့ကို စိတ်ထဲမှာ သိပ်ပြီး နှစ်နှစ်သက်သက် မရှိလှပေမယ့်လည်း သူမြတ်ကို သတိရသွားတာနဲ့ထပ်တူ သူကပါ ဦးနှောက်ထဲသို့ ရောက်လာတာလည်း ဆိုးလှသည်။ သူနဲ့တေးဟာ မိတ်ဆွေတွေဟုပဲ ပြောရမလား အသိတွေဟုပဲ ပြောရမလား ဘယ်လိုတောင် သတ်မှတ်ရမှန်း မသိတော့ချေ။

ရင်းနှီးတာလည်း မဟုတ်ဘူးဆိုလျှင် မရင်းနှီးဘူးဟုပဲ ပြောရမလား၊ မရင်းနှီးရအောင်ကလည်း တေးက သူ့ကို စကားတွေများစွာ ပြောခဲ့ဖူးသေးသည်။ အရှိကို အရှိအတိုင်း ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ သူနဲ့တေးဟာ မတည့်ဘဲနဲ့ကို ရင်းနှီးနေသည်ဟု ပြောရမှာဖြစ်သည်။ ရန်သူတွေလိုပေါ့။ မနှစ်မြို့ပေမယ့် စိတ်ထဲမှာတော့ အမြဲရှိနေတတ်တာပဲ မဟုတ်လား။

"အင်း ... ငါ သွားတာ သူသိနေတာပဲ။ တစ်ခုခု မပေးဘူးဆိုရင်တော့ မကောင်းဘူးနဲ့ တူတယ်နော်။ အနည်းဆုံး ဆန်တိုဆာအရုပ်ပါတဲ့ ကီးချိန်းလေး ဖြစ်ဖြစ်ပေါ့"





တေးရဲ့စကားကို ခဗ္ဗာက ရယ်ချင်သော မျက်စောင်းတစ်ချက်ထိုးသည်။ ဘာရယ်မဟုတ်ဘဲ ကိုယ်လည်း ဆွတ်နေကြမဟုတ်သော For Men ရေမွှေးတစ်ပုလင်းကို မျက်လုံးထဲပြေးမြင်ကာ ဝယ်လာမိတာဟာ ဘယ်သူ့အတွက်လဲ ဆိုတာတော့ တေးကိုယ်တိုင်ပင်လျှင် မသိပေ။ သေချာတာတော့ သူမြတ်အတွက်မဟုတ်ချေ။ သူမြတ် ကြိုက်သော ရေမွှေးကလည်း သပ်သပ်ဝယ်ပြီးသားဖြစ်၏။ အနံ့လည်းကောင်းသော ဘယ်သူ့အတွက်ရယ်လို့လည်း မရည်ရွယ်သော ရေမွှေးတစ်ပုလင်းဟာ ဘယ်သူ့အတွက်များ ဖြစ်နိုင်မလဲ။

"ငါမှာ ဘယ်သူဘယ်ဝါအတွက်ရယ်လို့ မရည်ရွယ်ဘဲ ဝယ်လာတဲ့ ရေမွှေးတစ်ပုလင်းတော့ ရှိတယ်။ သင်းက သိတဲ့အတိုင်းပဲ အားနာတတ်တာ မဟုတ်ဘူး၊ စင်ကာပူပြန်လက်ဆောင် ဘာပါလဲဆိုပြီး ဖွတ်တောင်းရင် တောင်းနေမှာ၊ အဲဒီကျ ပေးရမှာပဲ"

"အင်း ... ပေးလိုက်ပါဟာ။ နင်ကသာ အမြင်ကတ်နေတာ ငါ့စိတ်ထဲမှာတော့ သူ့ကို ခင်နေတယ်။ သူ့ကြည့်ရတာ ဂျစ်ပစီမိုးတိမ်ဒီဇိုင်းနဲ့ ခင်မို့ကောင်းပါတယ်။ ဆရာဝန်ဆိုပြီး ဆရာဝန်ဒီဇိုင်း လုံးဝမပေါက်တာလည်း မိုက်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားလေး ဘာလေး မရှိဘူးလား မသိဘူးနော်

ဟဲ ... ဟဲ"

"မိန်းမ ... နင်က ရင်ခုန်နေတာလား"

"သြော် ... ခုန်မယ်ဆိုလည်း ခုန်လို့ရတဲ့ အနေအထားပဲ

ဒီနိုင်းလည်းအလန်၊ လူကလည်း ဆရာဝန်၊ ဘာလိုသေး

အချစ်ရယ်ပဲ"

"ဆရာဝန် မဖြစ်သေးပါဘူးဟာ။ အမှတ်တွေ ပေးထား

လည်း ရှော့ဦး"

"အံမလေး ... ခုပဲ Final Part(I) ပြီးတော့မယ့်ဟာ၊ ဟဲ့

သူက စာအရမ်းတော်တဲ့သူနော်။ စာတော်တယ်ဆိုတာ

စာကျပိုးလုပ်နေလို့ မဟုတ်ဘူး။ သူ့ Brain ကိုက အရမ်း

ကောင်းတာတဲ့။ English လည်း အရမ်းကောင်းတယ်ဆို

ပဲ ...

တော်ရုံ စာမေးပွဲလောက်ကတော့ ပျင်းတယ်ဆိုပဲ"

"နင်က ဒါတွေ ဘယ်ကသိနေတာလဲ"

"ငါ့မောင်ဝမ်းကွဲက ဆေးကျောင်းမှာရှိတယ်လေ။ စကား

ဆက်စပ်ပြီး မေးကြည့်တာပေါ့။ အံမာလေး ... နင်အခြင်



ကတ်တဲ့ ဒီနိုင်းကိုပဲ အသည်းအသန်ကြွေနေတဲ့ ကောင်မ

လေးတွေလည်း အများကြီးတဲ့နော်။ ဒါပေမဲ့ သူကလုံးဝ

အေးအေးပဲတဲ့ဟ။ သူ့သတင်းတွေ ကြားရတာတော့ ကောင်း

တာတွေချည်းပဲ ဆိုးတာ တစ်ခုမှမပါဘူး ...

ကျောင်းမှာ ပြဿနာရှာတာ၊ စာမေးပွဲတွေ တဖုံးဖုံး

ကျတာ၊ ကောင်မလေးတွေနဲ့ အီစီကလီလုပ်တာ ဘာသံမှ

မကြားရဘူးဟ။ သဘာမန်လူတစ်ယောက်ပါပဲ။ သာမန်ထက်

တောင် ကောင်းသတင်းမွှေးပျံ့သေးတယ်။ ဒါကြောင့် နင်က

ဘာတွေကြည့်မရ ဖြစ်နေလဲ ဆိုတာတော့ ငါလည်းသိပ်

စဉ်းစားမရဘူး"

ဘေးက စတိုင်လ်ကြီးတစ်ခွဲသားဖြင့် ခေါင်းတယမ်း

ယမ်း ပြောနေသော ခင်ဗွာကို မျက်စောင်းတစ်ချက်ထိုးကာ ...

"စဉ်းစားမရရင်လည်း စဉ်းစားမနေနဲ့တော့ဟော့။ ကြည့်မရ

တာဟာ ကြည့်မရတာပဲ။ ငါက အဲဒီလို အပေအတေဒီနိုင်း

ကို မကြိုက်တာ"

"အေးလေ ... နင်ကြိုက်ဖို့လည်း မလိုပါဘူး။ နင့်အကြိုက်

က ကောင်းသူမြတ် ဖြစ်ဖို့ပဲ အရေးကြီးတာ ..."

www.burmeseclassic.com

www.burmeseclassic.com



သူမြတ်နဲ့ ဘယ်အချိန် ချိန်းထားလဲ။ အိမ်မှာပဲ လား”

“ဟင့်အင်း။ ငါက ပစ္စည်းတွေ ပေးချင်လို့ အိမ်ကိုခေါ်တာ။ သူက အပြင်မှာပဲ တွေ့ရအောင် ချိန်းနေတာနဲ့ ညနေငါးနာရီ ချိန်းထားတယ် ...

ကောင်းပါတယ်၊ ငါလည်း မြန်မာပြည်က ကြေးအိုးလေးကို လွမ်းနေတာနဲ့ YKKO မှာပဲ ချိန်းထားတယ်”

“တွေ့ပြီး အလွမ်းသယ်တော့မယ်ပေါ့လေ”

“အလွမ်းသယ်ဖို့ထက် အမှုစစ်ရမယ်ဟေ့။ တစ်ညက ငါ အိပ်မပျော်လို့ စိတ်ကူးပေါက်ပြီး သူ့ဆီဖုန်းဆက်တာ ဖုန်းက Busy ဖြစ်နေတာ အကြာကြီးပဲ။ ညဆယ့်နှစ်နာရီ လောက်ကြီးလေ ...

အဲဒီအမှုကို တွေ့တွေ့ချင်းပဲ စစ်ရမယ်”

“တေားရယ် ... ချက်ချင်းကြီးတော့ မပြောပါနဲ့ဟာ။ သူ့မှာလည်း သူ့ကိစ္စနဲ့သူ ရှိမှာပေါ့။ အဲဒီလိုတွေ နင် ကြပ်ကြပ်ချုပ် သိလား။ ဟိုက နင့်ကိုပစ်ပြီး ပတ်ချွဲနပ်ချွဲတွေ နောက် ပါသွားဦးမယ်”





“အောင်မယ် ... ပါစရာလား။ ငါ့လိုမိန်းမမျိုး သင်း ပတ်ရှာကြည့်ဦး ... နော်၊ တော်ပြီ မိန်းမစုတ်၊ ပေါက်ကရတွေ လျှောက်ပြောမနေနဲ့။ ယူစရာရှိတာယူပြီး ပြန်တော့ ... သွား။ ငါ သွားစရာရှိသေးတယ်”

“သွားမှာပါ သွားမှာပါ။ ဘဲဘဲနဲ့ ဆုံတွေ့ခန်းကို နောက်မှပဲ နားထောင်တော့မယ် ... တာ့တာ”

✤ ❖ ✤

www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်း YKKO အပေါ်ထပ်လေ့ကားထိပ်သို့ တေး ရောက်လာကတည်းက သူမြတ် မြင်ပါသည်။ မမြင်စရာ မရှိအောင်လည်း တေးရဲ့ပုံစံက ထင်းခံနဲ ဖြစ်နေတာကို ဘယ်လိုမှ ငြင်းမရချေ။ သလင်းကျောက်တစ်ခုလို ကြည်လင်တင်းပြောင်နေသော အသားအရေနှင့် ဒဏ္ဍာရီဆန်သော ဆံနွယ်အခွေအလိပ်များကြောင့် တေးရဲ့ပုံစံက လူအများကြား၌ ထင်းထွက်နေသည်။ ပြီးတော့ အဲဒီထက် ပိုတာက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသော အသွင်အပြင်ဖြစ်သည်။

ငါဟာ ချောမောလှပတယ်၊ဉာဏ်ပညာထူးချွန်တယ်၊ လုပ်ငန်းခွင်မှာလည်း အဆင်ပြေအောင်မြင်တယ်၊ ငွေကြေးဥစ္စာလည်းပြည့်စုံတယ် စသဖြင့် တော်တော်များများ ပြည့်စုံအောင်မြင်နေသော အမျိုးသမီးတို့၏ ထုံးစံအတိုင်း တေးရဲ့မျက်နှာဟာ မော်ချီလျက် လမ်းလျှောက်တာက ခပ်မတ်မတ်ရှိကာ ရင်ကိုဖွင့်





ပြီး လျှောက်လာတာဖြစ်သည်။ နိုင်ငံခြားပြန် ဝတ်စုံလား မပြောတတ်သော ခပ်ဆန်းဆန်းရှိသည့် အနက်ရောင်ဂါဝန်တိုတစ်ထည်ဖြင့် လှပနေသောတေးကို သူ ဘာကြောင့်များ နင်းနိလောက်ချစ်နိုင်တာပါလိမ့်။

ဒါဟာ အချစ်ဦးတို့၏ဂုဏ်သတ္တိကြောင့် သော်ပဲလား။

ဒါမှမဟုတ် ချိုသာချွန်နွဲ့သော ချစ်စကားတို့ကို မဆိုတတ်သော တေးရဲ့မူပိုင်စတိုင်လ်ကြောင့်ပဲလား။

သူ့အတွေးနဲ့သူ ယောက်ယက်ခတ်နေတုန်းမှာပဲ တေးက သူ့ကို ဝေ့ဝဲရှာဖွေနေဟန်ရှိရာမှ မြင်သွားကာ သူ့အနားသို့ လျှောက်လာသည်။ လက်ထဲမှာလည်း အထုပ်တွေနဲ့မို့ သူက ဝတ်တတ်ရပ် ထကြိုတာကို တေးက လက်ဖြင့်ဖယ်ရှားဟန်ပြုကာ မျက်မှောင်တွန့်ချိုးချိုးဖြင့်ပင် ...

"ဖယ်ပါ ...။ ပစ္စည်းတွေနဲ့ လာမယ်ဒီရင်လည်း အောက်မှာတည်းက ကားထဲမှာ ထိုင်စောင့်နေပေါ့။ ခုမှလာပြီး ဝိနည်းလွတ် ကြိုချင်ယောင် ဆောင်မနေနဲ့"

တွေ့လား ...။ တေးက အဲဒီလို မိန်းကလေးပင် ဒီစကားမျိုးဟာ ပြောရင်လည်း အကျိုးမရှိ၊ မပြောလည်း ရနေသော

www.burmeseclassic.com



စကားမျိုး ဖြစ်ရဲ့သားနဲ့ ဟန်မဆောင်နိုင် စိတ်ထဲမှာ မထားဘဲ ပြောချင်ရာ ဖွင့်ပြောတတ်တာက တေးရဲ့အကျင့်ပဲ ဖြစ်တော့သည်။ ဒီပုံစံနှင့် လုပ်ငန်းခွင်ထဲမှာ ဘယ်လိုများ အဆင်ပြေဆက်ဆံအောင် နေပြီး ရာထူးတွေ တက်နေသလဲတော့ မပြောတတ်တော့ပါ။

"မသိဘူးလေ တေးရယ်။ တေး အထုပ်တွေက ဒီလောက် ကြီးမယ် မထင်လို့ပေါ့"

"ပြောထားပြီးသားပဲ မဟုတ်လား။ လက်ဆောင်တွေ ဝယ်လာပါတယ် ဆိုမှတော့ အထုပ်တွေက သေးနေဦး မလား။ တော်ပြီ၊ ပြောရတာ မောတယ်၊ ရောက်ရောက်ချင်း ရန်မဖြစ်ချင်ဘူး။ ပြောလိုက်ရင် သူမြတ်မှာ Reason တွေက အပြည့်ပဲ မဟုတ်လား ...

ဩော် ... ဆောရီး (အနားမှာ ရပ်စောင့်နေသော ဝိတ်တာကို လှည့်ရင်းပြောကာ) ကြေးအိုးတစ်ပွဲ ဝက်နံ နောက် ရှောက်ချိုသီးအစစ် ရတယ် မဟုတ်လား။ အိုခေ အဲဒါပဲ"

သူက တေးရဲ့ပုံစံကို တစ်ချက်ကြည့်ပြီးနောက် သောက်လက်စ ကော်ဖီကိုသာ အသာမော့သောက်နေလိုက်သည်။ တေးက သူ့ကို အကဲခတ်သလို တစ်ချက်ကြည့်ကာ ...



"ဒီကို ပြန်မလာခင် သုံးရက်လောက်က စလုံးစံတော်ချိန် တစ်နာရီ၊ ဒီမှာဆိုရင်တော့ နှစ်နာရီခွဲလောက်ပေါ့။ ဖုန်းဆက်တာ ဖုန်းကလုံးဝမအားဘူး ...

ဘယ်သူနဲ့ ပြောနေတာလဲ"

သူမြတ်က မျက်ခုံးတစ်ချက် ပင့်သွားသည်။ အဲဒီနေ့ကို သူ ကောင်းကောင်းမှတ်မိပါသည်။ မကောက်စဖူး အကောက်ထူးသော နှင်းနီတစ်ယောက် သူ့ကိုကောက်သဖြင့် အသေအလဲ ချော့နေရသော ညတစ်ညဖြစ်သည်။ အဲဒီတုန်းက တေး ဖုန်းဆက်ခဲ့သလား။ တေးသည်လည်း စိတ်ထင်တိုင်း ထလုပ်တတ်သော မိန်းကလေးတစ်ယောက် ဖြစ်မည်ထင်သည်။

"ကိုယ် မပြောဘူး ထင်တယ်။ အဲဒီအချိန် ကိုယ် Duty ဝင်ရင်ဝင် မဝင်ရင်လည်း အိပ်နေလောက်ရောပေါ့"

"အိပ်နေရင်လည်း ဖုန်းက ဘာဖြစ်လို့ Busy ဖြစ်နေရတာလဲ။ Duty ဝင်နေတယ် ဆိုရင်လည်း Duty ချိန်ကြီးမှာ ဒီလောက်အကြာကြီး Busy ဖြစ်စရာ အကြောင်းမရှိဘူးလေ ...

ခုဟာက တစ်နာရီကျော် ကြာတယ်။ နာရီအတိအကျ မှတ်ထားတာ၊ ပြော ... ဘယ်သူနဲ့ ပြောနေတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်အကြာကြီး ဒီအချိန်ကြီး ပြောနေတယ်ဆိုတာ သာမန်ကိစ္စလည်း မဖြစ်နိုင်ဘူး၊ ရိုးရိုးသားသားကိစ္စလည်း မဖြစ်နိုင်ဘူး"

မှန်လိုက်တဲ့ နွေတေးသီ။ သံသယစိတ်ကို အခြေခံပြီး တွေးခေါ်တတ်တဲ့ စွမ်းရည်ကတော့ သူ့မတူအောင် ပြိုင်စံရှားပါပဲ။ ဒါကြောင့်လည်း သူဟာ တေးကို လန့်သထက်သန့်လာတာဖြစ်သည်။ အခုလည်း ဘယ်လိုဖြေရှင်းချက် ထုတ်ရမလဲ စဉ်းစားနေတုန်းမှာပဲ သူ့ခေါင်းထဲတွင် အကြံဉာဏ်တစ်ခုက ဖျတ်ခနဲ လင်းလက်လာသည်။ သောရီးပါ လွန်ရာ။ မင်း ငါ့ကို အထင်သေးလက်စနဲ့ ဆက်သေးလိုက်ပါတော့။

"ဪ ... ကိုယ် သိပြီ။ အဲဒီနေ့က လွန် ကိုယ့်အိမ်မှာ လာအိပ်တဲ့နေ့ပဲ။ ဟုတ်တယ် ... သူ့ပြောနေတာ။ ကိုယ်တောင် အဲဒီနေ့က ကောင်းကောင်းအိပ်မပျော်တာ မှတ်မိသေးတယ်"

"သူက ဘာကိစ္စ ပြောရတာလဲ။ သူ့မှာ ဖုန်းမရှိဘူးလား"

"ဖုန်းရှိတာပေါ့၊ ဒါပေမဲ့ ဘာတွေရှုပ်နေမှန်း မသိပါဘူး။ အဲဒီနေ့က ကိုယ်အိပ်တော့မယ်ဆိုတော့ သူက မအိပ်သေးဘူးတဲ့။ မင်းဖုန်း ပေးစမ်းဆိုပြီး ကလိတော့ ကလိနေတာပဲ ...



နားထဲမှာ အသံတွေတော့ ကြားတယ်၊ အိပ်ချင်မူးတူးနဲ့ဆိုတော့ ဘာပြောမှန်းတော့ မသိဘူး"

သူ အဲဒီလို ပြောလိုက်လျှင် တေးရဲ့မျက်နှာက တစ်မျိုးဖြစ်သွားသည်။ သို့သော် သူ့စကားကို အပြီးသတ် ယုံသေးပုံတော့ မရဘဲ စွေစွေစောင်းစောင်းကြည့်ကာ ...

"ပြီးရောနော်။ တေးရဲ့ Brain အကြောင်းကို သူမြတ် သိတယ်မဟုတ်လား။ အဲဒီတစ်ယောက်နဲ့တွေ့ရင် မေးကြည့်ဦးမှာ၊ မဟုတ်ဘူး ဆိုလို့ကတော့ အကြီးကြီးပြဿနာ တက်ပြီမှတ်"

"တေးရာ ... ကိုယ့်ကို ဒီလောက်တောင် အယုံအကြည်ကင်းမဲ့နေပြီလား။ ဘာဖြစ်လို့ သံသယတွေနဲ့ ဆက်ဆံနေရတာလဲ ...

ကိုယ့်ဆီမှာ တေးအပြင် ဘယ်သူရှိဦးမှာမို့လဲ။ ကိုယ့်ကိုယ်ကိုယ် စိတ်ဒုက္ခပေးတဲ့ အတွေးတွေ မတွေးစမ်းပါနဲ့။ တေးပဲ ပင်ပန်းရမှာနော် တေး။ ကိုယ်က တေးကို အဲဒီလို စိတ်ပင်ပန်းတာမျိုးတွေ မဖြစ်စေချင်လို့ပါ"

သူက ချူဆီထည့်လိုက်သော်လည်း တေးသီကတော့ နားဝင်ပုံမတူဘဲ ရှောက်ချိုသီးဖျော်ရည်ကို တစ်ကျိုက်မော့သောက်ရင်းမှ ဟင်းခနဲမဲ့ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မပင်ပန်းပေါင်။ တေးတို့က သူများပြောသမျှ အလွယ်တကူ မယုံတတ်တာ အကျင့်ကိုဖြစ်နေပြီ။ ကိုယ့်ဦးနှောက်ကိုယ် အလုပ်ပေးရတာ Relax တစ်မျိုးပဲ ...

ဒါနဲ့ နေပါဦး။ အဲဒီ ခါလွန်မိုး ဆိုတဲ့ တစ်ယောက်ဆီမှာ ရည်းစားရှိလား"

"ရည်းစားရယ်လို့ အတိအကျကြီးတော့ မရှိပါဘူး။ ဒါပေမဲ့ အိစီကလီတွေတော့ ရှိတယ် ထင်တယ် ...

မပြောတတ်ပါဘူး။ ခုတလော ကိုယ်နဲ့ သူနဲ့ေ သိပ်မတွေ့ဖြစ်ဘူး"

"ဟင် ... တစ်နေ့ကတင် ရှင့်အိမ်ကို လိုက်အိပ်ပြီး ရှင့်ဖုန်းကို ညလုံးပေါက် ယူပြောထားတာ သိပ်မတွေ့ဖြစ်တာလား"

သူက အဲခနဲ ဖြစ်သွားကာ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ အဲဒါကြောင့်ပြောတာ။ တေးကို ဘယ်တော့မှ လျှော့တွက်၍ မရချေ။ တေးသည် သူများပြောတဲ့ စကားတစ်ခွန်းကို အပ်ဖျားနှင့်ထောက်ပြီး အပြစ်ရှာတတ်သည့်နေရာမှာ ထိပ်တန်းပဲ ဖြစ်သည်။ သူက မှင်မပျက်စေရအောင် ရုပ်ကိုခပ်တည်တည်ပဲ ထိန်းထားရကာ ...



"အဲဒီညက နောက်ဆုံးပဲလေ။ မဟုတ်ဘူး ကြားထဲမှာက ကိုယ်နဲ့ သူနဲ့ မတွေ့ဖြစ်ကြဘူးလို့ ပြောတာ။ သူကလည်း သူ့စာမေးပွဲနဲ့သူ၊ ကိုယ်ကလည်း ဆေးရုံကိစ္စနဲ့ဆိုတော့ တွေ့လည်း ပေါ့ပေါ့ပါးပါး စကားပဲ ပြောဖြစ်တော့တာ။ သူ့ ရည်းစားရှိလား မရှိဘူးလား ဆိုတာတော့ အတိအကျ မသိဘူး"

"ဟင် ... အဲဒါကိုက သူမြတ် မမိုက်တာ။ ပြောတော့ ရှင်တို့က the Best friend တွေဆို Close friend တွေဆို။ ကိုယ့်ရဲ့အရမ်းနီးတဲ့ သူငယ်ချင်းတစ်ယောက်မှာ ရည်းစား မရှိ ရှိတောင် မသိဘူးလား"

သူက တေးကို စိတ်ပျက်စွာ ကြည့်လိုက်သော်လည်း တေးကတော့ သူ့ကို ကြည့်မနေပေ။ ကြေးအိုးကိုသာ အားပါးတရ ငုံ့စားနေသည်။ ဝါသနာအရသာ ရစ်နေခြင်းဖြစ်ပြီး သူ့ထက် ကြေးအိုးကို ပိုစိတ်ဝင်စားနေပုံရသည်။ တေးဟာ အဲဒီလိုပဲ ရစ်စရာမရှိလျှင် ကိုယ့်ဆံပင်ကိုယ်တောင် လက်နဲ့လိမ်ရစ်နေမည့် သူစားမျိုးဖြစ်သည်။ ဒါကြောင့် သူမဆံပင်တွေဟာ ကောက်ထားတာ မဟုတ်ဘဲ လက်နဲ့လိမ်ရစ်ပါများလွန်းသဖြင့် ကောက်သွားသလားဟုတောင် သူက ထင်မိလေသည်။

www.burmeseclassic.com



"မရှိဘူး ထင်တာပဲလို့ ပြောပြီးပြီလေ။ ကိုယ်တို့ယောကျ်ား လေးတွေက မိန်းကလေးတွေလို မဟုတ်ဘူးကွ။ တစ် ယောက်ရဲ့ Personal ကို တစ်ယောက်က သိပ်ပြီးစိတ်ဝင် တစား မရှိကြဘူး ...

ပြောရရင်တော့ သိပ်မစပ်စုကြဘူးပေါ့ကွာ"

သူက တေးကို အမြင်ကတ်စွာဖြင့် ရွဲ့ပြောလိုက် သောအခါ တေးက စားသောက်ရင်းမှ သူ့ကို မျက်လုံးလှန်ကြည့် သည်။ အဲဒီလိုကြည့်ပုံမှာ သွေးအေးသော ကြည့်ပုံမျိုး ဖြစ်တာ ကြောင့် သူပင် နည်းနည်းလန့်ချင်သွားသည်။ တေးသာ သူနဲ့ နှင်းနီတို့ရဲ့ကိစ္စကို သိသွားတဲ့ တစ်နေ့မှာ ဘယ်လိုတွေ ဖြစ်လာ မလဲဆိုတာ သူ တစ်ခါမှ မစဉ်းစားကြည့်ခဲ့ဖူးပါ။

"ဟုတ်လား။ ဒါဖြင့်ရင့် ရှင့်သူငယ်ချင်း ခါလွန်မိုးက ကျွန်မတို့ကြားထဲ ဝင်ဝင်ပြီး ပါနေတာကြတော့ စပ်စုတာ မဟုတ်ဘူးလား"

"အဲဒါက ခါလွန်မိုးပဲလေကွာ။ ကိုယ်မှ မဟုတ်တာ။ တေးရယ် ... ဒီနေ့ဟာ ကိုယ်နဲ့တေး နှစ်လနီးပါးခွဲပြီး ပြန်တွေ့တဲ့နေ့နော် ...



ဘာဖြစ်လို့ အတိုက်အခိုက်စကားတွေကိုပဲ ဆိုချင်နေ ရတာလဲ။ စကားအကောင်းပြောဖို့ အစီအစဉ်ပါမလာဘူး လား ... ဟင် ? "

သူက တမင် Mood ထည့်ထားသော မျက်လုံးများ ဖြင့် စိုက်ကြည့်ကာ မေးလိုက်လျှင် တေးက ကျေနပ်သွားသလိုဖြင့် နည်းနည်းပြုံးလာသည်။ သူ့ကိုလှမ်းကြည့်လာသော အကြည့်များ မှာလည်း ရွှန်းလက်လာသည်ဟု ထင်ပါသည်။ တေးက ကြေးအိုး ဝန်းကာန်ထဲမှ ငုံးဥတစ်လုံးကို ဆယ်စားရင်းမှ ခေါင်းတဆတ်ဆတ် ညိတ်ကာ ...

"ပါတယ်၊ ဒါပေမဲ့ ရှေ့မှာက အရေးကြီးတဲ့အချက်တွေကို မေးနေရတယ်လေ"

"ဟား ... ရစ်နေတာတွေက အရေးကြီးတဲ့ အချက်တွေ လားကွာ"

"ဩော် ... ကြီးတာပေါ့။ တေး မရှိတုန်း သူမြတ် ဘာ တွေလုပ်နေသလဲဆိုတာ စစ်ဆေးမေးမြန်းဖို့ လိုတယ်လေ"

"ကိုယ်က ဘာလုပ်ရမှာလဲ တေးရာ။ ကိုယ့်မှာ ဘာလုပ်စရာ တွေများ ရှိနေလို့လဲ။ ကိုယ့်အချစ်ကို အဲဒီလို မယုံသင်္ကာ တွေ မလုပ်စမ်းပါနဲ့ ...

www.burmeseclassic.com



ကဲ ... ပြော၊ တေးဆီမှာ ကိုယ့်အတွက် ကောင်း သတင်းလေးတစ်ခုခု ရှိနေမယ်နဲ့ တူတယ်"

အခါများစွာ၌ သူ မြင်ဖူးသမျှ တေးရဲ့မျက်နှာတို့တွင် ယခုလက်ရှိ မျက်နှာသည် အနုးညံ့ဆုံး ဖြစ်လိမ့်မည်ဟု ထင်သည်။ တေးရဲ့မျက်လုံးများသည် တစ်နေရာသို့ နူးညံ့စွာ စိုက်ကြည့်နေပြီးမှ စကားတွေက တစ်လုံးချင်း ထွက်လာသည်။

"တေးတို့ကို လူကြီးတွေက စေ့စပ်ပေးတော့မယ်တဲ့"

အဲဒီစကားသည် သူ့နားထဲသို့ မိုးကြိုးပစ်ချလိုက်သလို ဖြစ်သွားသည်။ ဓားရဲ့မျက်နှာကို အလန့်တကြား ကြည့်မိတော့မလို ဖြစ်သွားပြီးမှ သူ့မျက်နှာကို မြင်မှာစိုးသဖြင့် ကပျာကယာ ခေါင်းငုံ့လိုက်ရသည်။ ချက်ချင်းပဲ ဝမ်းသာသော အိုက်တင်တစ်ခုကို အမြန်ဖမ်းပြီးနောက် တေးကို မော့ကြည့်ရကာ ...

"တေးမေမေက ပြောတာလား"

သူ့အသံက တုန်တောင် တုန်နေမလား မသိပါ။ တေးကတော့ သတိထားမိဟန် မတူပါ။ နှစ်လတာ ဝေးကွာနေသော မြန်မာပြည်က ကြေးအိုးဆီကနေ မျက်လုံးမခွာနိုင် ဖြစ်နေသည်။

"အင်းပေါ့။ သူမြတ်ရဲ့အမေက ပြောမပြဘူးလား"





"ဟင့်အင်း ... အဲ ... ဒါပေမဲ့ ဒီနေ့ညဘက်တော့ ကိုယ့်အမေက ပြောစရာရှိလို့ စောင့်နေမယ်၊ စောစောပြန်ခဲ့လို့တော့ မှာလိုက်တယ်။ အဲဒီကိစ္စ ပြောမလို့လားတော့ မသိဘူး။ မနေ့ကလည်း နိုက်ဂျူတီရှိတော့ ကိုယ်နဲ့ မေမေနဲ့ ကောင်းကောင်း မတွေ့ဖြစ်ဘူး"

"ဟုတ်မှာပေါ့။ တေးကိုတောင် မနေ့ညကမှ ပြောတဲ့ဟာပဲ။ အဲဒါ တစ်ရက်လောက် သူမြတ်တို့ မိသားစုကို ထမင်းစားဖိတ်ပြီး စေ့စပ်ဖို့ ရက်ရွေးမယ်တဲ့ ...

တေးကတော့ Valentine's Day ကို ရွေးချင်တယ်။ ခုမှ ဇန်နဝါရီလဆန်းပိုင်းပဲ ရှိသေးတာဆိုတော့ သူမြတ်လည်း အဲဒီနေ့ကိုတော့ အားအောင်လုပ်ထားလိုက်လေ။ အဲဒီနေ့က ပိတ်ရက်တော့ မဟုတ်ဘူး၊ တေး ကလင်ဒါကြည့်တာ မန်းဒေးကျတယ် ...

ဒါပေမဲ့ စေ့စပ်ပွဲပဲဆိုတော့ Week end ဖြစ်ဖို့ကသိပ်အရေးမကြီးပါဘူး။ သူမြတ် သဘောထားကရော"

သူ့ သဘောထားကရောတဲ့။ သူကတော့ တေးကို ခုတ်တရက် ဘာမှပြန်မပြောနိုင်စွာဖြင့် ကြောင်ငေးပြီး ကြည့်နေမိသည်။ တ၊ကယ့်ကို လျှပ်တစ်ပြက်ရိုက်ချက်ပင်။ စေ့စပ်မယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ရက်ရွေးတော့မယ်တဲ့။ စေ့စပ်ဖို့ မိဘတွေနဲ့အတူ ရက်ရွေးပြီဆိုမှ တော့ လက်ထပ်ဖို့ ဆိုတာလည်း ... ... ...။ သူက အတွေးထဲက မေးခွန်းကို ထုတ်ဖော်မေးမိသွားသည်။

"အဲဒီနေ့မှာ လက်ထပ်ဖို့ဒိတ်တွေ ဘာတွေပါ ဆွေးနွေးဖြစ် ကြမယ်ပေါ့၊ ဟုတ်လား ဝေး"

"ဟုတ်မယ် ထင်တယ်။ ဝေးလည်း အတိအကျတော့ မသိဘူးလေ။ မေမေ ပြောတာကတော့ စေ့စပ်တာနဲ့ လက်ထပ်ပွဲကို သိပ်မခြားဘူးလို့ ပြောတယ်။ စေ့စပ်တာ က ဖေဖော်ဝါရီဆိုရင် မင်္ဂလာပွဲကို သင်္ကြန်မတိုင်ခင်လုပ် မယ်လို့ ပြောတာပဲ"

ဘုရားသခင်...။ သူက ဝေးရဲ့မျက်နှာကို ချောက်ချား စွာ မကြည့်မိအောင် အတော်ဂရုစိုက်လိုက်ရသည်။ ဒါပေမဲ့ အလွန်ပါးနပ်သော ဝေးသည် သူ့မျက်နှာကို နည်းနည်းတော့ အကဲခတ်မိသွားဟန်တူသည်။

"သူမြတ် ကြည့်ရတာ စေ့စပ်မယ် ဆိုတာကိုတောင် အံ့သြနေပုံနဲ့။ ဘာဖြစ်လို့လဲ ... ဘာအံ့သြစရာရှိလို့လဲ။ ဝေးတို့က လက်ထပ်ဖို့အထိ မစဉ်းစားဘဲနဲ့ Just for Fun အနေအထားနဲ့ပဲ ဆက်ဆံခဲ့တဲ့သူတွေမို့လို့လား"



"မဟုတ်ပါဘူး။ ဒါပေမဲ့ ဝေးကို အံ့သြနေတာ၊ အဟင်း... နည်းနည်းထူးဆန်းနေတာ၊ အဲဒီလို ..."

သူက ပြောမိပြောရာတွေ ပြောထည့်လိုက်လျှင် ဝေးက မျက်မှောင်ကြုတ်ကြည့်ကာ ...

"ဘာကို အံ့သြတာလဲ။ ဘာထူးဆန်းတာရှိလို့လဲ"

"ဩော် ... ဝေးက အရမ်း Active ဖြစ်တဲ့ မိန်းကလေး မဟုတ်လား။ အလုပ်မှာလည်း ကြိုးစားတယ်၊ ထူးလည်း ထူးချွန်တယ်ဆိုတော့ ... ပြီးတော့ ဝေးအသက်က ခုမှ တွမ်တီသရီးပဲ ရှိသေးတာဆိုတော့ လက်ထပ်ဖို့ကို သိပ်စိတ် ဝင်စားသေးမှာ မဟုတ်ဘူးလို့ ထင်လို့ပါ ...

နောက်ထပ် နှစ်,နှစ် သုံးနှစ်လောက်နေမှ လက်ထပ် ချင်မလားလို့လေ။ ဝေးဆီက လက်ထပ်တာနဲ့ ပတ်သက် ပြီး တစ်ခါမှလည်း မကြားဖူးလို့ပါ"

အလျှောက်ကောင်းသွားသည်ထင့်။ ဝေးရဲ့မျက်နှာ သည် အနည်းငယ် ပျော့ပျောင်းသွားကာ အပြုံးပါးပါးလေး တစ်ခုဖြင့် ...

"ဝေးက အဲဒီလို အောင်မြင် တိုးတက်ချင်တဲ့စိတ်မျိုး ရှိပေမယ်, အိမ်ထောင်ပြုရတာကို စောတယ်လို့တော့ မထွေး မိပါဘူး ...

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်တစ်ခုကို အောင်မြင်အောင် တည်ထောင်ထားတဲ့ အိမ်ထောင်ရှင်မိန်းမသားဘဝကိုလည်း ဂုဏ်ယူချင်သေးတယ်။ ပြီးတော့ Family Plan တွေလည်း စီစဉ်ချင်သေးတယ်။ သူမြတ်က ဆရာဝန်ဆိုတော့ ဒါတွေကို ပိုသိမှာပေါ့။ အဲဒါတွေကြောင့် အိမ်ထောင်ပြုရမှာ စိုးရိမ်တဲ့စိတ်မျိုး မရှိပါဘူး ...

ပြီးတော့ ဘေး အသက်က အခု ပေရယ်ဆိုရင်ပဲ နှစ်ဆယ့်သုံးပြည့်ပြီ။ နှစ်ဆယ့်လေး နှစ်ဆယ့်ငါးဆိုတာ မိန်းကလေးတစ်ယောက်အတွက် အိမ်ထောင်ပြုဖို့ မစောတော့ပါဘူး"

သူ ဘာပြောရတော့မည်နည်း။ သူသည် မထွေးနိုင်မအန်နိုင်သော အပြုံးကြီးတစ်ခုကို ဘေးထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် အပ်နှင်းရင်းမှ ခပ်လေးလေးကြီးပင် ခေါင်းညိတ်ပြလိုက်ရတော့သည်။

"အိုခေလေ။ ဒါဆိုရင် ကိုယ် မေမေ့ကိုမေးပြီး ဘေးတို့အိမ်ကို လာခဲ့မယ်။ ဒီတစ်ပတ် Week End ဖြစ်ဖို့များပါတယ်"



"ဒီည ဖုန်းဆက်လိုက်လေ။ အန်တီနဲ့လည်း ဘေး ပြောမယ်။ အဲဒီနေ့ကျရင် အန်တီ ကြိုက်တတ်တဲ့ ဟင်းလေးတွေ စီစဉ်ထားရအောင်ပေ့"

ဘေးတို့ကတော့ အပိုင်တွေ လုပ်နေခဲ့ပြီ။ သူမြတ်ကတော့ အသက်တောင် ရှူလို့မဝတော့။ အခြေအနေတွေက သူ့ကို ချောင်ပိတ်နေပြီဖြစ်ကာ ထွက်ပေါက်လည်း မမြင်မိတော့။ အားကိုးတိုင်ပင်စရာ လွန်သည်လည်း သူ့ကို ဥပေက္ခာပြုထားခဲ့ပြီမို့ သူ့အဖြစ်တွေကို သိနိုင်မှာ မဟုတ်ချေ။ သူ့အတွက် ရွေးစရာက ကံတရားရဲ့ အဆုံးအဖြတ်ကိုပဲ စောင့်မလား။ သူကိုယ်တိုင်ပဲ ဆုံးဖြတ်ရမလား ဆိုတာပဲ စဉ်းစားရတော့မည်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



## ၁၄

လွှန်သည် အရိပ်လေးတစ်ခုကို ဖျတ်ခနဲ တွေ့လိုက်သောအခါ ဘယ်သူဆိုတာ သိသဖြင့် ရုတ်တရက် ပေါ်လာသော စိတ်အရ ရင်မဆိုင်ချင်သည် ဖြစ်ရကာ ကားဘေး၌ ဝပ်ခနဲ ပုန်းလိုက်မိ၏။ သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင်ကွာ။ အင်းလေ _ သူမကလည်း အလုပ်ကိစ္စနဲ့ သူကလည်း ကျောင်းကိစ္စနဲ့ လာရသည် ဖြစ်လေရာ ဆေးရုံဝင်းထဲမှာ တွေ့ရတာကတော့ မထူးဆန်းတော့ပြီ။ ထူးဆန်းတာကတော့ သူက ဒီကလေးမကို မဆုံချင်တာပဲ ဖြစ်တော့သည်။

သူမြတ်ရဲ့အကြောင်းတွေကို အားလုံးနီးပါးလိုလို သိထားသော သူဟာ သနားစရာကောင်းသော နွေတေးသီကို မျက်နှာချင်းမဆိုင်ချင်တော့ပါ။ သဗ္ဗေသတ္တာ ကမ္မကတာ ဟုသာ



သဘောထားချင်တော့သည်။ သူသာ စာရေးဆရာတစ်ယောက်ဆိုလျှင်တော့ မိန်းကလေးတွေသိအောင် ဝတ္ထုတစ်ပုဒ်လောက်တော့ ရေးချင်သည်။ ယောကျ်ားလေးတစ်ယောက်ကို အပေါ်ယံသွင်ပြင်လက္ခဏာတွေကြည့်ပြီး ဆုံးဖြတ်လျှင်တော့ အမှန်တရားနဲ့ ဝေးသွားနိုင်တယ် ဆိုတာပဲ ဖြစ်တော့သည်။ ခက်တာက လောကကြွင်သူမြတ်လို ဟန်ဆောင်ကောင်းသော အကယ်ဒမီမင်းသားတွေကလည်း အများသားပဲ မဟုတ်လား။

သူက အတွေးနှင့်အတူ သူမ သွားလောက်ပြီအထင်နှင့် မတ်တတ်ထရပ်လိုက်သည်။ ကြည့်လိုက်တော့ တကယ်ပဲ သူမရဲ့အရိပ်ကို မတွေ့ရတော့။ ဒီတော့မှ ဟင်းခနဲ သက်ပြင်းချပြီး တစ်ဖက်သို့ လှည့်လိုက်လျှင် လိမ်ပြာလွင့်ချင်သယောင် ဖြစ်သွားသော ခံစားချက်မျိုးဖြင့် သူမမျက်နှာ ဝင်းဝင်းပပကို တွေ့လိုက်ရလေသည်။ ရုတ်တရက်မို့ ဆတ်ခနဲတောင် တုန်သွားချင်သောစိတ်ကို အမြန်ထိန်းသိမ်းကာ သူမကို ဟဲခနဲ သွားဖြဲပြလိုက်ရသည်။ စိတ်ထဲမှာ တွေးနေမိတာကတော့ သူမ ဘယ်နားကများ ဆောက်လာသလဲ ဆိုတာပင်။

"သြော် ... နွေတေးသီ။ မတွေ့ရတာ ကြာပြီနော်"

"ရှင် ဘယ်သူ့ကို ပုန်းနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ! ။ မင်းကို ! "

"ဘာဖြစ်တယ်။ ကျွန်မကို ဘာကိစ္စနဲ့ ပုန်းနေရတာလဲ"

"ဪ ... မပုန်းပါဘူး။ ပုန်းစရာလားကွာ၊ တမင်ရှဲ့ပြော တဲ့ဟာကို၊ ဘယ်လာတာလဲ"

"ဘယ်ကိုလာရမှာလဲ။ ဆေးရုံထဲမှာတွေ့တဲ့ဉစ္စာ၊ ဆေးရုံ ထဲကိုပဲ လာတာပေါ့"

သူက အဲဒီအပြောကို ကျလည်းကျစွာဖြင့် အသာ ပြုံးကာ ခေါင်းယမ်းမိသည်။ နဖူးပေါ်အထိ ဆံနွယ်တွေကို နောက်ဘက်မှာ ကပိုကရို ဆံထုံးမြင့်မြင့်လေး ထုံးဖွဲ့ထားသော နွေတေးသီသည် ဒေါနစိမ်းရောင် ဓာလက်ပြတ်အင်္ကျီကို အနက် ရောင်ဘောင်းဘီတစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားပြီး ကြော့ ရှင်းအထာကျလှသည်။ ဒီလို မိန်းကလေးတစ်ယောက်နှင့် နှင်းနှ ဟာ လှပမှုရော၊ ဂုဏ်ကျက်သရေခြင်းရော၊ ဘယ်နေရာကမှ နှိုင်းယှဉ်၍ မရပါ။ သူမြတ် ဘယ်လိုများ စိတ်ကူးထားပါလိမ့်။ အချစ်စစ်ကိုပဲ သူက ဂုဏ်ပြုရလေမလားဟု ဝေခွဲမရ ဖြစ်ရသည်။

"အင်း ... ဆရာကြီးနဲ့ လာတွေ့တာနဲ့ တူတယ်။ တွေ့ပြီး ပြီလား။ မတွေ့ရသေးရင် သွားလေ"





သူမကား သူ့ကို မျက်မှောင်ကြွတ်ကြွတ်ဖြင့် ကြည့် ကာ ...

"နေပါဦး ... ရှင်က ကျွန်မကို ဘာကိစ္စနဲ့ နှင်လွှတ်နေ တာလဲ။ ကျွန်မကို ရင်မဆိုင်ချင်စရာ ရှင့်မှာ ဘာအကြောင်း တွေများ ရှိနေလို့လဲ"

သူက အဲဒီမေးခွန်းကိုတော့ သဘောကျလွန်းသဖြင့် ဟက်ခနဲပဲ ရယ်မိတော့သည်။ ဖွတ်ခေါ်ချင်တော့လည်း သူမပဲ။ အရောမဝင် လုပ်ချင်ခဲ့တော့လည်း သူမပဲ။ ပါးရည်နပ်ရည်ရှိသော သူမသည် သူ ရှောင်ချင်နေတာကိုလည်း ရိပ်မိနေသေးသည်။

"နှင်မလွှတ်ပါဘူး။ မင်းကို ရင်မဆိုင်ချင်စရာ အကြောင်း လည်း ကိုယ့်ဆီမှာ ဘာမှမရှိပါဘူး"

သူက အေးအေးဆေးဆေး ပြောလိုက်လျှင် သူမက သူ့ကို နက်နက်နဲနဲ စိုက်ကြည့်ကာ ...

"ရှင် ... သူမြတ်နဲ့ တွေ့ဖြစ်သေးလား"

"ဟင့်အင်း ... မတွေ့ဖြစ်တော့ဘူး"

သူမ မျက်လုံးတွေက ပိုမိုစူးရှသွားကာ ...

"ဘာဖြစ်လို့ မတွေ့ဖြစ်ကြတော့တာလဲ"

"ဒီလိုပါပဲ။ ကိုယ့်ဟာကိုယ် ရှုပ်နေကြလို့။ ကဲ ... ကိုယ် သွားစရာလေး ရှိသေးလို့ ခွင့်ပြုဦးကွာ၊ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ဆက်မပြောချင်တော့သဖြင့် တကယ်ကို လှည့်ထွက်ဖို့ပြင်သည်။ အဲဒီအခါ သူမက ရှေ့မှပိတ်ရပ်ကာ —

"နေပါဦး ... ရှင့်ကို ကြည့်ရတာ သူမြတ်နဲ့ ပတ်သက်ပြီး တစ်ခုခုကို ဖုံးကွယ်ထားသလိုပဲ။ ရှင်တို့ ဘာတွေမဟုတ်တာ လုပ်ထားကြတာလဲ။ ရှင့်ပုံစံကြည့်ရတာ လုံးဝမမှန်ဘူး"

သူက အဲဒီအပြောကို ကြိုက်ပဲကြိုက်စွာဖြင့် တဟားဟား အော်ရယ်မိလေသည်။ ဒါကြောင့်လည်း မိန်းမတွေကို မျှော်မှန်းနှစ်နှစ် နှိမ်ထားတဲ့ စကားပုံတစ်ခုက ထွက်ပေါ်လာတာနေမှာ။

"ရှင် ဘာရယ်တာလဲ"

"သဘောကျလို့ပါ။ ဒီမှာ နွေတေးသီ။ မင်းကို ငါ တစ်ခုပဲပြောမယ်။ သူမြတ်နဲ့ ငါနဲ့က မင်း နိုင်ငံခြားသွားတဲ့ အချိန်ကစပြီး ဒီနေ့အထိ လုံးဝမတွေ့ဖြစ်တော့တာပဲ။ အဲဒါ ငါ့ရဲ့အမှန်ဆုံး စကားတစ်ခွန်းပဲ ...

မတွေ့ဖြစ်တဲ့ လူနှစ်ယောက်မှာ မဟုတ်တာအတူတူ လုပ်စရာလည်း မရှိသလို သူ့အကြောင်းတွေ ကွယ်ထားစရာ ဘာအကြောင်းမှလဲ မရှိဘူး၊ ဟုတ်ပြီနော်"



"မဟုတ်သေးပါဘူး။ ငယ်ငယ်လေးတည်းက တွဲလာကြပါတယ်ဆိုတဲ့ ရှင်တို့သူငယ်ချင်းနှစ်ယောက်က ဒီလောက်ကြာကြာ မတွေ့ဖြစ်ကြတော့ဘူးဆိုတာ တစ်ခုခုတော့ တစ်ခုခုပဲလေ ...

"အဲဒီ တစ်ခုခုကို ကျွန်မ သိချင်တယ်"

"ဆောရီးပဲကွာ။ အဲဒါကတော့ မင်းအထင်ပဲ ဖြစ်မှာပါ။ ကိုယ်ကတော့ ဘာမှပြောစရာ မရှိဘူး"

"ရှင် ညာနေတာ"

သူက သူ့မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်ပြီး ပြောလိုက်လျှင် သူက ကျစ်ခနဲ စုတ်သပ်မိကာ မျက်နှာကို တစ်ဖက်သို့ လွှဲပစ်လိုက်သည်။ နွေတေးသီရယ်၊ မင်းကို ငါ ဘယ်လိုဖွင့်ပြောရမလဲ၊ မင်းကို နာကျင်အောင် မလုပ်ချင်တဲ့ ငါ ဟာ အဲဒါကိုတော့ တရားရဲ့လားဆိုတာ ပြန်ဆန်းစစ်နေရင် ငါ့စိတ်တွေဟာ မတရားတာ တစ်ခုကို မခံချင်တာ သက်သက်ပဲလား။

ဒါမှမဟုတ် တွေ့စတည်းက ဘုကျကျအပြောတွေကို သဘောကျမှန်းမသိ သဘောကျခဲ့ရင် ငါ့ရင်ထဲက တစ်နုံတစ်ရာဟာ အရောင်ပြောင်းလဲလာချင်ခဲ့တာလား။ တော် ... ရှုးရှုပ်ပြီကွာ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် သွားတော့မယ် နွေတေးသီ"

သူက ပြောပြောဆိုဆို ဖျတ်ခနဲ လှည့်ထွက်လိုက်လျှင် သူမက သူ မထင်ထားသော အပြုအမူကို ရုတ်တရက် လုပ်လိုက်တာဖြစ်သည်။ အဲဒါကတော့ သူ့ရဲ့လက်တစ်ဖက်ကို ဖျတ်ခနဲဆွဲထားတာဖြစ်ပြီး လှည့်ကြည့်မိသော သူပင် ကြောင်သွားရသည်။ သူမကလည်း လုပ်မိလုပ်ရာ လုပ်လိုက်တာ ဖြစ်သော်လည်း သူ လှည့်ကြည့်သောအခါ သူ့ကို အငေးသား ပြန်ကြည့်နေသည်။

နူးညံ့သော လက်တစ်ဖက်က သူ့လက်ကောက်ဝတ်ကို အုပ်မိုးဆုပ်ကိုင်ထားသည်မို့ သူ့တစ်ကိုယ်လုံးက သွေးကြောတွေသည် အဲဒီနေရာမှာ ဆယ်ဆတိုးပြီး ခုန်ပေါက်သွားသည်ဟု ထင်သည်။ မျက်လုံးချင်း စက္ကန့်အတော်ကြာများ စိုက်ကြည့်နေပြီးနောက် ဘာကြောင့်မှန်း မသိဘဲ သူမက စတင်ပြီးအကြည့်လွှဲသွားကာ သူ့လက်တွေကို လွှတ်ပေးလိုက်သည်။ ဘာကြောင့်မှန်း မသိဘဲ သူမက သူ့ကို ဆောရီးဟု ခပ်တိုးတိုးဆိုသည်။ ပြီးတော့မှ သူ့မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်လာကာ ...

"ကျွန်မ သူမြတ်နဲ့ စေ့စပ်တော့မယ်ဆိုတာ ရှင် သိလား"





သူ နည်းနည်း Shock ဖြစ်သွားသည်။ ဒီကိစ္စကို မျှော်လင့်ပြီးသား ဖြစ်သော်လည်း ဘာ့ကြောင့်တုန်လှုပ်ချင်သလို ဖြစ်သွားလဲ ဆိုတာတော့ မပြောတတ်ပေ။ သူမအတွက် သူမြတ်ရဲ့အကြောင်းကို သိနေသူတစ်ယောက် အနေနဲ့ တုန်လှုပ်သွားတာလား၊ ဒါမှမဟုတ် တခြားအကြောင်းတစ်ခုခုကြောင့်လား သူ ရုတ်တရက် ခံစားချက်တွေကို ဘယ်လိုမှ အမိအရ မဖမ်းဆီးနိုင်ခဲ့ပေ။

"မသိဘူး"

"**Something is wrong**"

တစ်ခုခုတော့ မှားနေပြီတဲ့။ ဟုတ်တာပေါ့ နွေတေးသီရယ်၊ မင်း မှားနေတာ ဟိုအရင်တည်းကပဲလေ။ လူတစ်ယောက်ကို အပေါ်ယံအမြင်နဲ့ ဆုံးဖြတ်တတ်တာရယ်၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းတာရယ်တွေက မင်းရဲ့အကြီးမားဆုံး အမှားတွေပဲလေ။ ဒါပေမဲ့ အဲဒါတွေက ပြင်ဆင်မယ်ဆိုရင် အချိန်မီသေးတယ်။ ခက်နေတာက ... ... ...။

"ကောင်းပြီလေ။ ရှင် မပြောချင်ရင်လည်း ကျွန်မ ဇွတ်မမေးတော့ပါဘူး။ ဒါပေမဲ့ ရှင်တို့ တစ်ခုခု ဖြစ်နေတယ်ဆိုတာ ကျွန်မ သိတယ်ဆိုတာကိုတော့ စိတ်ထဲမှာ ထည့်ထားလိုက်ပါ ...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ စေ့စပ်ပွဲက ဖေဖော်ဝါရီ(၁၄)ရက်နေ့လေ။ မြရိပ်ညိုမှာ နံနက်ဆယ်နာရီလုပ်မှာ။ ကျွန်မက ရှင့်ကို သူမြတ်ရဲ့အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်အနေနဲ့ လာခဲ့ဖို့ ဖိတ်ပါတယ်။ ကျွန်မ သွားတော့မယ်”

စကားသံအဆုံးတွင် သူတောင် ဘာမှမပြောရသေး။ သူမက ခပ်စေ့စေ့ကြည့်ကာ ချာခနဲ လှည့်ထွက်သွားတော့သည်။ သူသည် ကားတံခါးကိုမှီကာ မောဟိုက်ပြီး ကျန်ရစ်ခဲ့ရသည်။ မြရိပ်ညိုဟိုတယ် ဖေဖော်ဝါရီ(၁၄)ရက်နှင့် သူ မောဟိုက်ပြီး ကျန်နေခဲ့တာဟာ ဘယ်လိုများ ဆက်စပ်နေပါလိမ့်။ သူ့ရင်ထဲမှာ တစ်စုံတစ်ရာအတွက် တာဝန်မကျေသလို အပြစ်မကင်းသလို ခံစားနေရတာကရော ဘာကြောင့်များလဲ။

တော်ပြီကွာ ... ဘာမှကို မစဉ်းစားချင်တော့ဘူး။ ရှုပ်တယ်။

✤ ❖ ✤



## ၁၅

တစ်စုံတစ်ရာ သိနေခြင်းကို ဘာကြောင့် သိနေတာပါဟု လက်ဆုပ်လက်ကိုင်လည်း မပြနိုင်၊ သက်သေလည်း မထုတ်နိုင်၊ မဟုတ်ပါဘူးဟု ဘယ်သူကပဲပြောပြော ကိုယ့်စိတ်အာရုံထဲမှာတော့ ဒါဟာ ဖြစ်ကိုဖြစ်နေတယ်ဟု သိနေသောကိစ္စဟာ ခက်တော့ ခက်နေသလို ဆန်းတော့လည်း ဆန်းလှသည်။ ဇေးသည် ကိုယ့်အိပ်ခန်းထဲမှာ အရှေ့ အနောက် လမ်းလျှောက်ကာ တစ်စုံတစ်ရာကို ပြင်းပြင်းပြပြ စဉ်းစားတွက်ချက်နေမိသည်။

မျက်လုံးထဲမှာ ခြီအမြဲလိုမှ ထုတ်မရတာက ခါလွန်မိုးရဲ့မျက်နှာဖြစ်ပြီး သူ့မျက်လုံးတွေထဲမှာ ဇေးအတွက် လျှို့ဝှက်ခြင်းတွေကို မြင်နေရသည်ဟု ထင်သည်။ အဲဒါမှာ ဘာလဲဆိုတာတော့ အတိအကျ ခန့်မှန်းနိုင်သည်အထိ ဇေးက ပါရမီမရင့်

www.burmeseclassic.com

www.burmeseclassic.com



သန်သေးချေ။ ဒါပေမဲ့ တစ်ခုခုကို သိနေသည်။ သိတာနဲ့ထပ်တူပဲ ဒီကိစ္စဟာ သူမြတ်နဲ့ ပတ်သက်သည် ဆိုတာလည်း သံသယရှိနေသေးသည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

တံခါးခေါက်သံအဆုံးတွင် တံခါးနားသို့ လှမ်းလျှောက်ပြီး ရောက်ရှိနေသောတေးက တံခါးလက်ကိုင်ဘုကို ဆွဲလှည့်ပြီး ဖွင့်ပေးလိုက်သည်။ တေး ထင်တဲ့အတိုင်း ချိန်းထားသော ခတ္တာပင် ဖြစ်ပါသည်။ ခတ္တာက တေးရဲ့ပုံစံကို တစ်ချက် အကဲခတ်ကာ အခန်းထဲသို့ ဝင်လာသည်။ လက်ထဲကအိတ်ကို စားပွဲပေါ်တင်ရင်းမှ လူကိုယ်တိုင်ကလည်း တေးအခန်းထဲက ဆိုလည်ကုလားထိုင်မှာ ဝင်ထိုင်သည်။

"လက်နှစ်ဖက် နောက်ပစ်ပြီး တောင်လျှောက် မြောက်လျှောက်နဲ့ ဘာတွေစဉ်းစားခန်း ဝင်နေတာလဲ"

"ခတ္တာ"

တေးက တစ်ခုခုကို အသေအချာ ပြောတော့မည့်ပုံစံဖြင့် ခေါ်လိုက်လျှင် ခတ္တာက စိတ်ဝင်တစားဟန်ဖြင့် တေးကို ကြည့်နေသည်။ ရင်ထဲမှာ တစ်ခုခုရှိနေလျှင် မြဲမထားတတ်သော တေးက ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်ကာ ...





"နင် ဆဋ္ဌမအာရုံကို သိလား"

"သိသားပဲ။ အခု ဆိုထားတဲ့ အခွေကိုပြောတာ မဟုတ်လား"

"သေလိုက်ပါတော့ဟာ။ ဘာတွေ လာပြောနေတာလဲ"

"သိဘူးလေ။ နင်ပဲ ဆဋ္ဌမအာရုံကို သိလားဆို။ ငါသိတာတော့ အဲဒါပဲ။ တခြား ဘာဆဋ္ဌမအာရုံတွေ ရှိသေးလို့တုန်း"

"ဝေးတယ်ဟာ"

"ဝေးတယ်ဟေ့ ... ဝေးဝေးပဲ။ ချစ်သူတွေချင်းတောင် ရင်ဘတ်ချင်း မနီးနိုင်တဲ့ကိစ္စမှာ တို့က လိုက်ပြီးနီးမနေနိုင်ပေါင်။ ခပ်ဝေးဝေးပဲ"

စောင်းလား မြောင်းလား ပြောနေသော ခတ္တာကို တေးက မျက်စောင်းတစ်ချက် ပိတ်ထိုးကာ ပြန်လည်ရှန်တွေ့တော့မလို လုပ်ပြီးမှ လမ်းကြောင်းလွဲကာ လိုရင်းကိုပဲ ဦးတည်လိုက်သည်။

"ငါ့စိတ်ထဲမှာ သူမြတ်နဲ့ ခါလွန်မိုးကို ပုံစံမကျဘူးလို့ ခံစားနေရတယ်"

"ဟယ် ... သူတို့က Man to Man တဲ့လား၊ ဒုက္ခပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ ခတ္တာရာ။ နင် ငါ့စကားကို ဆုံးအောင်နား ထောင်ပြီးမှ နင် စကားပြောစမ်းပါ။ ဘာမှ မပြောရသေးဘဲနဲ့ ထင်ရာ မြင်ရာတွေ စွတ်ပြောမနေစမ်းပါနဲ့"

"သိဘူးလေ။ နင် စဉ်းစားခန်းဝင်နေတဲ့ ပုံစံက အဲဒီလို မျိုးကြီး ဖြစ်နေတာကိုး။ ကဲ ... ပြော၊ အစအဆုံး ... ပြော"

"နင် သိတဲ့အတိုင်းပဲ။ သူမြတ် ဆိုတာ ခါလွန်မိုးနဲ့ပေါင်း လွန်းလို့ ငါကတောင် သဘောမကျ ဖြစ်နေရတာ။ အခု သူတို့ သိပ်မတွဲဖြစ်ကြဘူးဆိုတဲ့အပေါ် ငါက တစ်ခုခုကို သံသယဝင်နေတယ် ...

သူတို့နှစ်ယောက် တစ်ခုခု ဖြစ်နေတယ်လို့လည်း ထင်တယ်"

"ဘာဖြစ်လို့ ထင်နေတာလဲ။ ဘာလဲ ... အခုနကမေးနေ တဲ့ ဆင္ဓမအာရုံဆိုတာ အဲဒီ ထင်နေတာကို ပြောတာလား"

"ဟုတ်တယ်။ နင်ပဲ စဉ်းစားကြည့်လေ။ ငါတို့နှစ်ယောက် ကိုပဲ နင်က အပြင်လူ နေရာကနေ ဝင်ရောက်ခံစားကြည့် စမ်းပါ ...



နင်နဲ့ ငါနဲ့ အရမ်းတွဲကြတယ်၊ ဘယ်ကိစ္စမဆို အတူတူတိုင်ပင် မခွဲစတမ်း ရှိကြတယ်။ အဲဒီလို နေလာ ကြရင်းမှ မတွဲကြတော့ဘူး၊ မတွေ့ဖြစ်ကြတော့ဘူး၊ ငါ စေ့စပ်တော့မယ့် ကိစ္စကိုတောင် နင်က မသိတော့ဘူးဆို ဒါ တို့နှစ်ယောက် ဘာဖြစ်နေကြလို့လဲ"

"ပြဿနာတစ်ခုခု ရှိနေလို့ နေမှာပေါ့"

"အေး ... အခု သူမြတ်နဲ့ ခါလွန်မိုးတို့က အဲဒီလိုမျိုး ဖြစ် နေတယ်။ သူမြတ်နဲ့ ငါနဲ့ စေ့စပ်မယ့်ကိစ္စကို ခါလွန်မိုး က သိတောင် မသိဘူးတဲ့၊ ငါ ပြောမှပဲ သိတယ်။ ကဲ ... ဒါ သံသယဝင်စရာကိစ္စ မဟုတ်ပေဘူးလား"

"ဟုတ်ပေတာပေါ့၊ ဟုတ်ပေတာပေါ့"

အရေးထဲမှ လာနောက်နေသော ခတ္တာကို ဘေးက ရိုက်စောင်းတစ်ချက် ပိတ်ထိုးမိရင်းမှ ...

"နောက်မနေနဲ့ မိန်းမ။ ငါ တကယ်ပြောနေတာ"

"အေးလေ ... သံသယဝင်စရာ ရှိတော့ရော ဘာဖြစ်သလဲ။ သူတို့ ယောက်ျားချင်းကောက်တာ နင်နဲ့ ဘာဆိုင်လဲ"

"အဲဒါကိုပြောတာပေါ့။ အဲဒီကိစ္စကို ငါ့စိတ်ထဲမှာ တစ်မျိုး ဖြစ်နေတာ။ တစ်မျိုးဆိုတာလည်း ဘယ်လိုပြောရမှန်း မသိဘူးဟာ ...

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ မတင်မကျကြီး ခံစားနေရတယ်၊ ဒီကိစ္စဟာ ထင်တာထက် နက်နဲပြီး ကျယ်ပြန့်နေတယ်လို့ ထင်တယ်၊ ငါ့စိတ်ရဲ့ ဆဋ္ဌမအာရုံထဲမှာ သိကို သိနေတယ်"

ခတ္တာက တေးကို ရူးသွားပြီလား၊ ကြောင်သွားပြီလားဟူသော အကြည့်မျိုးဖြင့် ကြည့်သည်။

"ငါ ရူးနေတာ မဟုတ်ဘူးနော်"

"ကိုယ့်ကိုယ်ကိုယ် ရူးနေပြီလို့ ပြောတဲ့လူက ဘယ်တော့မှ မရူးဘူးတဲ့။ နင်ကတော့ ရူးနေတာ မဟုတ်ဘူးဆိုတော့ ရူးနေတာ သေချာပြီပဲ ...

ဘာဖြစ်နေတာလဲ မယ်တေးရာ။ နင့်ဟာကို ဟိုလိုလည်းမဟုတ် ဒီလိုလည်းမဟုတ်နဲ့ နင်ပဲ ခါလွန်မိုးနဲ့ပေါင်းတာ မကြိုက်ဘူးဆို။ သူမြတ်ကိုလည်း လိုက်ပြောနေတာပဲ မဟုတ်လား။ အခု နင် ဖြစ်စေချင်တဲ့အတိုင်း ဖြစ်သွားတာပဲ မဟုတ်လား။ တော်ပြီပေါ့၊ ဘာတွေစားနေတာလဲဟာ"

"ဟ ... အဲဒါကိုက သံသယဝင်စရာ အဖြစ်အပျက်ပဲလေ။ ငါ ပြောနေတုန်းက တွဲမြဲတွဲလျက်သား နှစ်ယောက်ဟာ ဘာကြောင့် အခုမှ ခွာပြီနေရတာလဲ။ ငါ ပြောတုန်းကတောင် မပြတ်နိုင်ခဲ့တဲ့ သူမြတ်ဟာ ဘာကြောင့် ခုမှတွဲလက်ဖြုတ်သွားရတာတဲ့လဲ ...





ပြီးတော့ ... သူတို့ မတွဲတော့တဲ့ကိစ္စမှာ ထူးဆန်းအံ့သြစရာကောင်းတာက ခါလွန်မိုးက ပိုပြီးတင်းမာနေတဲ့ပုံစံပဲ။ ခါလွန်မိုးရဲ့ပုံစံကကို သူမြတ်အပေါ် ပိုတင်းနေတဲ့ပုံစံရှိတယ်။ အဲဒါကို ငါက ထူးဆန်းတာ။ သံသယဝင်တာ။ ရင်ထဲမှာ မတင်မကျ ဖြစ်တာ"

"ဟင်း ... နင်ကိုက သံသယဖြစ်နေတာပါဟာ။ နင် စာရေးဆရာမ လုပ်ပါလားဟင်။ ကိုယ့်ဘာသာကိုယ် ဇာတ်လမ်းတွေ စီနေတယ်"

"ဒီမှာ ခတ္တာမရဲ့။ မသိရင် မှတ်ထား။ လောကကြီးမှာ လေ တီထွင်မှုတိုင်းဟာ သံသယဖြစ်ဖွယ် ကိစ္စတွေကို အခြေခံထားတယ် ...

လေယာဉ်ပျံက်ကျနိုင်တယ်လို့ သံသယရှိလို့ လေထီးကို တီထွင်ထားတာ။ မှန်ကန်တဲ့ရှုထောင့်က ကြည့်တဲ့ သံသယဆိုတာ အကောင်းဘက်ကို ဦးတည်တယ်။ ကောင်းကျိုးပြုတယ်။ ခုလည်း ငါက သူတို့ကို ဘလိုင်းကြီး စွပ်စွဲနေတာ မဟုတ်ဘူး။ ငါ သံသယရှိတယ် ဆိုတာကိုပဲ နင့်ကို ပြောပြနေတာ။ စွပ်စွဲမှု မရှိသရွေ့ သံသယမှာ အပြစ်မရှိသေးဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အိုခေ ? ။ အဲဒီအထိ သဘောပေါက်တယ် မဟုတ်လား"

"ပေါက်တယ် ... ပေါက်တယ်။ မပေါက်ဘူး ပြောနေလည်း ငါ့ကို ဆက်ပြီးပြဿနာရှာနေဦးမှာဆိုတော့ ပေါက်တယ် ပြောလိုက်တာပဲ ကောင်းတယ် ...

ကဲ ... အဲဒီတော့ နင်က ဘာလုပ်ချင်လို့လဲ"

"ဘာလုပ်ချင်လဲဆိုတော့ သူမြတ်ကို ချက်ကင် လိုက်ရ လိမ့်မယ်လို့ ထင်တယ်"

"ခါလွန်မိုးကိုရော"

"သူ့ကို ဘာလိုက်စရာလိုလဲ။ သူက ငါ လက်ထပ်မယ့် သတို့သားလောင်းလည်း မဟုတ်ဘူး။ ပြီးတော့ သူက တောင် သူမြတ်ကို ရှောင်ချင်နေတဲ့ ပုံစံမျိုးရှိတယ်လို့ ငါ မြင်တယ် ...

ဒီတော့ သူမြတ် ဘာတွေဖောင်းလ်နေလဲ ဆိုတာ သိဖို့အရေးမကြီးဘူးလား"

"အင်း ... နင်တွေးတာလည်း ဟုတ်တုတ်တုတ်ပါပဲ။ စိတ်ရှုပ်တယ်ဟာ၊ ဒီလိုဒုက္ခတွေ မခံစားချင်လို့ မြန်မာ ရိုးရာစစ်စစ် ရွေတာချော်နဲ့ပဲ လျှော်တာ ...



ဘာတွေမှန်းကို မသိဘူး။ ရည်းစားတစ်ယောက် ထားရတာ တကယ်ခေါင်းစားတယ်"

ခတ္တာ တွေးသလိုပဲ တေးလည်း တွေးတော့ တွေး မိသားပင်။ တေးကပဲ စိတ်မထားတတ်လို့လား၊ ဒါမှမဟုတ် တကယ့်ကို အာရုံနောက်စရာ ဖြစ်နေလို့လားတော့ မသိပေ။ တေးသည်လည်း ခုတလောမှာ အချစ်အပေါ်၌ စိတ်ရှုပ်လျက်ရှိနေ ပေသည်။

"နင့်ကို ငါ တစ်ခုတော့သတိပေးမယ်နော် တေး။ သူမြတ် ကို နင့်စိတ်ထဲမှာ သံသယရှိနေတယ်ဆိုတာ၊ ဒါ နင့်အထင် လည်း ဖြစ်နိုင်တယ်၊ ဒီတော့ ဒီကိစ္စကို နင် သူမြတ်ရှေ့ မှာ ယောင်လို့တောင် သွားမဟမိစေနဲ့ ...

မဟုတ်ခဲ့ရင် နင်က ဖောင်းလ် ဖြစ်မယ်။ ဟုတ်နေ တယ် ဆိုရင်လည်း သူ့ခြေလှမ်းတွေကို နင်က ရိပ်မိနေ တယ်ဆိုပြီး အသာနောက်ဆုတ်သွားဦးမယ်။ ဒီတော့ အဆိုး အကောင်း ဘာကိုမှ မဝေဖန် မပြောဘဲ ဒီအတိုင်း အသာ လေး ချက်ခ်မယ်၊ ဟုတ်ပြီလား"

ဆရာမကြီး ခတ္တာက ဟုတ်တိပတ်တိ ပြောနေတာ ကို တေးက ခေါင်းတဆတ်ဆတ် နားထောင်ကာ မျက်လုံးထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်ကို ပြေးမြင်လာသည်။ အဲဒီတစ်ယောက် _ အဲဒီတစ်ယောက်ဟာလေ အကုန်လုံးကို သိမြင်သည်ဟု ထင်သည်။ ဒါပေမဲ့ ဘာကြောင့်များ နှုတ်ပိတ် နှုတ်ဆိတ် နေရတာလဲ။

သင်းလည်ပင်းကို ညှစ်လို့ စကားလုံးတွေသာ ထွက်လာမယ်ဆိုရင် အားပါးတရ ညှစ်ပစ်ချင်လိုက်တာ။

✤ ❖ ✤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။





## ၁၆

သူမြတ်ကို ဘယ်လို Checking လိုက်ရမလဲဆိုတာ နည်းလမ်းစဉ်းစားသော တေးသည် သူ့ဖုန်းကို ခေါ်ရာတွင် လူကြီးမင်းနှင့် အကြာကြီးတိုးသဖြင့် အဲဒီစိတ်ကူးကို ဖျက်ခဲ့ရခဲ့ခြင်းဖြစ်သည်။ သူ့ရဲ့ဖုန်း list ကို ကြည့်ချင်လာသည်။ အဲဒီ list မှာ ဘယ်သူနဲ့ ... အင်းလေ ... ဘယ်ဖုန်းနံပါတ်နဲ့အများဆုံး ပြောထားသလဲဆိုတာ ပေါ်လာမှာဖြစ်သည်။ လူတစ်ယောက်မှာ သူ အမြဲကိုင်တတ်သော ကိုယ်ပိုင်ဖုန်းတစ်လုံး ရှိသည်ဆိုပါတော့။

သူ့မှာ ရည်းစားရှိခဲ့လျှင် စကားအပြောဆုံး ဖုန်းနံပါတ်မှာ သူ့ရည်းစားရဲ့နံပါတ်ပဲ ဖြစ်လိမ့်မည်။ ရည်းစားနှစ်ယောက် ရှိခဲ့ရင်လည်း ရည်းစားနှစ်ယောက်စလုံးရဲ့ နံပါတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဟု တေးက ခပ်ချဉ်ချဉ် တွေးမိကာ မိတ်ဆွေတစ်ယောက်ရဲ့ ကူညီမှုနှင့် သူ့ရဲ့ဖုန်း list တွေကို ထုတ်ယူကြည့်လိုက်သည်။ တွေ့ပါပြီ။ တေး ထင်ထားတဲ့အတိုင်း ဆရာဝန်တစ်ယောက်ဖြစ်သော သူ့ရဲ့ဖုန်းမှာ အမယ်စုံသော ဖုန်းနံပါတ်တွေကို အများအပြား တွေ့ရသည်။

အဲဒီထဲကမှ ထူးထူးခြားခြား တွေ့ရတာက ဖုန်းနံပါတ်တစ်ခုပဲဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၏ ငါးသိန်းတန်ဖုန်းဟုသိရသော အဲဒီဖုန်းနံပါတ်ဟာ သူမြတ်ရဲ့ခေါ်ဆိုမှု အများဆုံးဖြစ်ကာ သူမြတ်ထံသို့လည်း ခေါ်ဆိုမှုအများဆုံးဖြစ်သည်။ တေးကတောင် အဲဒီလောက် ကပ်မလိုက်ချေ။ အဲဒါ ဘယ်သူလဲ။ ဘယ်သူလဲ ဆိုသော မေးခွန်းတွေက တေးရဲ့ခေါင်းထဲတွင် ချာချာလည်ပြီး ရိုက်ခတ်လာသည်။

ထပ်ဆင့်တွေးပြီး သိလာရသော အသိများအရ အဲဒီဖုန်းနံပါတ်များမှာ တေး နိုင်ငံခြားသွားချိန်မှာ အဆိုးဆုံးဖြစ်သည်။ အပြန်အလှန် ခေါ်ဆိုမှုများ အများဆုံးဖြစ်ပြီး ထူးခြားတာတစ်ခုက တေး သိထားသော ခါလွန်မိုးနှင့် သူမြတ်တို့ ဖုန်းပြောဆိုမှု မရှိခြင်းပဲ ဖြစ်တော့သည်။ တေးသည် တစ်ခုနှင့်တစ်ခုကို ဆက်စပ်တွေးရင်း တွေးရင်းနဲ့မှ ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။



နလုံးသွေးတွေက တဒိတ်ဒိတ်တိုးလာသည်။ ရင်ခုန်တာကြောင့်တော့ မဟုတ်ပေ။ ဒေါသစိတ်တွေက သွေးဆဲလ်တွေမှတစ်ဆင့် ခန္ဓာကိုယ်တစ်ခုလုံးသို့ ပျံ့နှံ့နေခြင်းကြောင့်ဖြစ်သည်။

တေးက အလွန်ဒေါသကြီးတတ်သည်။ ထစ်ခနဲဆို အဲဒီဒေါသက ထွက်ပြီးသားဖြစ်လျှင် ဝုန်းဒိုင်းကြဲလည်း ပေါက်ကွဲပြီးသား ဖြစ်တတ်သည်။ သူမြတ်ဆီမှာ တေး မသိသော ယောက်တစ်ခုခုကတော့ ရှိနေခဲ့ပြီ။ သေချာနေခဲ့ပြီ။ ဖြစ်နိုင်လျှင် သူမြတ်ရဲ့ရှေ့သို့သွားကာ ဖုန်း Call Lists စာရွက်ကြီးကိုပြလျက် ဒါဘာတွေလဲဟု အာခေါင်ခြစ်ကာ အော်ဟစ်မေးပစ်ချင်လှသည်။ ထုရိုက် ပုတ်နှက်ပြီးတော့လည်း မေးပစ်ချင်လှသည်။

ဒါပေမဲ့ တစ်ဖက်က သတိပေးနေသော စိတ်ကလည်း နေဦး ... အချိန်မတန်သေးဘူး၊ ဒီဒေါသက မထွက်သင့်သေးဘူး၊ အောင့်ထားဦးဟု နှိုးဆော်နေသေးသည်။ ဒါဟာဘာလဲ ? ၊ အန္တရာယ်ရှိသော ကိစ္စဆိုတာ ဘယ်အရာက လှုံ့ဆော်နေမှန်းမသိ လှုံ့ဆော်နေကာ တစ်ခုခု ဆိုတာကိုလည်း သိနေသည်။ တေး တော်တော်ဒေါသထွက်နေတာမို့ ကိုယ့်ဒေါသကိုယ် ပြန်မျိုချနေရတာကလည်း ရောဂါတစ်မျိုးပင်။ ထပ်ဆင့်ဒေါသထွက်စရာ ကောင်းတာက တေးသည် သိခွင့်ရခဲ့သော ဖုန်း

www.burmeseclassic.com

www.burmeseclassic.com



နံ့ပါတ်ကိုနှိပ်၍ ခေါ်ဆိုကြည့်လိုက်လျှင် ထင်ထားတဲ့အတိုင်း မလွဲစွာ မိန်းကလေးအသံတစ်ခုက နားထဲသို့ တိုးဝင်လာသည်။

"ဟယ်လို"

ဟယ်လိုနှစ်လုံးတည်း နားထောင်လိုက်ရတာနဲ့ကို နားထဲမှာ အီစိမ့်နေသော အသံကြောင့် တေး ရင်ထဲမှာ ဖျင်းခနဲ ဖြစ်သွားသည်။

တေးက ဘာမှထပ်မပြောသဖြင့် တစ်ဖက်က ထပ်မေးသည်။

"ဟယ်လို ... ဘယ်သူပါလဲ"

"ဪ ... ဥမ္မာလား မသိဘူး"

"ရှင် ... မဟုတ်ပါဘူး။ အခု ပြောနေတာ ဘယ်သူလဲ မသိဘူးနော်"

တေး ကြားဖူးသမျှသော အသံတွေထဲတွင် ဒီအသံလောက် ပျစ်ချွဲကာ အီညှောင်ညက်နိုင်သော အသံမျိုး တစ်ခါမှ မတွေ့ဖူးသေးချေ။ တော်တော်ကြီးကို အီညှောင်ညက်သော အသံဖြစ်ကာ ယောကျ်ားတွေကို တော်တော်ဖမ်းစားနိုင်မည့် အသံမျိုးဖြစ်သည်။ တချို့က နဂိုညှောင်တာမျိုး ရှိသည်။ မွေးကတည်းက မလှုပ်တလှုပ် မပွင့်တပွင့်ဖြစ်ပြီး သွားလည်းမလှုပ်တလှုပ်၊ လာ



လည်း မလှုပ်တလှုပ်ဖြစ်ကာ နေရာတကာမှာ အေးပြီး မလှုပ်တလှုပ် ဖြစ်သည်။ ဒါမျိုးကို တေးက လက်ခံပေးလို့ရသည်။

တချို့ကတော့ မွေးလာကတည်းကလည်း မလှုပ်တလှုပ် မဟုတ်ဘဲ ပျံချက်ကတော့ ထရံတက်နေသည်ဟူသော အစားမျိုးထဲကဖြစ်ကာ နောက်ကျမှ ဘယ်လိုဏှဖြွေရှင် အီညှောင်ညက် ဖြစ်သွားလဲတော့ မပြောတတ်။ ကိုယ်တိုင်လည်း ပွင့်ပွင့်လင်းလင်း စိတ်မြန်ကိုယ်မြန် နေတတ်သူ တေးသည် အဲဒီလို အီညှောင်ညက်တွေကို သိပ်ပြီး ကြည့်မရချင်ပေ။ မိန်းကလေး အချင်းချင်း အီညှုတ် အီညှက် လာလုပ်နေလျှင် ပိုဆိုးသေးသည်။

အခုလို ကိုယ်နှင့် Shock ရှိသောသူက အီညှောင်ညက် ပထမတန်းစား ဖြစ်နေသောအခါ ပိုတောင်ဆိုးသေးတော့သည်။

"ဟို ... ဒါ ဥမ္မာ ဖုန်းလားလို့ပါ"

နဂိုတည်းက မကြည်သောကြောင့်ထင့်။ တေး အသံက ခပ်ဆတ်ဆတ် ဖြစ်သွားသည်။

"မဟုတ်ပါဘူး မမ။ ဒါ နှင်းရဲ့ဖုန်းပါ"

"ဪ ... တို့ သိထားတာ ဥမ္မာရဲ့ဖုန်းနံပါတ်လားလို့။ ဟို ... ပြန်ဝယ်လိုက်တာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မဟုတ်ပါဘူး။ ဒါ ကတ်ချိုးပြီး ကိုင်တာပါ။ ဘယ်သူ့ဆီကမှ ပြန်ဝယ်ထားတာ မဟုတ်ဘူး။ ကတ် အသစ်ပဲ၊ ဘာဖြစ်လို့လဲဟင်၊ ဒီနံပါတ်ကို ဆက်နေကြလား"

"ဆောရီး ... မှားသွားပြီ"

တေးက ဆက်ပြောချင်စိတ် မရှိတော့သဖြင့် ဖုန်းကို ပိတ်ချလိုက်သည်။ လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ဖုန်းသည် ဘီယာဘူးခွံတစ်လုံး ဆိုပါက ရှုံ့တွလိမ်ကျစ်သွားမည်ဟု ထင်သည်။ အခုတော့ မာကျောကျစ်လျစ်သော ဖုန်းပြားပြား လေးမို့ ဘာမှပုံမပျက်။ ဖုန်းကသာ ပုံမပျက်သော်လည်း တေးရဲ့ တည်ငြိမ်သော နှလုံးသွေးတွေကတော့ ပုံပျက်နေခဲ့ပြီ။

ဒီ အိမ်ထောင်ဘက်မနှင့် သူမြတ်ဟာ တစ်နည်းတစ်ဖုံ ပတ်သက်နေပြီဆိုတာ တေး ရိပ်မိနေခဲ့ပြီ။ တေးသည် ဒေါသတွေကို တတ်နိုင်သမျှ ချုပ်တီးကာ သူမြတ်ရဲ့အခြေအနေကို လေ့လာဖို့ အစီအစဉ်တွေကို အကွက်ချရသည်။ သူနှင့် အိမ်ထောင်ဘက် တို့ကို လေ့လာဖို့ အစီအစဉ်တွေကို အကွက်ချရသည်။ သူနှင့် အိမ်ထောင်ဘက်တို့ကို အမိဖမ်းနိုင်ဖို့ရာသည် သူမြတ်ကို နောက် ယောင်ခံလိုက်မှ ဖြစ်မည်ဆိုတာကို သိတဲ့အတွက် Checking လိုက်ဖို့အတွက် အကွက်ချရသည်။ လုံးဝရိပ်မိခြင်း မရှိအောင်





ပိပိရိရိ စီစဉ်ရမှာ ဖြစ်တာကြောင့် တေးဟာ သေချာစွာ စဉ်းစား ရသည်။

အဲဒီအချိန်အတွင်းမှာ သူမြတ်ကို ဖုန်းတောင်မဆက် ဖြစ်ချေ။ ခုချိန်ဟာ ဇန်နဝါရီလဆန်းမို့ ဖေဖော်ဝါရီမှာ စေ့စပ်ဖို့ ကိစ္စတွေအတွက် လူကြီးတွေ အလုပ်ရှုပ်နေကြသော်လည်း တေး က ကိုယ့်ကိစ္စနှင့်ကိုယ် ရှုပ်နေသည်။ အလကားနေရင်း ဒေါသ ထွက်နေသော စိတ်နှင့်အတူ အလိုမကျသော သုန်သုန်မှုန်မှုန် မျက်နှာတို့ကြောင့် တေးရဲ့မိခင်ကပင် ပြောယူရသည်။ အကျီ အပ်ဖို့လည်း စိတ်မဝင်စား၊ အစားအသောက်ကျွေးဖို့လည်း စိတ် မဝင်စားသော တေးကို အမေလုပ်သူကတောင် ကြည့်မရချင်တော့ ပေ။

"ဟဲ့ ... မိတေး။ နင့် စေ့စပ်ပွဲက ဖင်ထဲဝင်တော့မယ်နော်၊ ခုထိဘာမှလဲ အသေအချာ မစီစဉ်ရသေးဘူး။ ဘာဝတ်မှာ လဲ ဘာကျွေးမှာလဲ"

ဘာမှလဲ မဝတ်ချင်၊ ဘာမှလဲ မကျွေးချင်ဘူးဆို တာတော့ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲ ဖြစ်တော့သည်။ ဖြစ်နိုင် လျှင် ဒီစေ့စပ်ပွဲကို လုပ်ချင်စိတ်တောင် မရှိတော့ဘဲ ဖျက်တော့ မယ်ဟု ကြုံးဝါးမစ်ချင်စိတ်အား အတော့်ကို ထိန်းချုပ်ထားရတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဒါပေမဲ့ လူကြီးတွေကြားမှာ ပြဿနာဖြစ်လာခဲ့လျှင် တေးက ဘာ့ကြောင့်ပါဆိုပြီး သက်သေသာဓက ပြနိုင်ရမည်။ အခုချိန်မှာ ကိုယ့်ဘက်က မတိကျ မသေချာဘဲ ရမ်းသမ်းပြော လိုက်လျှင် သူ့အပြစ်က ကိုယ့်အပြစ် ဖြစ်လာမည်။

မတိကျ မသေချာဘဲလည်း ရမ်းမပြောရဲသေး။ တော်ကြာ ဟိုလူလည်က ရိပ်မိပြီး ခြေလှမ်းတွေကို လုံခြုံစွာ သိမ်းထုပ်လိုက်လျှင် တေးက လိုက်ရတာ ခက်သွားဦးမည်။ ဒီတော့ တေးသည် မထွေးနိုင် မအန်နိုင်သော ဒေါသနှင့်ဒုက္ခကြီး ကို သယ်ပိုးထုပ်ပိုက်ကာ လူက ဘီလူးမနဲ့တောင် တူလာသလား တော့ မပြောတတ်တော့ချေ။ ကျန်တဲ့လူတွေကတော့ တေး ခံစား နေရတာတွေကို ဘယ်သူမှ မသိကြချေ။ သူမြတ်ကိုယ်တိုင် ပင်လျှင် မသိ။

စိတ်ကူးပေါက်၍ ဖုန်းဆက်တုန်းကတောင် အချိုး တွေပြောင်းကာ ငြိမ်သက်သဘောကောင်းနေသည်ဟု ထင်ရသော တေးကို အံ့သြနေသော လေသံဖြင့် …

"တေး … ခုတလော အလုပ်တွေ ရှုပ်နေသလား။ ကိုယ့် ဆီတောင် ဖုန်းမဆက်နိုင်သလိုပဲ"

"အင်း … သူမြတ်လည်း ရှုပ်နေမယ် ထင်လို့ပါ"





အော်ဂလီဆန်ဖို့ ကောင်းလေစွ။ လောကမှာ ကိုယ် မနှစ်သက် ဒေါသထွက်ကာ ကိုယ့်ကို ဘတ်ထားသော လူတစ် ယောက်ကို ဘာမှမဖြစ်သလို ပုံစံဖြင့် ကောင်းကောင်းမွန်မွန် ဆက်ဆံပြနေရတာက တော်တော်အော်ဂလီဆန်ဖို့ ကောင်းသည် ဟု ထင်သည်။

"ဟုတ်တယ် တေးရာ။ ကိုယ်လည်း ခုတလောမှ အလုပ် တွေ အရမ်းရှုပ်နေတာ ဆရာကြီးကလည်း တောက်လျှောက် ခေါ်နေတော့လေ …

တေးနဲ့တောင် အေးအေးမတွေ့ဖြစ်တော့ဘူး။ ဒီတစ် ပတ်ဆန်းဒေးကျရင် တေး အားလား။ Hot Pot လေး ဘာ လေး သွားစားကြရင် မကောင်းဘူးလားလို့"

"ဆန်းဒေး ညနေပိုင်းလား၊ ရုံးမှာ OT ဆင်းပေးရမယ် ထင်တယ်။ မအားလောက်ဘူး"

"ဟုတ်လား။ အင်း … အားတယ်ဆိုလည်း ဖုန်းဆက် လိုက်ပေါ့။ ကိုယ့်စိတ်ထဲမှာ ခုတလော တစ်ခုခု လိုနေတယ် လို့ ထင်နေတာရှိတယ်၊ သိလား တေး"

" ……… "



www.burmeseclassic.com

www.burmeseclassic.com



တေးက စိတ်ကုန်သောကြောင့် ပြန်မဖြေဘဲ နေမိသည်။ ဘာမှမပြောသောကြောင့် စဉ်းစားနေသည်ဟု ထင်ကာ သူကပဲ ဆက်ပြောသည်။

"တေးရဲ့ရန်တွေ့စကားတို့၊ အရစ်စကားသံလေးတွေ မကြားရလို့လေ။ အမြဲကြားနေကြမို့လို့လားတော့ မပြောတတ်ဘူး။ အဲဒါတွေ မကြားရတော့ လူက တစ်ခုခု လိုနေတယ်လို့ ထင်မိတယ်"

သွားသေလိုက်။ တေးက စိတ်ထဲမှ ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲမိသော်လည်း ပါးစပ်ကတော့ ပြုံးပြုံးလေးနှင့်ပင် ...

"ဟုတ်လား။ ဒါမျိုးက ဖြစ်တတ်ပါတယ်။ ဆိုက်ကိုသဘောတရားအရဆိုရင် ဒါဟာလည်း မသိစိတ်ရဲ့ စွဲလမ်းမှုတစ်ခုပဲလေ ...

အလေ့အကျင့် ဖြစ်နေတဲ့ အရာတစ်ခုဟာ ပျောက်ဆုံးခဲ့ယဉ်းတတ်တယ်။ ဒါကြောင့် သူမြတ်လည်း စွဲလမ်းနေတာ နေမှာပေါ့"

"ဟာ ... အဟင်း ဟင်း"

အသံကိုက မသတီချင်စရာဟု တေးကတော့ ချီးချီးဖွဲ့ဖွဲ့တွေးပစ်လိုက်သည်။ အဲဒီနောက်မှာတော့ တေးက စကားဆက်





ပြောချင်စိတ် မရှိတော့သဖြင့် စကားစပြတ်ကာ ဖုန်းကိုချပစ်လိုက်လေသည်။ သူမြတ်က တေးကို ချိန်းဆိုသော တနင်္ဂနွေနေ့ကို စစ်ဆင်ရေးနေ့အဖြစ် သတ်မှတ်ကာ အဲဒီနေ့မှာ ချောင်းဖို့ဆုံးဖြတ်လိုက်သည်။ ချောင်းလျှင်လည်း ကိုယ့်ကို သူ မမှတ်မိဖို့က ရုပ်ဖျက်ဖို့ လိုအပ်သည်ဖြစ်လေရာ တေးသည် ယောကျ်ားလေးတစ်ယောက်လို ရုပ်ဖျက်ဖို့ရာအတွက် ယောကျ်ားအဝတ်အစား၊ ဆံပင်တု ဘာညာ ဝယ်ဖို့ရာအတွက် စနေနေ့မှာ ရှော့ပင်းမောလ်တစ်ခုသို့ ထွက်လာခဲ့ရသည်။

ယောကျ်ားလေးပစ္စည်းတွေချည်း သီးသန့်ရောင်းသော ဆိုင်ထဲသို့ ဝင်ရတာဟာ မိန်းကလေးပစ္စည်းတွေရောင်းသော ဆိုင်ထဲသို့ ယောကျ်ားတစ်ယောက် ဝင်ရတာထက်တော့ မျက်နှာပူစရာ မကောင်းတာရော၊ နဂိုတည်းက သတ္တိရှိတာကြောင့်ရော တေးက ခပ်တည်တည်ပင်။ လိုအပ်သောပစ္စည်းတွေ ဝင်ဝယ်ပြီးပြန်အထွက်မှာပဲ တစ်စုံတစ်ယောက်နှင့် တိုက်မိမလိုဖြစ်သည်။

တစ်ယောက်နဲ့တစ်ယောက် နင် ဘာလဲ၊ ငါဘာလဲ မော့ကြည့်ကြတုန်းမှာ ဘယ်သူက ဘာလဲဆိုတာ သိသွားကြသည်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲလား သူ့ကို ယောကျ်ားလေး အသုံးအဆောင်ပစ္စည်းဆိုင်မှာ တွေ့ရတာ အဆန်းမဟုတ်ပေမယ့်သူမြတ်



www.burmeseclassic.com

www.burmeseclassic.com



ကို Checking လိုက်ဖို့ ပစ္စည်းလာဝယ်သည် ဆိုကာမှ သူနဲ့တွေ့တာ နည်းနည်းတော့ ဆန်းနေသည်။

"သြော် ... မင်းကိုး"

တေးကတော့ ရှင်ကိုးဟု ပြန်မပြောချင်သဖြင့် သူ့ကို နှုတ်ခမ်းစေ့ပြီး ကြည့်နေမိသည်။ သူက တေးလက်ထဲက အထုပ်တွေကို တစ်ချက်ငုံ့ကြည့်ကာ ...

"ဘာလဲ ... သူမြတ် အတွက် လာဝယ်သလား"

စာရင်းမရှိပါဘူးဟု လွှတ်ခနဲ ထွက်သွားမိတော့မလို ဖြစ်သွားသော ပါးစပ်ကို အမြန်ပိတ်ကာ ခေါင်းတစ်ချက်ဆတ် ပြလိုက်သည်။ သူ့မျက်လုံးတွေက အဲဒီတစ်ခဏမှာ ဖျတ်ခနဲ အရောင်ပြောင်းသွားသလိုပဲ။ ဘာဖြစ်သွားတာလဲ။ အဲဒီလို မဆို စလောက်လေး ပြောင်းလဲသွားတာကိုပဲ တေးက သင်္ကာမကင်း ဖြစ်နေတာဖြစ်သည်။ သူ့ထံမှာ တေး မသိသော လျှို့ဝှက်မှုတစ်ခုခု ရှိနေသည်ဟု ထင်သည်။

"ရှုံးပိတ်ရက်မှာ တစ်ယောက်တည်း ရှော့ပင်းထွက်လာတာပေါ့။ တစ်ယောက်တည်း လာတဲ့သူအချင်းချင်း ဂုဏ်ပြုတဲ့ အနေနဲ့ မင်းကို တစ်ခုခုကျွေးပါရစေ ...

အချိန်က ဟဲဗီးဆွဲလို့ရနေပြီပဲ။ ဘာစားမလဲ"





"မစားချင်ပါဘူး၊ ရှင် သွားစရာရှိတာ သွားပါ"

"သြော် ... သွားစရာက အထူးတလည် မရှိပါဘူး။ စာကျက်ရတာ ကျောင်းတက်ရတာ ညောင်းလာတာနဲ့ ဟိုနားဒီနား ထွက်လာတာ။ ကိုယ်တို့အိမ်က ဒီမောလ်ကြီးနားမှာပဲ ...

ဘာဖက်ရှင်တွေ ခေတ်စားနေလဲဆိုပြီး ဒီထဲကို လျှောက်ကြည့်တာ"

"မျက်စိအစာကျွေးတယ်လို့ မွှင့်မွှင့်လင်းလင်း ဝန်ခံလိုက်စမ်းပါ"

တေးက အဲဒီလို ပြောလိုက်လျှင် သူက ဟက်ခနဲ ရယ်မောသည်။ ခေါင်းကိုအသာငုံ့ကာ ဟက်ခနဲ ရယ်မောပုံသည် ဘာကြောင့် ကြည့်ကောင်းသွားမှန်း မသိပေ။ ငေးခနဲ ဖြစ်သွားပြီးမှ အကြည့်တို့ကို ချက်ချင်း ရုပ်ရသည်။

"ဟား ဟား ... မင်းနဲ့ ကိုယ်နဲ့တောင် အေးအေးဆေးဆေး စကားမပြောရတာ ကြာပြီ။ လာပါ ... ဒီထဲက ကော်ဖီဆိုင်ပဲဖြစ်ဖြစ် ခဏ ဝင်ထိုင်ကြရအောင်၊ ကိုယ် ကျွေးမှာပါကွ"



www.burmeseclassic.com

www.burmeseclassic.com



တေးက ဒီတစ်ခါတော့ ထပ်မံ မငြင်းဆန်တော့ဘဲ သူနဲ့အတူ ကော်ဖီဆိုင်ထိုင်ဖို့ လက်ခံလိုက်သည်။ သူ ပြောသလိုပင် သူတို့အိမ်က ဒီနားမှာဆိုတာ ဖြစ်နိုင်မလားတော့ မသိပါ။ သူ ဝတ်ထားတာက ခုပဲစာကျက်နေရာက ထလာသယောင် တီရှပ်နှင့် ဘက်ဂီဘောင်းဘီပွဖြစ်သည်။ အင်္ကျီအရောင်ကလည်း သူမို့ ဝတ်တတ်သည့် မိတ်ကပ်ရောင်အရင့် ခေါ်မလား သခွားရောင်ခေါ်မလား ဖစ်တင်တီရှပ်ဖြစ်သည်။

ဘာကြောင့်မှန်းမသိ သူ့ပုံစံကတော့ သူများတွေနဲ့ သိပ်မတူဘဲ လွတ်လွတ်လပ်လပ်ရှိလှသည်ဟု တေး ပထမဆုံး သတိထားမိလာသည်။ ကိုယ်တိုင်ယူစနစ် ကော်ဖီဆိုင်လေးမို့ သူက တေးကို မျက်ခုံးပင့်ကြည့်ကာ ...

"ဘာစားမလဲ၊ ဘာသောက်မလဲ၊ ပြောပါကွယ်"

တရင်းတနှီးဆန်သော သူ့ပုံစံကြောင့် တေးက သိပ်မကြိုက်ချင်သလို ဖြစ်သွားသော်လည်း အဲဒီလို Free style ကိုလည်း တစ်ဖက်က သဘောကျမှန်းမသိ သဘောကျတာလည်း ကိုယ့်ကိုယ်ကိုယ် သတိထားမိသည်။ လူတစ်ယောက်ကို သူ့ရဲ့ ဟန်ပန်စတိုင်လ်တွေကို လက်မခံနိုင်ပေမယ့် နှစ်သက်သလိုလို သဘောကျသလိုလို ဖြစ်တာကလည်း ဘာသဘောလဲတော့ မပြောတတ်ချေ။





"ကော်ဖီပဲ"

"မုန့်ရော ... ချိစ်ကိတ်ယူခဲ့မယ်လေ ကြိုက်တယ် မဟုတ်လား"

ချိစ်ကိတ်ဟာ တေး အကြိုက်ဆုံး ကိတ်အမျိုးအစား တစ်ခုမို့ တေးက ဘာမှမပြောဘဲ နှုတ်ဆိတ်နေလျှင် ဝန်ခံသည့် သဘောပဲဟု မှတ်ယူကာ ကောင်တာသို့ ထွက်ခွာသွားသည်။ ခဏကြာလျှင် မုန့်လင်ပန်းနှင့်အတူ ရောက်ရှိလာသည်။ ပြီးတော့ စားပွဲထိုးပမာ တေးရှေ့သို့ ကော်ဖီတစ်ခွက်နှင့် ချိစ်ကိတ်ကိုချပေးသည်။

"သုံးဆောင်တော်မူပါ"

တေးက ဘာမှမပြောဘဲ ကော်ဖီကို တစ်ငုံယူသောက်လိုက်သည်။ သူက တေး ဝယ်လာသော အိတ်တွေကို ငုံ့ကြည့်ကာ ...

"သူမြတ်ဖို့ ဘာတွေ ဝယ်လာတာလဲ"

"ဒီလိုပါပဲ၊ ထွေထွေထူးထူးတော့ မဟုတ်ပါဘူး"

"ချစ်သားပဲနော်။ မထင်ရဘူး"

တေးက ဘာမှပြန်ပြောချင်စိတ် မရှိသဖြင့် ချိစ်ကိတ်ကို တစ်ဖဲ့,ဖဲ့စားကာ ကော်ဖီငုံရင်း သူမြတ် အကြောင်း ဘာတွေ အစ်ထုတ်ရင် ကောင်းမလဲဟု စဉ်းစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် သူမြတ်နဲ့ တွေ့ဖြစ်သေးလား"

"မတွေ့ဖြစ်ပါဘူး"

"ရှင်တို့ ပြဿနာတစ်ခုခု ဖြစ်ထားကြတယ် မဟုတ်လား"

တေးက သူ့ကို တည့်တည့်စိုက်ကြည့်ပြီး မေးလိုက်လျှင် သူက တေးကို နက်ရှိုင်းစွာ တန်ပြန်စိုက်ကြည့်နေသည်။ အကြည့်နှစ်ခုတို့က ဘယ်သူ့ ဘယ်သူကမှ ရှောင်လွှဲမသွားကြဘဲ ထူးခြားစွာ စိုက်ကြည့်နေတုန်းပင်။ ခဏကြာတော့မှ သူက တေးကို စိတ်ကုန်သည်ဟူသော ပုံစံဖြင့် ဖျတ်ခနဲ ရှောင်သွားကာ —

"မင်းတို့မိန်းမတွေ အဲဒါ တကယ်ခက်တာပဲ"

"အောင်မာ ... ကျွန်မကို ရှင် တွေ့ဖူးတဲ့ မိန်းမစာရင်းထဲ ထည့်စရာ မလိုပါဘူး၊ ကျွန်မပြောတာ ဟုတ်နေလို့ ရှင် အနေခက်နေတယ် မဟုတ်လား"

"ဟက် ... အနေခက်တယ်။ ဒီမှာ မှတ်ထား။ အနေခက်တယ်ဆိုတာ မဟုတ်တာ လုပ်ထားတဲ့သူတွေမှ အနေခက်တာကွ သိလား ...

ကိုယ်က မင်းရှေ့မှာ ဘာမှအနေခက်စရာ မရှိဘူး။ အေးဆေးပဲ ကော်ဖီနဲ့မုန့်ကို သုံးမိနစ်အတွင်း ကုန်အောင် စားပြရမလား"





"လာလုပ်မနေနဲ့။ မချိမဆန့်နဲ့ စားပိုးနင့်ပြီး သေမှာကိုလည်း မကြည့်ရဲဘူး"

တေးရဲ့အပြောကို သူက တကယ်ပဲ သဘောကျဟန်ဖြင့် တဟားဟားရယ်မောလေသည်။ အဲဒီလို ရယ်တာကိုလည်း တေးက မျက်စောင်းတစ်ချက် ထိုးမိသည်။ သူက ခေါင်းတယမ်းယမ်းဖြင့် ...

"မင်းကွာ ... ပြောလိုက်မှဖြင့် ဇာတ်ထိုးအိုးပေါက်ဆိုတာ မင်းလိုမိန်းကလေးမျိုးကို ပြောတာနေမှာပဲ။ ကောင်းပါတယ် အဲဒီလို ပွင့်ပွင့်လင်းလင်းနဲ့ စိတ်ထဲရှိတဲ့အတိုင်း ပြောတတ်တော့ အစစ်အမှန်တွေနဲ့ပဲ အပေါင်းအသင်းလုပ်လို့ ရတာပေါ့"

"ရှင်ပြောတဲ့ အဓိပ္ပာယ်က အတုအယောင်တွေနဲ့တော့ ကင်းဝေးမယ်ပေါ့လေ။ ဒါဆို အခု ကျွန်မအနားမှာ ရှိနေတာတွေက အစစ်အမှန်တွေလို့ ရှင် ဆိုလိုချင်တာလား"

"မပြောတတ်ပါဘူး ခင်ဗျာ"

သူက ရူးချင်ယောင်ဆောင်သည့် အနေဖြင့် ပခုံးနှစ်ဖက်ကိုတွန့်ကာဖြေသည်။ သူက ရူးချင်ယောင်ဆောင်ပေမယ့် တေးက အဲဒီထက်ပိုပြီး အများကြီး နားလည်ရသည်။ တကယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



သူသာ သူမြတ် အပေါ်မှာ ယုံကြည်တဲ့စိတ်ရင်းအခံရှိခဲ့ဆိုလျှင် သူ့ထံမှ မပြောတတ်ပါဘူးခင်ဗျာ ဟူသော စကားကို ထွက်လာစရာ အကြောင်းမရှိပေ။ အရင်တုန်းကတောင် သူမြတ်ဘက်က သူ ဘယ်လိုရှေ့နေလိုက်ခဲ့သလဲ၊ သူမြတ် အတွက်များဆို သက်ခွန့်ဆံဖျား ကာကွယ်ပေးနေလိုက်တာ။ ခုတော့ ဒီလိုမဟုတ်တော့ပြီ။ သူ့ဘက်ကတောင် ဒီလိုပြောင်းလဲသွားခဲ့တာ ဘာကြောင့်များလဲ။ သေချာတာကတော့ သူမြတ်ရဲ့ ဖောင်းလ်တွေပဲ များလိမ့်မည်။

တေးက လျှို့ဝှက်သော အပြုံးတွေဖြင့် သူ့ကိုစိုက်ကြည့်ကာ ...

"ကောင်းပြီလေ။ မပြောတတ်တာလား မပြောချင်တာလား ဆိုတာတော့ ရှင်ကိုယ်တိုင်ပဲ အသိဆုံးနေမှာပါ"

သူက ဒီတစ်ခါလည်း ဟက်ခနဲ ရယ်မောသည်။ ပြီးတော့ တေးကို ထူးဆန်းသော အမိပ္ပာယ်သက်ရောက်သည့် မေးခွန်းတစ်ခုကို မေးလာသည်။

"အချစ်ဆိုတာကို မင်း ဘယ်လိုနားလည် လက်ခံထားလဲ"

"ဘာတွေလာမေးနေတာလဲ"

"မဟုတ်ဘူးလေ။ Valentine's Day မှာတောင် စေ့စပ်တော့မယ့် မိန်းကလေးတစ်ယောက်ဟာ အချစ်ဆိုတာကို ဘယ်



လောက်ထိ Romantic ဆန်ဆန် နားလည်သဘောပေါက်ထားလဲလို့ သိချင်ရုံသက်သက်ပါ"

တေးက နှုတ်ခမ်းကို တင်းတင်းစေ့ကာ "မသိဘူး" ဟု တုံးတိဖြေမိသည်။ သူက မျက်လုံးများကို မှေးစင်းကြည့်ရင်း တေး ညာနေတယ်ဟူသော အပြုံးမျိုးဖြင့် ...

"မသိရင်လည်း ပြောရသေးတာပေါ့။ မှတ်ထားကွ အချစ်ဆိုတာ အရမ်းလွတ်လပ်တဲ့ ခံစားမှုပဲ။ လူတစ်ယောက်ကို တကယ်ချစ်မိသွားပြီ ဆိုရင် ဘာမှကို မလိုတော့ဘူး ... သိလား ...

အဲဒီလူက ဆိုးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ၊ ရည်းစားရှိသည်ဖြစ်စေ မရှိဘူးဖြစ်စေ ချစ်လို့ရတယ်။ သူ့ရဲ့ Personal တွေကို သိပ်မစဉ်းစားဘဲနဲ့ ရိုးရိုးလေးပဲ ချစ်သွားလို့ရတယ်။ တကယ်တော့ အချစ်ဆိုတာ သူ့ချည်း ခံစားနိုင်ရင် သိပ်ကိုခံစားလို့ကောင်းတဲ့ အရာတစ်ခုပဲ ...

ကိုယ့်ဖီးလ်နဲ့ကိုယ် ငြိမ့်နေတာ"

သူက နောက်ဆုံးစကားကို တေးရဲ့မျက်နှာအား စူးစိုက်ကြည့်ရင်း တစ်မျိုးလေး ပြောလိုက်တာဖြစ်သည်။ ဒီအပြောနဲ့ အဲဒီအကြည့်သည် တေးရဲ့စိတ်နှလုံးသားထဲသို့

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးဖြတ်ပြေးသွားသည်။ ယောင်ပြီးတော့ပင် ညို့ယူထားခြင်း ခံရသူလို တေးသည် မလှုပ်မယှက်နိုင် ဖြစ်နေသည်။

သူက ဟုတ်တယ်မှုလား ဟူသော သဘောဖြင့် တေးကို မျက်ခုံးတစ်ချက်ပင့်ပြသည်။ အဲဒီကျမှပဲ တေးက သတိဝင်လာကာ အကြည့်ကို ကမန်းကတန်း လွှဲဖယ်ရသည်။ အကြည့်တွေ လွှဲလိုက်ပေမယ့်လည်း ထူးခြားသော တစ်စုံတစ်ရာသာ ကပ်ငြိပါလာသလို ဖြစ်နေတာ ဘာကြောင့်များပါလိမ့်။

"မင်း ရယ်ဒီ ဖြစ်ပြီလား"

"ဘာကိုလဲ"

"ဩော် ... စေ့စပ်ပွဲအတွက် ဝတ်စုံတို့ ဘာတို့ပါ။ ကိစ္စဝိစ္စတွေရော အဆင်ပြေရဲ့လား။ အကူအညီတွေ ဘာတွေ လိုတာရှိရင် ပြောလေ ...

ကိုယ် ကူညီပေးမယ်"

သူ့မျက်လုံးတွေနဲ့ သူ့စကားတွေက အခါများစွာထက် နူးညံ့ကာ အဓိပ္ပာယ်တွေ ပျော်ဝင်နေသည်ဟု ထင်သည်။ ရှင် ကူညီနိုင်တာ ရှိပါတယ် ခါလွန်မိုးရယ်။ သူငယ်ချင်းကောင်းပီသ,သလို ဒါမှမဟုတ် နှာစေးနေတဲ့ ယုန်တစ်ကောင်လို ရှင် မနေထိုင်ဘဲနဲ့လေ။ ဒါပေမဲ့ ရှင့်ကို ကျေးဇူးတင်ရပါတယ် ...



ရှင့်မျက်နှာရိပ် မျက်နှာကဲကို ကြည့်ရင်းနဲ့ တစ်စုံတစ်ရာကို အာရုံခံစား မိလာရလို့ပေါ့။

"ရှင် ကူညီခဲ့ပါတယ်"

"ဘာတွေလဲ ... အများကြီးပဲဆိုတော့ မှတ်တောင် မမှတ်မိတော့ဘူး"

"ဟုတ်ပါတယ်။ တချို့ အကူအညီတွေကတော့ ကာယကံရှင်တောင် ကူညီမှန်းမသိ ကူညီလိုက်တဲ့ အကူအညီတွေပေါ့ရှင့်"

ဆရာဝန်ဦးနောက်ပိုင်ရှင်သည် တေး ပြောလိုက်သော စကားရဲ့အဓိပ္ပာယ်ကို ငါးစက္ကန့်လောက်အတွင်းမှာပဲ အဖြေရှာနိုင်သွားဟန်တူသည်။ တစ်ခုခု ပြောတော့မည့်ဟန် ပြင်နေတုန်းမှာပဲ တေးက အထုပ်တွေကို ကောက်ဆွဲပြီး မတ်တတ်ထရပ်လိုက်ကာ ...

"ကဲ ... နောက်မှ ထပ်တွေ့ကြတာပေါ့။ ဘိုင့်ဘိုင်"

"ဟာ ... နေဦးလေ။ ချက်ချင်းကြီးပဲ"

သူက ကမန်းကတန်း တားသော်လည်း တေးက အားလုံးကို စိတ်နည်းနည်းနာချင်သော အပြုံးတစ်ခုနှင့်အတူ ချာခနဲ လှည့်ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တေး ရင်ခုန်နေသည်။ ရင်ခုန်တာ အချစ်ကြောင့် မဟုတ်ပါ။ တစ်စုံတစ်ရာ မှားယွင်းနေသည်ဟု ထင်ရသော အခြေအနေတစ်ခုထံသို့ ချဉ်းကပ်သွားချိန်မှာ တိုက်ပွဲဝင်ရတော့မည့် သူရဲကောင်းတစ်ယောက်လို ရင်ခုန်နေခြင်းမျိုးပဲ ဖြစ်တော့သည်။

❖ ❖ ❖



## ၁၇

စနေနေ့ညတည်းက တစ်ညလုံး အိပ်မပျော်ခဲ့သော ခါလွန်မိုးသည် တစ်စုံတစ်ရာကို နက်နက်နဲနဲ စဉ်းစားနေမိခဲ့သည်မှာ နွေတေးသီ၏ အဓိပ္ပာယ်ပါဝင်နေသော စကားများကြောင့် ဖြစ်သည်။ သူမထံမှာ တစ်စုံတစ်ရာသော လျှို့ဝှက်အရိပ်အကဲများကို သူ မြင်တွေ့နေရသော်လည်း အဓိပ္ပာယ်မဖော်တတ်ခဲ့ချေ။ ဒါပေမဲ့ တစ်ညလုံး အိပ်မပျော်ဘဲ စဉ်းစားလို့ရခဲ့သည့် အဖြေကတော့ သူမြတ်ရဲ့ခြေလှမ်းတွေကို သူမ ရိပ်မိသွားပြီ ဆိုတာပဲဖြစ်သည်။

ဒါဆိုရင် သူမ ဘယ်ကအဖြေရှာသွားတာလဲ။ သေချာတာကတော့ သူ့ပါးစပ်က တစ်ခွန်းတလေသော်မှ မပြောခဲ့ပါ။ သူမ ရှာတွေ့သွားတာသည် သူ့မျက်ဝန်းတွေထဲကပဲ ဖြစ်လိမ့်မည်။

www.burmeseclassic.com



အား ... အဲဒီတစ်ခဏမှာ သူ့ရင်တွေ ဒိန်းခနဲ ဆောင့်ခုန်သွားသည်ဟု ထင်သည်။ နွေတေးသီရယ်ဟု မချင့်မရဲ ရေရွတ်မိသံများမှာ သူ့နှလုံးသားထဲတွင် ပဲ့တင်ထပ်ပြီးသွားသည်။ နွေတေးသီဟာ သူမြတ်ကို Checking လိုက်တော့မည်။ လိုက်လျှင်လည်း သူမလို အင်မတန် Sharp ဖြစ်သော မိန်းမတစ်ယောက်ရဲ့လက်က သူမြတ်နှင့် နှင်းနီတို့ ပြေးလွတ်နိုင်မည် မထင်တော့။

ကောင်မလေးရယ် သူတို့နှစ်ယောက်ကို ဖမ်းမိသွားတဲ့အချိန်မှာ မင်းခံနိုင်ရည်ရှိပါ့ဦးမလားကွာ။ အဲဒီအချိန်မှာ သူမ တစ်ခုခု ဖြစ်သွားမှာကို သူ တကယ်ပဲ စိုးပါသည်။ ဒါကြောင့် သူသည် မိုးလင်းခါနီးမှာတော့ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသားချကာ နွေတေးသီတို့ အိမ်နားမှာ ကားကို မယောင်မလည်နှင့် ရပ်ပြီးသားဖြစ်သွားသည်။ ဘယ်လိုစေ့ဆော်မှုတွေရဲ့ စွမ်းအားများလည်းတော့ မသိ။ ဒီနေ့ တနင်္ဂနွေသည် သူ့အတွက်ရော တခြားသူတွေအတွက်ရောပါ တစ်ခုခု ထူးခြားနေလိမ့်မည်ဟု ထင်သည်။ အထူးသဖြင့် နွေတေးသီဟာ ဒီတနင်္ဂနွေမှာ တစ်ခုခု လုပ်တော့မည်ဟု သူ ထင်နေတာလည်း ထူးဆန်းမနေဘူးလား။

သူ ထင်ထားသလိုပင် နွေတေးသီရဲ့အိမ်ထဲမှ ကားတစ်စီးထွက်လာတာကို နံနက်ခြောက်နာရီခန့်တွင် တွေ့လိုက်ရသည်။ သူ သိထားသော သူမရဲ့ကားတော့ မဟုတ်ပေ။ Surf အနက်ရောင်တစ်စီးပေါ်မှာ ဆံပင်ကောက်ကောက် သားရေဂျာကင်ဝတ်ထားသော လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် ခေတ္တတော့ ကြောင်သွားသေးသည်။ နွေတေးသီတို့အိမ်သားတွေထဲမှာ ဒီလူကို တစ်ခါမှ မမြင်ဖူးပါ။ ဆံပင်ကောက်ကောက်နှင့် ဂျာကင်ဝတ်ထားသော လူမိုက်စတိုင်လ်ဟာ သူမတို့နှင့် ဘယ်လိုများ ပတ်သက်နေပါလိမ့်။

နှုတ်ခမ်းမွေးစစနှင့် ခပ်ဖြူဖြူလူဟာ ... ဟား ? ... ? ...။ အဲဒီတစ်ခဏတွင် သူ့ခေါင်းထဲ၌ ဖျတ်ခနဲ အလင်းတန်းတစ်ခုက ဖြတ်ပြေးသွားသည်။ ဒါ ... ဒါဟာ၊ သူက လက်ညှိုးတထောင်ထောင်ဖြင့် အံ့သြမဆုံး ရှိနေတုန်းမှာပဲ ဆံပင်ကောက်ကွေးကွေးက ကားကို လမ်းမဘက်ဆီသို့ ဦးတည်ပြီး မောင်းထွက်သွားသည်။ သူသည် ကမန်းကတန်းပင် အဲဒီကားနောက်က လိုက်ရသည်။ အိသာသွားမှာ စိုးသောကြောင့် ကပ်လည်းမလိုက်ရဲချေ။ သူ့စိတ်ထဲမှာ သိနေတာက အဲဒီကား ဘယ်ကိုဦးတည်ပြီးသွားနေသလဲ ဆိုတာပဲဖြစ်သည်။

သူ ထင်တာ မလွဲပါ။ သူမရဲ့ကားသည် သူမြတ်ရဲ့ အိမ်သို့ ဦးတည်နေတာဖြစ်တော့သည်။ နွေတေးသီ ... မင်း သိပ်



www.burmeseclassic.com

www.burmeseclassic.com



တော်ပါလား။ သူမြတ်ကို နံနက်ခြောက်နာရီထဲက Checking လိုက်ရင် တစ်ခုမဟုတ် တစ်ခုတော့ သိရမှာပဲလို့ တွက်ဆနိုင်တဲ့ မင်းရဲ့ဦးနှောက်ဟာ တကယ်ပဲ ကြောက်စရာကောင်းပါတယ်။ သူများစိတ်ကို တွက်ဆနိုင်တဲ့ဦးနှောက်နဲ့ လူလုပ်ရတာ ရုတ်တရက် ကြည့်ရင်တော့ ကောင်းလှပြီလို့ ထင်ရပေမယ့် တကယ်တမ်းမှာ အဲဒီလူအတွက် မစားသာဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ လူဟာ ဘာမှမသိရရင် စိတ်ချမ်းသာတယ်။

တော်တော်များများကို သိရင် နေရထိုင်ရတာ စိတ်မချမ်းသာတော့ဘူး။ လူတွေရဲ့သဘောထားအမှန်ကို သိရတာ စိတ်ညစ်ဖို့ ကောင်းလှတယ်လေ။ သူ ထင်တဲ့အတိုင်းပင် သူမရဲ့ ကားဟာ သူမြတ်ရဲ့အိမ်နှင့် မလှမ်းမကမ်းမှာ ရပ်သွားတော့သည်။ သူကလည်း သူမ မရိပ်မိအောင်ဘဲ သူမကားနဲ့ ခပ်လှမ်းလှမ်းမှာ ရပ်ထားသည်။

အင်း ... တော်တော်လည်း အကွက်စိတ်တဲ့ နွေတေးသီမဲ။ လူကိုလည်း ရုပ်ဖျက်ထားသလို ကားကိုလည်း လဲထားသေးသည်။ ဒီကြားထဲမှာလည်း သူမြတ် သက်သာမကင်း မဖြစ်အောင် သူမ အကောင်းဆုံး နေထိုင်နိုင်လိမ့်မည်ဟုလည်း သူက ယုံကြည်ပါသည်။



တဖြည်းဖြည်းနှင့် အချိန်တွေက ကြာလာခဲ့သည်။ နံနက်ဆယ်နာရီခွဲလောက်ထိ ဒုက္ခခံပြီးတဲ့ အချိန်မှာတော့ သူမြတ်တို့အိမ်ထဲမှ သူမြတ် မောင်းသောကားက ထွက်လာသည်။ သူမြတ်ရဲ့ကား ထွက်သွားပြီးလျှင် Surf က နောက်မှလိုက်သည်။ အဲဒီ Surf ရဲ့နောက်မှာကျတော့ သူ့ရဲ့ကား။ သူမြတ်ရဲ့ကားသွားရာ လမ်းကြောင်းသည် ဘယ်ကိုလဲဆိုတာ သိနေသော သူ့အတွက်တော့ မကြာခင်မှာ ပွဲကြီးပွဲကောင်းတွေ့တော့မှာကို ကြိုတင်ပြီး ရင်ထိတ်လို့နေသည်။

အဲဒီနောက် သူမြတ်ရဲ့ကားသည် တစ်ခါက သူတွေ့ခဲ့ဖူးသော (......)မြို့နယ်၊ (......)ရပ်ကွက်ရှိ တိုက်ခန်းတစ်ခန်းဆီသို့ ဦးတည်နေပြီးနေသည်။ သိပ်မကြာခင်မှာပဲ ရောက်ရှိသွားကာ သူမြတ်က ကားပေါ်က ဆင်းသွားသည်။ အဲဒီနောက် တိုက်ခန်းပေါ် တက်သွားလျှင် ရုပ်ဖျက်ထားသော နွေတေးသီသည်လည်း သူမြတ်၏နောက်မှ မယောင်မလည်ဖြင့် လိုက်ပါသွားလေသည်။ သူမြတ်က ရိပ်မိလား မရိပ်မိဘူးလား မသိပေမယ့် သူ့မှာတော့ ကြားထဲက အသည်းတွေယားနေသည်။

အပေါ်ကလူတွေရဲ့ခြေသံကို နားစွင့်ပြီး လိုက်ပါလာခဲ့သည်ဖြစ်လေရာ ခြောက်လွှာမြောက် အရောက်မှာတော့ ခြေသံ

www.burmeseclassic.com

www.burmeseclassic.com



တွေက ရုပ်တန့်သွားတော့သည်။ တံခါးဖွင့်သံ ပိတ်သံတွေ ကြားပြီးနောက် ခေတ္တတိတ်ဆိတ်သွားကာ သူလည်း ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားသည်။ သူမြတ်ကတော့ အခန်းထဲ ဝင်သွားလောက်ပြီ။ သူမက အပြင်မှာ ဘာရုပ်လုပ်ပြီး ကျန်နေခဲ့လဲ။

သူက ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချကာ လှေကားထစ်များကို ဆက်တက်လာခဲ့သည်။ ခုနစ်လွှာရဲ့ လှေကားထစ်မှာ ရုပ်ဖျက်ထားသော ကိုလူချောကို တွေ့ပါပြီ။ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း အသက်ကို ဖုတ်လိုက် ဖုတ်လိုက်ရှူနေရဟန်တူသော သူမက သူ တက်လာတာတောင် သိဟန်မတူချေ။ သူက စိတ်မကောင်းစွာနှင့်ပင် သူမကို တီးတိုးခေါ်လိုက်သည်။

"နွေတေးသီ"

ဆတ်ခနဲ တုန်သွားဟန်ရှိသော သူမက သူ့ကို အလန့်တကြား လှည့်ကြည့်သည်။ မျက်နှာကို မိတ်ကပ်အညိုတွေ လိမ်းကာ တော်တော်ကြီးကို ရုပ်ဖျက်ထားနိုင်စွမ်းရှိသော်လည်း သူကတော့ အရိပ်ယောင်လေး မြင်လိုက်တာနဲ့တင် သူမမှန်းသိနေတာက နလုံးသားရဲ့ အာရုံခံစားနိုင်မှုတစ်ခုကြောင့်ပဲ ဖြစ်လိမ့်မည်။ သူမြတ်က မသိနိုင်တာတော့ သူ ဆက်မတွေးချင်တော့ပါ။





ကိုယ့်သူငယ်ချင်းရဲ့ လက်ထပ်ရမယ့် ချစ်သူဟု သိထားသော်လည်း ဘယ်လိုမှ မရှောင်နိုင်ဘဲ ချစ်မိသွားတာကတော့ သူလည်းပဲ ဘယ်လိုမှ မတတ်နိုင်သောကိစ္စပဲ ဖြစ်တော့သည်။

"ရှင် ... ရှင်"

သူ့ကို မြင်သွားသောအခါ သူမက အံ့ဩသွားသော ပုံစံဖြင့် လက်ညှိုးတစ်ထိုးထိုး ဖြစ်နေသည်။

"နွေတေးသီ ... မင်း ဒီလို မလုပ်ချင်ပါနဲ့"

"ဘာဖြစ်တယ်၊ ရှင်က ဒီနေရာကို ဘယ်လိုရောက်နေရတာလဲ။ ရှင်လည်း ဒါတွေကို သိနေခဲ့တယ်ပေါ့ ဟုတ်လား"

"မဟုတ်ဘူး နွေတေးသီ။ တကယ်တော့"

"တော်တော့။ ရှင်လည်း အကျင့်မကောင်းတဲ့သူပဲ။ ရှင်တို့တွေ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပဲ မဟုတ်လား ... ဟင် ?၊ ရှင်တို့ အတူတူ မူပေါင်းပြီး ဒီလိုအောက်တန်းကျတဲ့ အပြုအမူမျိုး လုပ်ထားတာ မဟုတ်လား"

"မဟုတ်ပါဘူးကွာ ... မဟုတ်ရပါဘူး။ မင်း ထင်သလို မဟုတ်ပါဘူး"

"တော်ပြီ ... ဆက်မပြောနဲ့တော့။ ဟိုမှာ တံခါးကိုဖွင့်ပေးလိုက်တဲ့မိန်းမက အဲဒါဆို ဘယ်သူလဲ။ ဘယ်သူလဲ ... ပြော"



www.burmeseclassic.com

www.burmeseclassic.com



သူမအသံက တိုက်ခန်း၏ လှေကားထဲတွင် စူးရှကျယ်လောင်စွာ ဟိန်းထွက်သွားသည်။ သူက စိတ်ပျက်လက်ပျက်နှင့် ကျစ်ခနဲ စုတ်သပ်မိသည်။ မွေ့တေးသီကို ဒီလိုပုံစံမျိုးနှင့် တကယ်ပဲ သူ မမြင်ချင်ပါ။ သူမလို အရည်အချင်းရှိပြီး ပညာတတ် ထက်မြက်သော မိန်းမတစ်ယောက်သည် သူမြတ်လို ယောကျ်ားတစ်ယောက်အတွက် ဒီလောက်ကြီး ပေါက်ကွဲဖို့ မတန်ဟု ထင်ပါသည်။

"တောက်"

သူမက တက်တစ်ချက်ကို ပြင်းပြင်းထန်ထန် ခေါက်ပြီးနောက် ချက်ချင်းပဲ ခြောက်လှာသို့ ပြန်ဆင်းသွားသည်။ အဲ့နောက် ခြောက်လှာကဘဲလ်ကို ဒေါသတကြီး ဖိနှိပ်တော့သည်။ သူက စိတ်ပျက်လက်ပျက်နှင့် ခေါင်းကိုခါယမ်းရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ အဲဒီအချိန်မှာပဲ အောက်ထပ်က အသံတွေကို စတင်ကြားနေခဲ့ရပြီဖြစ်သည်။

တေး ကိုယ်တိုင်သည်လည်း ဒီလိုမြင်ကွင်းမျိုးကို မျှော်လင့်ထားပြီး ဖြစ်ခဲ့ပြား တကယ်နမူးတွေ့ ဒူးတွေ့ မြင်တွေ့ရသောအခါ ဒေါသစိတ်က ငယ်ထိပ်သို့ ဆောင့်တက်သွားသည်။ ကိုယ့်ကိုမှ လုပ်ရက်လေခြင်း၊ ပိပိရိရိ လှည့်စားခံရခြင်း၊ အခြေ



အကျယ် ရှက်ရွံ့ခြင်း စသဖြင့် အဲဒါတွေအားလုံးက တေးကို ဖိစီးနှိပ်စက်ထားကာ လူက နတ်ပူးသလို တဆတ်ဆတ် တုန်နေသည်။

"သူမြတ် ... အပေါက်ဖွင့်စမ်း"

ခေါင်းပေါ်က ဆံပင်တုကြီးကိုလည်း ဆွဲချွတ်ပစ်ကာ ဒေါသတကြီး အော်ဟစ်လိုက်သော တေးကို အထဲမှ မိန်းကလေးက အံ့သြတကြီး စိုက်ကြည့်နေသည်။ အော်သံတွေကြောင့် သူမြတ်ပါ ရောက်လာပြီးနောက် တေးကို မြင်သောအခါ အကြီးအကျယ် အံ့သြသွားသည်။ တေးက သူမြတ်ရဲ့သွေးပျက်နေသော မျက်နှာကို ရွံရှာစွာကြည့်ကာ ...

"အပေါက်ဖွင့်လို့ ပြောနေတယ်လေ။ ရှင် သတ္တိမရှိဘူးလား ... ဖွင့်"

တေးက ဒေါသကို မထိန်းနိုင်စွာဖြင့် သံပန်းတံခါးကို တဂျိမ်းဂျိမ်းမြည်အောင် ဆွဲဆောင့်မိသည်။ သူမြတ်က ခေါင်းတယမ်းယမ်းနှင့် ရှိနေတုန်းမှာပဲ ဟိုမိန်းကလေးကတော့ သတ္တိကောင်းစွာဖြင့် တေးကို တံခါးဖွင့်ပေးလေသည်။ တေးက တံခါးကို ဆွဲဖွင့်ပြီး အိမ်ထဲသို့ ဝင်သွားကာ အိမ်ထဲတစ်ဝိုက်ကို ဝေ့စိုက်ကြည့်ရှုမိသည်။ ပရိဘောဂ များများစားစားမရှိဘဲ တစ်

www.burmeseclassic.com



ယောက်တည်းနေပြန် သိသာနေတာကြောင့် တေးက သူတို့နှစ်ယောက်ကို လှည့်ပြီးရင်ဆိုင်လိုက်သည်။

"သူမြတ် ! ရှင် ဒါ ဘာလုပ်တာလဲ။ ဘာသဘောလဲ၊ ဒီမိန်းကလေးနဲ့ ရှင်နဲ့က ဘယ်လိုပတ်သက်နေလဲ ... ပြော ...

ကျွန်မကို ဒီကိစ္စနဲ့ပတ်သက်ပြီး အမှန်အတိုင်းဖြေပြီး အမှန်အတိုင်း ဖြေရှင်းပါ"

သူမြတ်က တေးကို တောင်းပန်တိုးလျှိုးသော အကြည့်များနှင့်ကြည့်ပြီး ဘာမှမပြောနိုင်ချေ။ တေးရဲ့ရင်အစုံကသာ နိမ့်ချည်မြင့်ချည်ဖြင့် ဆူဝေနေသလောက် သူမြတ်ကတော့ ကြက်ကြီးလည်လိမ်ထားသလို၊ ခွေးအကြီး လှည်းနင်းထားသလို တအီအီဖြင့် ဘာအသံမှ မထွက်နိုင်တော့ချေ။

တေးသည် အလုံးအရင်း ထွက်လာသော ဒေါသများဖြင့် သူ့ရင်ဘတ်ကို ဆောင့်တွန်းကာ ...

"ပြောလေ ... ရှင့်ပါးစပ်က ဘာကြောင့် ပိတ်ထားရတာလဲ ပြော။ ရှင့်ပါးစပ်က ဝန်ခံတာကို ကျွန်မနားနဲ့ ဆတ်ဆတ်ကြားချင်တယ်"

"တေး"





"မဆော်နဲ့။ ရှင် ကျွန်မကို အဲဒီလို အဖျားဆွတ်ခေါ်စရာ ဘာအကြောင်းမှ မရှိဘူး။ ရှင် တော်တော်သစ္စာမရှိတဲ့လူ ပါလား သူမြတ်ရဲ့၊ ဟမ် ... ရှင့်ကိုလေ ထင်တောင်မထင်ထားဘူး။ ဒီလိုလူမျိုးလို့ ဘယ်တုန်းကမှ ထင်မထားခဲ့ဘူး ...

ခုတော့ ရှင်က ကျွန်မကို ပိပိရိရိကြီးကို လိမ်လှည့်စားခဲ့တာပေါ့ ... ဟုတ်လား"

"ဒီမှာ ... ကျွန်မ ပြောပါရစေ"

တေးက ကောင်မလေးထံသို့ စူးခနဲ လှည့်ကြည့်လိုက်သည်။ ကောင်မလေးရဲ့မျက်လုံးတွေက ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိတာကို တွေ့လိုက်ရသဖြင့် တေး ရင်ထဲတွင် ဇဝေဇဝါ ဖြစ်သွားသည်။ ဘယ်လိုဖြစ်တာလဲ၊ တကယ်ဆိုရင် သူမက ရှက်ရွံ့ထိတ်လန့်နေရမှာ။ တေးကို မျက်နှာချင်းမဆိုင် ဖြစ်နေရမှာ မဟုတ်လား။ ခုတော့ သူမပုံစံက တစ်စုံတစ်ရာကို ပိုင်နိုင်စွာနှင့် တိကျလို့နေသည်။

"တကယ်တော့ ကျွန်မနဲ့ ကိုကိုနဲ့က လွန်ခဲ့တဲ့ လေးနှစ်လောက်တည်းက တွေ့ခဲ့တာပါ"

"ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



တေးက သူမြတ်ထံသို့ စူးခနဲ လှည့်ကြည့်မိလျှင် သူမြတ်က တေးရဲ့အကြည့်တွေကို ရင်မဆိုင်ဘဲ ခေါင်းငုံ့ရှောင်ထွက်သွားသည်။ ကြည့်စမ်း … တေးက အဲဒါဆို ဘာလဲ၊ သူမြတ်နဲ့ တေး ရည်းစားဖြစ်တာဖြင့် တစ်နှစ်တောင် မရှိသေးတဲ့အချိန်မှာ သူတို့တွေ့တာက လေးနှစ်တောင် ရှိခဲ့ပြီတဲ့။

ဘုရား … ဘုရား … သူ့တို့ … သူတို့ဟာ တေးကို ရိုက်ချက်ပြင်းပြင်းတွေနဲ့ ရိုက်ချနေခဲ့ကြတာပါလား။

"ဟုတ်ပါတယ်။ တစ်နေ့မှာ ဒီလိုကိစ္စမျိုးတွေ ဖြစ်လာမယ်လို့ ထင်ထားလို့ ကိုကို့ကို ကျွန်မ ဖွင့်ပြောဖို့ သတိပေးခဲ့တယ် …

ဒါပေမဲ့ သူက မပြတ်သားခဲ့ဘူးလေ။ တကယ်တော့ ကိုကိုနဲ့ ကျွန်မနဲ့က မိဘတွေ သဘောမတူလို့ ခိုးပြေးခဲ့ဖူးပါသေးတယ်။ ကိုကို့အိမ်က ပြန်သိမ်းသွားတာပါ။ အဲဒီအတွက် ကျွန်မအခ်ကိုတွေနဲ့ ရန်ဖြစ်ပြီး ကိုခါလွန်မိုးကတောင် ကိုကို့ကိုယ်စား ကျောင်းထုတ်ခံလိုက်ရတာပါ –

မဖြစ်နိုင်ဘူးထင်လို့ နောက်ဆုတ်ခဲ့ကြပေမယ့် ပြန်တွေ့ခဲ့တဲ့အခါမှာ သံယောဇဉ်မပြတ်နိုင်ကြဘူးလေ။ ဒီသံယောဇဉ်တွေက မမအတွက် အဆိပ်အတောက် ဖြစ်နေ





ခဲ့တယ်ဆိုရင် တောင်းပန်ပါတယ်။ ခုလိုဖြစ်ရတဲ့အဓိကတရားခံဟာ ကိုကို ပါပဲ။ ကိုကို့မှာ အပြစ်အရှိဆုံးဆိုတာ သူကိုယ်တိုင်လည်း သိပါတယ်။ ဒီတော့ မမကို တောင်းပန်စရာ စကားလုံး မရှိဘူး ထင်ပါရဲ့"

ကောင်မလေးရဲ့ တိုးတိတ်သော စကားသံအဆုံးတွင် တေးသည် ရှက်လွန်းအားကြီးတာရော။ ဘာဖြစ်သွားမှန်းမသိသော ခံစားမှုတစ်မျိုးဖြင့် နလုံးဆီမှ လေတစ်ချက် ရှိုက်ခနဲတက်လာကာ လူက မိုက်ခနဲ ဖြစ်သွားသည်။ ပြိုလဲကျသွားတယ်ဟုသာ နောက်ဆုံး သိလိုက်တော့လေသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

"ကျွတ် ... ဘာလဲကွာ"

ဘယ်အချိန်ပဲခေါ်ခေါ် စက်ပိတ်ထားပါသည်ဟုသာ ဖြေသော အဖြေကိုရနေသဖြင့် လွန်က စိတ်ပျက်စွာဖြင့် ဖုန်းကို စားပွဲပေါ် ပစ်ချလိုက်သည်။ အခြေအနေတွေအားလုံးကို အမှန်အတိုင်း ပေါ်လွင်သွားသောအခါမှာ နွေတေးသီနဲ့ သူမြတ်တို့ရဲ့ စေ့စပ်ကြောင်းလမ်းပွဲ ပျက်သိမ်းသွားရတာတော့ အဆန်းမဟုတ်တော့ပါ။ လူကြီးတွေကို သူမကပဲ သွားရောက်တွေ့ဆုံပြီး ဒီလို ဒီလိုတွေ ရှိပါကြောင်း တည်တည်ငြိမ်ငြိမ်ပဲ ရှင်းပြကာ သူမြတ်နှင့် စေ့စပ်ဖို့အရေးတွေ ပျက်ခဲ့ခြင်း ဖြစ်လေသည်။

သူမြတ်နှင့် နှင်းနီသည်လည်း ရဲဝံ့စွာနဲ့စားစွာပင် နှစ်ဦးသဘောတူ လက်မှတ်ထိုး လက်ထပ်လိုက်ကြောင်းကိုလည်း



သူမြတ်ပဲ ဖုန်းဆက်ပြောပြခဲ့သဖြင့် သူ သိခဲ့ပြီးဖြစ်သည်။ ရုပ်ရှင်ကားတစ်ကားသာ ဆိုလျှင်တော့ ဒီနေရာမှာပဲ ဇာတ်သိမ်းသွားပြီဖြစ်သော်လည်း သူ့ရင်ထဲမှာ မပြီးနိုင် မစီးနိုင် ကျန်နေခဲ့တာဟာ ဘာကြောင့်ဖြစ်ပါလဲ။ ရှင်းပါသည်။ စတွေ့တည်းကကို ဘယ်လိုမှ အချိုးမပြေသည့် စတိုင်လ်ကို မသိစိတ်ထဲက သဘောကျနှစ်ခြိုက်နေခဲ့သော သူဟာ နောင်များမှာတော့ သူမကို ချစ်မိနေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် သေချာသွားခဲ့တော့တာဖြစ်သည်။

ယောကျ်ားတစ်ယောက်ကို အပေါ်ယံအမြင်ကိုသာ ကြည့်ပြီး ဆုံးဖြတ် အထင်ကြီးတတ်သော မိန်းမတစ်ယောက်ကို ဒီအချိန်မှာ သူ ဟားတိုက်ရယ်မောနိုင်သော်လည်း ပြုံးနိုင်ဖို့တောင် ဝေးစွ။ သူမအတွက်တောင် ကြားထဲက နင့်နေအောင် ခံစားခဲ့ရသည်။ အားပေးနှစ်သိမ့်ချင်ခဲ့သည်။ ဒီအခြေအနေကြီးဟာ သူမလို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသော မိန်းမတစ်ယောက်ရဲ့ အရှက်နဲ့မာနကို ဘယ်လောက် ရိုက်ချိုးပစ်လိုက်မလဲဆိုတာ သူ နားလည်ခံစားပေးလို့ရသည်။ ခုချိန်မှာတော့ သူ အတွေ့ချင်ဆုံးဟာ သူမမျက်နှာပဲ ဖြစ်ပါသည်။

ဒါပေမဲ့ သူမက လုံးဝကို ခြေရာပျောက်နေခဲ့သည်။ ဖုန်းလည်းပိတ်ထားသလို၊ ရုံးလည်းမတက်တော့။ စုံစမ်းကြည့်သော

www.burmeseclassic.com

www.burmeseclassic.com



အခါ လစာမဲ့ခွင့်တောင် ယူထားသည်ဟု သိရသည်။ မိတ်ဆွေတွေကြားမှာ လုပ်ဖော်ကိုင်ဖက်တွေကြားမှာ ယောကျ်ားကောင်းတစ်ယောက်နှင့် လက်ထပ်တော့မည်ဟု သိထားပြီးမှ အဲဒီယောကျ်ားက သစ္စာဖောက်သွား၍ လက်ထပ်ဖို့ ပျက်သွားရသည်ဟူသော အရေးကို သူမ ဘယ်လောက်တောင်များ ရှက်ရွံ့ ခံစားမိမှာပါလိမ့်။

ဖြစ်နိုင်လျှင် သူမရဲ့လက်ဖျားလေးတွေကို ဆုပ်ကိုင်ကာ အားပေးနှစ်သိမ့်ချင်သည်။ အဲဒီလို တွေးမိသွားလျှင် တစ်ချိန်က သူ့လက်တစ်ဖက်ကို သူမ လှမ်းဆွဲခဲ့တာကို ဖျတ်ခနဲ သတိရသွားသည်။ အား ... နွေတေးသိရယ် ... မင်းနဲ့ ငါနဲ့ ရေစက်ကလည်း ဆိုးပါတယ်ကွာ။

✤ ❖ ✤



အိမ်ထဲမှာပဲ နေလာတာ ဆယ်ရက်ကျော်ခန့် ကြာသောအခါ တေးသည် အိမ်ထဲမှာပဲ မနေနိုင်တော့ပါ။ အလုပ်ကနေ ခွင့်တစ်လ ယူထားသည်မို့ ကျန်တဲ့အချိန်တွေကို အလကားမဖြုန်းတီးပစ်ချင်တော့ပေ။ ဆယ်ရက်အတွင်းမှာလည်း ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံး ပြန်လည်တည်ဆောက်ခဲ့ပြီးပြီ။ ရရှိလာသော ခွန်အားတွေနှင့် အကောင်းဆုံး နေထိုင်ဖို့ ဆုံးဖြတ်ပြီးနောက် တေး ပထမဆုံး သတိရမိသူမှာ ခါလွန်မိုးသာ ဖြစ်လေသည်။

သူကတော့ တေးကို ကောင်းကောင်းကြီး ဟားနေလောက်ပြီထင်သည်။ သူ့ကို အထင်အမြင် လွဲခဲ့သလောက် သူက ရပ်တည်မှု အမှန်ဆုံးလူ ဖြစ်ခဲ့သည်။ လူတစ်ယောက်ကို အပေါ်ယံအမြင်နှင့် မဆုံးဖြတ်သင့်ကြောင်းကို သူက အကောင်းဆုံး သက်သေပြခဲ့ခြင်းပဲ ဖြစ်တော့သည်။ အဲဒီနေ့ကတော့ စိတ်ပြေလက်ပျောက်ဖြစ်အောင် ပထမဆုံးအကြိမ်အဖြစ် တေး အပြင်

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြန်ထွက်ခဲ့သည်။ ဘယ်သွားရမှန်း မသိသဖြင့် နောက်ဆုံး တော့ အသစ်ဖွင့်ထားတာ နှစ်ရက်ပဲရှိသေးသော ပြည်လမ်းက တော်ဝင်စင်တာ ရှော့ပင်းမောလ်ကြီးထံသို့သာ ထွက်လာခဲ့သည်။

ဟိုဟိုဒီဒီ လျှောက်ငေးရင်း လမ်းလျှောက်လာသော တေးရဲ့ရှေ့သို့ တစ်စုံတစ်ယောက်က ကျော်တက်ပြီး ရပ်လိုက် လျှင် တေး လုံးဝထင်မထားသော လူတစ်ယောက် ဖြစ်လို့နေ သည်။ သူက တေးကို အနက်ရှိုင်းဆုံးသော မျက်ဝန်းများဖြင့် ကြည့်ရှုနေကာ ...

"နွေတေးသီ"

သူနဲ့ တေးသည် တစ်ယောက်နဲ့တစ်ယောက် မမြင် ဖူးသောလူတွေလို စိုက်ကြည့်နေမိကြသည်။ ကိုရီးယားကားတွေ ထဲက ပြကွက်တွေအတိုင်း ပြောရမည်ဆိုလျှင် တစ်နေရာရာမှာ တွေ့ဆုံကြသော မင်းသားနှင့် မင်းသမီးတို့မှာ အကြည့်ချင်းတွေ အကြာကြီးဆုံပြီးသည့် နောက်တစ်ခန်း၌ ကော်ဖီဆိုင်တစ်ဆိုင်ဆိုင် မှာ မျက်နှာချင်းဆိုင်မိလျက်သား ဖြစ်သွားကြသည်။

တေးနဲ့ သူသည်လည်း တော်ဝင်စင်တာထဲရှိ Cafe Amore မှာ ဘယ်လိုမျက်နှာချင်းဆိုင် ထိုင်မိသွားသလဲ မပြောတတ် တော့ပါ။ ကော်ဖီဆိုင်ရဲ့မှန်ချပ်တွေမှတစ်ဆင့် အပြင်သို့ ငေးကြည့် ပြီး တစ်ယောက်နဲ့တစ်ယောက် တော်တော်နဲ့ စကားမဆိုမိကြချေ။ ခဏနေတော့မှ သူ့ထံက စကားသံ ထွက်လာသည်၊



"အဆင်ပြေရဲ့လား"

"........."

တေးက ဘာမှပြန်မဖြေသေးဘဲ သူ့ကို တစ်ချက် ကြည့်လိုက်လျှင် သူက တေးရဲ့မျက်ဝန်းတွေထဲသို့ နူးညံ့စွာ ငေး စိုက်ကြည့်နေသည်။ တေး အထင်မကြီးခဲ့သော ယောကျ်ားတစ် ယောက်ရဲ့အကြည့်တွေကို ခုချိန်မှာတော့ ဘာကြောင့် လက်ခံနေ မိတာတဲ့လဲ။

"ကိုယ် မင်း အပြင်ထွက်လာမယ့်နေ့ကို နေ့တိုင်းပဲ စောင့် နေခဲ့တာ။ ခုလို တွေ့တာဟာ မတော်တဆ မဟုတ်ဘူး နွေတေးသီ"

"ရှင်ကတော့ ကျွန်မကို ကောင်းကောင်းကြီး ဟားနေမှာ ပဲနော်"

"ကိုယ် မင်းကို ဘယ်တုန်းကမှ မဟားခဲ့ပါဘူးကွာ။ မင်း အပေါ်မှာတောင် တာဝန်မကျေသလို ဖြစ်နေခဲ့တာ။ ဒါပေမဲ့ လည်း အဲဒီလိုပြောဖို့ ဆိုတာက ..."

သူ့စကားမဆုံးခင် တေးက လက်ကာပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါတော့။ အဲဒီအကြောင်းတွေ ပြန်မပြောတာ အကောင်းဆုံး ဖြစ်မှာပါ။ ကျွန်မ အားလုံးကို နားလည် သဘောပေါက်သွားပြီ ...

တကယ်တော့ သူမြတ်က လောကကြီးအကြောင်း အထူးသဖြင့် ဟန်ကောင်းပြီးမယုံကြည်ဖို့ကောင်းတဲ့ လူတွေ အကြောင်း သိအောင် ကောင်းကောင်းကြီး Lessons ပေး လိုက်တာပါပဲ။ စိတ်ထားတတ်ရင် သူ့ကို ကျေးဇူးတင်ရ ကောင်းပါတယ်"

"နွေထားသီ ... ဒါတွေက မင်းရဲ့ တကယ့်စိတ်ရင်းအမှန် ဆိုရင်တော့ ကိုယ် တကယ်ဝမ်းသာပါတယ်"

ထားက အရသာရှိလှသော Cafe Mocha ကို ခပ် ဖြည်းဖြည်း သောက်ရင်းမှ သူ့ကို ပြုံးထေ့ထေ့ ပြန်စိုက်ကြည့်မိ သည်။

"စိတ်ရင်းအမှန်တွေပါလို့ သံသယရှိနေတာလား။ ဒါဆိုရင် တော့ ဝမ်းနည်းစရာပဲ။ ကျွန်မနဲ့ သူမြတ်က စေတနာ အကျိုးပေးအတိုင်း ခံစားရတာပါ။ သူကလည်း သူ့အတွက် ပွဲထက်လှမယ့် မိန်းမတစ်ယောက် ရှာဖွေသလို ကျွန်မက လည်း အဲဒါမျိုး စဉ်းစားခဲ့တာပဲလေ ...





ကိုယ်တွက်တဲ့အတိုင်း ဖြစ်မလာတဲ့အခါ မမြတ်တာ ကလွဲလို့ အရှုံးတော့ မရှိခဲ့ကြပါဘူး။ သူ မကောင်းလို့ဖြစ် ရတဲ့ဒီကိစ္စမှာ ကျွန်မ ဘာကြောင့် ဝမ်းနည်းရမှာလဲ။ ဒီထက်ကောင်းတဲ့ ယောက်ျားမျိုးနဲ့ တွေ့ဦးမယ်လို့ ယုံကြည် ထားတယ်ရှင့်"

ဒီတစ်ခါတော့ သူက အံ့သြသွားပုံဖြင့် မျက်ခုံးပင့် ကာ ...

"ဟား ... ကိုယ်ထင်ထားတာက မင်းဟာ ယောက်ျားတွေ ကို တော်တော်နာကြည်းပြီး တော်တော်လည်း အယုံအကြည် ကင်းမဲ့သွားမယ် ထင်တာ ...

ခုတော့ စိတ်မကုန်သေးဘူး ဆိုတဲ့ အထာပေါ့။ ဟုတ်လား ... ဟား ဟား"

သူက စသလို နောက်သလိုဖြင့် ရိလျှင် ထားက မျက်စောင်းတစ်ချက် ထိုးမိသွားသည်။ ပြီးတော့ စကားနိုင်လုချင် စိတ်တွေလည်း ပေါ်လာပါသည်။

"ဘာလို့ စိတ်ကုန်ရမှာလဲ။ လောကမှာ တချို့ယောက်ျား တွေက တကယ့် အမှန်အကန်တွေလေ"

"ဥပမာ ကိုယ်ပေါ့၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

သူက ဖြိုးစစဖြင့်ပြောလျှင် တေးကလည်း သူ့ကို မရှိုမချဉ် ပြန်စိုက်ကြည့်ကာ ...

"အချစ်ဆိုတာကို လူတိုင်းက စိတ်ဝင်စားကြတယ်။ သူဟာ အရမ်းကို အောင်မြင်ကျော်ကြားတဲ့ အရာတစ်ခုဖြစ်ပေမယ့် သူ့ရဲ့အရည်အချင်းတစ်ခုကိုလည်း လူတွေက သိပ်ကြောက်ကြပြန်တယ်။ အဲဒါက ဘာလဲဆိုတော့ တကယ်ချစ်မိပြီဆိုရင် အသည်းကွဲသွားနိုင်လို့လေ"

"ကိုယ်ကတော့ မကြောက်ပါဘူးကွာ။ နွေတေးသီ ... ကိုယ့်ကို မင်းရဲ့အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်အဖြစ် သတ်မှတ်ပေးပါလား။ မင်း ဘာပဲဖြစ်ဖြစ် မင်းနဲ့အတူ မျှဝေခံစားပေးမယ့် မိတ်ဆွေကောင်းတစ်ယောက်အဖြစ် ကိုယ် အမြဲရပ်တည်ပေးချင်တယ်။ နော်"

သူ ပြောချင်သော အဓိပ္ပာယ်က ဒီ့ထက်မကဘူးဆိုတာ တေး သိသည်။ အရင်ထဲကလည်း သူ့မျက်လုံးတွေထဲကပဲ အမှန်တရားကို တေး ရိပ်မိခဲ့တာလေ။ ဒီအချိန်မှာတော့ သူဟာ ဒီလိုစကားပဲပြောမှာ အဆန်းမဟုတ်တော့ပြီ။ တေး ကိုယ်တိုင်ကရော သူ့ကို မငြင်းချင်ခဲ့တော့ပါ။





"ကျွန်မတို့ အချိန်ကာလတစ်ခုကို အတူ ဖြတ်သန်းကြည့်ကြတာပေါ့"

တေးရဲ့စကားအဆုံးတွင် သူက ဝမ်းမြောက်စွာ ခေါင်းညိတ်ပြသည်။ ပြီးတော့ တေးရဲ့စကားကိုလည်း ထပ်မံဖြည့်စွက်ပါသေးသည်။

"အချစ်ရဲ့အောင်မြင်ကျော်ကြား လူကြောက်များတဲ့ အရည်အချင်းဆိုတာ အသည်းကွဲခြင်း ဆိုပေမယ့် ကိုယ်ကတော့ သိပ်မကြောက်ပါဘူး ...

ဘာဖြစ်လို့လဲဆိုတော့ တကယ်ချစ်မိပြီဆိုရင် ချစ်သူပေးခဲ့တဲ့ အသည်းကွဲဝေဒနာကကို အမိုက်စားဖီလင်တစ်ခုပဲလေ၊ ဟုတ်တယ်မှလား"

ဒါကိုတော့ တေးက ပြန်မထောက်ခံဘဲ ပြုံးပြုံးလေးငေးကြည့်နေလိုက်သည်။ အသည်းကွဲတယ်ဆိုတာ အမိုက်စားဖီလင်ဟုတ်,မဟုတ် တေး ကိုယ်တိုင်လည်း မသိသေး။ ဒါမျိုးက ကိုယ်တိုင်ကြုံဖူးမှပဲ သိလိမ့်မည်။ ကိုယ်တိုင်ကြုံဖူးဖို့အတွက် တကယ်ချစ်တတ်ဖို့တော့ လိုလိမ့်မည်။ ဒီတစ်ခါတော့ တေးသည် နှလုံးသားအစစ်နှင့်ချစ်ဖို့ စိတ်ကူးထားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့မှာတော့ အချစ်စစ်ကို တွေ့လာလိမ့်မည်

ဟု ယုံကြည်ထားခဲ့သည်။

ချစ်ခင်လေးစားသော

ဆုမြတ်မွန်မွန်

3:30 (A:M)

8-2-2011

စာရေးဆရာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

# စေတနာစာပေ

## ၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါ

မဆုမြတ်မွန်မွန်

ညီမကတော့ မမကို အရမ်းအားကျတဲ့ ပရိသတ်တစ်ဦးပါ။ ပွင့်ပွင့်လင်းလင်းဝန်ခံရရင် မမရေးတဲ့စာအုပ်အားလုံးကိုတော့ မဖတ်ဖူးပါဘူး။ ဒါပေမဲ့ ညီမ ဖတ်ဖူးသမျှကိုတော့ အရမ်းနှစ်သက်ပါတယ်။ မမ့ဆီက အကူအညီ(သုံးခု)လောက်တောင်းချင်ပါတယ်။ ပထမတစ်ခုကတော့ ညီမကစာရေးဆရာမဖြစ်ချင်ပါတယ်။ အဲဒါကြောင့် မမက ညီမ ဘယ်လိုကြိုးစားရမယ်ဆိုတာအကြံဉာဏ်လေးပေးစေချင်ပါတယ်။ ဒုတိယကတော့ မမရဲ့ Biography လေး သိချင်ပါတယ်။ တတိယကတော့ မမရဲ့ ဓာတ်ပုံလေးပေးစေချင်ပါတယ်။ မမ မအားတဲ့ကြားက စာပြန်ရတယ်ဆိုရင်တော့ အရမ်းအားနာပါတယ်။ Please! ညီမရဲ့စာကို ဆက်ဆက်ပြန်ပေးပါနော် မမ။ မမရဲ့ပြန်စာကိုမျှော်နေမယ်နော်။

မမ ဒီထက်မကအောင်မြင်ပါစေလို့

ဆန္ဒပြုလျက်

မမရဲ့ ထာဝရပရိသတ်

ယုစန္ဒမွေး

ရှမ်းပြည်နယ်တောင်ပိုင်း

B.Tech Second Year(EC)

နည်းပညာတက္ကသိုလ်(တောင်ကြီး)

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

သို့

မဂ်လာပါနော်

သမီးနာမည်က ရွှပါနှင်းအိပါ သမီးက ဒသမတန်း အောင်မြင်ထားပါတယ်။ စာမေးပွဲပြီးပြီးချင်း စာအုပ်ဆိုင်သွား တော့ မမမြတ်ရဲ့စာအုပ်တစ်အုပ်ကို တွေ့တယ်လေ။ 'နူးညံ့ခြင်း ပြိုင်ပွဲ'လေအရမ်းကောင်းတယ်။ မမမြတ်ရဲ့ idea ကို သမီး အရမ်း ချီးကျူးပါတယ်။ စာအုပ်အားလုံးကိုကြိုက်ပါတယ်။ အကြိုက် ဆုံးကတော့ 'ပန်းတစ်ပွင့်၏မှုပိုင်ရာသီဥတု' 'ဤမှန်သောအမုန်း တရားကြောင့်' ပါ။ မမမြတ်ရဲ့တချို့စာအုပ်ကို အပိုင်တောင် ဝယ်ထားတာ။ မမမြတ် ယခုထက်မက အောင်မြင်ကျော်ကြား သော စာရေးဆရာမကောင်းတစ်ယောက် ဖြစ်ပါစေလို့ တောင်း ဆုခြွေလျက် ...

ရွှပါနှင်းအိ

တ/ဆ ဦးသန်းဦး+ဒေါ်မာမာအေး
ဝဲရှူးတိုင်းအနောက်
မင်းလှမြို့နယ်
အောထ်ကိုင်းလေးကျေးရွာ

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

ညီမက မမရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ တစ်ခါမှ မိတ်ဆက်မရေးဘူးလို့ သည်းခံပြီးဖတ်ပေးပါ။ မမရဲ့ idea နဲ့ စာဖတ်ပရိသတ်အပေါ် attractive ဖြစ်အောင် ရေးနိုင်တဲ့ မမရဲ့ ပင်ကိုယ်စွမ်းရည်ကို အရမ်းအားကျမိပါတယ်။ မမရဲ့စာအုပ်တွေ ကို ညီမတွက်တိုင်းအားပေးနေပါတယ်။ မမကို ညီမ အရမ်းခင် ချင်တယ်။ မမရဲ့ဓာတ်ပုံကို ထည့်ပေးစေချင်ပါတယ်။ ညီမကို မမရဲ့ညီမတစ်ယောက်အဖြစ် ခင်တယ်ဆိုရင် ပြန်စာလေးရေး ပေးပါနော်။ Ph နံပါတ်ပေးမယ်ဆိုရင်လည်း ရချင်ပါတယ်။

မမရဲ့ပြန်စာကို မျှော်နေမဲ့
မမရဲ့ညီမ
နွယ်နီဇော်

လမ်း-၄၀၊ ၈၁×၈၂လမ်းကြား
မန္တလေးမြို့
'အဖွာ့ဝါဇော်'အလှပြင်ဆောင်းလည်ရေး

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

ကျွန်တော် ခင်မင်ရင်းနှီးစွာဖြင့် မိတ်ဆက်စာလေး ရေးလိုက်ပါတယ်။ ဒီစာကတော့ ကျွန်တော့်ဘဝရဲ့ ပထမဆုံး မိတ်ဆက်စာပါ။ အမှားပါရင် နားလည်ခွင့်လွှတ်ပေးပါ။ မဆုရဲ့ စာအုပ်တွေ တော်တော်များများကို ဖတ်ဖူးပါတယ်။ ဒါပေမဲ့ မဆုရဲ့စာအုပ်တွေထဲက 'မန္တလေးသား' စာအုပ်ကို အနှစ်သက် ဆုံးပါ။ မဆုရဲ့ပရိသတ်တစ်ယောက်အနေနဲ့ မဆုရဲ့ဓာတ်ပုံလေး တစ်ပုံလောက် လိုချင်ပါတယ်။ ကျွန်တော့်ဆီကို ပြန်ပို့ပေးမယ် ဆိုရင် ကျေးဇူးတင်ပါတယ်။

မဆုတစ်ယောက် အောင်မြင်ပါစေလို့
ဆုတောင်းလျက်

ညီညီထွန်း(မိတ္ထီလာ)
အမှတ်-၉၈၆၊ မေတ္တာလမ်း
(၉)ရပ်ကွက်၊ တ/ဥက္ကလာပ။

စေတနာစာပေ

၏

အမှတ်တရအစီအစဉ်

သို့

မမဆုမြတ်မွန်မွန် မင်္ဂလာပါ

ညီမက မမရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ မမ ကို အရမ်းခင်မင်ချင်လို့ မိတ်ဆက်စာရေးလိုက်တာပါ။ ညီမက မိတ်ဆက်စာတစ်ခါမှ မရေးဖူးလို့ အမှားပါရင် ခွင့်လွှတ်ပါလို့ တောင်းပန်ပါရစေ။ မမရေးတဲ့စာအုပ်တွေအားလုံးဖတ်လို့ကောင်း ပါတယ်။ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက်ဖူးစာ' စာအုပ်ကို ညီမ အရမ်းကြိုက်တယ်။ မမရဲ့စာအုပ်တိုင်းက ဇာတ်လမ်းတွေက မထပ်ဘူးနော်။ တစ်မျိုးစီဖတ်လို့ကောင်းတယ်။ မမ ညီမလေး ကို ခင်တယ်။ မမရဲ့ပရိသတ်တစ်ယောက်လို့ အသိအမှတ်ပြု တယ်ဆိုရင် မမရဲ့ဓာတ်ပုံနဲ့ ပြန်စာလေးပေးပါနော်။ ညီမလေး ဆက်ဆက်စောင့်မျှော်နေမယ်နော်။

မမရဲ့ဘဝလေး မိုးဆန်းပန်းလေးလို ထာဝရလန်းဆန်း နိုင်ပါစေလို့ ညီမဆုတောင်းလိုက်ပါတယ်။

မမရဲ့စာအုပ်တိုင်းကို အမြဲတမ်းအားပေးနေမယ့်
ထာဝရ ပရိသတ်

နွယ်ဒေး
ပုသိမ်တက္ကသိုလ်
ဓာတုဗေဒ-ဒုတိယနှစ်

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

၂၉–၈–၁၀ နေ့ရက်မှစ၍ နှောင်နှစ်ပေါင်းများစွာတိုင် ကျက်သရေမင်္ဂလာအပေါင်း ခညောင်းပါစေလို့ ဆန္ဒပြုပါတယ် ဗျာ။ မဆုမြတ်တစ်ယောက် နေမင်းရဲ့အရောင်ဆင်းလို ဂုဏ်သတင်းတွေလည်း ထိန်လင်းပါစေ။

မမဆုမြတ် ကျွန်တော်လေ မမဆုမြတ်ရဲ့ထွက်သမျှစာအုပ်တိုင်းကို တစ်အုပ်မကျန် ဖတ်ရှုတဲ့ မမဆုမြတ်ရဲ့အနိုင်မာဆုံး ပရိသတ်တစ်ဦးပါ။

မမဆုမြတ်ရဲ့ စာအုပ်တွေထဲမှာ ကျွန်တော် အကြိုက်ဆုံး စာအုပ်ကတော့ အများကြိုက်တဲ့ 'နှုးညံ့ခြင်းပြိုင်ပွဲ'ဆိုတဲ့စာအုပ်လေးပါပဲ။ ဝတ္ထုရဲ့ဇာတ်လမ်းက ကျွန်တော့်ဘဝနဲ့ တိုက်ဆိုင်တဲ့အတွက်ပေါ့ဗျာ။ နောက်နောင်မှာလည်း ဒီထက်သာတဲ့ ဇာတ်ကောင်တွေနဲ့ ဖွဲ့စည်းထားတဲ့ စာအုပ်ကောင်းတွေကို ရင်ခုန်စွာ စောင့်မျှော်နေမဲ့...

မဆုမြတ်ရဲ့ အနိုင်မာဆုံးပရိသတ်
သူရိန်ရဲရင့်

ရွှေညာမြေ–တန့်ဆည်
မကွေး–အရှေ့ပိုင်း

## စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မမမွန်လို့ခေါ်မယ်နော်။ ညီမလေးက မမမွန်ရဲ့စာအုပ်တွေကို အမြဲတမ်းစောင့်ပြီးဖတ်နေတဲ့သူပါ။ မမမွန်ရဲ့စာအုပ်တွေကို အရမ်းသဘောကျတယ်။ မမမွန်ရဲ့ စာအရေးအသားတွေကို ညီမလေးတို့ လူငယ်တွေအတွက် အများကြီး ဗဟုသုတဖြစ်စေတယ်။ မမမွန်က မကြီးစိုးမြတ်သူဇာနဲ့ တူတယ်နော်။ မမမွန် ညီမလေးဆီကို ဓာတ်ပုံနှင့်စာပြန်ပေးပါနော်။ အခု မမမွန်ရဲ့ ကျွန်မတင်တဲ့ ရွှေမင်းသားဆိုတဲ့ စာအုပ်ကို နောက်ဆုံးဖတ်ပြီးတာပါ။ နောက်ထွက်မဲ့စာအုပ်တွေကိုလည်း စောင့်ပြီးဖတ်နေမှာပါနော်။

မမမွန်ရဲ့ဘဝမှာ အောင်မြင်မှုသရဖူကိုဆောင်းနိုင်ပြီးတော့ နေ့ရက်တိုင်းမှာ ပျော်ရွှင်မှုတွေ ပြည့်နှက်နေပါစေလို့ ဆုမွန်တောင်းပေးလိုက်ပါတယ်။

မမွန်ကို အရမ်းချစ်တဲ့
ညီမလေး ဝင်း(ခ)မောလာဝင်း

စစ်ကိုင်းတိုင်း၊ တာ…မြို့နယ်၊
မောက်သံပုရာ။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ... မမွန်

ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ ညီမလေးက ပထမဦးဆုံးအကြိမ် စာရေးလိုက်တာပါ။ ညီမလေး မမွန်ဆီ စာရေးချင်နေတာ ကြာပါပြီ။ စာမပြန်မှာစိုးတာနဲ့ ဒီအတိုင်းပဲ နေလိုက်မိတာပါ။ မမွန်ရေးတဲ့ 'ကျွန်မတင်တဲ့ရွှေမင်းသား' စာအုပ်ကို အရမ်းပဲ Crazy ဖြစ်တယ်။ အဲဒီစာအုပ်ထဲက မင်းသမီး ဟန်ဝတီရဲ့စိတ်ထားကို ညီမလေး သဘောကျတယ်။ မမွန်ရေးတဲ့ ဝတ္ထုစာအုပ်တွေအားလုံးက ရှေ့ဆက်ဘာဖြစ်မယ်ဆိုတာကို တွေးလို့မရဘူး။ ကိုရီးယားဇာတ်ကားတွေလိုဘဲ။ မမွန်ရဲ့အရေးအသားနဲ့ ဇာတ်လမ်းဖွဲ့စည်းပုံကို အရမ်းဘဲcrazyဖြစ်သွားတယ်။ ညီမလေး မမွန်ကိုအရမ်းဘဲအားကျတယ်။မမွန်လိုစာရေးဆရာမ တစ်ယောက်ဖြစ်ချင်တယ်။ ဒါပေမဲ့ ညီမလေးက မမွန်လို Idea မရှိဘူးလေ။ ညီမလေး မမွန်ကို ခင်မင်လေးစားတယ်။ မမွန် ညီမလေးဆီကို စာပြန်ရေးပေးပါနော်။ မမွန်ရဲ့ဓာတ်ပုံလေးရော ထည့်ပေးပါနော်။ ညီမလေး စောင့်မျှော်နေမယ်နော်။ မမွန်ရဲ့ ဆက်လက်ထွက်ရှိမဲ့စာအုပ်တွေကို ဆက်လက်အားပေးပါ့မယ်။

မမွန်ရဲ့ ရှေ့လျှောက်လှမ်းမဲ့ဘဝခရီးမှာ

အဆပေါင်းများစွာ အောင်မြင်မှုတွေ ရရှိပါစေလို့

ဆုတောင်းပေးလိုက်ပါတယ်။

ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျပါစေ

ညီမလေး ကြည်ကြည်အေး

မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊

သမန္တပ္ပိ မဲတုန်း။

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန် မင်္ဂလာပါ

ခင်မင်ရင်းနှီးစွာနဲ့ မဆုမြတ်လို့ပဲခေါ်မယ်နော်။ ဖြိုးက မမရဲ့ထာဝရ အမာခံပရိသတ်တစ်ဦးပါ။ မဆုမြတ်ရဲ့စာအုပ် အားလုံးကို ဖတ်ရပါတယ်။ အားလုံးကိုလည်း ကြိုက်ပါတယ်။ စာအရေးအသားကို အရမ်းသဘောကျတာက တစ်အုပ်နဲ့တစ်အုပ် ဇာတ်ကြောင်းမထပ်တာကိုပါ။ အရမ်းတော်တယ်။ စကားပြောရင် အင်္ဂလိပ်စကားကို ညှပ်ပြီးပြောတာကိုပဲကြိုက်တယ်။ Idea တွေက အရမ်းကောင်းလို့ နှစ်ခြိုက်မိပါတယ်။ တချို့စာအုပ်တွေက ဇာတ်လမ်းရိုက်တာ တွေ့ရပေမဲ့ စာအုပ်လောက် feel မလာဘူး။ ဒါပေမဲ့ ကြည့်ဖြစ်ပါတယ်။ ကြိုက်ပါတယ်။ နောက်ထပ်ထွက်မယ့် စာအုပ်တွေကို ဆက်ပြီးအားပေးဖို့ မျှော်နေမယ်နော်။ ဖြိုးဆီကို စာနဲ့ဓာတ်ပုံနဲ့ ပြန်ပါနော်။

မဆုမြတ် ဘဝမှာ အောင်မြင်မှုသရဖူကို ထာဝရဆောင်းနိုင်ပြီး ပျော်ရွှင်ကျေနပ်မှုတွေ ပြည့်နှက်နေပါစေ။

အမြဲအားပေးနေမဲ့

အငေးကြီးမှ ဖြိုး

နှင်းရည်မွန်ဖြိုး(ခ)ဖြိုး

အမှတ်(၁၂)၊ ဝင်ဖြစ်ရပ်ကွက်၊

ရပ်စောက်မြို့၊ ရှမ်းတောင်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရ အစီအစဉ်

မဆု

ဝေးက မြင်းခြံမြို့နယ်(နဘူးအိုင်)ရွာလေးကပါ။ မဆုရဲ့ ပရိသတ်တစ်ဦးပါ။ မန္တလေးကိုလာလည်တုန်း ဝေး ညီမလေးက 'ဆုမြတ်မွန်မွန်' ကောင်းတယ်ဆိုပြီး ပေးဖတ်လို့ 'ရင်ခွင်ဆီသို့ လှေကားထစ်များ'ကို စပြီးဖတ်ဖူးပါတယ်။ အရမ်းကြိုက်သွားပါတယ်။ စာအုပ်မပြီးမချင်း ထမင်းမစားဘဲ လက်ကမချနိုင်အောင်ကို ဖြစ်ခဲ့ပါတယ်။ ရွာကိုမပြန်ခင်ထွက်ပြီးသမျှစာအုပ်အားလုံးသွားငှားပြီး တစ်နေ့(၃)အုပ်နှုန်းဖတ်လိုက်တာ တစ်အုပ်နဲ့တစ်အုပ် မတူအောင်ကောင်းပြီး ရင်ထဲမှာ အရမ်းကို ထိတာပဲ။ ဘယ်စာအုပ်ကောင်းတယ်လို့ ရွေးလို့မရအောင်ကို အကုန်လုံးကြိုက်ပါတယ်။ တစ်အုပ်နဲ့တစ်အုပ်မတူအောင် ဆန်းဆန်းပြားပြားလေးတွေ ရေးနိုင်တဲ့ မဆုကို အရမ်းလည်းလေးစားတယ်။ ချစ်လည်းအရမ်းချစ်ပါတယ်။ မဆုရဲ့ချစ်စရာကောင်းတဲ့မျက်နှာလေးကို မြင်ရတာ ကိုယ့်သွေးသားအရင်းအချာတစ်ယောက်လို ချစ်ပါတယ်။ ခုလိုမျိုး မိတ်ဆက်စာတစ်ခါမှမရေးဖူးပါဘူး။အမှားပါရင် ခွင့်လွှတ်ပါနော်။

မဆု ထာဝရအောင်မြင်ပါစေ

အလှမ်းဝေး

အင်းခရုမြန်မာ့ဆက်သွယ်ရေး

သင်ပန်းကုန်းရပ်ကွက်၊

မြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

## စေတနာစာပေ ၏ အမှတ်တရ အစီအစဉ်

မဆုမြတ်

မိုးငယ်ကိုမှတ်မိလား။ ဒီလထုတ်ဖြစ်တဲ့ 'သင့်ထံ၌အချစ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ' စာအုပ်ကို ဖတ်ပြီးသွားပြီ၊ နောက်ထပ်ထွက်မဲ့စာအုပ်ကို မျှော်နေတယ်နော်။ မြန်မြန်လေး ထွက်ပါတော့လို့ ဆုတောင်းနေမိတယ်။ စာအုပ်ဆိုင်မှာ တစ်ခါတည်းမှာထားရတယ်။ စာအုပ်ရောက်ရင်အကြောင်းကြားဖို့လေ။ မဆုမြတ်ဆီ စာရေးရင် တစ်ခါမှစာမပြန်ဘူး။ ဘာဖြစ်လို့လဲ။ ဝတ္ထုထဲမှာပဲဖော်ပြတယ်နော်။ မိုးငယ်ကို ကျေးဇူးပြု၍ ပရိသတ်တစ်ဦးကို လက်ဆောင်ပေးတဲ့အနေနဲ့ မဆုမြတ်ရဲ့ အမှတ်တရလက်မှတ်လေးထိုးထားတဲ့ဓာတ်ပုံ(၁)ပုံလောက်ပေးလို့ရမလား။ မဆုမြတ် အဆင်ပြေမှပေးနော်။ မိုးငယ် နားလည်ပေးနိုင်ပါတယ်။ မဆုမြတ် စာပေလောကမှာ အတောက်ပဆုံးကြယ်တစ်ပွင့် ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

မဆုမြတ်ရဲ့ ပရိသတ်

မိုးငယ်

သို့

မြတ်နိုးချစ်ဖူး(ခ)မိုးငယ်

အမှတ်—၄၉၆၊ ပန်းခြံလမ်း၊

စာတိုက်အနောက်၊ ကော့ကရိတ်မြို့၊

ကရင်ပြည်နယ်။

www.burmeseclassic.com

## စေတနာစာပေ ၏

# အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မဆုမြတ်မွန်မွန်

ကျွန်တော်က မဆုမြတ်ရဲ့ပရိသတ်တစ်ဦးပါ။မဆုမြတ်ရဲ့စာအုပ်တွေ တော်တော်များများ ဖတ်ဖူးတယ်။ အရမ်းကောင်းတယ်ဗျာ။ အကြိုက်ဆုံးစာအုပ်ကတော့ 'သူ့မျက်တောင်ဖျားတွေပေါ်မှာတစ်ရေးအိပ်ခွင့်'ကိုအရမ်းကြိုက်တယ်။ မဆုမြတ်ရဲ့ဇာတ်လမ်းဖန်တီးမှုက အရမ်းမိုက်တယ်နော်။ မဆုမြတ် Englishအသုံးအနှုန်းတွေများများထည့်သုံးပေးပါလို့ အကြံပြုပါရစေ။ မဆုမြတ်ကို ပထမဆုံးမိတ်ဆက်စာရေးတာမို့လို့ အမှားပါရင် ခွင့်လွှတ်ပေးပါ။ မဆုမြတ် ကျန်းမာရေးဂရုစိုက်နော်။ အရမ်းအေးလို့ပါ။ မဆုမြတ် စာပေလောကမှာ အတိုင်းအဆမရှိ အောင်မြင်ပါစေလို့ ဆုတောင်းရင်း ....

မဆုမြတ်ကိုအမြဲအားပေးတဲ့
ပရိသတ်တစ်ဦး

သက်ပိုင်မှူး(3-Zool'93)
Third Year (Zoology)
Pakokku University

## စေတနာစာပေ ၏

# အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ ဆရာမ

လေးစားမှုနဲ့ ဆရာမလို့ခေါ်မယ်နော်။ မိတ်ဆက်စာရေးတာ ပထမဆုံးမို့ အမှားအများကြီးပါမှာပါ။ ခွင့်လွှတ်ပေးဖို့တောင်းဆိုပါတယ်။ လက်ရေးမလှလည်း သည်းခံပေးပါနော် ဆရာမ။ ဆရာမ စာအုပ်ကို ရှစ်တန်းနှစ်ကတည်းက ဖတ်တာပါ။ သမီး အခု 'သင့်ထံ၌အချစ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ' စာအုပ်ကိုဖတ်ပြီးလို့ရေးလိုက်တာပါ။ စာအုပ်ကအားလုံးကောင်းပါတယ်။ အရေးအသားက attraction ရှိတယ်နော်။ လက်ကကို မချချင်ဘူး။ ဆရာမရေးတဲ့ဇာတ်ကောင်တွေက အများအားဖြင့် အရမ်း sharp ဖြစ်တယ်။ selfconfidence ရှိတယ်။ စာဖတ်တာလည်း ဝါသနာပါတယ်။ ဟာသလည်းပါတယ်။ အရမ်းတော်တယ်နော်။ ဆရာမရဲ့ Birthday ကိုသိပါရစေ။ လက်မှတ်ထိုးထားတဲ့ ဓာတ်ပုံ(၃)ပုံလောက်နဲ့အတူ စာပြန်ပေးပါနော် ဆရာမ။

ဆရာမကို ထာဝစဉ်လေးစားအားပေး
လျက်ရှိတဲ့ ပရိသတ်တစ်ဦးအနေနဲ့
ရှိနေမှာပါ။

မအိအိဇော်
2GC-126
နည်းပညာတက္ကသိုလ်(မော်လမြိုင်)

www.burmeseclassic.com

## စေတနာစာပေ
### ၏
## အမှတ်တရ အစီအစဉ်

သို့

မင်္ဂလာပါ ဆရာမ

လမင်းက ဆရာမရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ လမင်းကို ဆရာမရဲ့ပရိသတ်အဖြစ် လက်ခံပေးပါနော်။ ဆရာမရဲ့စာအုပ်ကို 'မောင့်သဘော' ဝတ္ထုထိဖတ်ပြီးသွားပြီ။ နောက်တစ်အုပ်ထွက်နေပြီဆိုတာ အသံပဲကြားတယ်။ အခုထိ စာအုပ်ကို မတွေ့သေးဘူး။ ငှားတဲ့သူများမများ ဆရာမ တွေးကြည့်တော့ပေါ့။ လမင်းတို့မြို့မှာက ဆရာမရဲ့စာအုပ်ကို အရမ်းကြိုက်ကြတယ်လေ။ ဒါကြောင့် စာအုပ်ဆိုင်တွေက တစ်ခါဝယ်ရင် စာအုပ်ကို (၃)အုပ်လောက်အထိ ဝယ်ထားတာ။ ဒါတောင်မှ လက်မလည်ဘူး ဖြစ်နေတယ်။ ဖတ်ချင်တော့လည်း စောင့်ရမှာပေါ့လေ။ ဆရာမရဲ့ဓာတ်ပုံလေးတစ်ပုံလောက် အမှတ်တရပေးလို့ရမလား။ လမင်းရဲ့ ပထမဦးဆုံးမိတ်ဆက်စာမို့လို့ အမှားပါရင် ခွင့်လွှတ်ပါနော်။

ကရင်ပြည်နယ်မှ ဆရာမရဲ့ပရိသတ်
ပိုင်းလမင်း

ပိုင်းလမင်း(ခ)လမင်း
မြန်မာ့ဆက်သွယ်ရေးရုံးဝင်းနောက်
ဝန်းခြံလမ်း၊ (၃)ရပ်ကွက်၊
ကော့ကရိတ်မြို့၊ ကရင်ပြည်နယ်။

## စေတနာစာပေ
### ၏
## အမှတ်တရ အစီအစဉ်

သို့

မဆုမြတ်မွန်မွန် မင်္ဂလာပါနော်....

မဆုမြတ်မွန်မွန်ကို အမွန်လို့ပဲ ခေါ်မယ်နော်။ ဒါ မောင်လေးရဲ့ပထမဆုံး မိတ်ဆက်စာမို့လို့ အမှားပါရင်ခွင့်လွှတ်ပါနော်။ မောင်လေးက မမွန်ရဲ့ဝတ္ထုတွေကို တော်တော်များများလည်း ဖတ်ပြီးပါပြီ။ ကြိုက်လည်းကြိုက်ပါတယ်။ အခု ဒီမှာ နောက်ဆုံးထွက်တဲ့ 'သင့်ထံ၌ အချစ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ' စာအုပ်ကိုလည်း အရမ်းကြိုက်ပါတယ်။ မမွန်ရဲ့ထွက်သမျှစာအုပ်တွေထဲမှာမှ 'မန္တလေးသား' 'အတူတူငိုဖူးတဲ့သူ' 'ကလေးအထာ' 'အသည်းကြီးဝတ်ရှည်' 'အကြည့်မှာရင်ခုန် အတွေ့မှာလှိုက်မော' နောက်ဆုံးတော့ သူမကို ကျွန်တော် ဒူးထောက်လိုက်ရတယ်' 'မောင့်သဘော' အဲဒီစာအုပ်တွေကို အရမ်းကြိုက်ပါတယ်။ အမွန်ရဲ့စာအုပ်တွေကို video ရိုက်တာလည်း ကြည့်ဖြစ်ပါတယ်။ အမွန်တစ်ယောက် စာပေလောကမှာ အလင်းလက်ဆုံးကြယ်တစ်ပွင့် ဖြစ်ပါစေလို့ ဆုတောင်းလျက်ပါ။

အမွန်ရဲ့ထာဝရ ပရိသတ်

စိုးမြင့်နော်(ခ)စိုးလေး
မြို့မရဲစခန်းဝင်း
ကျောက်ဆည်မြို့၊
မန္တလေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

ကျွန်တော်က မမွန်ရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ မိတ်ဆက်စာရေးတာ ပထမဆုံးမို့ အမှားပါရင် ခွင့်လွှတ်ပါနော်။ မမမွန်ရဲ့စာအုပ်တိုင်းက အရမ်းကိုဆွဲဆောင်မှုရှိပါတယ်။ အခုထွက်တဲ့ 'သင့်ထံ၌အချစ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ' ဆိုတာလေးလေ အရမ်းကိုကောင်းပါတယ်။ မမမွန်ရဲ့စာအုပ်တိုင်းကလေ စာဖတ်သူတွေကို စာအုပ်မပြီးမချင်း လက်ထဲက မချချင်လောက်အောင်ကိုပဲ ဆွဲဆောင်ထားနိုင်ပါတယ်။ အင်္ဂလိပ်စကားလုံးလေးတွေပါ ထည့်ရေးထားတော့ ဗဟုသုတလည်းရပါတယ်။ မမမွန်အချိန်ရမယ်ဆိုရင် ကျွန်တော့်ဆီကို စာပြန်ရေးပေးပါနော်။ မမမွန်ရဲ့ Photo လေးနဲ့ Phone နံပါတ်လေးလည်း အမှတ်ရအောင်ထည့်ပေးလိုက်စေချင်ပါတယ်။ မမမွန်တစ်ယောက် စာပေလောကမှာ အောင်မြင်မှုတွေ အများကြီးနဲ့ နိုင်ငံကျော်စာရေးဆရာမတစ်ယောက်အဖြစ် အမြဲရပ်တည်နိုင်ပါစေလို့ ဆုတောင်းပါတယ်။

မမမွန်ကို ထာဝရ အားပေးနေမယ့်
ညီမလေး Saw Nan Win

မကွေးတိုင်း၊
ရေစကြိုမြို့နယ်။

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

သို့

မမဆုမြတ်မွန်မွန်

မမဆုမြတ်လို့ပဲခေါ်မယ်နော်။ သမီးက မမဆုမြတ်ရဲ့စာအုပ်တွေကို အားတိုင်းဖတ်နေပါတယ်။ 'အတူတူငိုဖူးတဲ့သူ' စာအုပ်ကို အရမ်းကြိုက်တယ်။ မမရေးတဲ့စာအုပ်တွေက အရမ်းကောင်းတော့ လက်ကမချချင်အောင်ဖြစ်ရတယ်။ သမီးကိုခင်ရင် စာပြန်ပါနော်။ ဓာတ်ပုံလေးပါထည့်ပေးနော်။ စာအုပ်ထဲကပုံတွေလည်းလှတယ်။ သမီးကို မမရဲ့ဓာတ်ပုံလှလှလေးပေးပါနော်။ မမရဲ့စာအုပ်တွေကို အမြဲဖတ်တဲ့ ပရိသတ်တစ်ဦးအနေနဲ့ထာဝရ အမှတ်ရပေးပါ။

'ထရွှေစဉ်' စာအုပ်ကောင်းကောင်းများကို
များများရေးနိုင်ပါစေ....
ပြန်စာကိုမျှော်နေမယ်

Shine Sine
(Thonze)

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ

၏

## အမှတ်တရ အဝိအစဉ်

သို့

မမဆုမွန်

သဲသဲ... မဆုမွန်လို့ခေါ်မယ်နော်။ သဲသဲက မဆုမွန်ရဲ့ ပရိသတ်တစ်ယောက်ပါ။ မဆုမွန်က စာရေးအရမ်းတော်တာပဲ။ ပြီးတော့ မဆုမွန်က အရမ်းလှတယ်။ ဂျာနယ်ထဲမှာ စွယ်တာလေးနဲ့ အရမ်းလှတာပဲ။ မဆုမွန်ရဲ့ စာအုပ်တော်တော်များများကို သဲသဲ ဖတ်ပြီးပါပြီ။ အရမ်းလည်းကောင်းတယ်၊ ဆွဲဆောင်မှုလည်းရှိတယ်။ သဲသဲက မိတ်ဆက်စာရေးတာ ဒါ ပထမဆုံးမို့လို့ အမှားပါရင် ခွင့်လွှတ်ပါနော်။ သဲသဲရဲ့ခင်မင်မှုကို အသိအမှတ်ပြုတယ်ဆိုရင် သဲသဲဆီ စာပြန်နှင့်အတူ ဓာတ်ပုံလေးပါထည့်ပေးဖို့ တောင်းဆိုပါရစေနော်။ မဆုမွန် ဒီထက်မက အောင်မြင်ကျော်ကြားပါစေလို့ ဆုတောင်းပေးပါတယ်။ မဆုမွန် အားတဲ့အချိန်ကျရင် သဲသဲဆီ ဖုန်းဆက်ပါနော်။

၏

အစဉ်အားပေးသော ပရိသတ်

ချိုသဲအောင်(ခ)သဲသဲ

တောင်သာမြို့၊

အမှတ်(၆)ရပ်ကွက်၊ သံလမ်းဂိတ်အနီး

ဖုန်း – ၀၆၆ ၇၀၄၂

# စေတနာစာပေ

၏

## အမှတ်တရ အဝိအစဉ်

သို့

မင်္ဂလာပါ မဆုမြတ်မွန်မွန်

ကျွန်တော်ရဲ့ပထမဆုံးသော မိတ်ဆက်စာမို့ အမှားပါရင် ခွင့်လွှတ်ပါနော်။ ကျွန်တော့်ကို ပရိသတ်တစ်ယောက်အနေနဲ့ ‘မဆုမြတ်’လို့ ခေါ်ခွင့်ပြုပါနော်။

ကျွန်တော် ‘မဆုမြတ်’ရဲ့စာအုပ်တွေကို ‘လသုံးစင်းနှင့်ကခုန်ခြင်း’ဆိုတဲ့ စာအုပ်ကို ပထမဆုံးစဖတ်ဖြစ်ပါတယ်။ ‘မဆုမြတ်’က လူငယ်တွေရဲ့စရိုက်ကို ဦးစားပေးရေးတော့ ပိုပြီးတော့ ဖတ်လို့ကောင်းတယ်။ ရင်ထဲမှာလည်း တစ်မျိုးခံစားရတယ်။

ယခု မိတ်ဆက်စာရေးတဲ့အချိန်ထိ အကြိုက်ဆုံးစာအုပ်ကတော့ ‘ကြယ်ကလေးရဲ့နှင်းတံ’ဆိုတဲ့စာအုပ်ပါ။ မဆုမြတ် ‘ကြယ်ကလေးရဲ့နှင်းတံ’ စာအုပ်ရဲ့ ပထမဆုံးကဗျာလေးကို ကျွန်တော် ကြိုက်လို့ ကူးယူလိုက်မိတယ်။ ခွင့်ပြုတယ်မို့လား။ ကျွန်တော့်ကို မဆုမြတ်မွန်ရဲ့ စာဖတ်ပရိသတ်တစ်ယောက်အဖြစ် အသိအမှတ်ပြုပေးပါနော်။

‘မဆုမြတ်’တစ်ယောက် စာပေအနုပညာလောကမှာ ထာဝရအတောက်ပဆုံးသော ကြယ်ပွင့်လေးအဖြစ် ရပ်တည်နိုင်ပါစေလို့ ဆုတောင်းပေးလျက်ပါ။

ဆရာမ မဆုမြတ်မွန်မွန်ရဲ့

ထာဝရပရိသတ်

ထက်ဝေ(K.P.G)တိုက်သစ်

ပဒ္မောတ(၈၅)တိုးချဲ့၊

ပုဂံ/ညောင်ဦးမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရ [illegible]

သို့

ဆရာမ မဆုမြတ်

ကျွန်တော်က ဆရာမရဲ့ပရိသတ်တစ်ယောက်ပါ။ ဆရာမရဲ့ထွက်ပြီးသားစာအုပ်တွေကို (ကျွန်တော်တို့မြို့မှာရှိတဲ့) အကုန်ဖတ်ပြီးပါပြီ။ စာအုပ်တွေအားလုံးက တစ်အုပ်နဲ့တစ်အုပ် မရိုးရအောင် idea တွေက လန်းတယ်၊ ဘယ်စာအုပ်တကောင်းတယ်။ ဘယ်စာအုပ်ကတော့ ညံ့တယ်လို့ ပြောလို့မရနိုင်လောက်အောင်ပါပဲ။ 'အချစ်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ရာသီဥတုသာယာမည်' စာအုပ်ထဲက ဓာတ်ကောင် မိုးသားလုံ့ပြာပြာရဲ့ character ကို ခိုက်တယ်သိလား။ ကိုယ်တိုင်က မိန်းကလေးဖြစ်နေရဲ့နဲ့ အီစီကလီတွေအထာပေးတာတွေ ပဲများတာတွေကို မြင်ရတွေ့ရရင် ကြည့်မရချင်ဘူးလေ။

ဆရာမ မဆုမြတ်တစ်ယောက် စာပေလောကမှာ
best writer အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ
လျှောက်လှမ်းနိုင်ပါစေ။

Forever Audience
Ma Win Win Shwe
နောင်ဝတျစ်ရပ်၊ တာရိုးအနောက်လမ်း၊
တိမ်မွေးတာရုံးအနီး၊ ဟုမ္မလင်းမြို့၊
စစ်ကိုင်းတိုင်း။

## စေတနာစာပေ ၏

## အမှတ်တရ [illegible]

သို့

မင်္ဂလာပါ မမွန်

မလေးက မမွန်ရဲ့စာအုပ် (၄၅)အုပ်ဖတ်ပြီးပါပြီ။ 'အတူတူငိုဖူးတဲ့သူ'ကို အရမ်းကြိုက်တယ်။ မလေးရဲ့ Friend က မလေးကို ညီညီကိုလို့ခေါ်တယ်။ မလေးရဲ့စရိုက်က ညီကိုနဲ့တူလို့တဲ့။ Friend ကိုပါ မမွန်ရဲ့ပရိသတ်ဖြစ်စေချင်လို့ ပေးဖတ်လိုက်လို့ ကြိုက်သွားတယ်။ P.F ဖွဲ့တဲ့သူလည်း ရှိတယ်။ အရာရာအတွက်လည်းကျေးဇူးတင်ပါတယ်။ မမွန်ရဲ့စာအုပ်ဖတ်ပြီးအသိပညာ ဗဟုသုတတိုးပွားရသလို P.Fတွေလည်း ရှိလာလို့ပျော်ရွှင်ရပါတယ်။ မမွန်ရဲ့အောင်မြင်မှုအတွက်လည်း ဂုဏ်ယူပါတယ်ရှင်။ မမွန်တစ်ယောက် နေကောင်းကျန်းမာစွာနဲ့ ပရိသတ်ရဲ့အားပေးမှုကို ထာဝရလက်ခံပြီး တစ်နေ့ထက်တစ်နေ့အောင်မြင်ပါစေလို့ ဆန္ဒပြုတယ်နော် ... ။

မမွန်ရဲ့ပရိသတ်

အို(စေ)မလေး
ထ.က

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

အမှတ်တရအဓိအစဉ်

မဆုမြတ်

မင်္ဂလာပါခင်ဗျာ

စာအုပ်ဆိုင်မှာ မဆုမြတ်ရဲ့ဝတ္ထုမှာ မိတ်ဆက်စာတွေ တွေ့မိရာမှတစ်ဆင့် စိတ်ဝင်စားပြီးဖတ်ဖြစ်ခဲ့ပါတယ်။ မဆုမြတ်ရဲ့ဝတ္ထုတွေ တော်တော်များများဖတ်ပြီးပါပြီ။ မဆုမြတ်ရဲ့ IDEA နဲ့ TALENT ကိုတော့ အရမ်းချီးကျူးပါတယ်။ အားလုံးထဲမှာ 'ချစ်သူတို့၏ အခမ်းနားဆုံးအရာ'ကို အကြိုက်ဆုံးပါ။ အချစ်နဲ့ ပတ်သက်ပြီး လူငယ်တွေအတွက် ပညာပေးထားပြီး အရေးအသားတွေကလည်း စာဖတ်သူရဲ့စိတ်ထဲမှာ နစ်မျောသွားစေတယ်။ ဇာတ်ကောင်တွေကိုငွေကြေးဆင်းရဲချို့တဲ့တဲ့ဇာတ်ကောင်တွေအဖြစ် ဖန်တီးပေးဖို့တောင်းဆိုလိုပါတယ်။ မဆုမြတ်ရဲ့ နောက်ထွက်မဲ့စာအုပ်တွေကို စောင့်မျှော်ရင်း စာပေကောင်းကင်မှာ အမြဲတမ်း လင်းလက်နိုင်တဲ့ကြယ်တစ်ပွင့် ဖြစ်ပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။

**Hlwan Moe Aung**

No.27, Bayint Naung Road,
1-Quarter,
Mayangone Township.

စေတနာစာပေ

၏

အမှတ်တရအဓိအစဉ်

သို့

မမရေ မင်္ဂလာပါ

သွယ်က မမစာအုပ်လေးတွေမထွက်ခင် ကြော်ငြာလေးတွေဖတ်ရကတည်းက သဘောကျသွားတာ စာအုပ်လေးတွေ ထွက်လာတော့လည်း သဘောကျတယ်။ 'မမ'စာရေးတာ အရမ်းကောင်းတယ်နော်။ မမရဲ့စာရေးသားမှုတိုင်းဟာ အမြဲကောင်းမွန်ပါတယ်။ ဇာတ်အိမ်ဖွဲ့မှုတွေ ထပ်မနေဘဲ အမြဲကွဲထွဲနေတယ်နော်။ စ–လယ်–ဆုံး စွဲဆောင်မှုရှိတဲ့ဝတ္ထုကောင်းလေးတွေပါပဲ။ မဂ္ဂဇင်းမှာရေးတဲ့ ဝတ္ထုတွေထဲမှာဆိုရင်တော့ 'ရွေးထုတ်ကြသူများ'ကို ကြိုက်တယ်။ အချိုစလုံးဝမပါတဲ့ ဒဿနပိုင်းဆိုင်ရာ တွေးခေါ်မှုပုံစံနဲ့ ရေးသားလို့လေ အရမ်းကောင်းပါတယ်။ စိတ်ထဲမှာ စွဲကျန်ရစ်ခဲ့ပါတယ်။ 'မမရေ' ဆရာလုပ်တာမဟုတ်ပါဘူးနော်။ အကြံပေးပြီးတောင်းဆိုချင်ပါတယ်။ ဝတ္ထုတွေထဲမှာ မရေးဖြစ်ရင်တောင် မဂ္ဂဇင်းလေးတွေမှာ ဒဿနပိုင်းပညာပေး ဇာတ်လမ်းလေးတွေ များများရေးပေးစေချင်ပါတယ်။

အဆင်းရေအချင်းဝါပြည့်စုံသော မမတစ်ယောက်
အောင်မြင်မှုသရဖူကို အမြဲပန်ဆင်နိုင်ပါစေ

တာဝရဝရိသတ် – ယဉ်မင်းသွယ်

အ.မ.က(ကျောက်စု)၊ ဦးဖိုးစိန်(လွှက်လုပ်ငန်း)
နီလာလမ်း၊ ရပ်ကွက်(၂)၊ ဝင်လုံမြို့၊ ရှမ်း/တောင်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ၏

## အမှတ်တရအဝီအဝဉ်

သို့

ဆရာမ ဆုမြတ်မွန်မွန်

ချစ်ခင်လေးစားရပါသော ဆရာမဆုမြတ်မွန်မွန်၊ ညီမလေးတို့က 'မမ'ရဲ့စာဖတ်ပရိသတ်တစ်ယောက်ပါ။ 'မမ'ရဲ့စာအုပ်တွေက အရမ်းပဲကောင်းပါတယ်။ ထွက်သမျှစာအုပ်တွေအားလုံးကိုလည်း ညီမတို့ဖတ်တယ်။ ညီမတို့ဖတ်တဲ့ထဲမှာ 'မမ'ရယ် နောက်ထပ် 'နှုးညံ့ခြင်းပြိုင်ပွဲ'လိုမျိုးစာအုပ်လေးထပ်ရေးပေးစေချင်ပါတယ်။

'မမ'ကို အမြဲထာဝရအားပေးနေမဲ့
ပရိသတ်
နှင်းမိုးဦး၊ ချိုချိုအောင်

အမှတ်(၂)၊ ငွေကြယ်မြို့၊
ကလေးဝမြို့။

## စေတနာစာပေ၏

## အမှတ်တရအဝီအဝဉ်

သို့

မင်္ဂလာပါ မဆုမြတ်မွန်မွန်

ညီမလေးက ပဲခူးတိုင်း၊ ဖြူးမြို့နယ်က အိအိအောင်ဖြစ်ပါတယ်။ ဒီစာက ညီမလေးရဲ့ပထမဦးဆုံးစာဖြစ်တဲ့အတွက် မပယ်လိုက်ပါနဲ့နော်။ မမရဲ့စာအုပ် တော်တော်များများကို ဖတ်ဖြစ်ပါတယ်။ စာအုပ်က ဆွဲဆောင်မှုရှိတော့ ဖတ်ပြီးရင်းဖတ်ချင်လေပဲ။ ကိုပြေတီဦး ဇာတ်ကားတော်တော်များများက 'မမ'ရဲ့စာအုပ်တွေများတယ်နော်။ ညီမလေးက ထွက်သမျှဇာတ်ကားလည်းကြည့်ဖြစ်ပါတယ်။ စာအုပ်ဖတ်တာနဲ့ ဇာတ်ကားနဲ့ဆိုရင်တော့ စာအုပ်ဖတ်တာကို ပိုဝါသနာပါတယ်။ ညီမလေးကို ပရိသတ် တစ်ယောက်အဖြစ် အသိအမှတ်ပြုရင် မမ စာနဲ့အတူဓာတ်ပုံပါပို့ပေးလိုက်နော်။ မမရဲ့ပရိသတ်တစ်ယောက်....

အိအိအောင်

ခေတ်ဆန်းယဉ်(ဆိုင်)
အနောက် ၄–၅
(ဖြူးမြို့)

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ
## ၏
## အမှတ်တရအခိုအဝင်

သို့

ခင်မင်လေးစားရပါသော 'ချစ်မမ'

လေးစားမှုများစွာဖြင့် စာရေးလိုက်ပါတယ်။ ပထမဆုံး စာမို့ အမှားပါရင် ခွင့်လွှတ်ပါနော်။ သမီးက မမရဲ့ပရိသတ်တစ်ဦး ပါ။ မမရဲ့စာအုပ်တွေကို ဖတ်ရလွန်းလို့ ဘယ်စာအုပ်က စဖတ် မိမှန်းမသိတော့ပါဘူး။ ဒါပေမဲ့ နောက်ဆုံးဖတ်ပြီးသားစာအုပ် ကတော့ 'သင့်ထံ၌အချစ်ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ' ဆိုတဲ့ စာအုပ်လေးပါ။ မမရဲ့စာအုပ်တိုင်းက သမီးအတွက် ဗဟုသုတ တွေအများကြီးရပါတယ်။ မမဆီက ပြန်စာနဲ့ဓာတ်ပုံမျှော်နေပါ့ မယ်။ အဆင်ပြေရင် ပို့ပေးပါနော်။

မမစာပေလောကမှာ ဒီထက်မက
အောင်မြင်ပါစေလို့ ဆုတောင်းလျက်

ညီမလေး မစုသဲနွန်
ပုသိမ်မြို့၊ အမှတ်(၁၄)ရပ်ကွက်၊
ဥစ္စာအိန္ဒိ(၁၅)လမ်း A-216

# စေတနာစာပေ
## ၏
## အမှတ်တရအခိုအဝင်

သို့

မဆုမြတ်မွန်မွန်

ခင်မင်လေးစားစွာဖြင့် ပထမဆုံးမိတ်ဆက်စာလေး တစ်စောင်ရေးလိုက်ပါတယ်။ မမရဲ့ဝတ္ထုတွေဟာ အရမ်းဖတ်လို့ ကောင်းတော့ စာအံကျောင်းထဲမှာတောင် အမြဲဖတ်ဖြစ်ပါတယ်။ 'အတူတူငိုဖူးတဲ့သူ'ဆိုတဲ့ ဝတ္ထုကို အရမ်းကြိုက်မိတယ်။ မမရဲ့ အနာဂတ်ပန်းတိုင်ကို လျှောက်လှမ်းနိုင်ပါစေ။

မမရဲ့စာဖတ်ပရိသတ်တစ်ယောက်အဖြစ် အသိအမှတ်ပြု တယ်ဆိုရင် မမရဲ့အလှဓာတ်ပုံတစ်ပုံလောက် ပြန်ပါးစေချင်ပါ တယ်။

အရှင်ဝိမလာစာရ
အောင်သာဝတီစာသင်တိုက်
ပသန္ဒဝတီဆောင်၊ ဒုတိယထပ်၊
ရန်အောင်ကျောင်းတိုက်
သန္တာ-၁၇လမ်း၊ င-ရပ်ကွက်၊
မြောက်ဥက္ကလာပ၊ ရန်ကုန်တိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ

### ၏

## အမှတ်တရအစီအစဉ်

Hello

မမရေ ကျိန်းခန်းသာလို့ မာပါစေ။ မမရဲ့ စာအုပ်တွေ အကုန်နီးပါး ဖတ်ပြီးသွားပါပြီ။ အပြစ်ပြောစရာ မရှိအောင်ကို ကောင်းပါတယ်။ Fancy ဆန်ဆန် ပေါ့ပေါ့ပါးပါး ဇာတ်လမ်းလေးတွေ ရေးပေးပါဦး။ မမဝတ္ထု တော်တော်များများက ကောင်မလေးတွေကို အသားပေးတဲ့ Character တွေများတယ်နော်။ ကောင်းတယ် မမ။ ခုခေတ်ယောက်ျားလေးတွေက သိတယ်မလို့လား။ ကောင်မလေးတွေကို အရမ်းအထင်သေးတာ။ သူတို့ထက်အသိဉာဏ်တွေ လန်ထွက်နေတဲ့ ကောင်မလေးတွေ အများကြီးရှိသေးတယ်ဆိုတာ မမဝတ္ထုတွေနဲ့ သက်သေပြပေးပါဦး။ Please ကဲ မမရေ never never never give up နော်။

ဟန်လေး

ရေနံချောင်း

BURMESE CLASSIC

## စေတနာစာပေ

### ၏

## အမှတ်တရအစီအစဉ်

Hello

မဆုမြတ်မွန်မွန်

ကျွန်တော်ဟာမဆုမြတ်မွန်မွန်ရဲ့ပရိသတ်တစ်ယောက်ပါ။ ကျွန်တော် အရင်တုန်းက မဆုမြတ်ရဲ့စာအုပ်တွေမဖတ်ခင် ကြယ်စင်မှူးဝေတို့ ပုညခင်၊ လွန်းထားထား စတဲ့ ကျွန်တော်ကြိုက်တဲ့စာအုပ်တွေ ဖတ်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်ဒီနှစ်အတွင်း မဆုမြတ်ရဲ့ 'အနမ်းဆက်တိုင်း'၊ 'အညှိုးမြစ်' စာအုပ်ကိုဖတ်မိပြီးတဲ့အချိန်ကစပြီး မဆုမြတ်ရဲ့ထွက်ပြီးသားစာအုပ်တွေကို ကျွန်တော် (၈)အုပ်လောက်ဖတ်ပြီးပြီ။ မဆုမြတ်ရဲ့တချို့စာအုပ်တွေမှာ ကဗျာတွေပါတာတွေ့ရတယ်။ ကျွန်တော် အဲဒီလိုမျိုး ကဗျာတွေပါတာကြိုက်ပါတယ်။ နောက်လည်း ကဗျာတွေ ရေးစပ်ပေးပါနော်။ မဆုမြတ်ကို ကျွန်တော် အားကျတယ်။ ခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ အနုပညာစာပေတစ်ယောက်ဖြစ်တာလေးစားပါတယ်။ မဆုမြတ်ရဲ့ဓာတ်ပုံနဲ့ ဖုန်းနံပါတ်လေး ကျွန်တော့်ကို ပို့ပေးနိုင်မလား။ ကျွန်တော့်စာကို ရရခြင်း ကျွန်တော် တောင်းဆိုမှုကို တုံ့ပြန်ပေးပါ။

လက်ခံပေးပါလို့ ကျွန်တော် တောင်းဆိုပါတယ်။

ရှေ့လျှောက်အောင်မြင်ကျော်ကြားသော စာပေ

အနုပညာရှင်တစ်ယောက် ဖြစ်ပါစေလို့ ကျွန်တော်

နှလုံးသားထဲကနေ ဆုတောင်းလိုက်ပါတယ်။

မဆုမြတ်ရဲ့ထာဝရပရိသတ်

ခိုင်ချို

အမှတ်(၆)၊ အောင်သိဒ္ဓိလမ်း၊ မြစ်ပယ်လမ်းကြား

(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်

ကျန်းမာပါစေနော်၊ သမီးက အခုမှ ပထမဦးဆုံးမိတ်ဆက်စာရေးတဲ့အတွက် အမှားပါရင် ခွင့်လွှတ်ပါလို့ ကြိုပြီးတောင်းပန်ပါရစေ၊ သမီးက မဆုမြတ် စာအုပ်တွေကို တစ်အုပ်မှ အလွတ်မပေးပဲ ဖတ်လာခဲ့တာပါ။ 'မှော်ကဗျာရွှေရုပ်' စာအုပ်ကို အရင်ဖတ်မိပြီး နောက်တော့ ဆက်တိုက်အားပေးခဲ့တာပါ။ မဆုမြတ်ရဲ့စကားလုံးတွေက အရမ်းမိုက်တယ်ဗျာ။ သမီးအရမ်းသဘောကျတယ်။ ဓာတ်လမ်းလေးတွေကလည်း ကောင်းတယ်။ မဆုမြတ်ကို အရမ်းအားကျတယ်။ တကယ်ပြောတာ။ သမီးတစ်ခုပြောချင်တာကလေ ဓာတ်လမ်းလေးတွေကို ရန်ကုန်ကိုပဲ အခြေခံပြီးမရေးဘဲ တတ်နိုင်ရင် နယ်မြို့လေးအခြေခံပြီး ရေးပေးစေလိုပါတယ်။ ရန်ကုန်ချည်းပဲဆိုရင် ရိုးသွားမှာစိုးလို့ပါ။ ဆရာလုပ်တယ်လို့တော့ မထင်ပါနဲ့နော်။ မဆုမြတ်ကို ခင်လို့ပါ။ သမီးကို ခင်ရင်လည်း လက်မှတ်ထိုးထားတဲ့ ဓာတ်ပုံ(၁)ပုံရယ် ပြန်စာရယ် လိုချင်ပါတယ်။

သမီး ဆက်ဆက်စောင့်မျှော်နေမယ်နော်။

မဆုမြတ် ဒီထက်မက အောင်မြင်မှုသရဖူ

ဆောင်းနိုင်ပါစေလို့ဆုတောင်းလျက်

သိမ့်သိမ့်ခိုင်

နှင်းဆီလမ်း၊ အောင်ဇေယျ၊ ကလေးမြို့

စင်ကိုင်းတိုင်း၊ thernt2020@gmail.com

## မေတ္တာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါမဆုမြတ်

ကျွန်တော် လေးစားမှုများစွာဖြင့် စာရေးလိုက်ပါတယ်။

မရဲ့ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' ကနေ ' သင့်ထံ၌ အချစ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ' အထိ ဖတ်ဖြစ်ပါတယ်။ ကျွန်တော် အရင်ကဆို ဘယ်ဝတ္ထုမှ မဖတ်တတ်ဘူး၊ ဖတ်ရမှာလည်း စိတ်ပျက်တယ်၊ ရုပ်ပြလောက်ပဲဖတ်တယ်။ အစ်မရဲ့ဝတ္ထုကို အစ်မလတ်က ဖတ်ကြည့်ပါလားလို့ ပြောတော့ ဖတ်ကြည့်တာ အရမ်းကြိုက်တယ်။ မဆုမြတ်ရဲ့ဝတ္ထုတွေမှာ စွဲဆောင်မှုတစ်ခုမဟုတ် တစ်ခုပါတယ်။ လူငယ်စာရေးဆရာမတစ်ယောက်ကို အလွန်ပဲလေးစားရပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် စာပြန်ရေးတဲ့အခါ မဆုမြတ်ရဲ့ဓာတ်ပုံလေးကို ထည့်ပေးစေချင်ပါတယ်။

မဆုမြတ်ရဲ့အမာခံပရိသတ်

မောင်သန်းဇွေ(First Year Law)

ဝဲခုံးတိုင်း၊ ရေတာရှည်မြို့နယ်၊ ရေနီမြို့၊

တောင်ပိုင်း(၁)၊ အိမ်အမှတ်(၁)

'ရွှေနှင်း' ထဝီး

www.burmeseclassic.com